


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၉၆၇၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၃၀၅၁၀၀၇

◆

ပုံနှိပ်ခြင်း
ဒုတိယအကြိမ် ▸ (၂၀၀၈၊ မေလ)
အုပ်ရေ ▸ (၅၀၀)

◆

မျက်နှာဖုံး ▸ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▸ *Quality*
အတွင်းဖလင် ▸ *Quality*

◆

ပုံနှိပ်သူ
နော်ဆဲနေမူး(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

◆

ထုတ်ဝေသူ
ဦးမြင့်ထွန်း(မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

◆

တန်ဖိုး ▸ ၁၅၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ဓာရမောင်မောင်
# နှင့်
# လက်ရွေးစင်ဝတ္ထုတိုများ

## မာတိကာ


| | |
|---|---|
| ဓာရမောင်မောင် ၁ | ၁ |
| ဓာရမောင်မောင် ၂ ချစ်ခံရှင်နှုတ်သင့် | ၁၀ |
| ဓာရမောင်မောင် ၃ ဇင်တာလီဆီသာတမ်းဆော | ၃၂ |
| ဓာရမောင်မောင် ၄ | ၄၅ |
| ဓာရမောင်မောင် ၅ | ၅၇ |
| ဓာရမောင်မောင် ၆ | ၈၃ |
| ဓာရမောင်မောင် ၇ | ၁၀၀ |
| ဓာရမောင်မောင် ၈ | ၁၂၃ |
| ဆလိမ်မောင်မောင်ထွန်း ၁ | ၁၄၀ |
| ဆလိမ်မောင်မောင်ထွန်း ၂ | ၁၅၈ |
| ဆလိမ်မောင်မောင်ထွန်း ၃ | ၁၇၅ |


www.burmeseclassic.com

www.burmeseclassic.com

# စောရမောင်မောင် ၁

စောရမောင်မောင် ခေါ် ဘသီလှသည် စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်၍သောက်ကာ အေးဆေးငြိမ်သက်လှသော အမူအရာဖြင့် စထရင်းဟိုတယ် အခန်းပြတင်းပေါက်မှ မြစ်ဘက်သို့ ကြည့်ရှုလျက်ရှိလေ၏။ အဝါနုရောင်အောက်ခံပေါ်တွင် အဝါရင့်စင်းသော မန္တလေးကျစ်ပိုးလုံချည်၊ အဝါနုရောင်ဝမ်ကို ရှပ်အင်္ကျီအစင်း၊ အဖြူရောင် ရှပ်စကင်းအပေါ်အင်္ကျီ၊ အညိုရောင် နောက်ပိတ်ဖိနပ်စသည်ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားလျက် ဆံပင်ကိုလည်း သပ်ရပ်စွာ နောက်သို့လှန်၍ ဖြီးထားရာ ခပ်လှမ်းလှမ်းမှကြည့်လျှင် ကောလိပ်ကျောင်းသားတစ်ယောက်ပေလောဟု ထင်ရလောက်အောင် နုပျိုလှပေသည်။

သူခိုး၊ ခါးပိုက်နှိုက်၊ ကတ်ကြေးကိုက်အပေါင်း၏ ခေါင်းဆောင်ဖြစ်ပြီးလျှင် လျင်မြန်သည့်နေရာ၌ လည်းကောင်း၊ အကင်းပါးသည့်နေရာ၌ လည်းကောင်း၊ သွက်လက်ဖျတ်လတ်သည့် နေရာ၌လည်းကောင်း ပြိုင်ဘက်ကင်းလောက်အောင် ကျွမ်းကျင်လိမ္မာသူတစ်ယောက် ဖြစ်၏။

၁၀ တန်းစာမေးပွဲကို အောင်မြင်ပြီးနောက် ကောလိပ်ကျောင်းတွင် တစ်နှစ်မျှနေပြီးလျှင် နောက်ဆက်လက်နေဟန်ဆောင်ကာ ၂.နှစ်ကျော်ကျော်မျှ မိဘများ ပေးကမ်းထောက်ပံ့သည့်ငွေကို သုံးဖြုန်းပစ်ခဲ့၏။ ထို့နောက် အင်တာအောင်သော လက်မှတ်လိမ်ဖြင့် ရှမ်းပြည်နယ်တွင် တစ်နှစ်ကျော်မျှ အရာရှိတစ်ယောက်ဖြစ်နေခဲ့ပြီးနောက် အလိမ်မပေါ်မီ အလုပ်မှနုတ်ထွက်ခဲ့ပြီးလျှင် ရှမ်းပြည်နယ်နှင့် အထက်မြန်မာပြည်မြို့များကို လအနည်းငယ်မျှ လှည့်လည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် မန္တလေးမြို့တွင် အလုပ်အမျိုးမျိုး ဝင်ရောက်လုပ်ကိုင်လျက်ရှိပြန်၏။

သို့သော် အထက်မြန်မာပြည်၌ ကြာမြင့်စွာ မနေခဲ့ချေ။ ရန်ကုန်မြို့သည်သာ မိမိကျက်စားရာ အကောင်းဆုံးနေရာဖြစ်ရမည်ဟု ယူဆသည့်အတိုင်း ရန်ကုန်သို့ ပြန်ခဲ့၏။

ရန်ကုန်မြို့ရောက်သောအခါ ကုန်တိုက်ကြီးတစ်တိုက်တွင် စာရေးအလုပ်ကို ရရှိခဲ့၏။ သို့သော် ယင်းအလုပ်မှာ အပြင်ဗန်းပြအလုပ်သာဖြစ်၍ မောင်မောင်သည် အနောက်ပိုင်းလမ်းမတော်မှ လူဆိုးအချို့နှင့် ပေါင်းသင်းကာ ကိုယ်တိုင်လုပ်သင့်သော အလုပ်ဖြစ်က ကိုယ်တိုင်လုပ်ခြင်း၊ တပည့်တပန်းကို ခိုင်းသင့်က ခိုင်းခြင်းများအပြင် အခါပေးသော အလုပ်၊ လက်ထောက်ချသော အလုပ်၊ လိမ်နည်းကောက်နည်းအမျိုးမျိုးကို သင်ပြပေးသောအလုပ် စသည်တို့ဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေဖြောင့်လျက်ရှိ၏။

BURMESE CLASSIC

ထို့ကြောင့်လည်း ရန်ကုန်မြို့အရှေ့ပိုင်း ခရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း) လူကုံထံရပ်ကွက်၌ တစ်လလျှင် ၁၀၀ မျှပေးရသော တိုက်ခန်းတစ်ခန်းတွင် ခမ်းနားသပ်ရပ်စွာ နေထိုင်နိုင်ခဲ့လေသည်။ ဘသီလှမှာ ကျောင်းထွက်ကတည်းကပင် အနောက်နိုင်ငံမှ လူဆိုးသင်းများအကြောင်း၊ စုံထောက်နှင့် ယှဉ်ပြိုင်ပုံများအကြောင်း စသည့် စာအုပ်များကိုဖတ်လျက် လက်ပုံစံပြောင်းနည်း၊ သော့တုလုပ်နည်း၊ သံသေတ္တာ အမျိုးမျိုးအကြောင်းနှင့် ဖွင့်နည်းများ၊ လက်လှည့်နှင့် မျက်လှည့်အတတ်ပါသော စာအုပ်များကို မှာထားပြီးလျှင် အပျင်းပြေဖတ်လေ့ရှိ၏။ သို့နှင့် သူသည် စာတွေ့ဗဟုသုတများကို 'ငါတွေ့'အလုပ်များနှင့် ညှိနှိုင်းကာ အသုံးချလေ့ရှိရာ စောရအတတ်တွင် 'တစ်ဖက်ကမ်းခပ်'သည်ဟု ဆိုရမလောက် တတ်မြောက်သူ ဖြစ်လေသည်။

သို့သော် ဘသီလှကား တွေ့မြင်ရာရာ အလုပ်များကို လုပ်လေ့မရှိဘဲ တကယ်ပိုင်လောက်သော အချက်များကိုမှ ကိုင်တတ်လေသည်။ အခြားသော စောရသည်ပင် မိမိတို့ မတတ်နိုင်သောအလုပ်၌ ဘသီလှထံ ချဉ်းကပ်ကာ အကူအညီတောင်းရ၏။ ဘသီလှ၏ အကျင့်တစ်ခုမှာ သွေးထွက်သံယိုဖြစ်ရမည့်အမှုများကို တတ်နိုင်သမျှ ရှောင်ရှားခြင်း ဖြစ်ပေလသည်။

အလုပ်တစ်ခု၌ မည်မျှပင် ကျွမ်းကျင်လိမ္မာစေကာမူ ကံကောင်းအကြောင်းမသင့်သည့်အခါများ၌ ခြေချော်လက်ချော် ရှိတတ်စမြဲဖြစ်ရာ ဘသီလှမှာ ယင်းကဲ့သို့ ကျင်လည်ကျက်စားခဲ့သော ၁၆ နှစ်မျှ အချိန်အတွင်း၌ ထောင်



www.burmeseclassic.com

www.burmeseclassic.com



၃ ႀကိမ္မွ် က်ခံခဲ့ရဖူးေလၿပီ။ သို႔ေသာ္ အကင္းပါး ပညာတတ္တစ္ေယာက္ ျဖစ္သည့္အတိုင္း မည္သည့္ေနရာတြင္မွ် ပင္ပန္းႀကီးစြာ လုပ္ရသည္မရွိဘဲ သက္သာ ေခ်ာင္ခ်ိစြာ ရွိခဲ့ေလသည္။ ေထာင္မွ လြတ္လာေသာအခါမ်ား၌လည္း ဘဏ္တြင္ စုေဆာင္းထားေသာေငြျဖင့္ ၃-၄ လမွ် အနားယူကာ သက္သာ သာသာႏွင့္ ေခ်ာင္ေခ်ာင္ခ်ိခ်ိရမည့္ 'အေပါက္'မ်ားကို ရွာျပန္ေလသည္။

ဘသီလုသည္ တစ္ခါတစ္ရံ ၿမိဳ႕ေပၚရွိ ဟိုတယ္မ်ားတြင္ ၄ ရက္ ၅ ရက္မွ် တည္းခိုၿပီးလွ်င္ ဟိုတယ္မွ ဧည့္သည္မ်ားအေၾကာင္းကို အကဲခတ္ရင္း အႀကံယူလ်က္ရွိေနတတ္ရာ အကြက္ေကာင္းတစ္ခ်က္ဆိုက္လွ်င္လည္း ဟိုတယ္ ခ ေငြမ်ားမွာ တစ္ႀကိမ္တည္းႏွင့္ ေက်၍သြားတတ္၏။

ဘသီလုသည္ ေတာင္အက္မွ တိုက္ခတ္ေသာ ေလျပည္ကိုခံရင္း စီးကရက္ကို ဖြာလ်က္ရွိ၏။ လြန္ခဲ့ေသာ ၁၅ မိနစ္ခန္႔က မႏၱေလးမွ ေစာရဂိုဏ္း၏ ဦးသူေတာ္ေရာက္လာသည္ကို သတိျပဳလိုက္မိ၏။ ဦးသူေတာ္သည္လည္း ဘသီလုကဲ့သို႔ပင္ လူေပၚတြင္ လူညႇာ္ခုံး၍စားေသာ လူတစ္ေယာက္ျဖစ္၍ မႏၱေလး တြင္ ေနထိုင္စဥ္က သိခဲ့ဖူး၏။ သိခဲ့သည္သာမက ဦးသူေတာ္အေပၚမွာပင္ ၂ ႀကိမ္၊ ၃ ႀကိမ္ အညႇာ္ခုံးခဲ့ဖူးသည္ကို သတိရသျဖင့္ ၿပဳံးမိေလ၏။

အမွန္လည္း ဦးသူေတာ္သည္ ကိုယ္တိုင္စြမ္းေဆာင္ျခင္း မရွိလွဘဲ သင့္ေလ်ာ္သည့္ တပည့္တပန္းမ်ားကို ခိုင္းေစျခင္း၊ စီမံခန္႔ခြဲျခင္းျဖင့္ အလုပ္လုပ္သူ ျဖစ္ေလသည္။

ဘသီလုသည္ စီးကရက္တစ္လိပ္ကို ထပ္၍မီးညႇိလိုက္ၿပီးလွ်င္ အကြင္း လိုက္ တက္၍သြားေသာ မီးခိုးဝိုင္းမ်ားကိုၾကည့္ကာ "အင္း. . . ဦးသူေတာ္ ေတာ့ အႀကံရွိလို႔ ေရာက္လာတာပဲ" ဟု စိတ္ထဲက ေအာက္ေမ့မိေလသည္။

ဘသီလုသည္ ပါးနပ္ဖ်တ္လတ္ဟန္ရွိေသာ 'ဘိြဳင္' ကုလားေလး တစ္ေယာက္အား ဦးသူေတာ္၏ အခန္းနံပါတ္ႏွင့္တကြ ဦးသူေတာ္၏အေၾကာင္း တို မိမိထံသို႔ လာေျပာရန္ ေငြ ၁၀ 'တစ္' ေပးထားၿပီျဖစ္ရာ ဘိြဳင္ကုလားေလး သည္ ဘသီလုထံ မၾကာမီ ေရာက္ရွိလာ၍ မႏၱေလးမွ ဧည့္သည္ေတာ္ႀကီးသည္ အခန္းနံပါတ္ ၁၄ တြင္ တည္းခိုလ်က္ သူ႔ေနာက္မွလည္း တပည့္တစ္ေယာက္ ပါလာေၾကာင္း၊ ၎င္းျပင္ ႐ုပ္ရည္ေခ်ာေမာေသာ မိန္းမတစ္ေယာက္သည္ သူ ေရာက္စီ အခ်ိန္အေတာ္ၾကာကပင္ ေစာင့္ဆိုင္းေနလ်က္ ယခုအခါ ထိုလူႀကီး ႏွင့္ တီးတိုးစကားေျပာဆိုတိုင္ပင္လ်က္ ရွိၾကေၾကာင္းျဖင့္ ေျပာၾကားေလ၏။

www.burmeseclassic.com



ထိုကုလားလေးသည် အခြား ဘွိုင်ကုလားတစ်ယောက်အား သူ့နေရာ၌ အစားထိုးပြီးလျှင် ထွက်သွားလေ၏။ ဒုတိယဘွိုင်ကုလားသည် ဘသီလှအား ခိုတ်ပိတ်၍ထားသော စာတစ်စောင်ကို ပေးလေသည်။ ဘသီလှ၏မျက်နှာမှာ မသိမသာပြုံး၍သွား၏။

စာမှာ ဦးသူတော်ထံမှ စာဖြစ်၍ အောက်ပါအတိုင်း ပါရှိလေသည်။

မိတ်ဆွေကြီး ကိုမောင်မောင်..

ဟင်္ဂတယ်သို့ ကျုပ်ရောက်လာသောအခါ မိတ်ဆွေကြီးအား တွေ့မြင်လိုက်ရသဖြင့် ဝမ်းမြောက်မိပါသည်။ အလုပ်ကိစ္စနှင့်ပတ်သက်၍ ရောက်လာသည့်ပြင် မိတ္ထီလာမှအပြန် ရန်ကုန်၌ အေးဆေးစွာအနားယူရန် လာခဲ့ခြင်းဖြစ်သည်။ ကျုပ်မှာ ခရီးရောက်မဆိုက် အလုပ်ကိစ္စတစ်ခုနှင့်တွေ့ရာ ယင်းအလုပ်မှာ ကျုပ် ထက်ပို၍ ကိုမောင်မောင်၏ စွမ်းရည်သတ္တိဖြင့် ဆောင်ရွက်နိုင်ရန်အကြောင်း ရှိပါသည်။ ဤအလုပ်ကို ကျုပ်လည်း မလုပ်လိုပါ၍ ကိုမောင်မောင်ကြည့်ပြီး စီမံလိုက်ပါ။

အခန်းနံပါတ် ၁၇ တွင် တည်းခိုလျက်ရှိသော မိန်းမကို သွား၍ တွေ့ဆုံပါ။ သူနှင့်သိကျွမ်းအောင်လုပ်ပြီးနောက် အလုပ်ကို မေးမြန်းလုပ်ကိုင်ပါ။

ချစ်ခင်ရင်းနှီးသော မိတ်ဆွေ

သူတော်(မန္တလေး)

ဘသီလှသည် ပြုံးလိုက်၏။ ယင်းကိစ္စမျိုးမှာ ဦးသူတော်လုပ်နေကျ 'အချိုး'မျိုး ဖြစ်၏။ ဦးသူတော်သည် ရှေးဦးစွာ အညွန့်ခူးပြီးနောက် ကိုယ်လွတ်ရုန်းကာ သူတစ်ပါးအားခုတ်သည်ကို မိမိအား ဝင်၍လက်လွှဲနိုင်းခြင်းပင် ဖြစ်တန်ရာ၏။ မည်သို့ပင် ဖြစ်စေ ကိစ္စသည် အရေးကြီးသောကိစ္စတစ်ခု ဖြစ်ပေလိမ့်မည်။ သိသင့်သိထိုက်သော ကိစ္စတစ်ခုလည်း ဖြစ်ပေသည်။

သို့နှင့် ဘသီလှသည် နေရာမှထကာ စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် အခန်းနံပါတ် ၁၇ ရှိရာသို့ လျှောက်လာခဲ့လေ၏။ ထို့နောက် စေ့၍ထားသော အခန်းတံခါးကို ခေါက်ပြီးလျှင် အတွင်းမှအသံကို နားထောင်ရင်း တံခါးရွက်ကို တွန်း၍ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်း၌ကား အသက် ၃၅ နှစ်အရွယ်ခန့် မိန်းမချောတစ်ယောက်သည် ကြိမ်ပက်လက်ကုလားထိုင်တစ်လုံးပေါ်၌ထိုင်ကာ ပြတင်းပေါက်ဘက်သို့ မျက်နှာမူလျက်ရှိ၏။ အသားလတ်၍ မျက်နှာသွယ်ပြီးလျှင် တောက်ပသော မျက်လုံးများနှင့် ပါးလွှာပိရိသော နှုတ်ခမ်းတို့မှာ မျက်နှာ၏ကျက်သရေကို ဆောင်လျက် ရှိလေသည်။ သူ၏လက်၌ကား အရက်ဖန်ခွက်ကလေးကို ကိုင်ထား၏။ ပန်းနုရောင် ငွေချည်ထိုးလုံချည်၊ နှင်းပွင့်ကဲ့သို့ ဖြူဆွတ်သော နိုင်လွန်လက်ရှည် အင်္ကျီကို ဝတ်ထား၏။ လည်ပင်းတွင် ပုလဲပုတီးတစ်ကုံး၊ လက်ဝဲဘက်လက်တွင် စိန်ကြိုးဖြင့်ပတ်ထားသော ရွှေလက်ပတ်နာရီ၊ လက်ယာဘက်တွင် နှစ်ပါးသွား စိန်လက်ကောက်တစ်ဖက်တို့ဖြင့် သိုက်မြိုက်စွာ ဝတ်စားထားရာ ဘသီလှ ဝင်လာသည်ကို အနည်းငယ်မျှ ပြုံး၍ ကြည့်လိုက်၏။

"အတော်ချောတဲ့ မိန်းမပဲ။ ဦးသူတော်က ဒီဟာမျိုးတော့ တွေ့တတ်တယ်။ သူ့မှာတော့ ဒီလိုလက်ကိုင်တုတ်ကလေးတွေ အများကြီး ရရှိထားပေါ့။ မျက်နှာပေါက်က ယဉ်စစနဲ့ မန်းသူနဲ့တူတယ်" ဟု ဘသီလှသည် စိတ်ထဲက အောက်မေ့မိ၏။

ထိုမိန်းမ၏အပြုံးကို ဘသီလှက တုံ့ပြန်လိုက်၏။

"ကိုမောင်မောင်ဆိုတာ မှတ်တယ်။ ကျွန်မက တွေ့ချင်တယ်ဆိုတာ ဦးသူတော်က ပြောလိုက်လို့ ရှင်တော့ အံ့အားသင့်သွားမလား မပြောတတ်ဘူး။ အခြားတော့ မဟုတ်ပါဘူး။ ရှင့်ကို တောင်းဆိုချင်တဲ့ အချက်ကလေးတစ်ခု ရှိလို့ပါပဲရှင်"

ဘသီလှသည် မိမိ၏ ရိုးရိုးအပြုံးမျိုးကို အမူအရာပါသော အပြုံးမျိုးသို့ ပြောင်းလဲပစ်လိုက်ပြီးနောက်. .

"ကျွန်တော့်ကို အံ့အားသင့်အောင်တော့ လုပ်နိုင်မယ်မထင်ပါဘူး။ ကိုင်းလေ. . . အလုပ်ကိစ္စလေး ရှိတယ်ဆိုတာ ပြောကြပါစို့"

ထိုအချိန်တွင် ဘွိုင်ကုလားသည် အရက်ဖန်ခွက်ကလေးကို ငွေရောင် သင်ပန်းနှင့်တင်၍ ယူလာပြီးလျှင် ဘသီလှအား ရိုသေစွာပေးလေ၏။

"ထိုင်ပါရှင်။ တစ်ဖန်ခွက်လောက် သောက်ပါဦး။ ရှင့်အချိန်လည်း ကျွန်မ မဖြုန်းချင်ပါဘူး။ ပြီးတော့ ကျွန်မဇာတ်လမ်းကို ပြောပါ့မယ်။ ကျွန်မ ဇာတ်လမ်းဆုံးတဲ့နောက် ကျွန်မ လက်ပွေ့အိတ်ထဲမှာရှိတဲ့ ငွေ ၅၀၀၀ ကို ရှင် ယူမယ်၊ မယူဘူးဆိုတာ ဆုံးဖြတ်ဖို့ပဲ" ဘသီလှသည် တစ်ဝက်မျှ သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သော ဖန်ခွက်ကလေးကိုကိုင်ပြီးလျှင် အမိပ္ပာယ်ပါလှသော အပြုံးမျိုးဖြင့် မိန်းမချော၏စကားကို နားထောင်လျက်ရှိလေ၏။ မိန်းမချော၏ ပြောပုံဆိုပုံ၊ မိန်းမချော၏အမူအရာ၊ လုပ်ရမည့်ကိစ္စနှင့် ငွေ ၅၀၀၀ ရမည့်အလုပ်တို့မှာ မိမိအား တစ်ပတ်ရိုက်မည့် သွင်ပြင်လက္ခဏာများကို အရိပ်အယောင်အားဖြင့် ဖော်ပြလျက်ရှိသည်ဟု အောက်မေ့မိ၏။

"ငွေ ၅၀၀၀ တော့ ကျွန်တော်လက်ခံဖို့ အသင့်ပါပဲခင်ဗျာ"

"ဒါဖြင့်ရင် ကျွန်မဇာတ်လမ်း နည်းနည်းပြောရဦးမှာပေါ့။ ကျွန်မက ကျောက်တွင်းသူဌေးကတော် စောမြကြည်တဲ့ရှင့်။ သူဌေးမင်းကတော့ အင်မတန် သဘောကောင်းတဲ့လူတစ်ယောက်ပါ။ ဒါပေမဲ့ မိန်းမဆိုတာ ရှင်သိတဲ့အတိုင်း အပြောကောင်းရင် အဆွဲကောင်းရင် ပါတတ်တာမျိုးမို့ မန္တလေးက မောင်မောင် တုတ်ဆိုတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ခဲ့တယ်။ ရုပ်ကလည်း ရုပ်ကောင်း၊ အပြောကလည်း အပြောကောင်းဆိုတော့ ပါမိတာပေါ့ရှင်။ နောက်မှ တကယ့် အစပတ် အသောက်သမား လူရမ်းကားတစ်ယောက်ဆိုတာ သိရတယ်။ ဒီတော့ လွန်နေပြီဆိုပါတော့။ နို့ပေမဲ့ ပြင်ဖို့ဆိုတာ ဘယ်အချိန်မဆို နောက်ကျတယ် မရှိဘူးလို့ အင်္ဂလိပ်စကားပုံ ရှိတယ်မဟုတ်လား ကိုမောင်မောင်။ ဒီတော့ သူ့ကို ကျွန်မ မပေါင်းဘူး ကွာမယ်။ နောက် ၃ လအတွင်း ကျွန်မ အရင်က အခြေ အနေ ပြန်ဖြစ်ရမယ်။ အေးလေ.. စိတ်ထဲမှာရှိတိုင်း ဒါတွေ လျှောက်ပြောနေလို့ ပြီးမှာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ် သူဌေးကတော်။ လိုရင်းအချက်သာ အမိန့်ရှိပါ"

"ဒီလိုရှင့်၊ သူဌေးမင်းနဲ့ကွဲပြီး သူ့နောက်ကို ကျွန်မ လိုက်လာခဲ့တာ ၆ လရှိပြီ။ တစ်နေ့ပြင်နိုး တစ်နေ့ဖျောင်းဖျလို့ရနိုးနဲ့ လာခဲ့တာ ဒီကနေ့ နံနက် အထိ ဆိုပါတော့။ တခြားသောက်တဲ့လူတွေလည်း ကျွန်မ မြင်ဖူးပါတယ်။ သူ့လို သွားမှန်းမသိ၊ မယားမှန်းမသိ၊ ဘာပြောလို့ ပြောမှန်းမသိ၊ ဘာလုပ်လို့ လုပ်မှန်းမသိ၊ လူတစ်ဖက်သား ရန်ရှာ၊ သတ်မောင်း ပုတ်မောင်းလုပ်၊ အို မူးပြီဆိုမှဖြင့် အရူးတစ်ပိုင်းဖြစ်လောက်အောင် ဒီလောက်မူးတာ၊ ဒီလောက် ရမ်းတာ ကျွန်မဖြင့် မတွေ့ဖူးပါဘူး"

"ဟုတ်ကဲ့..."

"ဒါနဲ့ ကျွန်မကပါတဲ့ လက်ဝတ်လက်စားတွေလည်း ပြုတ်ပြုတ်ပြုန်းပြီ။ စိန်ဘယက်တစ်ခုပဲ ကျန်တော့တယ်။ အခုလုပ်ရမယ့်ကိစ္စက ဒီစိန်ဘယက်ကိစ္စပဲ။ ဒီလို စကားပလ္လင်ခံပြောရတာ ကျွန်မအကြောင်း သိရုံလောက်ပြောရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါပြီ သူဌေးကတော်"

"ကိုင်း . . ဒီတော့ အလုပ်ကိစ္စကလေး ပြောကြစို့။ ကျွန်မတို့ အခု နေ့ကုန်ဆင်းလာတာ ကျွန်မတို့ ကိုယ်ပိုင်မော်တော်ဘုတ်ကလေးနဲ့ လာခဲ့တယ် ရှင်။ လွစ္စလမ်း(ဆိပ်ကမ်းသာလမ်း) တံတားမှာ ရှင်သွားတဲ့အခါ အဝါရောင် မော်တော်ကလေးတစ်စင်း ဆိုက်ထားတာ တွေ့ရပါလိမ့်မယ်။ အဲဒါ ကျွန်မတို့ မော်တော်ကလေးပဲ"

"သူဌေးကတော်ရဲ့ယောကျ်ားကော ဒီမော်တော်ပေါ်မှာ ရှိသလား"

"ရှိတယ်ရှင့်။ နို့ပေမဲ့ မူးနေရင် အသေလိုပါပဲ။ မနေ့ကများ တစ်ညနေ လုံး ရှောင်နေရတယ်။ ကျွန်မကို ခြောက်လုံးပြူးနဲ့ ပစ်သတ်မလို့တဲ့လေ။ ကျွန်မ နေ့တောင် မသိတော့ဘူး။ အဲဒီတော့ ဒီလောက်စိတ်မချမ်းသာရရင် ဘယ် လောက်ပဲ ပစ္စည်းဥစ္စာနဲ့ ပြည့်စုံပေစေ ဘာလုပ်တော့မလဲ ကိုမောင်မောင်ရယ်"

"ဟုတ်တာပေါ့ သူဌေးကတော်"

"ဒီတော့ တစ်နေ့နေ့မှာ ကျွန်မ ပြေးလိမ့်မယ်ဆိုတာ သူ သိတယ်ရှင့်။ အဲဒဲ့ ဒီနေ့တော့ မော်တော်ဘုတ်နားကပ်လာတဲ့ သမ္ဗန်ကလေးတစ်စင်း လက်ပြပြီး ကျွန်မ ဒီကိုလစ်လာခဲ့တာပဲ။ ကုန်းပေါ်လည်းရောက်ရော ရဲမင်းကြီးဆီသွားပြီး ကျွန်မ အကျိုးအကြောင်း ပြောတယ်။ ကျွန်မနဲ့လည်း အရင်က သိဖူးတာကိုး"

"ကောင်းပါတယ် ခင်ဗျာ။ ဒီတော့ သူဌေးကတော်က သူမနှောင့် ယှက်နိုင်အောင် အကာကွယ်လိုချင်ပါသလား"

"အကာအကွယ် မလိုချင်ပါဘူးရှင်။ ကိစ္စမရှိပါဘူး။ ကျွန်မ လိုချင် တာက ကျွန်မစိန်ဘယက်ပဲ ပြန်လိုချင်ပါတယ်။ ကျွန်မ ဘိုးဘွားပိုင်ပစ္စည်းတော့ ဘယ်နည်းနဲ့မျှ အဆုံးမခံနိုင်ဘူးရှင့်"

ဘသီလှသည် ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလေ၏။

"သူကတော့ ကျွန်မထွက်သွားတာ ဝမ်းနည်းမယ် မဟုတ်ပါဘူးရှင်။ ဝမ်းတောင်သာပါလိမ့်ဦးမယ်။ ဒီစိန်ဘယက် သူ့လက်ထဲမှာ ရှိမှန်းသိရင် မော်တော်ကို ချက်ချင်း ကျောက်ဆူးဖြုတ်ပြီးထွက်မှာပဲ"

သူဌေးကတော်က ဆက်၍ . . .

"မော်တော်ပေါ်မှာရှိတဲ့ အဲဒီစိန်ဘယက်ကို ရှင် ရအောင်ယူပေးရမှာ ပေါ့။ အဲဒီကိစ္စအတွက် ငွေ ၅၀၀၀ ကျွန်မက ပေးဖို့အသင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို ဖွာလိုက်ပြီးနောက်. . .

"နေပါဦး သူဌေးကတော်ရဲ့ ရဲမင်းကြီးကကော ဒီအတိုင်းပဲ အကြံပေးသလား"

"ဟုတ်တယ် ကိုမောင်မောင်။ သူက ဒီအတိုင်းပြောတယ်။ ကျွန်မက ကျွန်မရဲ့ဇာတ်လမ်းကို အတိုချုပ်ပြောပြတဲ့အခါ သူက အလုပ်ဝတ္တရားအနေနဲ့တော့ သူ ဘာမှုမတတ်နိုင်ဘူးတဲ့။ ကျွန်မပစ္စည်း ကျွန်မ ပြန်လိုချင်ရင် လူတစ်ယောက် ငှားပြီး ရအောင်ပြန်ယူပေါ့တဲ့။ ပြီးတော့ ဦးသူတော်ဆိုတဲ့ လူဆီကိုလမ်းညွှန်လိုက်တယ်။ ဦးသူတော်ဆိုတဲ့လူဟာ ဒီလိုနေရာမျိုးမှာ အင်မတန်တော်ပါတယ်တဲ့။ ပြီးတော့ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက် ဖြစ်တယ်တဲ့။ တကယ်လို့ ဦးသူတော်က တစ်ပတ်ရိုက်တဲ့အခါမျိုးကျရင် သူ့ကိုပြောပါတဲ့။ အဲဒီလို အကြံပေးလိုက်တာပဲ ကိုမောင်မောင်"

"ဒီကိစ္စကို ဦးသူတော်က မဆောင်ရွက်ချင်ဘူးဆိုပါတော့"

"ဟုတ်ကဲ့ ဆိုပါတော့။ နို့ပြီး သူ့ရုပ်လက္ခဏာကိုလည်း ကျွန်မ သဘောမကျလှပါဘူး ကိုမောင်မောင်ရယ်။ မျက်ပေါက်ကလည်း ကျဉ်းလိုက်သေးတယ်၊ ဗိုက်ကလည်း နည်းနည်းရွဲလိုက်သေးတယ်။ ဒီလိုလူမျိုး ညအချိန်မတော် မော်တော်ဘုတ်ပေါ် တွယ်ကပ်တက်ဖို့တောင် ကျွန်မဖြင့် စိတ်ကူးလို့မရပါဘူး"

ဘသီလှသည် စီးကရက်အသစ်တစ်လိပ်ကို မီးညှိ၍ သောက်ရင်း သူ၏ ညာဘက်မျက်ခုံးတစ်ဖက်မှာ မသိမသာ အပေါ်သို့ တက်သွားလေ၏။

"သူလည်း ဦးနှောက်ကောင်းတဲ့ လူတစ်ယောက်ပဲ သူဌေးကတော်"

"ဟုတ်တော့ ဟုတ်ပါရဲ့ ကိုမောင်မောင်။ နို့ပေမဲ့ သူ့ကြည့်ရတာ ကျွန်မ အားမရပါဘူးရှင်။ ကိုမောင်မောင်တို့လို အရွယ်ကလည်း အရွယ်ကောင်း ဖျတ်ဖျတ်လတ်လတ်နဲ့"

စီးကရက်ကို မီးညှိလျက်ရှိစဉ် ဘသီလှသည် မီးခြစ်ဆံကို ရုတ်တရက် မပစ်သေးဘဲ မီးတောက်ကလေး၏နောက်ကွယ်မှ သူဌေးကတော် စောမြကြည် ဆိုသော မိန်းမအား စေ့စပ်စွာ အကဲခတ်လျက် ရှိလေ၏။

"ကေန္တ ဒီမိန်းမဟာ သူဌေးကတော်အစစ် မဟုတ်ဘူး။ ဦးသူတော်က ဒီလိုနေရာမျိုးမှာ ဘယ်သူနဲ့ပေါင်းမလဲ။ ဘယ်သူ့ကို အသုံးပြုမလဲ။ သူဌေးကတော်ရဲ့ တော်တော်ရည်ရည်မွန်မွန်ရှိတဲ့ အစေခံ၊ ဒါမှမဟုတ်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဖော်မိန်းမထဲက ဖြစ်ရမယ်။ ဦးသူတော်က ဒီလိုနေရာမျိုးမှာတော့ အင်မတန် ချင်'တာပဲ။ နို့မှသာ ပစ္စည်း ဘယ်နေရာမှာထားတယ်၊ သံသေတ္တာကို ဘယ်လို ဖွင့်ရတယ်ဆိုတာ အားလုံးသိတာပေါ့။ အေးလေ၊ ဘာ့ပဲဖြစ်ဖြစ် သူဆင်ထားတဲ့ အကွက်ကို အလိုက်သင့် လိုက်ပြီးနင်းနိုင်ရင် ပြီးတာပဲ'' ဟု စိတ်ထဲက အောက်မေ့မိ၏။

ယင်းကိစ္စအတွက် ဦးသူတော်က တာဝန်မယူခြင်းမှာလည်း စိန် ဘယက်သည် သူဌေးကတော်ပေးမည်ဆိုသော ငွေထက် အနည်းဆုံး သုံးလေး ဆမျှ ထိုက်တန်ပေလိမ့်မည်။ ထို့ပြင် ဦးသူတော်သည် ယခုကဲ့သို့ စွန့်စားရမည့် ကိစ္စမျိုး၌ မည်သည့်အခါမျှ ကိုယ်တိုင်လုပ်သည်ဟူ၍လည်း မရှိဘဲ ကျယ်ပြန့် သော ဦးနှောက်ကိုသုံးကာ သင့်လျော်မည့်သူများကို ရှာဖွေနိုင်းစေလျက် သူ ကိုယ်တိုင်အတွက် လုလုကြီး ခေါင်းပုံဖြတ်တတ်လေသည်။ အမှန်အားဖြင့်လည်း ယခုကဲ့သို့ တစ်ယောက်တည်း စွန့်စားရမည့် အလုပ်များ၌ အရွယ်အတန်ငယ် ရောက်လာပြီဖြစ်သော ဦးသူတော်သည် ခေတ်မီ၍ဖျတ်လတ်သော ဘသီလုံ၏ ခြေကို မလိုက်နိုင်ချေ။

သီ– ''စိန်ဘယက်ကို ရလာတော့ အကယ်၍ အောင်မြင်ပြီဆိုပါ တော့။ ဘယ်လိုလုပ်မလဲ သူဌေးကတော်။ မင်းကတော်ဆီကို တစ်ခါတည်း သူလာခဲ့ရမှာလား''

တော်– ''အို... မဟုတ်ဘူး။ ကျွန်မက အခုနာရီဝက်လောက် ကြာရင် သွားတော့မယ်။ ပဲခူးမှာ ဆွေမျိုးတွေနဲ့ ခဏသွားပြီးနေမလို့။ ဘာ့လုပ် ရမယ်ဆိုတာ ကျွန်မ ပြောမယ်လေ။ အကယ်၍ ရှင်လာခဲ့လို့ရှိရင် ဒီဟိုတယ်က မန်နေဂျာလက်ထဲအပ်ပြီး သံသေတ္တာထဲမှာ ကောင်းမွန်စွာ သိမ်းဆည်းထားဖို့ ပြောပါ။ ရှင့်ကိုပေးဖို့ ကျန်တဲ့ငွေ ၄၀၀၀ နံနက်ဖြန်မနက် ထုတ်ပေးဖို့ ကျွန်မ ဘဏ်တိုက်နဲ့ စီစဉ်ရဦးမယ်။ ငွေ ၁၀၀၀ ကိုတော့ အခုလက်ငင်း ကျွန်မ ပေးမယ်။ စိန်ဘယက်ကိုတော့ နောက်မှ ဘဏ်တိုက်က ကျွန်မဘာသာ ထုတ် ယူမှာပေါ့''

''ဟုတ်ကဲ့။ ဒါနဲ့ သူဌေးကတော် ၅၀၀၀ မနည်းဘူးလား ခင်ဗျား အကယ်လို့ မောင်မောင်တုတ်ကမိရင် ကျွန်တော့်ရင်ဝကို ပစ်သတ်လည်း ရှိုးစားပါဦး။ ဒီတော့ နည်းနည်းတော့ ပိုပေးဦးမှပေါ့ သူဌေးကတော်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းပါရှင်၊ ရှင့်သဘောအတိုင်း ဖြစ်ပါစေ့မယ်။ အခု ငွေ ၁၀၀၀ လက်ငင်းပေးပြီး ရှင့်အလုပ် အောင်မြင်ခဲ့လို့ရှိရင် နက်ဖြန်နံနက် ဘဏ်တိုက်က ငွေ ၆၀၀၀ ထုတ်ပေးပါ့မယ်။ အားလုံးပေါင်း ၇၀၀၀ ပေါ့။ ဪ . . တစ်ခု ကျွန်မ ပြောပါရစေဦး။ ဒီက လက်ထောက်ရဲမင်းကြီးတစ်ဦးက ကျွန်မနဲ့ အင်မတန် ခင်တဲ့ မိတ်ဆွေရှင့်၊ ဒီတော့ ရှင့်ဘက်က . . "

အတန်ငယ် မျက်နှာပျက်သွားပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် . .

"သူဌေးကတော်က ကျွန်တော့်ကို မယုံသလို အမိန့်ရှိတာကိုး။ သူဌေးကတော်က အစကတည်းက ဒီကိစ္စကြီး ကျွန်တော့်ကို ယုံလို့ ပုံအပ်တာပဲ မဟုတ်လား သူဌေးကတော်"

"ဟုတ်ပါတယ် ကိုမောင်မောင်။ အခုလို နည်းနည်းပါးပါး သတိပေးမိတာ ကျွန်မ တောင်းပန်ပါတယ်။ ဒါနဲ့ ကျွန်မယောကျ်ားဟာ နောက်တစ်နာရီ လောက်ကြာရင် လူမှန်းသိတော့မှာ မဟုတ်ဘူး။ မူးပြီး အိပ်ပျော်နေမှာပဲ။ ဒီကနေ့ ကြာသပတေးနေ့ဆိုတာ သူ မသိဘူး။ မိုးရွာနေတယ်၊ မိုးတိတ်နေတယ်ဆိုတာ သူ မသိတော့ဘူး။ သင်္ဘောသားတွေလည်း အစောင့် ၁ ယောက် ၂ ယောက် ထားပြီး ကုန်းပေါ်တက်လည်နေကြလိမ့်မယ်။ ဒီတော့ ရှင် စိုးရိမ်စရာ မရှိလှပါဘူး"

စီးကရက်တို့ကို လွှင့်ပစ်လိုက်ပြီးနောက် အတန်ငယ်ပြုံးလျက် . .

"ကျွန်တော်ဟာ သူဌေးကတော်ရဲ့လူ ဖြစ်ပါပြီခင်ဗျာ။ ကျွန်တော့် အပေါ်မှာ စိတ်ချပါတော့။ ဒါနဲ့ သံသေတ္တာသော့ခလောက်ကို လှည့်ရမယ့် အက္ခရာစဉ်သာ အမိန့်ရှိပါတော့"

"အောင်မြင်လိမ့်မယ်လို့ ကျွန်မ ကောင်းကောင်းကြီး ယုံကြည်ပါတယ် ကိုမောင်မောင်။ ကျွန်မ နောက် ၃-၄ ရက်ကြာလို့ စိန်ဘယက်ကိုယူဖို့ ပြန်လာတဲ့အခါ အခုထက် ရင်းရင်းနှီးနှီး စကားပြောခွင့် ရကြပါလိမ့်မယ်။ ဟောဒီမှာ ငွေ ၁၀၀၀ ကိုမောင်မောင်"

လက်ပွေ့အိတ်ထဲမှ ထုတ်ပေးသော ၁၀၀ တန် ဆယ်ချပ်ကို သူသီလှသည် လှမ်းယူလိုက်၏။

"ကျေးဇူးတင်ပါတယ် သူဌေးကတော်။ ပြီးတော့ သူဌေးကတော် အတွက် အခုလို ဆောင်ရွက်ပေးရတာ ကျွန်တော် ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်ပါစေရှင်"

* * *

ထိုညဥ့် ၁၀ နာရီကျော်ကျော်အချိန်၌ ဘသီလှသည် စောရပစ္စည်းများ အပြည့်အစုံပါသော သူ၏ ကုတ်အင်္ကျီအနက်ကို ဝတ်ကာ သမ္ဗန်တစ်စင်းကို ငှတ်တိုင်မှကြိုးဖြုတ်၍ လှော်ခတ်ခဲ့ပြီးလျှင် ဆိပ်ကမ်းသာလမ်း ဆိပ်ကမ်းတံတား နှင့် မနီးမဝေးတွင် ကျောက်ချထားသော အဝါရောင် မော်တော်ဘုတ်ဆီသို့ လာခဲ့လေ၏။ (သမ္ဗန်ကုလားများကို ရှာဖွေ၍ ငွေပေးငှားရမ်းခေါ်ခဲ့လျှင် ဖြစ်နိုင် သော်လည်း ဤကိစ္စမျိုး၌ ဘသီလှသည် တတ်နိုင်က တစ်ယောက်တည်း ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်သည်ဟု ယူဆသူဖြစ်လေသည်။)

ဘသီလှသည် သမ္ဗန်ကို ကမ်းဘက်မှ မလှော်ခတ်ဘဲ ရေလယ်မှ ကွေ့၍ လှော်ခတ်လျက် မိနစ် ၂၀ ခန့်အကြာတွင် ပဲ့ပိုင်းကြိုးအောက်သို့ ရောက်လာ၍ မော်တော်ပေါ်မှ လူသံများကို နားထောင်လျက်ရှိလေ၏။ မော်တော် ဘုတ်ပေါ်မှာကား မည်သည့်အသံမျှ မကြားရဘဲ ငြိမ်သက်လျက်ရှိ၏။ သို့နှင့် သူသည် သမ္ဗန်ကလေးကို သွပ်ကြိုး၌ မြဲအောင်ချည်ပြီးလျှင် သွပ်ကြိုးမှ တွယ်တက်ရာ ၃ မိနစ်ခန့်အကြာတွင် မော်တော်ဘုတ်အပေါ်သို့ ရောက်သွား လေ၏။

မော်တော်အလယ်ရှိ 'သဘော်ခန်း'၏ မှောင်ရိပ်ကို အကာအကွယ် ယူကာ အခန်းဆီသို့ ကြောင်တစ်ကောင်၏ သွားခြင်းမျိုးဖြင့် ဖြည်းညင်းစွာ လျှောက်လာ၏။ ဦးပိုင်း၌ကား အဝတ်တစ်ထည်ကို ဦးခေါင်းတွင်ရစ်ပတ်လျက် ဘောင်းဘီတိုနှင့် လူတစ်ယောက်သည် ဗောချည်သောတိုင်ကို ကုလားထိုင် တစ်လုံးဖြင့်မှီကာ ငိုက်လျက်ရှိ၏။ အခန်းဝ၌ကား စွပ်ကျယ်အင်္ကျီလက်ရှည်နှင့် တစ်ပတ်ရစ် အချိတ်လုံချည်တစ်ထည်ကို ဝတ်ထားသော သူတစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိလေသည်။ (ဤမျှလောက် အခွင့်အရေးရလျှင် ဘသီလှအတွက် ဖူလုံလေပြီ။)

ဘသီလှသည် အိပ်နေသူကိုပင် မိမိ၏ လက်နှိပ်ဓာတ်မီးကလေးဖြင့် ထိုးကြည့်လိုက်သေး၏။ သံသေတ္တာကို တွေ့ရလေပြီ။ ဘသီလှသည် လက်အိတ် ကို လက်၌စွပ်လိုက်ပြီးလျှင် သူ့ဒွေးကတော်လေး ပေးလိုက်သော 'အဝရာစင်' နံပါတ်ဖြင့်ဖွင့်ရာ အလွယ်တကူပင် ပွင့်သွားတော့၏။ ဆိတ်ရေဖြင့်ပြုလုပ်ထား သော အိတ်တစ်ခုအတွင်း၌ကား စိန်ဘယက်ကို တွေ့ရသဖြင့် လက်နှိပ်ဓာတ်မီး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခပ်အုပ်အုပ် ထိုးကြည့်ရာ အပါးစား ကွန်ပါဝိုင်းဖြစ်သော ပထမတန်းစိန်များမှာ ခပ်အုပ်အုပ်ထိုးလိုက်သော လက်နှိပ်ဓာတ်မီးရောင်အောက်၌ပင် ပိုးစုန်းကြူးပျံသကဲ့သို့ တဖိတ်ဖိတ် တောက်လျှက်ရှိကုန်၏။

ဘသီလှသည် စိန်ဘယက်ကို သူ၏အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ ဆိတ်ရေဖြင့်ဖုံးထားသော ကတ်ထူအိတ်ကလေးကို အခြားအိတ်တစ်ဖက်ထဲသို့ ထည့်လိုက်ပြန်၏။ ထို့နောက် လာလမ်းအတိုင်း ဖြည်းညင်းစွာ ပြန်၍ဆင်းသွားရန်ကား ဘသီလှအတွက် ငှက်ပျောသီးတစ်လုံးကို နွှာ၍ စားသလောက်သာ ဒုက္ခရှိလေသည်။

၁၁ နာရီ ၁၅ မိနစ်အချိန်၌ ဘသီလှသည် ဟိုတယ်သို့ ပြန်ရောက်လာ၏။ ထိုညဉ့်၌ မျက်နှာဖြူတစ်ယောက်၏ မွေးနေ့ညစာခံပွဲရှိ၍ ရေတပ်မှ ဘင်ခရာတီးဝိုင်းဖြင့် ညစာခံတီးမှုတ်လျှက်ရှိရာ ဦးသူတော်သည် မြန်မာအရာရှိများနှင့် ညသည့်တော်များ နံဘေးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ဂီတသံများကို နားထောင်လျှက်ရှိ၏။ ဓာတ်မီးများအားလုံး မှိတ်ထားသဖြင့် အတီးအမှုတ်သမားများအပေါ်၌သာ လင်းလျှက်ရှိရာ ထိုအလင်းရောင်နှင့် တိုင်ကပ်လိပ်ပြာတောင်မီးကလေးများမှ တန်ပြန်လျှက်ရှိသော အလင်းကလေးသည် အချို့အဝက်သော ညသည့်သည်များပေါ်သို့ မထင်မရှား ကျရောက်လျှက်ရှိလေသည်။

ဘသီလှ၏ စူးရှသောမျက်လုံးများသည် ဦးသူတော်ရှိရာသို့ ကျရောက်သွားပြီးနောက် တစ်ကိုယ်တည်း အတွေးနှင့်ပြုံးလိုက်၏။ ဦးသူတော်၏ 'ဆင်ကွက်'ကို မိမိကသာ အချက်ကျနင်းနိုင်ခဲ့ပါမူ ငွေ ၇၀၀၀ ကို အလွယ်တကူရ၍ စိုးရိမ်ရန်လည်း တစ်စုံတစ်ရာအကြောင်း မရှိချေ။ ဦးသူတော်၏ ခြေလှမ်းကို သိပြီးဖြစ်ရကား ဘသီလှသည် ရှေ့သို့ ဆက်လက်ဆောင်ရွက်ရန်သာ ရှိတော့၏။

သို့နှင့် သူသည် ဆိုဖာတစ်ခုဘေးတွင်ထိုင်ကာ စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီးနောက် ဘွိုင်ကုလားတစ်ယောက်ကို လက်ဖျစ်တီး၍ ခေါ်လိုက်၏။

"ဒီမှာကွယ့် ဘွိုင်၊ ညနေစောင်းက မန္တလေးကရောက်လာတဲ့ ဧည့်သည်ကြီးကို ငါ နည်းနည်းကျီစားကြည့်ချင်တယ်"

ဘသီလှသည် လက်အိတ်ကို မချွတ်သေးဘဲ အင်္ကျီအိတ်တစ်ဖက်တွင် ထည့်ထားသော စိန်ဘယက်ကို ယူပြီးလျှင် ဘွိုင်ကုလားအား. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘွိုင်၊ ဟောဒီ လက်ပတ်နာရီထည့်တဲ့ အိတ်ကလေး အဲဒီလူကြီး ဆီ ယူသွားပြီး ဒီပစ္စည်းဟာ သူ့ပစ္စည်း ဟုတ်မဟုတ် မေး။ မဟုတ်ဘူးဆိုရင် ပြန်ယူခဲ့။ မင်းလက်နဲ့ မထိစေနဲ့ငနော်။ လင်ပန်းကလေးပေါ်တင်ပြီး ရိုရိုသေသေ ယူသွား။ နားလည်လား"

"ကောင်းပါပြီ ဆပ်"

"ငါပြောတာ မင်း ကောင်းကောင်းနားလည်ရဲ့နော်"

"နားလည်ပါပြီ ဆပ်"

"ရော့ . . မင်းအတွက် မုန့်ဖိုးငါးကျပ်"

သို့နှင့် ဘွိုင်ကုလားသည် ဘသီလှထုတ်ပေးသော စိန်ဘယက်ထည့်သော ကတ္တီပါအိတ်ကလေးကို မိမိလက်ဖြင့် မထိစေဘဲ ဒန်ရောင်လင်ပန်းကလေးဖြင့် ခံယူပြီးလျှင် ဦးသူတော်ကုလားထိုင်ရှိရာသို့ သွားလေ၏။

ဦးသူတော်သည် အိတ်ကလေးကို ကိုင်တွယ်စစ်ဆေး ကြည့်ရှုပြီး နောက် မိမိပစ္စည်းမဟုတ်ကြောင်းဖြင့် ဦးခေါင်းကို ယမ်းပြီးလျှင် လင်ပန်းပေါ်၌ပင် ပြန်၍တင်လိုက်၏။

ထို့နောက် ဘသီလှထံသို့ ပြန်ရောက်သောအခါ ဘသီလှသည် 'ကတ္တီပါ'အိတ်ကလေးကို လက်အိတ်စွပ်သောလက်ဖြင့်ကိုင်ကာ သူ၏အခန်း ရှိရာသို့ လျင်မြန်စွာ တက်သွားလေ၏။

အခန်းသို့ ရောက်သောအခါ ဘသီလှသည် လက်အိတ်စွပ်ထားသော လက်ဖြင့်ပင် စိန်ဘယက်ကို သေတ္တာကလေးအတွင်းသို့ ထည့်လိုက်၏။ ထို့ နောက် ယင်းသေတ္တာကလေးကို ကတ်ထူဖုံးသေတ္တာတစ်ခု၌ ထည့်ပြီးသော် စက္ကူများဖြင့် ကောင်းမွန်စွာ ထုတ်ထား၏။ သေတ္တာပေါ်တွင် 'သူဌေးကတော် ဒေါ်စောမြကြည်၊ စထရင်းဟိုတယ်သို့ လာယူရန်' ဟု ကမ္ပည်းရေးထိုးလေသည်။

ထို့နောက် ဘသီလှသည် ကတ်ထူသေတ္တာကလေးကို ယူခဲ့ပြီးလျှင် ဟိုတယ်နှင့် မျက်နှာချင်းဆိုင်ဘက်တွင် ရပ်ထားသော တက္ကစီတစ်စီးကို ခေါ်ပြီး လျှင် မီးရထားဟိုတယ်သို့ လာခဲ့လေ၏။ ဟိုတယ်သို့ ရောက်သောအခါ ချောင်ခပ်ကျကျနေရာရှိ လူလွတ်သော စားပွဲတစ်လုံးကို ရွေးချယ်၍ ထိုင်ပြီးသော် ဘသီလှသည် ဘီယာတစ်ခွက်ကိုမှာ၍ အာလူးကြော်နှင့်မြည်းရင်း အကြံထုတ် လျက် ရှိလေသည်။

ထို့နောက် ဘသီလှသည် သွက်လက်ချက်ချာဟန်ရှိသော ဟိုတယ် စားပွဲထိုးဝန်ထမ်းတစ်ယောက်ကို ခေါ်ယူ၍ . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့.. သူငယ်၊ မင်းကို ငါ နာရီဝက်လောက် ခိုင်းချင်တယ်ကွယ်။ အားပါ့မလား။ မင်း မုန့်ဖိုးကောင်းကောင်းရမယ်ဟေ့"

"အားပါတယ်ဆရာ၊ ခိုင်းပါ။ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"မင်း ကမ်းနားလမ်းက စထရင်းဟိုတယ် သိလား"

"သိပါတယ် ဆရာ"

"အဲဒီဟိုတယ် မင်းသွားပြီး ဟောဒီအထုပ်ကလေးကို မန်နေဂျာ လက်ထဲပေး။ သံသေတ္တာထဲ သိမ်းပေးပါ။ သူဌေးကတော် ဒေါ်စောမြကြည် လာယူပါလိမ့်မယ် ပြော။ ဘယ်သူက အပေးခိုင်းလည်းပြောရင် ဦးသူတော်က အပေးခိုင်းတာပါလို့ ပြော။ နာမည်တွေကို မင်း သတိမေ့နေမယ်၊ စာရွက်ကလေး တစ်ရွက်နဲ့ ရေးယူကွယ်"

ဟော်တယ်ဘွိုင်ကလေးမှာ ဖျတ်လတ်သွက်လက်သူတစ်ယောက် ဖြစ်သည့်အတိုင်း နာမည်များကို မမှားရအောင် ရေးမှတ်ယူလေသည်။

"ဆိုက်ကားစီးသွားဟေ့။ ရော့.. မင်းဖို့ မုန့်ဖိုးတစ်ဆယ်"

ဘသီလှသည် ငွေဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ပြီး နောက်..

"ကိုင်း.. ငါစိတ်ချရအောင် မင်း ဘယ်လိုပြောရမယ်ဆိုတာ ထပ် ပြောစမ်းပါဦး"

"ကျွန်တော် ဒီအထုပ်ကလေးယူပြီး ကမ်းနားလမ်းက စထရင်းဟိုတယ် သွားပြီး မန်နေဂျာပေးရမယ်။ ဒီအထုပ်ကို သူဌေးကတော် ဒေါ်စောမြကြည် မကြာခင်လာယူပါလိမ့်မယ် ပြောရမယ်။ ဘယ်သူက အပေးခိုင်းသလဲမေးရင် ဦးသူတော်က အပေးခိုင်းတာပါလို့ ပြောရမယ်။ သွားတဲ့အခါ ဆိုက်ကားစီးပြီး သွားရမယ်။ ဒါပဲမဟုတ်လား ဆရာ"

"ဟုတ်တယ်ဟေ့။ ကိုယ့်လူ တော်တယ်။ ကိုင်း.. သွားပေတော့"

သူငယ်ထွက်သွားပြီးနောက် ဘသီလှသည် စိတ်ချသည်ထက် စိတ်ချ ရလေအောင် တက္ကစီတစ်စီး ချက်ချင်းငှားပြီးလျှင် စထရင်းဟိုတယ်သို့ ပြန်၏။ ထိုအချိန်၌ ညေ့ခံပွဲနှင့် ဘင်ခရာတီးဝိုင်းမှာ ပြီးပြီဖြစ်၍ ညေ့သည်များ ထွက်ခွာစ ပြုလေပြီ။

သို့နှင့် သူသည် ချောင်ကောင်းသော နေရာတစ်ခု၌ထိုင်ကာ မီးရထား ဟိုတယ်မှ သူငယ်လေးကို စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေ၏။ မကြာမီ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၍ ဟိုတယ်မန်နေဂျာလက်သို့ အထုပ်ကလေး ပေးအပ်သည်ကို မြင်ရ၏။

ထို့နောက် ဘသီလုသည် ဝမ်းထဲက ခပ်ဟာဟာရှိသည်နှင့် အစားအသောက် အနည်းငယ်ကို မှာယူစားသောက်ပြီးလျှင် မိမိအခန်းသို့ လာခဲ့လေ၏။

အခန်းသို့ ရောက်သောအခါ စကြဲလှျောက်ရင်း စီးကရက်ကိုဖွာလျက် မည်သို့ပင်ဖြစ်စေ နာရီဝက်ခန့်မျှ စွန့်စားလိုက်ရသော ကိစ္စကလေးအတွက် ငွေ ၁၀၀၀ အိတ်ဝင်ဖြစ်လျက် နောက်တစ်နေ့နံနက်တွင်လည်း ၆၀၀၀ ထပ်မံရရှိဦးမည်အကြောင်း၊ အကယ်၍ ဦးသူတော်၏ ဆင်လုံးဖြစ်ခဲ့စေကာမူ မိမိအပေါ်တွင် မည်သည့်နည်းနှင့်မျှ အမှုမပတ်နိုင်ကြောင်းများကို စဉ်းစားကာ ဦးသူတော်အား တစ်ပတ်ရိုက်လိုက်ရသည့်အတွက် အူမြူးလျက်ရှိနေလေ၏။

***

နောက်တစ်နေ့နံနက်၌ ဘသီလုသည် အတော်နေမြင့်မှ အိပ်ရာမှနိုး၍ နံနက်လက်ဖက်ရည်ကို အခန်းတွင်းသို့ မှာယူစားသောက်လေသည်။

၁၀ နာရီထိုးခါနီး၌ အဝတ်အစားများ လဲလှယ်လျက်ရှိစဉ် အခန်းတံခါး ခေါက်သံကြားသဖြင့် တံခါးကိုဖွင့်ပေးလိုက်ရာ တံခါးဝတွင် ယူနီဖောင်းအပြည့်အစုံဝတ်ထားသော လက်ထောက်ရဲမင်းကြီးကို မျက်နှာချင်းဆိုင် တွေ့ရလေသည်။

ရဲ- "ကိုဘသီလု ဒီမှာတည်းနေသကိုး။ ခင်ဗျားနဲ့ကျုပ်တို့နဲ့တော့ မကြာခဏတွေ့နေရလို့ မိတ်ဆွေဖြစ်နေကြပြီပေါ့ဗျာ။ ခင်ဗျားနာမည်ကတော့ 'စောရမောင်မောင်'ဆိုရင် မြန်မာတစ်ပြည်လုံး သိနေတာပဲဗျို့"

သီ- "အထဲကိုကြွပါ မင်းကြီး"

ဘသီလုသည် ရဲမင်းကြီးအား ကုလားထိုင်တစ်လုံးကို ဆွဲ၍ပေးပြီးလျှင် ငွေစီးကရက်ဘူးဖြင့် စီးကရက်များ တည်လေသည်။

"ကျွန်တော် ဒီလောက်လည်း နာမည်မကြီးသေးပါဘူး ခင်ဗျား ကြီးရင်လည်း အကောင်းမှမဟုတ်ပဲ အဆိုးပဲခင်ဗျ"

"ဒါထက် ဒီကနေ့နံနက် တိုင်ချက်တစ်ခုရတယ်ဗျ။ မန္တလေးက သူဌေးမောင်မောင်တုတ်ရဲ့ ကိုယ်ပိုင်မော်တော်တုတ်ပေါ်က အင်မတန်အဖိုးထိုက်တန်တဲ့ စိန်ဘယက်တစ်ခု ပျောက်သွားတယ်တဲ့။ ဒီဘယက်က စိန်အလုံးကြီးတွေချည့်ဟာ ရှေးရာဇဝင်နဲ့ သမီးတော်ရဲ့ လက်ဝတ်ရတနာက စိန်တွေဖြစ်တယ်တဲ့။ ဒီကိစ္စနဲ့

www.burmeseclassic.com



ပတ်သက်လို့ ဒီဟိုတယ်ကို မန္တလေးကရောက်လာပြီး တည်းခိုနေတဲ့ ဦးသူတော် နဲ့ ကျုပ် တွေ့ပြီးပြီ။ သူက ခင်ဗျားများ သတင်းပေးကောင်း ပေးနိုင်လိမ့်မယ်လို့ လမ်းညွှန်လိုက်တယ်။ ဒါကြောင့် အခု ခင်ဗျားဆီကို လာတာပဲ''

ဘသီလှသည် ရဲမင်းကြီး၏ စီးကရက်ကို ကိုယ်တိုင် မီးညှိပေးပြီးလျှင် သူကိုယ်တိုင်လည်း တစ်လိပ် မီးညှိ၍သောက်၏။ ထို့နောက် မသိမသာ ပြုံးလိုက်လေသည်။

''ဟုတ်ကဲ့ နည်းနည်းပါးပါးတော့ ကူညီနိုင်ပါလိမ့်မယ်။ ကျွန်တော် သိသလောက် အစီရင်ခံဖို့ အသင့်ပါပဲ မင်းကြီး''

''ကောင်းပါပြီဗျာ။ ကျေးဇူးပါပဲ''

''ဒီလိုခင်ဗျ။ မနေ့ညက ၁၀ နာရီလောက်မှာ ဦးသူတော်ဟာ ဟိုတယ် က ထွက်သွားပြီး သမ္ဗန်ကလေးတစ်စင်းနဲ့ အဝါရောင်မော်တော်ဘုတ်ဆီသွားတာ ကျွန်တော် မြင်လိုက်တယ်။ ပြန်လာတော့ တစ်ခုအောင်မြင်လာတဲ့ မျက်နှာမျိုး နဲ့ သူ့မျက်နှာ အင်မတန် ရွှင်နေတယ်။ ပြီးတော့ နောက်နာရီဝက်လောက် အကြာမှာ အထုပ်ကလေးတစ်ခု ဟိုတယ်မန်နေဂျာဆီ သွားအပ်တာ မြင်ရတယ်။ သူ အပ်ရိုးမှန်ရင် အဲဒီပစ္စည်းတွေပေါ်မှာ သူ့လက်ရာတောင် ရှိကောင်းရှိမှာပါ ခင်ဗျာ။ မင်းကြီးတို့က ဒီလိုကိစ္စတွေမှာ ကျွန်တော်တို့ထက် ကျွမ်းကျင်ပါတယ်။ ပြီးတော့ သူနဲ့ကျွန်တော်ဟာ ရန်သူဆိုတာ မင်းကြီးတို့ အသိပဲ''

လက်ထောက်ရဲမင်းကြီးသည် ဘသီလှတည်ခင်းသော စီးကရက်ကို သောက်ရင်း ဦးခေါင်းကို ၂ ကြိမ်၊ ၃ ကြိမ်မျှ ညိတ်လိုက်၏။

''ဩော်. . . ဒါဖြင့် ဒီစိန်ဘယက်နဲ့ ပတ်သက်လို့ ကိုဘသီလှဟာ ဘာမျှမသိဘူးဆိုပါတော့။ ဘာမျှ တစ်စုံတစ်ရာ မပတ်သက်ဘူး ဆိုပါတော့''

တည်ကြည်သော မျက်နှာထားဖြင့်. . .

''ဘာတစ်ခုမျှ မသိရပါဘူးခင်ဗျာ။ ကျွန်တော်နဲ့လည်း ဘာမျှမဆိုင် ပါဘူး''

''ဒါဖြင့်လည်း ပြီးပါရောဗျာ။ ဒါပါပဲ''

မင်းကြီးသည် နေရာမှထကာ စားပွဲပေါ်၌တင်ထားသော သူ၏ ကြိမ်လုံးကလေးကို လှမ်း၍ယူလိုက်၏။

သီ- ''ဩော်. . . ဦးသူတော်၊ ဒီတစ်ခါ အဘိုးကြီး ၁၀ နှစ်တော့ တန်းနေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ရဲ- "မဟုတ်ဘူး ကိုဘသီလှရဲ့။ သူက ငွေ ၆၀၀၀ ရမယ်လေ။ သူဌေးကတော်ပိုင်တဲ့ပစ္စည်းကို သူ့လင်လက်ထဲက ပြန်ယူဖို့ဟာ ကျုပ်အကြံပဲ။ သူဌေးကတော်ကို ကျုပ်က အကြံပေးလိုက်တာဗျ။ အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဖြစ်နေတော့ ကျုပ်က အလုပ်ဝတ္တရားမဟုတ်ဘဲ သာမန်အရပ်သား တစ်ယောက် မိတ်ဆွေတစ်ယောက်အနေနဲ့ အကြံပေးလိုက်တာပဲ။ ပြီးတော့ ဒီမိန်းမက တစ်နေ့လုံး ကျုပ်ဆီ လာအပူကပ်နေတယ်။ ဒီတော့ ကျုပ်လည်း ဒီအကြံပေးပြီး ဦးသူတော်ဆီကို လမ်းညွှန်လိုက်ရတာပေါ့"

"ဒီကနေ့နံနက် ဟိုတယ် မန်နေဂျာက ကျုပ်ဆီကို ဖုန်းနဲ့ အကြောင်းကြားလို့ ဒီအထုပ် လာဖွင့်ကြည့်တော့ သူဌေးကတော်ရဲ့ပစ္စည်းအမှန် ဖြစ်နေတာ ကျုပ်တွေ့ရတယ်။ နောက် ကျုပ်က ဦးသူတော်အခန်း တယ်လီဖုန်းဆက်တဲ့အခါ သူက ကျုပ်ကို ခင်ဗျားနဲ့ သွားတွေ့ဖို့ပြောလို့ ကျုပ် လာရတာဗျ"

ရဲမင်းကြီးသည် တံခါးဝတွင် ခေတ္တမျှ ရပ်တန့်လျက်ရှိ၏။ ထို့နောက် ဆက်လက်၍. . .

"ခင်ဗျားဆီ အခု ကျုပ် လာမေးတဲ့အခါ ခင်ဗျားက ဒီကိစ္စမှာ ခင်ဗျား ဘာမျှသိရပါဘူးလို့ အတိအကျပြောနေတော့ ဦးသူတော်ဟာ သူဌေးကတော်ရဲ့ ပစ္စည်းကို ကာကွယ်ပြီး ပြန်ရအောင်လုပ်ပေးတဲ့အတွက် ဒီငွေ ၆၀၀၀ ဦးသူတော် ကို ကျုပ် ပေးရမှာပေါ့။ ကိုင်း. . . သွားပြီ ဘသီလှရေ။ နောက်တော့ တွေ့ကြ သေးတာပေါ့ဗျာ"

ရဲမင်းကြီး ထွက်သွားသည်နှင့်တစ်ပြိုင်နက် ဘသီလှသည် တံခါးကို ဂျိုင်းခနဲမြည်အောင် ဆွဲ၍ပိတ်လိုက်ပြီးနောက် "အင်း. . . ဒီတစ်ခါတော့ လူပါး ပုလင်းထိတာပဲကွယ်" ဟု ရေရွတ်ကာ သူ့နဖူးကို လက်ဝါးဖြင့် ၂ ကြိမ်၊ ၃ ကြိမ်မျှ ရိုက်လျက်ရှိလေ၏။

◈

www.burmeseclassic.com

www.burmeseclassic.com

## စောရမောင်မောင် ၂
## ဆွမ်းခံရင်းငှက်သင်္ချိုင်း

ပန်းဆိုးတန်းရှိ လူကုံထံများ ပျော်မွေ့ဆုံဆည်းရာ ဟိုတယ် အခန်းထောင့်တစ်ထောင့်၌ အသက် ၃၅ နှစ်ခန့်ဟု ခန့်မှန်းရသော လူရွယ်တစ်ယောက်သည် ညော်သည်များ၏ အရိပ်အကဲကို တစ်ယောက်စီ အကဲခတ်လျက်ရှိရာမှ စားပွဲပေါ်တွင် တင်ထားသော ဘရန်ဒီအရက်ကို တစ်ကျိုက်မျှ မော့ချလိုက်၏။

လူရွယ်မှာ စောရမောင်မောင်ခေါ် ဘသီလုဆိုသူဖြစ်၏။ သူ့နီး၊ ခါးပိုက်နှိုက်၊ ကတ်ကြေးကိုက်အပေါင်း၏ ခေါင်းဆောင်ဖြစ်ပြီးလျှင် လျင်မြန်သည့်နေရာ၌ လည်းကောင်း၊ အကင်းပါးသည့်နေရာ၌ လည်းကောင်း၊ သွက်လက်ဖျတ်လတ်သည့်နေရာ၌လည်းကောင်း ပြိုင်ဘက်ကင်းလောက်အောင် ကျွမ်းကျင်လိမ္မာသူတစ်ယောက် ဖြစ်၏။

ဘသီလုသည် အပြောအဆို၊ အလုပ်အကိုင်တွင် ပိရိသေသပ်သလောက် အဝတ်အစားဝတ်ရာ၌လည်း သပ်ရပ်စွာဝတ်ဆင်တတ်၏။ ပန်းပျက်ရောင် ဘန်ကောက်လုံချည် အသစ်ကျပ်ချွတ်၊ အတွင်းခံ ပိုးရှပ်အင်္ကျီအဖြူ၊ မီးခိုးနုရောင် သက္ကလပ်တိုက်ပုံအင်္ကျီ၊ အညိုရောင် နောက်ပိတ်ဖိနပ် စသည်ဖြင့် ဝတ်ဆင်ထား၏။ ဆံပင်ကို နောက်သို့လှန်၍ မွှေးကြိုင်လှသော ကော့(စ)မင်းတစ်တို့ဖြင့် သပ်ရပ်စွာဖြီးထားရာ ခပ်လှမ်းလှမ်းမှကြည့်လျှင် ကောလိပ်ကျောင်းသားတစ်ယောက်ပေလောဟု ထင်ရမလောက် နုပျိုလှပေသည်။

www.burmeseclassic.com



ရုပ်ရှည်အားဖြင့် အတော်အသင့်ရှိ၍ ခန့်ညားထည်ဝါရမ်းစွာ ဆင်ယင်ထော်စားတတ်သူတိုင်း 'မ'ဘက်တွင် စွဲလိမ့်မည်ဟု အများအားဖြင့် ထင်မှတ်ကြသော်လည်း ဘသီလုအတွက်မူ ထင်သလောက် မဟုတ်ချေ။ ဘသီလုသည် စွဲဆည်းရှင်များကို ဖြားယောင်းသွေးဆောင်ခြင်း၊ 'အမဲ'ရှာခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ တစ်ပတ်ရိုက်ခြင်းတို့တွင် အကင်းပါးသလောက် 'မ'နှင့် ပတ်သက်သည့်ကိစ္စများတွင် ပြောရဲဆိုရဲ မရှိ၊ ဇက်ရဲလက်ရဲ မရှိတတ်ချေ။ ထို့ပြင် ဘသီလုမှာ မိန်းမများနှင့်ပတ်သက်လျှင် အလွန်အားနာတတ်လေသည်။

မိမိသဘောကျသော မိန်းကလေး ၃ ယောက်အနက် ဘသီလုသည် မြမြဝင်းဆိုသူ လူကုံထံတစ်ဦး၏သမီးနှင့် သမီးရည်းစားဖြစ်လျက်ရှိရာ ထိုညမှာ မြမြဝင်းနှင့် ၁၂ နာရီတွင် သူ့နေအိမ်နောက်ဖေးခြံထဲ၌ တွေ့ဆုံရန် ချိန်းဆိုထားသောည ဖြစ်လေသည်။ ထိုညတွင် မိတ်ဆွေ အတွင်းဝန်ကလေးတစ်ဦး၏ ညစာစားပွဲသို့လည်း သွားရောက်ခဲ့၏။ သို့ဖြစ်၍ ဘသီလုသည် အိမ်သို့ မပြန်တော့ဘဲ ဟိုတယ်တွင် တစ်နာရီခန့်မျှ အပန်းဖြေပြီးလျှင် မြမြဝင်းနှင့် ချိန်းထားသည့်အတိုင်း သွားရောက်တွေ့ဆုံရန် ဖြစ်လေသည်။

မြမြဝင်းတို့တိုက်မှာ ပြည်လမ်းနောက်ဖေးဘက်ရှိ အစိုးရအရာရှိများ၊ ကုန်သည်ကြီးများ၊ ပင်စင်အငြိမ်းစားများ နေထိုင်ရာ အေးချမ်းသာယာသော ရပ်ကွက်တစ်ခုဖြစ်၍ တိုက်နံပါတ် ၉၀ ဖြစ်၏။ ထိုနေရာမှ တိုက်ကလေးများမှာသည်း တစ်လုံးနှင့်တစ်လုံး အလွန်တူ၍ သူစိမ်းတစ်ရံဆံများအတွက် မျက်စိပင်များလောက်ပေသည်။ မြမြဝင်းသည် ဘသီလုအား အသွားအလာ လွယ်ကူစေရန် လာမည့်လမ်းကို စာထဲ၌ အသေအချာ ညွှန်ပြထားသေး၏။ အညွှန်းတွင် သူတို့အိမ်နှင့် ကပ်လျက်ရှိသော အိမ်နံပါတ် ၈၉ မှာ ဝင်းခြံမလုံလှသဖြင့် ထိုဝင်းခြံနောက်ဖေး အနောက်ဘက်အစွန်းတွင် ခြံအနည်းငယ် ပျက်နေ၍ သူဝင်၍ရကြောင်း၊ ထိုအပေါက်မှ ဝင်ပြီးနောက် မိမိတို့အိမ်ဘက်သို့ ကူးလာရန်မှာ လူတစ်ယောက်ဝင်သာရုံ အပေါက်တစ်ပေါက်ရှိရာ ထိုအပေါက်ကလေးမှ ဝင်လာရန် ဖြစ်လေသည်။ ချိန်းထားသော အချိန်မှာ ၁၂ နာရီတိတိဖြစ်၏။

ဘသီလုသည် ဟိုတယ်တွင် ၁၁ နာရီခွဲအထိ အချိန်ဖြုန်းလျက် စီးကရက်များလည်း ဘူးတစ်ဝက်ခန့်ပင် ကုန်၍သွားတော့၏။ ၁၁ နာရီခွဲသည်နှင့် တစ်ပြိုင်နက် ဟိုတယ်၏အပြင်ဘက်တွင် စောင့်နေကြသည့် တက္ကစီများထဲမှ တက္ကစီတစ်စီးကို ငှားခဲ့ပြီးလျှင် မြို့၏မြောက်ဘက်သို့ မောင်းခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားကို ပြည်လမ်းပေါ်၌ ရပ်စေ၍ ဘသီလှသည် ဖြတ်လမ်းတစ်ခုကိုဖြတ်၍ အခြားလမ်းတစ်ခုသို့ ရောက်သောအခါ မြမြဝင်းတို့တိုက်ဆီသို့ ခပ်သုတ်သုတ် လာခဲ့လေ၏။ တိုက်နံပါတ် ၈၉ ၏ အခြားတစ်ဖက်တွင် လမ်းကြားကလေး တစ်ခုကို တွေ့ရသဖြင့် ဘသီလှသည် အညွှန်းအတိုင်း နောက်ဖေးဘက်သို့ ထိုလမ်းကြားကလေးမှ လာခဲ့ရာ ပျက်၍နေသော ခြံစည်းရိုးတစ်နေရာကို တွေ့ရ သဖြင့် ခြံထဲသို့ ဝင်ခဲ့လေ၏။ အဝင်ဝတွင် အခြားခြံဘက်မှ ခွေးတစ်ကောင် ထိုး၍ဟောင်လိုက်သံ ကြားလိုက်ရ၏။ သို့နှင့် ဘသီလှသည် ပန်းရုံတစ်ရုံကို ကွယ်၍နေလိုက်ရလေသည်။

သို့သော် ချက်ချင်းလိုပင် တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ မိမိ ဝင်ခဲ့သော ခြံမှာ တိုက်နံပါတ် ၈၉ ဖြစ်၍ တိုက်၏နောက်ဖေးဘက် ပြတင်းပေါက် များတွင် မှန်တံခါးများ တပ်ဆင်ထား၏။ မိမိ ဝင်ခဲ့သောနေရာမှာ ခေါင်းရင်းဘက် မှ ဖြစ်၍ ခေါင်းရင်းဘက် မှန်ပြတင်းတစ်ချပ်သည် အခြားပြတင်းပေါက်များကဲ့သို့ ကပ်၍မနေဘဲ ခပ်ဟဟဖြစ်နေသည်ကို မှောင်ထဲတွင် ကြည့်နေကျဖြစ်သည့် အတိုင်း မြင်ရသဖြင့် အိမ်ရှင်များ မပိတ်မိဘဲ မေ့ကျန်ရစ်ခြင်း ဖြစ်လေသလော ဟု တွေးမိ၏။ သို့နှင့် ဘသီလှသည် ပန်းရုံအကွယ်မှ ပြတင်းပေါက်ရှိသော တိုက်နံ့ဘေး တိုက်ရိပ်အောက်သို့ ကြောင်ကဲ့သို့ ခြေသံမကြားစေရဘဲ ကူးခဲ့လေ၏။ ထို့နောက် ကိုယ်ကို တိုက်နံရံဖြင့် ကွယ်ပြီးလျှင် ညာဘက်လက်တစ်ဖက် စမ်း ကြည့်ရာ ရင်းမှန်ပြတင်းပေါက်မှာ အတွင်းမှ ချိတ်ပြုတ်လျက် ပွင့်နေသည်ကို တွေ့ရ၏။ အတွင်းဘက်၌လည်း အနံ့တစ်ပေခွဲခန့်မြင့်သော ခန်းဆီးတစ်ခု ချထား သည်မှတစ်ပါး သံပန်းသံဆန်ခါမရှိချေ။

လက်တွင်ပတ်ထားသော ညကြည့်လက်ပတ်နာရီကလေးတွင် ၁၁ နာရီ မိနစ် ၄၀ မျှသာ ရှိသေးကြောင်း မြင်ရ၏။ မြမြဝင်း ဆင်းလာဖို့ချိန်းထားသော အချိန်မှာ မိနစ် ၂၀ လုံးလုံး လိုသေးသဖြင့် ဤတိုက်နံပါတ် ၈၉ အတွင်းသို့ အလျဉ်းသင့်သည့်အခိုက် ဝင်၍ကြည့်ဦးမည်ဟု စောရစိတ်များ ပေါ်ပေါက်လာ၏။ သို့နှင့် ဘသီလှသည် မှောင်နှင့်မည်းမည်းရှိနေသော တံခါးကို လက်ဖြင့် ပထမစ သပ်ကြည့်ပြီးလျှင် အတွင်းဘက်၌တစ်စုံတစ်ရာ အတားအဆီးမရှိသည်ကို တွေ့ သောအခါ ပေါင်ပေါ်သို့တက်ကာ အတွင်းသို့ လွှားခနဲ ကျော်၍ဝင်လိုက်လေ၏။

အတွင်း၌ကား မိမိလက်ညှိုး ထောင်၍ကြည့်သော်ညီး မမြင်နိုင် လောက်အောင် မှောင်လျက်ရှိ၏။ အိမ်ထောင်ပရိဘောဂများ သုတ်သော ထင်းရှူး

www.burmeseclassic.com



ဆီအနံ့နှင့် ဆေးလိပ်သောက်သော ဆေးငွေ့နံ့များ နှာခေါင်းထဲသို့ တိုးဝင်လာ၏။ ဘသီလှသည် အသက်ကိုမျှ မရှူဝံ့ဘဲ ခန်းဆီးများကို ပြန်၍ချထားလိုက်ပြီးလျှင် မှောင်ထဲသို့ ကြည့်နေမိ၏။ သို့သော် မည်းနက်သော အမှောင်ထုကိုသာ မြင်ရ၏။ ထိုအချိန်တွင် မှောင်ထဲမှ တီးတိုးပြောသံကဲ့သို့ အသံတစ်သံကြားရသဖြင့် ဘသီလှသည် ခေါင်းနားပန်းများ ကြီးသွား၏။ ကိုယ်ကို ယခင်ကထက် တည်ငြိမ်စွာ ရပ်လိုက်ပြီးလျှင် အုတ်နံရံကို လက်တစ်ဖက်ဖြင့် ဖေးကိုင်ထားလိုက်ရ၏။ အသံကား မကွဲပြားဘဲ အမှောင်ထုထဲ၌ပင် ပျောက်ကွယ်သွား၏။

ထိုခဏ၌ မီးခလုတ်နှိပ်သံတစ်ခုကို ကြားလိုက်ရပြီးလျှင် ဝင်းခနဲ မီးပွင့်ကာ တစ်ခန်းလုံး ထိန်ထိန်လင်း၍ သွားလေသည်။ လင်း၍သွားသော ဓာတ်မီးမှာ သူ၏ဦးခေါင်း အပေါ်တည့်တည့်၌ပင်ရှိသော နံရံကပ် ပလတ်စတစ်မီးအုပ်ဆောင်းတွင် ထည့်ထားသည့် ဓာတ်မီးလုံးကလေး ဖြစ်လေသည်။ သို့သော် အလင်းရောင်အားနည်းပြီးလျှင် သူရပ်နေသောနေရာမှ တဖြည်းဖြည်း မှေးမှိန်သွားလျက် ပုံသဏ္ဌာန်အမျိုးမျိုးရှိသော စားပွဲကုလားထိုင်၊ ဗီရို၊ ထိုင်ခုံတို့၏ အရိပ်များသည် မှုန်ဝါးဝါးရှိသော အလင်းရောင်တွင် မကွဲမပြား ရှိနေကြကုန်၏။ နံရံတွင် သစ်သားပေါင်ကြီးများဖြင့် ချိတ်ဆွဲထားသော အရုပ်ကားများကိုလည်း ဝိုးတိုးဝါးတား မြင်ရ၏။ သူရပ်နေသောနေရာနှင့် အဝေးဆုံးထောင့်စွန်းတွင် လေးထောင့်စားပွဲတစ်လုံးရှိရာ မတ်တတ်ရပ်၍နေသော ခပ်ရေးရေးပုံသဏ္ဌာန်တစ်ခုကို မြင်ရပြီးလျှင် ထိုသဏ္ဌာန်၏ လက်တစ်ဖက်မှာ ဓာတ်မီးခလုတ်ပေါ်သို့ပင် တင်လျက်ရှိနေသေး၏။ စားပွဲအလယ်၌ကား တယ်လီဖုန်းတစ်ခု ရှိ၏။

"အခုအတိုင်း ငြိမ်ငြိမ်ရပ်နေ။ မလှုပ်နဲ့ . . "

အသံမှာ မိန်းမအသံ ဖြစ်သော်လည်း ခန့်ညား၍ အာဏာသံပါလှ၏။ တင်းမာခက်ထန်၏။ "ငါတော့ ဒီအိမ်ထဲ ဝင်ကြည့်မိတာမှားပြီ" ဟု ဘသီလှသည် ထိုအခါမှ နောင်တရမိ၏။ သို့သော် နောက်ကျခဲ့ချေပြီ။

ထိုအခါမှ ဘသီလှသည် မိန်းကလေး၏ ပုံသဏ္ဌာန် မြင်ရ၏။ အရုပ်မြင့်ပြီးလျှင် သေးသေးသွယ်သွယ်ဖြစ်၏။ မျက်နှာမှာ အဆင်ပြေသော်လည်း ရှုရသော မျက်လုံးများမှတစ်ပါး၊ တစ်မျက်နှာလုံး သွေးများမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ရှိနေ၏။ ဒန်ရောင်ခြောက်လုံးပြူးသေနတ်ကလေးဖြင့် ဘသီလှ၏ ရင်ဘက်သို့ ချိန်ထား၏။

ဘသီလှက နောက်သို့ လှည့်မည်ပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မ– "မလှုပ်နဲ့လေ ခြောက်နေတယ်များ ထင်သလား။ တကယ် ပစ်လိုက်မှာ။ နို့ပေမဲ့ လက်ထဲမှာ သေနတ်ရှိတိုင်း ရန်မူလိမ့်မယ် မထင်နဲ့"

မိန်းမပျို၏ လေယူလေသိမ်း၊ ပြောပုံဆိုပုံမှစ၍ လူကိုထံ ပညာတတ် မိန်းမတစ်ယောက်နှင့် တူ၏။ မကြောက်မရွံ့ ရဲဝံ့သောအမူအရာ ရှိ၏။ သို့သော် ခက်ထန်ခြင်းကား မပျောက်ပေ။

ဘသီလုမှာ ဓာတ်မီးလုံး၏အောက် အလင်းရောင် အများဆုံးသော နေရာ၌ ရပ်နေ၍ မိန်းမပျိုမှာမူ မီးလုံးနှင့်ဝေးသည့် မှုန်မွှားပိုးဝါးသော အရောင်၏ အစွန်းတွင် ရှိနေ၏။ သို့နှင့် ဘသီလုထက် ပို၍ အခွင့်အရေးယူနိုင်သော နေရာ၌ ရှိနေလေသည်။

သီ– "ဒီဟာက ဘာအဓိပ္ပာယ်လဲဗျ"

မ– "အဲ... ဟုတ်ပြီ။ ရှင်ဟာ ကျွန်မအိမ်ကို ဖောက်ဝင်လာတဲ့ လူဆိုးပဲ ပဟုတ်လား။ လူဆိုးဆိုပေမဲ့ ဝတ်ကောင်းစားလှနဲ့"

မိန်းမပျို၏လေသံမှာ အတန်ငယ် ပျော့ပျောင်းသွားသကဲ့သို့ ထင်ရ၏။ စိတ်ဝင်စားဟန် လက္ခဏာလည်း ရှိလေသည်။ သူ၏မျက်နှာမှာ သူခိုးနှင့် ရင်ဆိုင် တွေ့သော သူနှင့်မတူ။ သူခိုးတစ်ယောက် ဖောက်ထွင်းဝင်ရောက်လာသည်ကိုပင် စိတ်ဝင်စားဟန်ဖြင့် စောင့်ဆိုင်းနေဟန်တူ၏။ မိန်းမပျိုသည် အဘယ်ကဲ့သို့ အကြံရှိလေသနည်း။ မိန်းမပျိုသည် မိမိအား တစ်ပတ်ရိုက်၍ နေခြင်းပေလော။

သီ– "ခင်များ ကျူပ်ဝင်လာတာ မြင်တယ်ပေါ့"

မ– "မြင်တယ်ဇလေ။ မြင်လို့စောင့်နေတာပေါ့။ ဟိုခြံထောင့် စည်းရိုး ပျက်နေတဲ့နေရာက စပြီးဝင်တယ်။ ခွေးဟောင်လိုက်တော့ စံပယ်ရုံရဲ့နောက်မှာ ပုန်းနေတယ်။ အဲဒီနေရာကနေပြီး တိုက်ဘက် မှောင်ရိပ်ကပ်လာတယ်။ ပြီးတော့ မှန်ပြတင်းပေါက်ကို လက်နဲ့စမ်းတယ်။ ကျွန်မက အတွင်းဘက်သံချိတ်ကို ဖြုတ်ထားတော့ ခန်းဆီးကိုမပြီး ရှင် ကျော်ဝင်လာတယ်"

သီ– "ဒါဖြင့် ကျူပ်ဝင်နိုင်အောင် သံချိတ်ကိုဖြုတ်ပြီး ပြတင်းပေါက်ကို စေ့ရုံစေ့ထားတာပေါ့"

မ– "မှန်ပေတယ်"

မိန်းမပျို၏အသံမှာ ပြောင်လှောင်သော အသံတစ်မျိုး ဖြစ်လေသည်။ ထို့နောက် မိန်းမပျိုက ဆက်လက်၍..



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လိုလိုမည်မည်တော့ မဟုတ်ဘူး။ အကူအညီတောင်းဖို့လည်း ရှင် မလိုတော့ဘူး မဟုတ်လား"

သီ- "ဘာလဲဗျ။ အချက်က ဘာလဲ။ ခင်ဗျား ဘာလိုချင်လို့လဲ"

မိန်းမပျို၏ အမူအရာများကား ထူးဆန်းလှပေသည်။ ဘသီလှသည် အိပ်မက်ထဲတွင် စဉ်းစားသကဲ့သို့ စဉ်းစား၍နေမိ၏။ မိန်းမပျို ပြုလုပ်နေသော အရာများသည် သဘာဝနှင့် ဆန့်ကျင်လျက်ရှိ၏။ သူခိုးတစ်ယောက်အား ရဲ၏လက်သို့ အမြန်ဆုံးအပ်လိုက်ရန်သာ ရှိ၏။ အိမ်တွင်း ကျူးကျော်ဝင်ရောက်လာသူအား ယခုကဲ့သို့ အေးအေးဆေးဆေး စကားပြောနေရန် မဟုတ်ပေ။

မ- "ဘာမျှ မလိုချင်ပါဘူး။ ရှင် ဒီတိုက်ထဲ ဝင်လာတာ ခိုးရအောင် ဝင်လာတာမဟုတ်လား။ ရှင် သူခိုး"

"မခိုးရပါဘူးဗျာ"

"ခိုးလို့ရရင် ပြီးတာပဲမဟုတ်လား။ ရှင် ခိုးချင်တာ ကျွန်မပေးမယ်။ (မှန်ဗီရိုကြီးကို လက်ညှိုးထိုးလျက်) ဒီဗီရိုထဲမှာ ကျွန်မယောက်ျား အမြတ်တနိုး စုဆောင်းထားတဲ့ ပစ္စည်းတွေပေါ့။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတကာနာရီ အမျိုးမျိုးတွေ၊ ငွေဒင်္ဂါးတွေ၊ ရွှေဒင်္ဂါးတွေ၊ ကျောက်မျက်ရတနာတွေရှိတာ ရှင်သိပြီး မဟုတ်လား"

"မသိပေါင်ဗျာ"

"ရှင့် လက်ဝဲဘက်ကမှန်ဗီရိုမှာ ရွှေနဲ့ ကျောက်သံပတ္တမြားတွေချည်းပဲ။ တချို့ ရွှေထည်ထဲမှာ အဖိုးတန်ကျောက်မျက်ရတနာတွေ မြှုပ်ထားတယ်။ အဲဒါတွေ ရှင် လိုချင်သလောက် ရှင့်အိတ်ထဲမှာ ပြည့်အောင်ထည့်ယူ"

ဘသီလှမှာ ထိုပစ္စည်းများကို မလိုချင်ပေ။ ဤနေရာမှ အမြန်ဆုံး ထွက်ပြေးရန်သာ အလိုရှိ၏။ "ငါ ဝင်လာတာမှားပြီ။ ဒုက္ခပဲ" ဟု မိမိကိုယ်ကို အပြစ်တင်ကာ စိတ်ထဲမှ ရေရွတ်လျက်ရှိပေ၏။ အေးစက်သော ဗီရို၏မှန်များကို လက်ဖြင့် စမ်းသပ်ကြည့်မိ၏။

"သော့ခတ်ထားတာပဲဗျ"

"ဟာ... ဟာ... ဟုတ်လိုက်လေ၊ သူခိုးက။ ရှင့်အတွက် ဖွင့်ပေး ထားရဦးမလား။ ဒီမှာလေ မှန်ကို ရိုက်ခွဲလိုက်ပေါ့"

မိန်းမပျိုသည် အသံကလေးများထွက်အောင် တီးတိုးရယ်မောလိုက်ပြီး နောက် အခန်းကိုဖြတ်ကာ ဘသီလှအနီးသို့ ချဉ်းကပ်လာ၏။ မွှေးပျံ့သင်းသော



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးနံ့တစ်မျိုးသည် မိန်းမပျိုနှင့်အတူ လိုက်ပါလျက်၊ သူသည် တုန်တုန်ယင် ယင် ရှိနေသော ဘသီလှလက်ထဲသို့ မာကျောလေးလံသော အရာတစ်ခုကို အတင်း ထိုးထည့်လိုက်လေ၏။ ၎င်းမှာ အဖျားဘက်တွင် အဖုကြီးပါသော တစ်ပေခန့်ရှိ သံတုတ်တစ်ချောင်း ဖြစ်လေသည်။

"ဒီသံတုတ်ကို ယူထား"

မိန်းမပျိုသည် သူ ယခင်က ရပ်နေသောနေရာသို့ လျင်မြန်စွာ ပြန်သွားလေ၏။ ဘသီလှသည် အံ့အားသင့်ကာ သံတုတ်ကို အမှတ်မဲ့ ဆုပ်ကိုင်ထားမိရာ သံတုတ်မှာ ပူနွေးနွေးစေးကပ်ကပ် ရှိသည်ဟု ထင်လိုက်မိ၏။

ဘသီလှသည် ဆရာ၏စကားကို နာခံရသော တပည့်တစ်ယောက်ကဲ့သို့ ရှိနေ၏။ သံတုတ်ဖြင့် မှန်ချပ်တစ်ချပ်ကို ရိုက်ခွဲလိုက်ရာ မိမိ ဘာလုပ်နေသည်ကိုပင် သတိမရှိသကဲ့သို့ ပြုလုပ်မိ၏။

အခန်းထောင့်တစ်ထောင့်တွင် တိုင်ကပ်နာရီကြီးတစ်လုံးရှိရာ ထိုအချိန်၌ ၁၂ နာရီထိုးသံ ကြားရ၏။ ဘသီလှသည် နာရီသံ ကြားသည်နှင့် တစ်ပြိုင်နက် မိမိရည်းစား မြမြဝင်းကို ပြေး၍ သတိရမိ၏။ ထိုအချိန်တွင် မြမြဝင်းသည် တိုက်နောက်ဖေးဘက်သို့ဆင်းကာ မိမိအား စောင့်မျှော်နေရှာပေလိမ့်မည်။ မြမြဝင်း နေရာမှာ ကိုက်အနည်းငယ်မျှသာ ဝေးသော်လည်း၊ မြမြဝင်းသည် မိမိ၏အဖြစ်ကို အိပ်မက်မျှပင် မက်ရှာလိမ့်မည် မဟုတ်ပေ။

မိန်းမပျိုက အာဏာသံဖြင့် ဆက်လက်၍ . .

"ထည့်လေ . . အိတ်ထဲထည့်လေ။ ဘာငိုင်ကြည့်နေရတာလဲ။ လိုချင်သလောက် ထည့်ပေါ့"

သို့နှင့် ဘသီလှသည် ဗီရိုအတွင်းမှ လက်လှမ်းမီရာ ပစ္စည်းအချို့ကို မိမိအင်္ကျီအိတ်ထဲသို့ ထည့်နေမိပြန်၏။ မိန်းမပျိုကား ဘသီလှအနီးသို့ ရောက်၍ လာပြန်လေသည်။

"အဲ . . ဟုတ်ပြီ။ ကျေးဇူးတင်လိုက်တာရှင်။ ရှင်က ကျွန်မအလုပ်ကို ကူညီပေးတာကိုရှင့်။ ဒီတော့ . . "

စကားမျှမဆုံးမီ မိန်းမပျိုသည် ဘသီလှ၏ ကိုယ်နှင့်ထိလုဘတ် ချဉ်းကပ်လာပြီးလျှင် လက်နှစ်ဖက်ဖြင့် ဘသီလှ၏လည်ပင်းကို ဖက်လိုက်ကာ မွှေးမွှေးပေးလိုက်၏။ မွှေးကြိုင်သော ရေမွှေးနံ့သည် လည်းကောင်း၊ ထို့နောက် သူ၏ နှုတ်ခမ်းပါးကလေးနှင့် နှာခေါင်း။ ပါးပြင်တို့ ပွန်းအိဖိနင်းအင်ပဲရစ်၊

www.burmeseclassic.com



မက္က(စ)ဖက်တာများ ရောစပ်ထားသည့် သင်းပျံ့ပျံ့ရနံ့တို့သည် လည်းကောင်း ဘသီလု နှာခေါင်းထဲသို့ တိုးဝင်လာ၏။ ဘသီလုသည် ပါးစပ်မှ 'အို'ဟု ယောင်ယမ်းကာ လျှပ်စစ်ဓာတ်မိသောသူ တစ်ယောက်ကဲ့သို့ တွန့်ခနဲ ဖြစ်သွား၏။ သင်းပျံ့သောရနံ့နှင့်တကွ ပူနွေးသော အတွေ့အထိများကို သိသိသာသာ ခံစားမိလိုက်၏။ ဘသီလုကား ကြက်သေသေလျက်ရှိသည်မှတစ်ပါး မည်သို့မျှ မတတ်နိုင်အောင် ရှိလေသည်။ မိန်းမပျိုသည် နောက်သို့ဆုတ်လိုက်ကာ ယခင်က စားပွဲရှိရာသို့ ခြေသံမကြားရဘဲ ပြန်ရောက်သွားလေသည်။

ထိုခဏ၌ အခန်းအလယ်၌ ဆွဲထားသည့် ဖယောင်းတိုင် ၆၀ အားရှိ မီးချောင်းမှာ ဖျတ်ခနဲ မီးပွင့်၍လာပြီးနောက် တစ်ခန်းလုံး ထိန်ထိန်လင်းလျက် ရှိတော့၏။

ဘသီလုသည် ထူးဆန်းသောမိန်းမပျို၏ ရုပ်လက္ခဏာအသွင်အပြင်ကို ပို၍ကွဲပြားစွာ မြင်ရပြန်၏။ အသားဖြူ၍ မျက်နှာ ခပ်သွယ်သွယ်ရှိပြီးလျှင် အချိုးအဆစ်ပြေပြစ်၏။ မျက်လုံးများမှာ မည်းနက်လျက် မြွေဟောက်မျက်လုံးကဲ့သို့ တဖျက်ဖျက် အရောင်ထွက်လျက်ရှိ၏။ အခြားမည်းနက်သော မျက်လုံးရှိသည့် မိန်းကလေးများမတူဘဲ ရဲရင့်ခြင်း၊ ရက်စက်ခြင်း အဓိပ္ပာယ်များပါသည့် မျက်လုံးနက်များဖြစ်သည်ဟု ဘသီလု ခန့်မှန်းမိ၏။ မိန်းမပျိုသည် လက်တွင် ကိုင်ထားသော သေနတ်ကလေးကိုမချဘဲ ဘသီလုအား တည့်တည့်ကြီးချိန်ရွယ်လျက်ပင် ရှိသေး၏။ အခြားတစ်ဖက်ဖြင့် တယ်လီဖုန်းလက်ကိုင်ကို ကောက်၍ ကိုင်လိုက်လေသည်။

"ကိုးသုံးလုံး။ ဟုတ်ကဲ့"

"အို . . ဗျာ . . " ဟု ဘသီလုက ယောင်၍အော်လိုက်သေး၏။ မိန်းမပျိုသည် ဘသီလု၏မျက်နှာကိုကြည့်လျက် "မလှုပ်နဲ့နော်။ ယီးတီးယားတား လုပ်မယ်များတော့ မကြိုက်ဘူး"

ထို့နောက် တယ်လီဖုန်းကို ဆက်လက်ပြောပြန်လေသည်။

"ဟုတ်ပါတယ်။ ( ) လမ်း၊ တိုက်နံပါတ် ၈၉။ ဟုတ်ကဲ့ . . မြန်မြန်ရှင့်၊ မြန်မြန်လာပါ။ ဟုတ်တယ်။ ကျွန်မယောကျ်ားဦးဘချိန် အသတ်ခံရလို့ ဟုတ်ကဲ့ . . . "

မိန်းမပျိုသည် တယ်လီဖုန်းလက်ကိုင်ကို ချောက်ခနဲချလိုက်၏။ ထိုအကြောင်းကို ကြားလိုက်မှ ဘသီလုမှာ မျက်လုံးပြူးသွားလေသည်။ ဘသီလု



www.burmeseclassic.com

www.burmeseclassic.com



သည် မိန်းမပျိုပေးသော သံတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်ပင် ရှိသေး၏။ မည်ကဲ့သို့သော လူသတ်မှုများပေနည်း။ မည်သူသတ်သနည်း။ ဘသီလှ၏ ဦးခေါင်းထဲတွင် ထူးဆန်းသော အရှုပ်အထွေးများသည် ပင့်ကူအိမ်ဖွဲ့သကဲ့သို့ ဖွဲ့နှောင်ရစ်ပတ်လျက် ရှိတော့၏။

မိန်းမပျိုသည် တံခါးမကြီးသို့သွား၍ အတွင်းမှ ကြေးဘုကို လှည့်၍ ဖွင့်ထားလိုက်ပြီးနောက်..

"အင်း... နေရာကျပြီ၊ နေရာကျပြီ၊ ဒါထက် ရှင့်ကို ကျွန်မ ဘယ်လို ကျေးဇူးတင်ရမှန်း မသိဘူးရှင်။ ကျေးဇူးတင်လိုက်တာ။ ရှင့်အတွက်တော့ ကျွန်မ ဝမ်းနည်းပါတယ်ရှင်။ လူပုံလူပန်းက သားသားနားနားနဲ့"

ထိုအခါမှ ဘသီလှမှာ အာစေးထည့်ထားသကဲ့သို့ ပိတ်၍နေသော မိပိပါးစပ်ကို ဟနိုင်တော့၏။

"ခင်ဗျားလိုချင်တာဘာလဲ ပြောစမ်း။ ဘာ... ခင်ဗျားအခြောက်တိုက် ကြောက်နေတာလဲဟင်"

"ဒါကြောင့် ရှင် နားမလည်ဘူးလို့ ကျွန်မ ပြောတာပေါ့။ ရှင့်အင်္ကျီမှာလည်း သွေးနဲ့။ အဲဒါ ကျွန်မလုပ်တာပေါ့။ ပြီးတော့ သူ့ကို ရိုက်သတ်တဲ့ သံတုတ်လည်း ရှင့်လက်ထဲမှာ ကိုင်ထားတယ်။ အဲဒီမှာလည်း သွေးတွေနဲ့။ ပြီးတော့ ရှင့်အင်္ကျီအိတ်ထဲ ကြည့်လိုက်ပါဦး။ ရှင်နိုးထားတဲ့ ခိုးရာပါပစ္စည်းတွေနဲ့။ အို... ကိုယ့်လက်မှာတောင် သွေးတွေစွန်းနေတာပဲ။ နို့ပေမဲ့ ဒီဟာက အဘိုးကြီး သေခါနီး ကိုယ့်ရင်ခွင်ထဲထားပြီး ပြုစုရတာကို"

"ဒါဖြင့် သူ့ကို ခင်ဗျားသတ်တာပေါ့။ ဟုတ်လား လူသတ်မ"

"ဟား... ဟား... ဟား... ဒီလောက် ဒေါသမကြီးပါနဲ့ဦး ဆရာရယ်။ ဒီအဘိုးကြီးသေရတာ ကျွန်မ ဝမ်းမနည်းပါဘူး။ ကျွန်မရဲ့ဘဝကို လမ်းရှင်းပစ်လိုက်တာပဲ။ နို့ပေမဲ့ ရှင် အခုပြောတဲ့စကားကို ဘယ်သူယုံရမလဲ။ ရှင်ပဲ တရားခံဖြစ်မှာပေါ့"

"ကြည့်စမ်း... လူသတ်မ၊ မြွေဟောက်မ"

"ဟီး... ဟီး... ဟီး"

ထိုခဏ၌ တိုက်ရှေ့သို့ ရဲစာပ်ဖွဲ့ဝင်ကားများ ရောက်လာ၍ ရဲမှူးတစ်ယောက်၊ ရဲအုပ်တစ်ယောက်၊ ရဲသားနှစ်ယောက်နှင့်အတူ စုံထောက်ရဲမှူးဦးအုန်းဖေလည်း ပါလာလေသည်။ သူတို့သည် မိန်းမပျို ဖွင့်ပေးထားသော



www.burmeseclassic.com

www.burmeseclassic.com



တံခါးမှဝင်ခဲ့ရာ ထိုအခါမှ တံခါးရှက်ကွယ်၍ နေသောနေရာ ကြမ်းပေါ်တွင် လဲနေသည့် လူတစ်ယောက်အလောင်းကို ဘသီလှ မြင်ရလေသည်။ အလောင်းမှာ ဆံပင်များ ဆွတ်ဆွတ်ဖြူလျက်ရှိသော အသက် ၆၀ ရွယ်ခန့်ရှိ အဘိုးကြီးတစ်ယောက်ဖြစ်၍ နောက်စေ့တွင် ၄ လက်မခန့်ရှိ ဒဏ်ရာမှထွက်နေသော သွေးများသည် အလောင်း၏ ဆံပင်ပေါ်၌လည်းကောင်း၊ ရှပ်အင်္ကျီအဖြူ၏ နောက်ကျောဘက်၌ လည်းကောင်း၊ ဝတ်ထားသော ပလေကပ်လုံချည်ပေါ်၌ လည်းကောင်း ခြင်းခြင်းနီလျက် ရှိလေ၏။

မိန်းမပျိုသည် ဘသီလှရှိရာသို့ သေနတ်ဖြင့် ညွှန်ပြပြီးနောက်..

"ကျွန်မယောကျ်ားသတ်တာ သူပါပဲ။ ဖမ်းကြပါရှင်။ ကျွန်မ မူးလိုက်တာ ဘယ့်နှယ်ဖြစ်နေမှန်း မသိဘူး။ အလို.. ကျွန်မ မူး.. "

ဒယီးဒယိုင်ဖြစ်သွားသဖြင့် ရဲမှူးတစ်ယောက်သည် အိမ်ရှင်မိန်းမပျိုအား အသာဖေးမတွဲယူကာ ဆိုဖာတစ်လုံးပေါ်သို့ ပို့လိုက်ရလေ၏။ ဦးအုန်းဖေက အမိန့်ပေးသည့်အတိုင်း ရဲအုပ်တစ်ယောက်သည် ဘသီလှအား လက်ထိပ်ခတ်လိုက်လေ၏။ မြမြဝင်းထံ လူပျိုလှည့်လာသော စောရမောင်မောင်ခေါ် ဘသီလှအား မြမြဝင်းဆီသို့ မရောက်ဘဲ လမ်း၌ပင် လူသတ်မှုတရားခံ ဖြစ်ရလေပြီ။

ဦးအုန်းဖေသည် ဘသီလှကို သိပြီးဖြစ်သည့်အတိုင်း "လက်စသတ်တော့ ကိုယ့်လူပါကလား။ ဒီတစ်ခါ ဘယ်လိုဖြစ်ရတာလဲ ကိုမောင်မောင်။ ကျွန်တော်တို့ ကြားဖူးသလောက်တော့ ခင်ဗျား မကောင်းတဲ့အလုပ် လုပ်ပေမဲ့ ဓားသရေရှိ လူကြီးလူကောင်း အနေအထိုင်မျိုးနေတယ်၊ သွေးထွက်သံယိုမှု ဆည်း အင်မတန် ကြောက်တယ်လို့ ကြားဖူးတယ်"

"စုံထောက်မင်း အမိန့်ရှိတဲ့အတိုင်း မှန်ပါတယ် ခင်ဗျား။ အခုကိစ္စမှာ ဆည်း ကျွန်တော် ဘာတစ်ခုမျှ မသိတာအမှန်ပါ။ ကျွန်တော် အားလုံး ရှင်းပြပါမယ်"

***

ဤအမှုတွင် တစ်ယောက်သော သက်သေဖြစ်သည့် မတင်သင်း (သေသူဦးဘချိန်၏ဇနီး) သည် ထောင့်တစ်ထောင့်ရှိ ခွေးခြေတစ်လုံးပေါ်တွင် ထိုင်ကာ မျက်ရည်စများကို သုတ်လျက်ရှိလေ၏။ အလောင်းကိုအား ရဲသားတစ်ယောက်က အဝတ်တစ်ခုဖြင့် ဖုံးထားလိုက်၏။

www.burmeseclassic.com



ဘသီလှသည် သူ၏ရည်းစား တိုက်အမှတ် ၉၀ သို့ လာရာတွင် ယခုမတင်သန်း တိုက်အမှတ် ၈၉ နောက်ဘက်မှ လှည့်၍လာရကြောင်း အစ ပြုပြီးလျှင် ရဲအဖွဲ့ဝင်များ ရောက်လာသည်အထိ ဖြစ်ပျက်ပုံများကို တစ်လုံးမကျန် အစီအစဉ်အတိုင်း ပြန်ပြောလျက်ရှိရာ ရဲအုပ်တစ်ဦးက တရားခံ၏ထွက်ချက်ကို ရေးမှတ်လျက်ရှိ၏။

သီ– "ကျွန်တော် အခုပြောတာ အမှန်ပါပဲ စုံထောက်မင်း။ မုသား တစ်ခွန်းမျှ မပါပါဘူး။ သူခိုးအလုပ်နဲ့ အသက်မွေးပေမဲ့ ဒီနေရာမျိုးမှာ ကျွန်တော် လှည့်ဖြားပြီး အစစ်မခံပါဘူး။ ကိုယ်လုပ်ခဲ့လို့ရှိရင်လည်း ကိုယ့်အပြစ်ကို အပြစ် မရှိတဲ့ မိန်းမသားအပေါ်မှာ ပုံချပြီး ကိုယ်လွတ်ရုန်းမယ်ဆိုတဲ့စိတ် ကျွန်တော့်မှာ နည်းနည်းကလေးမျှ မရှိပါဘူး။ ယုံပါတော့"

စုံ– "ခင်ဗျားလက်ထဲမှာ ကိုင်နေတာတွေ့ရတဲ့ သံတုတ်ကကော"

သီ– "ကျွန်တော်ပြောတဲ့ အတိုင်းပါပဲ။ သူလာပေးလို့ ကိုင်ထားလိုက် ရတာပါ"

"ပြီးတော့လည်း သံတုတ်မှာ သွေးတွေနဲ့ဗျာ။ အဘိုးကြီး ဆံပင်ဖြူ ကလေးတွေတောင် တချို့ကပ်နေတာ ကျုပ် မြင်ရတယ်"

"ကျွန်တော် အစီရင်ခံသလို တိုက်ထဲ ကျွန်တော်ရောက်တဲ့အချိန်မှာ အဘိုးကြီး သေနှင့်နေပြီနဲ့တူပါတယ်"

"ကျုပ်ရဲ့ လုပ်သက်တစ်လျှောက်လုံးမှာ ဒီလိုထူးဆန်းတဲ့အမှုမျိုး မတွေ့ဖူးဘူး"

ဘသီလှသည် မတင်သန်း၏မျက်နှာကို တည့်တည့်ကြီး လှည့်၍ ကြည့်လိုက်၏။

မတင်သန်းအား လက်ညှိုးထိုးလျက် . .

"သူလုပ်တာ ခင်ဗျ။ သူလုပ်တာ။ သူ့ကို ရအောင်မေးပါ ခင်ဗျား အမှန်ကိုပြောအောင် လုပ်ပါ စုံထောင်မင်း"

မတင်သန်းက ရှိုက်လျက် . .

"သူခိုးက လူ . . လူ . . ဟစ်နေတာပါရှင်။ ကျွန်မအဖူနဲ့ ကျွန်မ မသေရုံတစ်မည်ကျန်ရတဲ့အထိ ဒီအကောင်က ကျွန်မကို မတရားစွပ်စွဲပြန်ပါပြီ"

စုံ– "ခင်ဗျားအိတ်ထဲမှာလည်း ရွှေနာရီတွေရော၊ မှုဒင်္ဂါးတွေရော တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သီ– “သူပြောလို့ ယူရတာပါ ခင်ဗျာ”

“ပြီးတော့ ခင်ဗျားအကျီမှာလည်း သွေးတွေနဲ့”

“ဒါကတော့ ကျွန်တော့်လည်ပင်းကိုတောင် ဆွဲဖက်ပြီး ကျွန်တော့်ပါးကို နမ်းလိုက်သေးတယ် ခင်ဗျာ။ ပြောရမှာတောင် ရှက်ရဲ့”

စုံထောက်ဦးအုန်းဖေသည် ဘသီလှ အပေါ်အကျီတွင် စွန်းထင်းလျက်ရှိသော သွေးစများကို ကြည့်ပြီးနောက် ဘသီလှ၏ နောက်ကျောဘက်သို့ လှည့်၍ကြည့်လေသည်။ ထို့နောက် စုံထောက်ဦးအုန်းဖေသည် မတင်သန်းဘက်သို့ လှည့်၍. . .

“ဒီလူပြောတာတွေအားလုံး ခင်ဗျားကြားတယ်နော်”

သန်း– “ဟုတ်ကဲ့။ သူပြောတာတွေအားလုံး မဟုတ်ပါဘူး စုံထောက်မင်းရှင့်။ ဒီလိုပါ၊ ကျွန်မယောကျ်ားက အောက်ထပ် အသံကြားတယ်ပြောပြီးဆင်းအကြည့်မှာ ကျွန်မလည်း သူ့နောက်ကို ထက်ကြပ်လိုက်ပဲ လိုက်လာပါတယ်။ ဒါနဲ့ ဘေးတံခါးနားလည်းကျရော လူနှစ်ယောက် ထွေးလုံးရင်းဖြစ်နေတဲ့အသံတွေ ကြားရပါတယ်။ ဘယ်လိုအော်လိုက်တယ်လို့တော့ ကျွန်မ မသိဘူး။ အခန်းထဲကို ကျွန်မရောက်လာရော ကျွန်မယောကျ်ားဟာ လဲနေရှာပြီ။ ဒီလူက ပြတင်းပေါက်နားမှာရပ်ပြီး သူ့လက်ထဲမှာလည်း အခု သက်သေခံတင်ထားတဲ့ သံတုတ်ကိုကိုင်လို့”

မတင်သန်းသည် စကားပြောရင်း ခေါင်းမူးလာသည့်ဟန်ဖြင့် မျက်လုံးများ မှေးကာ နားထင်နှစ်ဖက်ကို လက်များဖြင့် ဖျစ်ညှစ်ထားလျက်. . .

“ဒီနောက်တော့ ကျွန်မဟာ အိပ်မက်မက်နေသလိုပါပဲရှင်။ ကျွန်မသတိရသလောက်တော့ ကျွန်မဟာ ကြမ်းပေါ်လဲကျနေတဲ့ ကျွန်မယောကျ်ားလက်ထဲက ခြောက်လုံးပြူးကလေး ဆွဲယူတယ်။ ပြီးတော့ ကျွန်မယောကျ်ားလဲနေတာ မကြည့်ရက်နိုင်လို့ ဒူးထောက်ပြီး သူ့ခေါင်းကို ကျွန်မရင်ခွင်နဲ့အပ်ပြီးပွေ့ထားမိတယ်။ ဒါကြောင့် ကျွန်မ အဝတ်အစားတွေရော လက်တွေမှာရောသွေးချည်းပါပဲရှင်”

မတင်သန်းသည် စကားပြောရပ်လိုက်ပြီးလျှင် တရှုပ်ရှုပ် ငိုကြွေးလေ၏။

စုံထောက်ဦးအုန်းဖေသည် ညည်းညည်းညူညူ ရှိလှသောအသံဖြင့်

“အင်းလေ. . . အခုဖြစ်ရတဲ့ကိစ္စက အင်မတန် စိတ်မချမ်းသာစရာကောင်းတဲ့ ကိစ္စကြီးပေါ့။ ဒါထက် ဒေါ်တင်သန်းကို အခု အချိန်အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



စစ်လားဆေးလား၊ မေးလားမြန်းလားလုပ်ရတာ ကျူပ်တို့ဝတ္တရားမို့သာ လုပ်ရတာ အင်မတန် အားနာပါတယ်။ ဒီတော့ ဟောဒီက ကိုမောင်မောင်ဆိုတဲ့ တရားခံကို ခင်ဗျား သွားပြီးမကိုင်ဘူးဆိုတာ အမှန်ပဲလား"

"မကိုင်ပါဘူးရှင်"

"ဟုတ်ကဲ့လား ဒေါ်တင်သန်း"

"ဟုတ်ပါတယ် စုံထောက်မင်း"

"ခင်ဗျားအဖြေကို ထပ်ပြင်ဦးမလား"

"ပြင်စရာမလိုပါဘူးရှင်။ သူ့ကို ကိုင်ဖို့နေနေသာသာ သူ့အနားတောင် ကျွန်မ မရောက်ပါဘူး"

စုံ- "ဒါပေမဲ့ သူ့အင်္ကျီနောက်ကျောဘက်မှာ သွေးစွန်းပြီးထင်ကျန်နေတဲ့ လက်ရာတွေရှိတယ်ဗျာ။ လက်ရာ ၂ ခုကတော့ ထင်ထင်ရှားရှားပဲ။ ဘယ်သူ့လက်ရာတွေလို့တော့ မပြောတတ်ဘူး။ အေးလေ.. အင်းစိန် လက်ပုံစံဌာနက နက်ဖြန်ညနေ ၄ နာရီလောက်တော့ အဖြေမှန်ရရော့ပေါ့"

ထိုည၌ ဘသီလှမှာ အချုပ်ထောင်တွင် အိပ်ရ၏။

ဘသီလှ၏ အတွင်းခံရှပ်အင်္ကျီကော်လံပေါ်တွင် ထင်သော လက်ရာတစ်ပိုင်းတစ်စနှင့် အပေါ်သက္ကလပ်အင်္ကျီတွင် သွေးစွန်းသောလက်ဖြင့် ကိုင်တွယ်ထားသော လက်ရာ ၂ ခုကို ထင်ရှားစွာ တွေ့ရလေရာ ယင်းတို့မှာ မတင်သန်း၏ လက်ရာများဖြစ်ကြောင်း တွေ့ရလေသည်။

ပြစ်မှုတစ်ခုကို စီရင်ရာ၌ နှုတ်သက်သေခံ၊ စာသက်သေခံဟူ၍ သက်သေခံ ၂ မျိုးပေါ်တွင် မူတည် စဉ်းစားရလေရာ 'နှုတ်တစ်ရာ စာတစ်လုံး' ဆိုသည့်စကားအဆိုင်း စာသက်သေခံသည် နှုတ်သက်သေခံထက် များစွာပို၍ အဖိုးထိုက်တန်လေသည်။ လက်မှ ပုံစံရာတည်းဟူသော 'စာသက်သေခံ' သည် ကား ရာဇဝတ်မှုများတွင် အနိုင်လုံဆုံးပင် ဖြစ်တော့၏။

ငင်းအချက်ကို အထောက်အထားပြုသောအားဖြင့် ဘသီလှ ထွက်ချက်အတိုင်း မတင်သန်းသည် မိမိအား လာရောက်ပွေ့ဖက်ကာ လည်ပင်း၌ ဖက်၍ နမ်းရှုပ်သည်ဆိုသောအချက်မှာ ထင်ရှားစွာ ထွက်ပေါ်လာသဖြင့် ဘသီလှ၏ ထွက်ချက်အားလုံးကို ယုံကြည်ပြီးလျှင် မတင်သန်း၏ထွက်ချက်မှာ တန်ဖိုးမရှိတော့ချေ။ သို့ဖြစ်၍ ဘသီလှအပေါ်တွင် စွပ်စွဲသော လူသတ်မှုသည် မတင်သန်း၏ ခေါင်းပေါ်သို့ ရွှေ့လျားသွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဘသီလှအကျီပေါ်တွင် တွေ့ရသော လက်ရာများဖြစ်ကြောင်း သက်သေခံ ပေါ်လွင်လာသောအခါ မတင်သန်းသည် နောက်ဆုံး၌ ဖြောင့်ချက်ပေးလေတော့၏။ သတ်ရခြင်းအကြောင်းရင်းမှာ အမှုမှ စာရွက်စာတမ်းများတွင် ပေါ်လွင်သော်လည်း ထိုအချိန်က မတင်သန်းသည် ဦးဘချိန်ဘက်မှ လင်ပါသားတစ်ယောက်နှင့် တိတ်တိတ်ပုန်း ဖြစ်ပျက်လျက်ရှိသည်ကို အချို့ ရင်းနှီးသူများက ရိပ်မိသောအချက်သည် မတင်သန်းမှာ တရားခံအစစ်ဖြစ်ကြောင်း နိုင်လုံသော အထောက်အထားတစ်ခု ဖြစ်လေသည်။

ဘသီလှမှာ လူသတ်မှုမှ ကွင်းလုံးကျွတ် လွတ်နိုင်ခဲ့သော်လည်း အိမ်အတွင်းသို့ ပိုင်ရှင်မသိဘဲ ဝင်ရောက်ခြင်းကိုမူ မငြင်းနိုင်ချေ။ သူတစ်ပါး၏ပိုင်နက်ကို ကျူးလွန်ရာရောက်ချေသည်။ သို့ဖြစ်၍ ထိုပုဒ်မဖြင့် ဘသီလှအား ထောင်ဒဏ် ၆ လ အပြစ်ပေးလိုက်လေသည်။

အမိန့်ချမှတ်သောနေ့တွင် ဘသီလှသည် အမိန့်ချမှတ်ပြီးသည့်နောက်၌ ခင် ပြုံးပြုံးရွှင်ရွှင်ရှိနေသဖြင့် စုံထောက်ဦးအုန်းဖေက . .

"ဘယ့်နှယ်လဲ ကိုမောင်မောင်၊ ဒီအမှုမှာ ခင်ဗျား ကံဆိုးတယ် ခေါ်မှာလား၊ ကံကောင်းတယ် ခေါ်မလား"

"ထောင် ၆ လကျပြီဟာ ဘယ့်နှယ် ကံကောင်းတယ် ခေါ်နိုင်မလဲ စုံထောက်မင်း"

"မဟုတ်ဘူး ကိုမောင်မောင်။ တရားခံကသာ ခင်ဗျားကိုယ်မှာ သွေးစွန်းအောင် လက်နှစ်ဖက်နဲ့ ခင်ဗျားလည်ပင်းဖက်ပြီး မနမ်းရင် ခင်ဗျား မသတ်ကြောင်း ဘယ်လိုလုပ်ပြီး သက်သေပြမလဲ။ ဒါကြောင့် ကျုပ်ကတော့ ခင်ဗျား ကံကောင်းတယ်လို့ ဆိုချင်တယ်"

"ဒီလိုဆိုတော့လည်း မှန်ပေတာပဲ စုံထောက်မင်း"

◈

www.burmeseclassic.com

www.burmeseclassic.com

# စောရမောင်မောင် ၃
# ဗင်တလီ၏သေတမ်းစာ

တစ်နေ့သောညနေစောင်း၌ စောရမောင်မောင်ခေါ် ဘသီလှသည် မိမိတိုက်ခန်းရှိ အလုပ်စားပွဲ၌ထိုင်ကာ မိမိအလိုရှိရာ ဖြတ်ထားသော သတင်းစာ ဖြတ်ပိုင်းဖိုင်ကို လှန်လှောကြည့်ရှုလျက် ရှိလေ၏။ အချိန်မှာ နေဝင်ပြီဖြစ်၍ လမ်းမတ်မီးများပင် လင်းစပြုလေပြီ။

ဘသီလှမှာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ သူ့ခိုးအတတ်တွင်လည်း ဗီဇကပင် ဝါသနာထုံခဲ့သည့်အတိုင်း ရန်ကုန်မြို့ပေါ်ရှိ သူခိုး၊ ခါးပိုက်နှိုက်၊ ကတ်ကြေးကိုက်တို့၏ ဘုရင်တစ်ဆူ ဆရာကြီးဖြစ်ခဲ့၏။ အလုပ်အကိုင်အားဖြင့် ကုန်တိုက်တစ်တိုက်တွင် အထက်တန်းစာရေးတစ်ယောက် ဖြစ်၏။ သို့သော် ထိုအလုပ်မှာ အပြင်ဗန်းပြ အလုပ်မျှသာဖြစ်၍ အမှန်အားဖြင့်မူ စောရလုပ်ငန်းများတွင် အခါပေးခြင်း၊ လက်ထောက်ချခြင်း၊ ညွှန်ကြားခြင်းအလုပ်များကိုလုပ်ကာ တပည့်တပန်းတို့အား ခိုင်းစေသင့်သည့်အလုပ်ကို ခိုင်းစေလျက် ကိုယ်တိုင် လုပ်ကိုင်သင့်သည့်အလုပ်များကို ကိုယ်တိုင်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေဖြောင့်ခဲ့၏။ ထို့ကြောင့်လည်း ရန်ကုန်အရှေ့ပိုင်း ခရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း)ရှိ လူဂုဏ်ထံ ရပ်ကွက်တွင် အခန်းတစ်ခန်းကို ၁၀၀ မျှပေး၍ ငှားရမ်းပြီးလျှင် အေးချမ်းစွာ နေထိုင်နိုင်ခဲ့လေသည်။ ဘသီလှအကြောင်းများကို ၁၉၆၀ ခုနှစ်လထုတ် မြဝတီမဂ္ဂဇင်းတွင် စတင်ရေးသားဖော်ပြခဲ့ဖူးပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စောရအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်သည်ဆိုသော်လည်း ဘသီလှသည် တွေ့မြင်သမျှအလုပ်ကို လုပ်လေ့မရှိဘဲ အချက်ကျ၍ ပိုင်နိုင်လောက်သော အလုပ်ကိုမှ လုပ်လေ့ရှိ၏။ အခြားသော 'စောရ'များသည်ပင် အကျပ်အတည်းနှင့်တွေ့က ဘသီလှထံ အကူအညီတောင်းရ၏။

အလုပ်တစ်ခု၌ မည်မျှပင် ကျွမ်းကျင်လိမ္မာစေကာမူ ကံအကြောင်းမသင့်သည့်အခါများတွင် ခြေချော်လက်ချော် ဖြစ်တတ်မြဲဖြစ်ရာ ဘသီလှမှာ ယင်းကဲ့သို့ ကျင်လည်ကျက်စားခဲ့သော ၁၆ နှစ်မျှသော အချိန်အတွင်း၌ ထောင်သို့ ၃ ကြိမ်မျှ ကျခဲ့ဖူးလေပြီ။ သို့သော် 'ထောင်'သည် ဘသီလှ၏ ဇီဇကို ဖျောက်ဖျက်ခြင်းငှာ မစွမ်းနိုင်ချေ။ ထောင်တွင်းသို့ ရောက်သောအခါ၌လည်း ခေတ်ပညာတတ်တစ်ယောက် ဖြစ်သည့်အတိုင်း ထောင်မှူး၏ စာရေး၊ ထောင်မှူး၏ အော်ဒလီအဖြစ်ဖြင့်သာ သက်သာချောင်ချိစွာ နေခဲ့ရ၏။ ထောင်မှ ထွက်လာပြန်လျှင်လည်း ဘဏ်တွင် စုဆောင်းခဲ့သောငွေများ၊ တပည့်တပန်းတို့၏ ထောက်ပံ့မှုများဖြင့် ဣန္ဒြေမပျက် နေထိုင်နိုင်ခဲ့ပြီးလျှင် သက်သက်သာသာ ချောင်ချောင်ချိချိ နေနိုင်ရမည့် အပေါက်များကို ရှာဖွေပြန်လေသည်။

ထိုနေ့ညနေ၌ ဘသီလှသည် ရုပ်ရှင်သွားရန် စိတ်ကူးထားသည့်အတိုင်း ကောင်းမွန်သပ်ရပ်စွာ ဝတ်စားလျက်ရှိရာ အချိန်အတန်ငယ် စောသေးသည်နှင့် အလုပ်စားပွဲ၌ ခေတ္တထိုင်ကာ ယမန်နေ့ကထုတ်သည့် သတင်းစာတစ်စောင်မှ သတင်းစာဖြတ်ပိုင်းတစ်ခုကို ဖတ်နေခြင်း ဖြစ်လေသည်။ မန္တလေးကျစ်ပိုး သက်တံဆင်လုံချည်၊ ပိုးရှပ်အင်္ကျီအဖြူ၊ အယ်(လ)ပတ်ကားတိုက်ပုံ၊ အုန်းခွံရောင်ရှူးဖိနပ်၊ ပိုးခြေအိတ်တို့ဖြင့် ဝတ်ဆင်ထားလျက် ဆံပင်ကိုလည်း နောက်သို့လှန်ကာ ပိရိသပ်ရပ်စွာ ဖြီးထား၏။ ဘသီလှမှာ အလုပ်အကိုင် အကြံအစည်တွင် ပိရိသပ်ရပ်သလောက် ဝတ်စားဆင်ယင်ရာတွင် အဆင်ပြေ၍ သေသပ်လှပေသည်။

ဘသီလှသည် 'ရိုးလက်' ရွှေလက်ပတ်နာရီကို မြှောက်၍ကြည့်လိုက်ပြီးနောက် အောက်သို့ ဆင်းတော့မည်ပြုစဉ် အပြင်မှ တံခါးခေါက်သံကြားရပြီးနောက် အစေခံဖိုးထွေးက ဖွင့်ပေးသောအခါ ပိုးပဝါအနက်တစ်ထည်ကို ခေါင်းမြီးခြုံထားသော မိန်းမတစ်ယောက်သည် အခန်းတွင်းသို့ ဣန္ဒြေရစွာ ဝင်လာလေသည်။ ဘသီလှသည် မိန်းကလေးအား ဧည့်ခန်းရှိ ကုလားထိုင်များတွင် ထိုင်စေဘဲ အခန်းထောင့်ရှိ မိမိအလုပ်စားပွဲရှေ့တွင် နေရာထိုင်ခင်းပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပဝါကို ရုပ်သိမ်းလိုက်သောအခါ အသက်အစိတ်ခန့် ရုပ်ရည်လှပသော မိန်းမပျိုတစ်ယောက်သည် မိမိအား အကဲခတ်သကဲ့သို့ ကြည့်ရှုနေသည်ကို တွေ့ရပြီးလျှင် သင်းပျံ့သော ပွန်ပီပေါင်ဒါနှင့် မက္က(ဆ)ဖက်တာနံ့ကလေးများကို မသိမသာ ခံစားမိလေ၏။ ကိုယ်အထက်ပိုင်းနှင့် အောက်ပိုင်းကို သေးသွယ်သော ခါးဖြင့် အချိုးကျစွာ ပိုင်းခြားလျက် မို့မောက်သောရင်အုံမှာ ဖွံ့ဖြိုးသော အပေါ်ပိုင်းကို ပို၍ကျယ်ပြန့်သကဲ့သို့ ထင်ရ၏။ ရင်၏အလယ်တွင် ကျောက်စီ၍ထားသော ရွှေလက်ဝါးကပ်တိုင်ကလေးသည်လည်း လှပတင့်တယ်စွာ ရှိပေ၏။

"ကိုမောင်မောင်ဆိုတာ" ဟု မိန်းမပျိုက မရဲတရဲ စကားစလိုက်ရာ ဘသီလှသည် မျက်နှာကို ချိုနိုင်သမျှ ချိုအောင်ထား၍ "ဟုတ်ပါတယ်။ ကျွန်တော့်နာမည် မောင်မောင်ပါပဲခင်ဗျာ။ ကိစ္စသာ အမိန့်ရှိပါ။ ဪ... စီးကရက်သောက်ပါဦး" ဟု ဘသီလှသည် အိတ်ထဲမှ ရွှေစီးကရက်ဘူးကို ဖွင့်၍ တိုးပေးလေသည်။

မိန်းမပျိုသည် ရွှေစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို လှမ်းယူလေရာ ဘသီလှက 'ရွှန်ဆင်' ဓာတ်မီးခြစ်ကလေးဖြင့် မီးတို့ပေးမည်ပြုပြီးမှ ယခုမှ တွေ့ရသော မိန်းကလေးတစ်ယောက်အပေါ်တွင် ရဲတင်းလွန်းရာ ကျမည်စိုးသဖြင့် မီးခြစ်ကို လှမ်း၍ပေးလိုက်၏။ မိန်းမပျိုက စီးကရက်ကို မီးညှိသောအခါ လက်ဝဲဘက်လက်သူကြွယ်မှ စိန်ခြယ်လက်စွပ်ကလေး ဝင်းခနဲဖြစ်သွားသည်ကို ဘသီလှ သတိပြုလိုက်မိ၏။ မိန်းမပျို စကားပြောပုံ၊ စီးကရက် လှမ်းယူပုံ၊ မီးညှိပုံမှစ၍ သွက်လက်ရှုံ့မှုမက အမူပါ၍ ဘိုဆန်လှပေသည်။

ပျို- "ကျွန်မကိစ္စကို မပြောခင် အင်မတန်လျှို့ဝှက်ပြီး သိုသိုသိပ်သိပ် လုပ်ရမယ့်အကြောင်း ပထမပြောချင်ပါတယ်"

သီ- "စိတ်ချပါ။ ဒီအတွက် ရဲရဲကြီး တာဝန်ခံပါတယ်"

"ဒီလိုပါ အစ်ကိုကြီးရယ်။ ကျွန်မနာမည်က မခင်အေးမူတဲ့။ ကျွန်မက 'သွန်မဆင်' အင်ဖင်တလီကုမ္ပဏီမှာ လက်ရေးတိုစာရေး လုပ်ပါတယ်။ ယူနီဖာစီတီ အဲဗင်းနယူးက သူဌေးကြီး မစ္စတာဗင်တလီဆိုတာ ကြားဖူးပါလိမ့်မယ်"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

"ကျွန်မ အလုပ်လုပ်တာလဲ အဲဒီကုမ္ပဏီမှာပါပဲ။ သူနဲ့ အစုစပ် မစ္စတာ သွန်မဆင်ဆိုတာကတော့ ဒီမှာ မရှိပါဘူး။ စကော့တလန်မှာ နေပါတယ်။

www.burmeseclassic.com



ဒါကြောင့် ကုမ္ပဏီကြီးကို သူတစ်ယောက်တည်း မန်နေဂျင်းဒါရိုက်တာအဖြစ်နဲ့ ဦးစီးအုပ်ချုပ်နေရပါတယ်။ အင်မတန် သဘောကောင်းပြီး ရက်ရောတဲ့ လူကြီးတစ်ယောက်ပါပဲ''

''ဟုတ်ပါတယ်။ သူ့နာမည် ကြားဖူးတာပေါ့။ ဘာကြွာသေးလဲ၊ ဘိုးဘွားရိပ်သာကို ငွေ ၅၀၀၀၊ ဂန္ဓီဆေးရုံ(အရှေ့ပိုင်းဆေးရုံ)ကို ငွေ ၅၀၀၀ လှူတယ် မဟုတ်လား''

''ဟုတ်ပါတယ် သူပါပဲ။ ဒါနဲ့ အခုလို အစချီပြီးပြောရတာက ကျွန်မရဲ့ ရာဇဝင်ကို နည်းနည်းသိစေချင်လို့ပါပဲ''

''ကုမ္ပဏီက စက်ကိရိယာရောင်းတဲ့ ကုမ္ပဏီ မဟုတ်လား''

''ဟုတ်ပါတယ်။ စက်ကိရိယာသာမကပါဘူး၊ အင်ဂျင်ရော၊ ဘွိုင်လာတွေရော၊ သားရေပတ်တွေ၊ စက်ဆီတွေ၊ အင်ဂျင်နဲ့ပတ်သက်တဲ့ ပစ္စည်းအသုံးအဆောင်မှန်သမျှ ရောင်းပါတယ်''

''အင်း.. ပြောစမ်းပါဦး''

''ဒါနဲ့ ဒီကုမ္ပဏီမှာ စလုပ်လာပြီးတဲ့နောက် တစ်နှစ်လောက်ကြာတော့ သူဌေးကြီးနဲ့ကျွန်မ အတော်ပဲ မျက်မှန်းတန်းမိလာပါတယ်။ အလုပ်တွေ အရေးကြီးတဲ့အခါ စနေနေ့၊ တနင်္ဂနွေမှာတောင် စာပြန်ဖို့ကိစ္စတွေရော၊ ဘီလပ်ကို မှာဖို့ အော်ဒါတွေရော သူ့အမိန့်အတိုင်း လိုက်ရေးပြီး ကျွန်မက လက်မှတ်ထိုးဖို့ ပြရတယ်။ တော်ရုံတန်ရုံကိစ္စဆိုရင် သူက ပါးစပ်နဲ့ အရိပ်အမြွက်ပြောလိုက်ရင် ကျွန်မက စာနဲ့ချောအောင် အကြမ်းဖျင်းရေးပြီး သူ လက်မှတ်ထိုးဖို့ တင်ပြရပါတယ်။ နောက်ကျတော့ ဒီဟာ တစ်ခုတင်မကဘူး၊ ကျွန်မတို့ကုမ္ပဏီနဲ့ ပတ်သက်တဲ့ စာပေးစာယူကိစ္စမှန်သမျှ အားလုံး ကျွန်မက မှတ်ချက်ရေးပြီး အကြမ်းတင်ပြရပါတယ်။ သူ့စက္ကရီတေရီ ဖြစ်မှန်းမသိ ဖြစ်လာပါလေရောရှင်။ ဒီတော့ လုပ်သက်က ၂ နှစ်နီးပါးရှိပြီး လခလည်း ၂၀၀ နဲ့ စပြီးခန့်တာ ၃၅၀ အထိ တိုးပေးပါတယ်။ အလုပ်ကလည်း ပင်ပန်းလိုက်တာ မပြောနဲ့တော့။ နို့ပေမဲ့ ငါ့ ပညာအရည်အချင်းနဲ့ အခုခေတ်မှာ ဒီလောက်လခရနိုင်ဖို့ ခဲယဉ်းတယ်ဆိုပြီး မညည်းမညူ တတ်နိုင်သမျှ ကြိုးစားလုပ်တာပါပဲ။ ဒီတော့မှ ကျွန်မမှာလည်း မောင်ကလေးတစ်ယောက် ကျောင်းထားနိုင်ပြီး အတော်ကလေး ချောင်ချောင်လည်လည် နေနိုင်လာပါတယ်။ တစ်နေ့တော့ ကျွန်မကို အိမ်ခေါ်ပြီး အလုပ်လုပ်ခိုင်းလို့ အလုပ်ပြီးတဲ့အချိန်မှာ ညနေလက်ဖက်ရည်သောက်ဖို့ ရောက်လာ

www.burmeseclassic.com



တာနဲ့ နောက်ဖေးဥယျာဉ်ထဲက သစ်ပင်ရိပ်တစ်ခုအောက် မြက်ခင်းပေါ်မှာ သူနဲ့ ကျွန်မ လက်ဖက်ရည် အတူသောက်ကြပါတယ်"

"သူ့မိန်းမကော"

"သူ့မှာ မိန်းမရှိပါတယ်။ နို့ပေမဲ့ ဒီအခါတုန်းက စကော့တလန်မှာ နေတဲ့ သူ့ပါတနာ မကျန်းမာလို့ ပြန်သွားတာ ၃ ရက်ပဲ ရှိသေးတယ်။ ပြီးတော့ ဒီမိန်းမကိုယ်တိုင်လည်း မကျန်းမာဘူးဆိုတာ သူပြောလို့ ကျွန်မ သိရပါတယ်။ ဒါနဲ့ လက်ဖက်ရည်သောက်နေရင်း ဒီနေ့ဟာ ခါတိုင်းနေ့ထက် သူ့မျက်နှာ ရွှင်ပါတယ်လေလို့ ကျွန်မ စဉ်းစားမိတယ်။ သူဟာ ကျွန်မကို တစ်ခုခု ပြောတော့မယ်လို့ အောက်မေ့လို့ ကျွန်မဟာ သူ့မျက်နှာမကြည့်ဘဲ ခပ်လွှဲလွှဲနေမိတယ်။ နို့ပေမဲ့ သူက စတော့တာပါပဲ။ မခင်မူဟာ နီးနီးကပ်ကပ် ကြည့်လေလေ လှလေလေပဲ။ ကျုပ်တို့ အင်္ဂလန်သူ၊ စကော့တလန်သူ အသားကြမ်းမတွေနဲ့ စာရင် အများကြီးကွာခြားတာပဲလို့ ပြောတာကိုးရှင့်။ ဒီတော့ ကျွန်မက အသား ကြမ်းတာ၊ အသားချောတာတော့ ကျွန်မ မသိဘူး။ ဒါပေမဲ့ အသားဖြူပြီး ကိုယ်လုံးကိုယ်ပေါက်မှာတော့ ကျွန်မတို့အရှေ့တိုင်းသူက အနောက်တိုင်းကို မမီပါဘူးလို့ ပြန်ပြောတယ်။ ဒီနောက် သူက မခင်မူရဲ့ ကိုယ်လုံးကိုယ်ပေါက်တော့ သေးသေးသွယ်သွယ် ကြည့်လို့ အင်မတန်ယဉ်တဲ့အကြောင်း ပြောပြန်တယ်။ ဒါနဲ့ သူကပြောလိုက် ကျွန်မက ပြန်ပြောလိုက်နဲ့ တစ်ယောက်တစ်လှည့် ပြောရာက နောက်ဆုံး သူက မခင်မူကို ကျုပ် တစ်ခုပြောချင်တယ်တဲ့။ ဒီကိစ္စက အလုပ်နဲ့ပတ်သက်တဲ့ကိစ္စ မဟုတ်ပါဘူးတဲ့။ အကယ်၍ မခင်မူ သဘောမတူလို့ ငြင်းဆန်ရင်လည်း အလုပ်ကို ဘာမျှမထိခိုက်စေရပါဘူးဆိုပြီး ကျွန်မကို မေတ္တာ ရှိတဲ့အကြောင်း၊ လက်ထပ်ပြီးမယူနိုင်ပေမဲ့ ဒုတိယမယားအဖြစ် ထားမယ့် အကြောင်း၊ သူ့မိန်းမက ရောဂါသည်ကြီးဖြစ်လို့ ဆရာဝန်နဲ့ အမြဲဆေးထိုးနေရတဲ့ အကြောင်း၊ သက်ဆိုးရှည်မည် မထင်ကြောင်း ပြောတော့ကိုးရှင့်"

"အင်း . . . ပြောပါဦး"

"ဒီတော့ ကျွန်မက မယားကြီးက ဆူဆူပူပူလုပ်ရင် အရှက်တကွဲ အကျိုးနည်းဖြစ်မှာမို့ စိုးရိမ်တဲ့အကြောင်းပြောတော့ သူက သူ့မယားကြီးဟာ အင်မတန်သဘောထားကြီးလို့ သဘောတူမယ့်အကြောင်း၊ ဒီကိစ္စမျိုးမှာ အနောက် နိုင်ငံသူများဟာ သဘောထားကြီးတဲ့အကြောင်း၊ သူ့မှာလည်း ပစ္စည်းဥစ္စာနဲ့ ပြည့်စုံတဲ့အတွက် အမွေကြောင်းအားဖြင့်လည်း သူ မေတ္တာရှိသလောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့မယ့်အကြောင်းပြောတော့ နောက်ဆုံး သူ့အလို ကျွန်မ လိုက်မိတာကိုရှင်၊ လူတွေကတော့ ဒီကောင်မဟာ အသက် ၆၀ လောက်ရှိတဲ့ အဘိုးကြီးမှ ရွေးပြီးကြိုက်ရသလားလို့ ပြောကောင်းပြောကြလိမ့်မယ်။ နို့ပေမဲ့ ကျွန်မက ၂၃ နှစ် ရှိသေးတယ်။ ဝတ်ချင်စားချင်တုန်းအရွယ်၊ လာပြောတဲ့ လူကလည်း မျက်နှာဖြူသူဌေးဖြစ်နေတော့ ကျွန်မလည်း ဖွတ်မိုက်လိုက်မိတာပါပဲရှင်''

''သူက ဘယ်လောက်ရှိပြီလဲ''

''အဲဒီတုန်းက သူ့အသက်က ၅၈ နှစ်၊ ကျွန်မက ၂၃ နှစ်၊ အခု သူနဲ့ အကြောင်းပါတာ ၄ နှစ်ရှိပြီဆိုတော့ သူ့အသက် ၆၂ နှစ်ရှိရောပေါ့ရှင်''

''အင်း . . ဆက်စမ်းပါဦး မစွက်ဖင်တလီ''

''အလုံလမ်းမှာ တစ်ထပ်တိုက်ကလေးတစ်လုံး ကျွန်မနေဖို့ ဝယ်ပေးပါတယ်။ လက်ဝတ်လက်စားက ၅၀၀၀ ဖိုးလောက် ဝယ်ပေးပြီး ကျွန်မအပေါ် အင်မတန်ချစ်ခင်ပြီး ဂရုစိုက်ပါတယ်။ သူ့မယားကြီးကလည်း ကျန်းမာရေးအတွက် ဘာအတွက်ညာအတွက် အကြောင်းပြပြီး ဘိလပ်ကို မကြာမကြာပြန်လေတော့ အဘိုးကြီးလည်း ကျွန်မဆီမှာပဲ အနေများတယ်ဆိုတော့။ အဲဒီလို သူနဲ့တိတ်တိတ်ပုန်း အကြောင်းပါခဲ့တာ တစ်နှစ်လောက်ပဲ ကျွန်မတို့ ဖုံးဖိထားနိုင်တယ်။ နောက် သူ့မိန်းမကြီးလည်းသိပြီး အမွေကိစ္စနဲ့ပတ်သက်လို့ သူတို့ချင်း စကားများကြပါတယ်။ သေတမ်းစာရေးတဲ့အခါမှာ ပေးပြီးသားအိမ်နှင့် လက်ဝတ်လက်စားကလွဲလို့ တစ်ပြားတစ်ချပ်မျှ မပေးထိုက်တဲ့ အကြောင်းတွေ ဘာတွေပေါ့ရှင်။ နို့ပေမဲ့ သူတို့အင်္ဂလိပ်လူမျိုးမှာ သေတမ်းစာရေးပိုင်ခွင့် ရှိတဲ့အတိုင်း ဘယ်မယားကို ဘယ်လောက်ပဲပေးပေး သူ ပေးနိုင်တဲ့အကြောင်း။ ဒီကိစ္စနဲ့ပတ်သက်လို့ ဘာမျှ မစိုးရိမ်ဖို့အကြောင်း။ ဘယ်နည်းနဲ့မျှ ကျွန်မကို သူ နစ်နာအောင် မလုပ်မယ့် အကြောင်းတွေ ပြောပါတယ်။ ဟုတ်တာပေါ့ အစ်ကိုကြီးရဲ့။ ကျွန်မက အဘိုးကြီးကို ဝတ်ကြီးဝတ်ငယ်ပြုတဲ့အခါ သူ့မျက်နှာဖြူမထက် ဆယ်ဆသာပါတယ်။ ဒီတော့ သူ့အမွေကို အနည်းဆုံးတစ်ဝက်တော့ ကျွန်မ ရထိုက်တာပေါ့။ မဟုတ်ဘူးလား အစ်ကိုကြီးရယ်''

''နို့ပေမဲ့ သူတို့ သေတမ်းစာရေးနိုင်ခွင့်ရှိတဲ့ လူတွေမှာတော့ အခက်သား ကလား။ သူတို့ပေးမှ ရမလို့ဖြစ်နေတာပဲ။ အဘိုးကြီးကော အလုပ်လုပ် သေးတာပဲလား''

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လုပ်လျက်ပါပဲ။ နို့ပေမဲ့ အခု ဒီမှာမရှိဘူး။ ကျန်းမာရေးအတွက် ဒါဂျီလင်ကို ခဏသွားနေပါတယ်"

"ဒီမိန်းမကြီးနဲ့ သားသမီးကော မရဘူးလား"

"မရပါဘူး အစ်ကိုကြီးရယ်။ တစ်ယောက်မျှ မရှိပါဘူး"

"ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်ပူနေရတာလဲ။ လခလည်းကောင်းကောင်းရတယ်။ အဘိုးကြီးကလည်း လစဉ်အပိုကြေး ထောက်ပံ့သေးတယ်။ နေဖို့ အိမ်ရော၊ လက်ဝတ်လက်စားရော ဝယ်ပေးထားတာလဲ မနည်းဘူး။ ဟုတ်တယ် မဟုတ်လား"

မခင်အေးမူသည် ဘာသီလု တည်ခင်းသော ဒုတိယစီးကရက်ကို သောက်ပြန်လေသည်။

"နို့ပေမဲ့ ဒီလိုရှိတယ် အစ်ကိုကြီးရဲ့။ သူ့မိန်းမက ဘိလပ်မှာ အတော်ကလေး မကျန်းမမာဖြစ်နေတော့ သေတမ်းစာမြန်မြန်ရေးဖို့ သူ့ရဲ့ပါတနာ မစ္စတာသွန်မဆင်က မကြာခဏ တိုက်တွန်းနေတယ်။ အဲဒီ မစ္စတာသွန်မဆင်ဆိုတာက သူ့မိန်းမနဲ့ အစ်ကိုတစ်ဝမ်းကွဲ တော်လေတော့ အကယ်၍ သူ့မိန်းမ မတော်တဆ တိမ်းပါးသွားရင် ဒီအမွေကို မစ္စတာသွန်မဆင်က ရလိမ့်မယ်"

"ဒါဖြင့် မစ္စတာဗင်တလီနဲ့ သွန်မဆင်က သမီးယောက်ဖပေါ့"

"ဟုတ်ပါတယ်။ မစ္စက်ဗင်တလီမှာလည်း တခြားဆွေမျိုးဉာတိ မရှိတော့ သူသေရင် ဒီအမွေဟာ မစ္စတာသွန်မဆင်ရမှာ အမှန်ပဲ။ ဒါကြောင့်လည်း သူ့နှမရဖို့ အမွေအတွက် မစ္စတာသွန်မဆင်က အဘိုးကြီးကို နားပူနေတာပါပဲ"

"ဒီတော့ သေတမ်းစာရေးရောလား"

"ဟုတ်ကဲ့ ရေးပါတယ်။ ရေးတဲ့အကြောင်းလဲ ကျွန်မကို ပြောပါတယ်။ ဘယ်လောက်ဘယ်ရွေ့ ကျွန်မကိုပေးတယ်ဆိုတာ မပြောကောင်းလို့ မပြောတာတစ်ခုပါပဲ"

"ဒါဖြင့် ဘာလိုသေးသလဲ မခင်အေးမူ။ ခင်ဗျားဟာ အနည်းနဲ့အများရမှာပဲ"

"ဒါတော့ ဟုတ်တာပေါ့ အစ်ကိုကြီးရယ်။ နို့ပေမဲ့ ကိန်းသေအလုပ်မှလုပ်ချင်တာ"

"ဒါကတော့ သူဖို့ကိုယ့်ဖို့လည်း ရှိသေးတာကို မခင်အေးမူရဲ့။ ကိုယ်ချည်း လိုချင်လို့လည်း ဘယ်ပြီးဦးမလဲ။ ကိုင်း . . ဆိုပါဦး"

www.burmeseclassic.com



"အစ်ကိုကြီးပြောတာ မှန်ပါတယ်။ ကျွန်မလည်း ပညာတတ် မိန်းကလေးတစ်ယောက်ပဲ။ ကိုယ့်ဖို့သူ့ဖို့ဆိုတာ နှစ်ဖက် ကျွန်မ စဉ်းစားပါတယ်"

"ပစ္စည်းက အားလုံး တန်ဖိုးဘယ်လောက်ရှိပါသလဲ"

"မူလတန်ဖိုးက ကျွန်မတို့မြန်မာငွေနဲ့ တစ်ယောက် ၁၀ သိန်းစီလောက် ထည့်ထားတယ်ဆိုတော့ သိန်း ၂၀ လောက် ရှိပါတယ်။ ကုမ္ပဏီအခြေအနေကလည်း အတော်ပဲ အမြတ်အစွန်းရပြီး ကြီးပွားလာတော့ အရင်းရော အမြတ် ပေါင်းရင် သိန်း ၃၀ ထက်မနည်း ရှိပါတယ်"

"ဒီတော့ မခင်အေးမူက ဘယ်လိုစဉ်းစားမိသလဲ"

"ကျွန်မတစ်ဝက် မယားကြီးတစ်ဝက် ရထိုက်တယ်လို့ စဉ်းစားပါတယ်။ ရထိုက်လည်း ရထိုက်တယ်မဟုတ်လား အစ်ကိုကြီးရယ်"

"ဒါပေမဲ့ ရထိုက်တယ်ပဲ ထားပါဦး၊ သူပေးမှ ရတော့မပေါ့ မခင်အေးမူရဲ့။ သေတမ်းစာထဲမှာ သူ ရေးပစ်ခဲ့မှ ရမှာမဟုတ်လား။ ကျုပ်တို့ ပြုပြင်လို့ ဘယ်ရမလဲ"

"ပြုပြင်လို့ရတာပေါ့ အစ်ကိုကြီးရဲ့။ ပြုပြင်နိုင်တဲ့ နည်းလမ်းတွေ ရှိတယ်။ ကျွန်မတို့သဘောအတိုင်း ဖြစ်နိုင်တဲ့ နည်းလမ်းတွေရှိတယ်။ ဒါကြောင့်လည်း အစ်ကိုကြီးဆီ ကျွန်မ လာခဲ့တာပေါ့"

"ကိုင်း.. ဒါဖြင့် အစ်ကိုကြီးက ဘယ်လိုကူညီရမလဲ ပြောစမ်း"

မခင်အေးမူသည် အခန်းထဲတွင် အခြားသူများရှိနေမည်ကို စိုးရိမ်ဟန်ဖြင့် ပတ်ဝန်းကျင်ကို ဖျတ်ခနဲ လှည့်ကြည့်ပြီးနောက် ကိုယ်ကို ရှေ့သို့ အတန်ငယ် ညွတ်ကာ တိုးတိုးလေသံဖြင့်...

"နည်းကတော့ သေတမ်းစာအသစ်တစ်ခု ကျွန်မတို့ရေးပြီး လဲယူဖို့ပဲ အစ်ကိုကြီး။ ဒီကိစ္စကို အစ်ကိုကြီးကလွဲပြီး ဘယ်သူမှ ဆောင်ရွက်နိုင်မှာ မဟုတ်ဘူးဆိုပြီး အစ်ကိုကြီးဆီ တိုက်ရိုက်လာခဲ့တာပဲ"

စကားပြန်၍ မပြောမီ ဘသီလှသည် စီးကရက်အသစ်တစ်လိပ်ကို မီးညှိ၍သောက်ပြီးလျှင် မီးခိုးများကို အားပါးတရ မှုတ်ထုတ်လျက် ရှိလေ၏။

"သေတမ်းစာက အခု ဘယ်သူ့လက်ထဲမှာလဲ"

"ကျွန်မတို့ကုမ္ပဏီက ဥပဒေညွှန်ကြားသူ အကြံပေးအရာရှိ မစ္စတာ ချော်တင်ဆိုတဲ့ ဝတ်လုံကြီးရဲ့လက်ထဲမှာ"

"သူက ဘယ်မှာနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြည်လမ်းမှာနေပါတယ်"

"မစ္စတာဗင်တလီက သေတမ်းစာရေးပြီး မစ္စတာနော်တင်လက်ထဲကို အပ်ထားပြီဆိုပါတော့"

"ဟုတ်ပါတယ်"

"ဒီတော့ မခင်အေးမူက ဘယ်လိုလုပ်ချင်သလဲ"

"ကျွန်မတို့က သေတမ်းစာ အသစ်တစ်စောင်ရေး၊ ကျွန်မယောက်ျား လက်မှတ်နဲ့ တူအောင်ထိုး၊ ဝတ်လုံမစ္စတာနော်တင် လက်ထဲမှာရှိတဲ့ သေတမ်းစာ အသစ်နဲ့လဲယူမယ်။ ဒီလိုဆိုရင် မဖြစ်နိုင်ဘူးလား အစ်ကိုကြီးရယ်"

"အင်း.. ခဲခဲယဉ်းယဉ်းကြံရင် ဖြစ်နိုင်ကောင်းစရာရှိပါရဲ့"

"အစ်ကိုကြီးလို လူတစ်ယောက်က ကြံမယ်ဆိုရင် ရတာပေါ့ အစ်ကိုကြီးရဲ့"

"ဒီလိုရှိတယ် မခင်အေးမူ၊ သေတမ်းစာတစ်စောင်ရေးဖို့ ပြင်ဆင်တယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ဥပဒေသံပါရမယ်၊ အကျိုးအကြောင်း ဆက်စပ်ခြင်း ရှိရမယ်။ ဘယ်လိုအကြောင်းရှိလို့ ဘယ်လိုပေးတယ်ဆိုတဲ့ စကားမျိုးပါရမယ်။ ပြီးတော့ သူ ရေးနေကျ အရေးအသား၊ သူ အသုံးပြုနေကျ စာရွက်မျိုး စာအိတ်မျိုး၊ မင်အရောင်၊ လျှို့ဝှက်တဲ့စာအိတ်တွေအပေါ်မှာ သူ အသုံးပြုလေ့ရှိတဲ့ ချိတ်တံဆိတ်၊ နောက်ဆုံး သူထိုးနေကျ လက်မှတ်ပုံစံမှစပြီး အရေးကြီးတဲ့ အချက်အလက်တွေ အများကြီးတူဖို့လိုတယ်"

"ဥပဒေသံ ပါရတယ်ဆိုတာက ဘယ်လိုဟာလဲ အစ်ကိုကြီးရဲ့"

"ဒီဟာတော့ အစ်ကိုကြီးကြည့်ပြီး စီမံပါမယ်။ မခင်အေးမူကိုပြောလို့ ရတ်တရက် သဘောပေါက်မယ် မဟုတ်ဘူး။ သူ့လက်မှတ်ရဖို့၊ သူ့လက်ရေး ရဖို့ စက္ကူစာအိတ်၊ ချိတ်တံဆိပ်ကစပြီး ရအောင်ရှာပေးဖို့ မခင်အေးမူရဲ့တာဝန်ပဲ"

"ဟုတ်ပါတယ် အစ်ကိုကြီး။ အားလုံး ကျွန်မရအောင် ရှာပေးပါမယ်။ ကျွန်မ တာဝန်ပဲ"

"ကိုင်း.. ဒီတော့ အဆင်သင့်ရပြီဆိုပါတော့။ မစ္စတာနော်တင်ရဲ့ လက်ထဲက စာချုပ်ကို ဘယ်လိုနည်းနဲ့ ကျုပ်တို့လက်ထဲရောက်အောင် ပြုလုပ်မလဲ ဆိုတာ စဉ်းစားရလိမ့်မယ်"

"ဒါကတော့ ဒီလိုစဉ်းစားထားပါတယ် အစ်ကိုကြီး။ မစ္စတာနော်တင် ဟာ သူ့အိမ်မှာ ညစာစားပွဲတို့၊ ကပွဲတို့၊ ဥယျာဉ်ပွဲတို့ မကြာမကြာ လုပ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ မကြာခင်ပဲ သူ့မွေးနေ့ ညစာစားပွဲတစ်ခု လုပ်ပါလိမ့်မယ်။ ဒီပွဲမှာ ကျွန်မကို ဖိတ်နေကျအတိုင်း ဖိတ်လိမ့်မယ်။ အဲဒီပွဲကို အစ်ကိုကြီးရောက်အောင် ကျွန်မ စီစဉ်ပေးမယ်။ ကျွန်မမိတ်ဆွေ 'ကက်သရင်း' ဆိုတဲ့ ကပြားမကလေး တစ်ယောက်ရဲ့ အဖော်မိတ်ဆွေတစ်ယောက်အနေနဲ့ အစ်ကိုကြီးကို ဖိတ်မယ်။ ညစာစားအပြီး ကပွဲစလိမ့်မယ်။ ကပွဲစပြီး တစ်နာရီလောက်အကြာ အစ်ကိုကြီးနဲ့ တွဲကနေမယ့် ကက်သရင်းဟာ တစ်ခါတည်းမေ့ပြီး ကြမ်းပေါ် လဲကျသွားမှာ။ ဒီလိုလဲကျသွားတာ တော်တော်နဲ့ သတိရမယ်မဟုတ်ဘူး။ ဒီတစ်ခါ ဧည့်သည် တွေဟာ သတိမေ့နေတဲ့ မိန်းကလေးသာ ဂရုစိုက်ပြီး အနီးအနားမှာ ဝိုင်းအုံ နေကြလိမ့်မယ်။ အဲဒီအချိန်ကို အခွင့်ကောင်းယူပြီး လူတွေအလစ်မှာ မစ္စတာ နော်တင်ရဲ့ အိပ်ခန်းထဲ အစ်ကိုကြီးဝင်ပေတော့''

''မီးခံသေတ္တာ သူအိပ်တဲ့အခန်းထဲမှာ ထားသလား''

''ဟုတ်တယ် အစ်ကိုကြီး။ သော့ကတော့ သူ့အိပ်ရာခေါင်းအုံး အောက်မှာ အမြဲထားပါတယ်။ ဒီတော့ အပြင်ခန်းမဆောင်မှာထွက်ပြီး ပျော်ပါး တခုန်နေကြတဲ့အခါ သံသေတ္တာသော့ကို ဘယ်နည်းနဲ့မျှ သူ့အိတ်ထဲထည့်ပြီး ယူလာမယ်မဟုတ်ဘူး။ ဒီအချိန်မှာ အစ်ကိုကြီးယူလာတဲ့ သေတမ်းစာအတုနဲ့ သူ့သေတ္တာထဲမှာရှိတဲ့ အစစ်နဲ့လဲပြီး ယူခဲ့ရပါမယ်။ အဲဒါ ကျွန်မစိတ်ကူးထားတဲ့ အတိုင်းပဲ''

ဘသီလှသည် စီးကရက်အသစ်တစ်လိပ်ကို မီးညှိ၍သောက်လျက်

''အင်း... စိတ်ကူးကတော့ မဆိုးလှဘူး။ အစ်ကိုကြီးတောင် သဘော ကျလာပြီ။ နို့ပေမဲ့ လက်တွေ့ကျတော့ မလွယ်ဘူး မခင်အေးမူ''

''ဒါကြောင့်လည်း အစ်ကိုကြီးဆီလာတာပေါ့ အစ်ကိုကြီးရဲ့''

''ကိုင်း... ဒီတော့ မခင်အေးမူနဲ့ အစ်ကိုကြီးနဲ့ အပေးအယူကိစ္စ ဆိုစမ်းပါဦး။ မခင်အေးမူ အကျိုးခံစားခွင့်ရှိသလို အစ်ကိုကြီးက ဘယ်လောက် ခံစားခွင့်ရှိတယ်ဆိုတာ အမိန့်ရှိစမ်းပါဦး''

''အစ်ကိုကြီးပြောပါလေ''

''မခင်အေးမူမှာ ၁၅ သိန်းလောက် အကျိုးခံစားခွင့် ရှိမယ်မဟုတ် လား''

''ထက်ဝက်ရဖို့ဆိုတော့ ၁၀ သိန်း ၁၂ သိန်း''



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ၊ အနည်းဆုံး ၁၀ သိန်းတော့ ကိန်းသေပါ။ အစ်ကိုကြီးကို တစ်သောင်းမပေးနိုင်ဘူးလား"

"များပါတယ် အစ်ကိုကြီးရယ်။ ကျွန်မ ၁၀ သိန်းဆိုတာက ဆောက်ဖြစ်မှ ကျောင်းဒကာပါ။ အစ်ကိုကြီးကိုတော့ လက်ငင်းပေးရမှာ"

"အလုပ်အခက်အခဲကလေး နည်းနည်းရှင်းပြပါရစေဦး။ ဒီပြင်ဟာတွေထား၊ သူ့လက်မှတ်တူအောင် ထိုးနိုင်ဖို့တောင် ၃–၄ ရက်ကျင့်ယူရမယ်။ ဒါတောင်အစ်ကိုကြီးက ဒီဘက်မှာ လိုက်စားလို့၊ လက်မှတ်တူထိုးတဲ့နည်း ဘယ်နှစ်နည်းရှိသလဲဆိုတာ မခင်အေးမူ သိသလား"

"မသိပါဘူး အစ်ကိုကြီးရယ်။ ဒီဟာမျိုးတွေ ကျွန်မ နားမလည်ပါဘူး"

"အနည်းဆုံး ၆ နည်း၊ ၇ နည်း ရှိတယ်။ ဥပမာ (၁) လက်မှတ်အစစ်ကို ပြတင်းပေါက်က မှန်ပေါ်ကပ်ပြီး စက္ကူပါးနဲ့ ထပ်ကူးတာ၊ (၂) ကာဗွန်စက္ကူနဲ့ လက်မှတ်တုပေါ် ထပ်ရေးတာ၊ (၃) ပထမနည်းအတိုင်း စက္ကူနဲ့ရတဲ့အခါ စာရွက်ပေါ်ကပ်၊ အပေါ်က အရာပေးပြီး အဲဒီအရာအတိုင်း ထပ်ရေးယူတာလက်မှတ်အစစ်ကိုကြည့်ပြီး အသားလွတ် အတုခိုးရေးတဲ့နည်း။ အို နည်းတွေအများကြီးရှိတယ်။ ဒီဟာတွေလျှောက်ပြောနေရင် ကုန်မယ်မထင်ဘူး။ ပြီးတော့တစ်ခုရှိသေးတယ်။ လက်မှတ်ကို တူအောင်မထိုးနိုင်လို့ သူတို့စိတ်ထဲမှာသံသယဖြစ်ပြီး အနီရောင်ကဲတဲ့ မာတုဗေဒက ထွက်ဆိုရင် သေတမ်းစာတစ်ခုလုံးတရားမဝင်ဘဲ ဖြစ်သွားမယ် မခအေးမူ။ ဒါကြောင့် အလုပ်လုပ်တဲ့အခါ ကျစ်စေ့စေ့စပ်စပ် လုပ်ယူရလိမ့်မယ်။ အဲဒါလက်မှတ်တုရဖို့ ကိစ္စတွင် ရှိသေးတယ်။ တခြားဟာတွေ မပါသေးဘူး။ ဒီဟာတွေအားလုံးရလို့ စာအိတ်ထဲသွင်း၊ အပေါ်ကချိတ်တံဆိပ်ရိုက်ပြီးတဲ့နောက် စွန့်စားပြီး စာအိတ်ချင်းလဲယူရမယ့် အခန်းကဒုတိယပိုင်းအနေနဲ့ ဆက်ရဦးမယ်။ ကိုင်း . . ဒီတော့ အစ်ကိုကြီးတောင်းတာများသလား"

မခင်အေးမူသည် စီးကရက်ကိုဖွာရင်း မျက်လုံးများကိုမှေးလျက် ရှိလေသည်။

"များတာပေါ့ အစ်ကိုကြီးရဲ့။ လျှော့ဦးမှပေါ့။ ကျွန်မမှာလည်း အိမ်နဲ့လက်ဝတ်လက်စားကလွဲပြီး လက်ထဲမှာ ငွေသား သိပ်ရှိတာမဟုတ်ပါဘူး"

"လုပ်မယ့်အလုပ်ကိုလည်း တစ်ဝက်တစ်ပျက် အစ်ကိုကြီး ပြောပြပြီးပြီမဟုတ်လား မခင်အေးမူ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နောက်ထပ် ၁၀ မိနစ်ခန့် အဖိုးစားနားကို အချီအချပြောပြီးလျှင် ၆၀၀၀ နှင့် နောက်ဆုံး ဈေးတည့်ကြလေသည်။ နားလည်မှုမှာ ငွေ ၃၀၀၀ ကို ယခုလက်ငင်းပေးရမည်။ အထက်တွင် ဖော်ပြသည့်အတိုင်း အတုလုပ်ရန် ပစ္စည်းများကို မခင်အေးမူက အသင့်ရှာဖွေ၍ နောက်တစ်နေ့တွင် ပေးအပ်ရမည်။ ဝတ်လုံကြီးမစ္စတာနော်တင်၏ ညစာစားပွဲသို့ ဘသီလှအား ဖိတ်ခေါ်ရန်ကိစ္စ၊ အပြားမလေးကက်သရင်းနှင့် မိတ်ဆက်ပေးရန်ကိစ္စများကို မခင်အေးမူက တာဝန်ယူရမည်။ သေတမ်းစာအတုပြုလုပ်ပြီးစီး၍ ဝတ်လုံကြီးမစ္စတာနော်တင်၏ သံသေတ္တာထဲတွင် သိမ်းဆည်းထားသော မစ္စတာဗင်တလီ၏ သေတမ်းစာအစစ်နှင့် လဲလှယ်ယူခဲ့ပြီးနောက် မခင်အေးမူလက်သို့ အပ်နိုင်သောအခါ မခင်အေးမူက ဘသီလှအား ကျန်ငွေ ၃၀၀၀ ကို ပေးရမည် စသည်တို့ ဖြစ်လေသည်။

ဤကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုများ ရပြီးသောအခါ မခင်အေးမူသည် မိမိ၏ ရွှေရောင်လက်ဆွဲအိတ်ထဲမှ ၁၀၀ တန် စက္ကူအချပ် ၃၀ ကို ဘသီလှလက်ထဲသို့ ပေးအပ်လေ၏။ ထို့နောက် ဘသီလှအား နှုတ်ဆက်ပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေသည်။

***

နောက်တစ်နေ့မှစ၍ 'ဗင်တလီ၏ သေတမ်းစာ' ကိစ္စနှင့် ပတ်သက်၍ အပြင်းအထန် အလုပ်လုပ်လျက် ရှိလေ၏။ အငှားကားတစ်စီးကို တစ်နေ့လုံး ငှားရမ်းပြီးလျှင် မိမိနှင့် အသိအကျွမ်းဖြစ်သူ ဝတ်လုံတစ်ဦးထံ သွားရောက်ကာ သေတမ်းစာနှင့် ပတ်သက်သည့် ဥပဒေများ၊ ရေးပုံရေးနည်း၊ နိုင်ငံခြားသေတမ်းစာ ဥပဒေများ၊ ယင်းနှင့် ပတ်သက်သည့် အကိုးအကားများ၊ အင်္ဂလိပ်လူမျိုးတို့ သေတမ်းစာရေးနည်းနှင့် သေတမ်းစာပုံစံများကို လေ့လာ၏။

နေ့တစ်ဝက်ခန့်မျှ ရှေ့နေများအသင်း ပိဋကတ်တိုက်၌ စာများဖတ်ပြီးလျှင် နေ့လယ် ၂ နာရီခန့်အထိ ဝတ်လုံတစ်ဦးရုံးခန်း၌ စကားပြောရင်း အချိန်ကုန်စေခဲ့ပြီးလျှင် ထိုဝတ်လုံနှင့်အတူ 'စထရင်း' ဟော်တယ်တွင် နေ့လယ်စာ စားကြ၏။ မေးမြန်းစုံစမ်းရာ၌လည်း ဘသီလှသည် မည်သည့်အခါမျှ အခြားသူများ မရိပ်မိစေရန် တိုက်ရိုက်မေးမြန်းမပြုဘဲ သွယ်ဝိုက်သော နည်းအမျိုးမျိုးဖြင့် တီးခေါက်ကြည့်ခြင်းမျှသာ ဖြစ်လေသည်။

ထိုနေ့ညနေ၌ပင် မခင်အေးမူထံမှ လိုအပ်သော ပစ္စည်းများကို ရရှိသဖြင့် ဘသီလှသည် ဒါလဟိုဇီလမ်းရှိ ကာလကတ္တား စာပုံနှိပ်တိုက်သို့ ရှင်ရယ်

www.burmeseclassic.com



စတေးရှင်နာရီ စသော စာရေးကိရိယာများ ရောင်းသည့်တိုက်များသို့ သွား ရောက်ကာ စက္ကူများ၊ ခဲတံအမျိုးမျိုး၊ ချိတ်တောင့်များ၊ မင်အမျိုးမျိုး တိုင်းထွာရန် ကွန်ပါသေတ္တာ၊ မှန်ဘီလူး စသည်ဖြင့် စာရေးကိရိယာများနှင့်တကွ လိုအပ် သောပစ္စည်းများကို ဝယ်ယူလေ၏။ ထိုရက်များအတွင်း မခင်အေးမူသည် ဘသီလှ ထံ ၃ ကြိမ်မျှ လာရောက်ရာ နောက်ဆုံးအခေါက်တွင် မစ္စတာဗင်တလီကိုယ်ပိုင် စာရေးစက္ကူပေါ်တွင် ဘသီလှရေးပေးလိုက်သည့်အတိုင်း စာသားများကို မစ္စတာ ဗင်တလီအိမ်မှ လက်နှိပ်စက်ဖြင့် အသင့်ရိုက်ပြီး ဖြစ်နေပြီးလျှင် လက်မှတ် ထိုးရန်သာ ရှိတော့၏။

ရေးသားထားပုံ အံတိုချုပ်မှာ မိမိ၌ မယား ၂ ယောက် ရှိသည့်အနက် မယားကြီးဖြစ်သူ မစ္စက်ဒေါ်ရာသီလင်းဂတ်(မစ္စက်ဗင်တလီ)သည် ကောင်းစွာ မကျန်းမာသူဖြစ်ပြီးလျှင် ပထမလက်ထပ်မယားကြီးဖြစ်ကြောင်း၊ သို့သော် ဒုတိယ မယား မခင်အေးမူမှာ မိမိ၏အလုပ်ကို အထူးကူညီ၍ မယားကြီးမရှိသောအခါ များ၌လည်း မိမိအား ကိုယ်ဖိရင်ဖိ ပြုစုစောင့်ရှောက်ကြောင်း၊ သို့ဖြစ်၍ မိမိ ကွယ်လွန်ပြီးနောက် မိမိပိုင် ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင် ပစ္စည်းအားလုံးကို ထက်ဝက်ခွဲ၍ ညီတူညီမျှ တစ်ယောက်တစ်ဝက်စီ ယူရမည်ဟု ရေးသားပါရှိ လေသည်။

ထို့နောက် ဘသီလှသည် အကြိမ်ပေါင်း ၁၀၀ ထက်မနည်း လေ့ကျင့်ပြီးဖြစ်သည့်အတိုင်း မခင်အေးမူရှေ့၌ပင် ကလောင်တံ ၄ ချောင်း ရှိသည့် အနက်မှ တစ်ချောင်းကိုယူပြီးလျှင် စက္ကူချော အဖြူတစ်ချပ်ပေါ်တွင် ၄-၅ ကြိမ်မျှ ခပ်မှန်မှန်ရေးခြစ်ပြီးလျှင် မိမိကိုယ်တိုင် ဖျော်စပ်ထားသောမင်ဖြင့် မစ္စတာ ဗင်တလီ၏ လက်မှတ်ကိုကြည့်ကာ တစ်ကြိမ်တည်း ရေးဆွဲချလိုက်လေသည်။ လက်မှတ်မှာ မစ္စတာဗင်တလီကိုယ်တိုင် ရေးထိုးထားသောလက်မှတ်နှင့် တစ် သဝေမတိမ်း တူညီလေရာ ကာယကံရှင် မခင်အေးမူကိုယ်တိုင် အံ့ဩမိ၏။

လက်မှတ်ထိုးပြီးစက္ကူကို လက်ရာများမထင်စေရန် လက်ကိုင်ပဝါဖြင့် ပွတ်လျက် လက်အိတ်စွပ်ပြီးလျှင် ၃ ခေါက်ချိုးပြီးနောက် မခင်အေးမူ ယူလာ သော မစ္စတာဗင်တလီ၏ ကိုယ်ပိုင်အမှတ်အသားများ ရိုက်နှိပ်ထားသော စာအိတ် ရှည်ကြီးအတွင်းသို့ သွင်းလိုက်၏။ ထို့နောက် စာအိတ်ကိုပိတ်ပြီးလျှင် မခင် အေးမူယူလာသော မစ္စတာဗင်တလီ၏ အတိုကောက် 'တစ်လုံးလက်စွပ်' ချိပ် တံဆိပ် ၃ ခုကို စာအိတ်၏ နောက်ကျောဘက်တွင် ရိုက်နှိပ်လိုက်လေသည်။

www.burmeseclassic.com



"ကိုင်း... ကျွန်မတို့အလုပ်တော့ ဒီအထိ တစ်ဝက်အောင်မြင်ပြီ။ နောက်ပိုင်း အစ်ကိုကြီးတာဝန်ပဲ ကျန်တော့တယ်"

"စိတ်ချပါ မခင်အေးမူ။ အစ်ကိုကြီး တတ်နိုင်သမျှ ကြိုးစားပါမယ်"

ထို့နောက် မခင်အေးမူသည် မစ္စတာနော်တင်၏ အိမ်အနေအထား၊ ထပ္ပဲကျင်းပမည့် နေရာခန်းမဆောင်၊ အိပ်ခန်းသို့ဝင်သောတံခါး၊ မစ္စတာနော်တင်၏ အိပ်ရာ၊ သံသေတ္တာထားသောနေရာ စသည်တို့ကို စာရွက်တစ်ရွက်ပေါ်၌ မြေပုံအကြမ်းဆွဲ၍ ပြ၏။ ဘသီလှသည် မြေပုံအကြမ်းကို သူ၏ ဒိုင်ယာရီထဲတွင် ညှပ်ထားလိုက်၏။

သီ- "နို့ပေမဲ့ ဒီလောက်နဲ့ မပြီးသေးဘူး မခင်အေးမူ။ ဒီနေ့ အစ်ကိုကြီးကိုယ်တိုင် အိမ်ထဲဝင်ပြီး အနေအထား ကြည့်ရဦးမယ်။ အိမ်ပေါ်၊ အိမ်ပြင်၊ အိမ်အောက်၊ အိမ်ဝင်းကစပြီး အိမ်ပတ်ဝန်းကျင်ပါ သိထားရမယ်"

မူ- "အိမ်ဝင်းကို အမြဲသော့ခတ်ထားပြီး အစောင့်တွေလည်းရှိတယ် အစ်ကိုကြီး"

"ကိစ္စမရှိပါဘူးလေ။ ဒါက မဆန်းပါဘူး။ မရရတဲ့နည်းနဲ့ ဝင်မှာပေါ့။ ဦးတော့ ဖိတ်စာရတဲ့နေ့မှာ ကက်သရင်းနဲ့လည်း မိတ်ဆက်ပေးပါဦး"

"စိတ်ချပါ အစ်ကိုကြီးရဲ့။ ဒါက ကျွန်မတာဝန်ပါ"

"ဩော်.. ဒါထက် ကက်သရင်းကို ပိုင်းကြည့်နေတဲ့အခါ မစ္စတာနော်တင်ကို အခန်းထဲမဝင်အောင် အချိန်ကြာနိုင်သလောက် ကြာကြာဆွဲထားရ ထိမ့်မယ်"

"အဲဒါလည်း ကျွန်မ ကြည့်ပြီးစီမံပါ့မယ်"

ထို့နောက် ဘသီလှနှင့် မခင်အေးမူတို့သည် အသေးစိတ်တိုင်ပင်ရန် ရှိသည်များကို နာရီဝက်ခန့် နီးနှောတိုင်ပင်လျက်ရှိရာ နောက်ဆုံးတွင် ဘသီလှက

"ဩော်.. ဒါထက် မခင်အေးမူကို တစ်ခုပြောရဦးမယ်"

"ဘာလဲအစ်ကိုကြီးရဲ့"

"ကျုပ်တို့ မြန်မာမှာ ချစ်တုန်းက မုန်းစကားပြောရမယ်ဆိုတာလေ"

"ဟုတ်ကဲ့ ဆိုစမ်းပါဦး"

"စာအိတ်ချင်း လဲယူလာပြီးတဲ့နောက် အစ်ကိုကြီးကိုပေးဖို့ ကျန်ငွေ ၃၀၀၀ ကိုတော့ မခင်အေးမူအိတ်ထဲမှာ တစ်ခါတည်း ထည့်ပြီးယူလာခဲ့စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူခဲ့ပါမယ် အစ်ကိုကြီးရယ်။ အစ်ကိုကြီးက ကျွန်မကို မယုံလို့လား"

"မယုံလို့ မဟုတ်ဘူးလေ။ အလုပ်ဆိုတာ အလုပ်နဲ့တူအောင် လုပ်ရမယ်။ အခု အစ်ကိုကြီးတို့ ကြံစည်ထားတဲ့ အလုပ်ကြီးက အင်မတန်ကြီးကျယ်ပြီး စွန့်စွန့်စားစားလုပ်ရမယ့် အလုပ်မဟုတ်လား။ ပထမပိုင်းက မစ္စတာမင်တလီ ရေးခဲ့တဲ့ သေတမ်းစာအစစ်နဲ့တူအောင် အစ်ကိုကြီးရဲ့ပညာစွမ်းနဲ့ ဉာဏ်စွမ်းကို အသုံးပြုပြီး ခဲခဲယဉ်းယဉ်း လုပ်ခဲ့ရပြီ။ ဒုတိယအပိုင်းက မစ္စတာနော်တင်ရဲ့ သံသေတ္တာထဲက 'မင်တလီသေတမ်းစာ' အစစ်ကို စာရေအတတ်နဲ့ ခိုးယူပြီး သေတမ်းစာအတုနဲ့ လဲထားခဲ့ရမယ့် အလုပ်။ အဲဒီအလုပ်က အိမ်ရှင်ကမိရင် သေနတ်ပစ်ခံရမယ်။ ပုလိပ်ကမိရင် ဖမ်းပြီးထောင်ချမယ်။ မသက်သာလှဘူး"

"ဟုတ်ပါတယ် အစ်ကိုကြီးရဲ့၊ ဘာတွေ လျှောက်ပြောနေပြန်တာလဲ။ မှုအားလုံးသိပါတယ်။ မှုဘက်က ကြည့်ရင်လည်း ဒီကအသက်ကို အစ်ကိုကြီး လက်ထဲအပ်တာနဲ့ အတူတူပဲ မဟုတ်လား။ ငွေအတွက်တော့ စိတ်ချ အစ်ကိုကြီး။ အဲဒီညမှာ တစ်ခါတည်း ယူလာမယ်"

"မခင်အေးမှုဘက်က အစ်ကိုကြီး စိတ်ချပါရစေနော်။ သံတိနဲ့ ပိပိရိရိ ဆောင်ရွက်ပါ"

"စိတ်ချပါ အစ်ကိုကြီး။ ကိုင်း.. ကျွန်မ ပြန်မယ်"

"ကောင်းပြီ မခင်မှု။ ပြန်ပေတော့"

**နောက်** ၂ ရက်ခန့်ကြာသောအခါ ဘသီလှသည် ကက်သရင်းမှ **တစ်ဆင့် ဖိတ်စာတစ်စောင်**ရရှိလေရာ ယင်းဖိတ်စာမှာ နောက်တစ်နေ့ (စနေ **နေ့ညှ) တွင် ဝတ်လုံတော်**ရ မစ္စတာနော်တင်၏ ညစာစားပွဲသို့ တက်ရောက်ရန် **ဖိတ်စာဖြစ်လေသည်။**

ဘသီလှသည် ဖိတ်စာကို အံဆွဲထဲသို့ ပစ်သွင်းလိုက်ပြီးနောက်

"အင်း.. သူခိုးဟားရီကမ်းဆိုတာ ဒါနဲ့ပဲဟူတယ်။ ကာယကံရှင်တွေမှာ ဘယ်လိုနစ်နာမယ်ဆိုတာတော့ မသိဘူး။ ကိုယ်တော့ ၃၀၀၀ ပိုင်ပြီးပြီ။ ပြီးတော့ ကိုယ်ကိုယ်တိုင် မစွံပေမဲ့ မိန်းမချောကလေးတွေနဲ့လည်း ပွန်းပွန်းတီးတီး ဆက်ဆံရသေးတယ်။ နို့ပေမဲ့ အလုပ်က မပြီးသေးဘူး။ တစ်ပိုင်းကျန်သေးတယ်။ ဒီတော့ စနေနေ့ညမှာ ၁၅ မိနစ်၊ မိနစ် ၂၀ လောက် စွန့်လိုက်ရင်ကျန်တဲ့ငွေ ၃၀၀၀ ပိုင်ပြီပဲ။ ဩော်.. ဘသီလှ.. ဘသီလှ၊ ဘဝကံဘယ်လိုအကျိုးပေးနဲ့ ဒီစာရေအလုပ်ထဲမှာ ပျော်ပိုက်ပြီး အသက်မွေးဝမ်းကျောင်းရှာနေရသလဲ မပြောတတ်ဘူး" ဟု တစ်ကိုယ်တည်း ညည်းညူချက်ရှိလေ၏။

www.burmeseclassic.com



စနေနေ့သို့ရောက်သောအခါ ဘသီလှသည် ညနေ ၆ နာရီကပင် ပြင်ဆင်လျက်ရှိလေ၏။ ဥရောပတိုက်သားများ ဝတ်သည့်အတိုင်း ညစာဝတ်စုံကို ပိရိသပ်ရပ်စွာ ဝတ်ဆင်လျက် ကြွေရောင်တိုက်ထားသော ကော်လံကို ပတ်ထားသည့် အနက်ရောင်လည်စည်းတွင် စိန်ကလေး ၃ လုံးတပ်ထားသော ရွှေကလစ်တစ်ခု ထိုးထား၏။

လက်ဝဲဘက်အိတ်ထဲတွင် ဆိတ်ရေလက်အိတ်တစ်စုံ၊ လက်နှိပ်ဓာတ်မီးကလေးတစ်လက်၊ ဝက်အူလှည့်နှင့် လွှန်ပူကလေးတစ်လက်ပင်ပါရှိ၍ လက်ယာဘက်အိတ်တွင် အရေးကြုံက လိုရမည်ရကာကွယ်ရန် အသင့်ယမ်းထိုးပြီး ဒန်ရောင်ပစ္စတိုကလေးတစ်လက်လည်း ပါလေသည်။ ထို့နောက် ရွှေရောင်လက်ပတ်နာရီကို မကြာခဏ မြှောက်ကြည့်ကာ ကက်သရင်းအား စောင့်ဆိုင်းလျက် ရှိလေ၏။

ဖိတ်ကြားထားသော အချိန်မှာ ၇ နာရီဖြစ်၍ ကက်သရင်းသည် ၁၅ မိနစ်ခန့်အလိုတွင် ဘသီလှ တိုက်ရှေ့သို့ ရောက်ရှိလာ၏။ ကားပေါ်သို့ ဘသီလှ တက်မိသောအခါ ကက်သရင်းက ဘသီလှအား ခြေဆုံးခေါင်းဆုံးကြည့်လျက်

“အစ်ကိုကြီးက သိပ်စမတ်ကျတာပဲ”

“ကက်သရင်းဖြင့် လုပ်ရော့မယ်”

“တကယ်ပြောတာပါ အစ်ကိုကြီး။ ကျွန်မ ခပ်ဝေးဝေးကနေ ကြည့်တော့ တကယ့်ဥရောပတိုက်သား တစ်ယောက်လားလို့။ ရုပ်ကလည်း ဖြောင့် ကိုယ်လုံးကိုယ်ဟန်ကလည်း တောင့်”

“တော်ပါကွယ် ကက်သရင်းကလည်း ဒီကနေ့ည ကိုယ်နဲ့ ပထမဆုံး တွဲရမယ်နော်”

“တွဲမှာပေါ့ အစ်ကိုကြီးရဲ့”

“မစ္စတာနော်တင်ကြီးက မိန်းမရှိလား”

“မရှိဘူး၊ မုဆိုးဖိုကြီး။ ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး။ စကားစပ်မိလို့မေးတာပါ”

ထို့နောက် စကားမဆက်ကြတော့ချေ။ အလုပ်ကိစ္စနှင့် ပတ်သက်၍ ကက်သရင်အား အရိပ်အငွေ့မျှမပြောရန် ဘသီလှအား မခင်အေးမှ မှာကြားထားသဖြင့် ဘသီလှက စကားဖြတ်လိုက်၏။ ထို့အတူ ကက်သရင်းကိုလည်း မှာကြားထားပြီးဖြစ်လိမ့်မည်ဟု ဘသီလှက အကဲခတ်မိ၏။ သို့နှင့် ပြည်လမ်းမ

www.burmeseclassic.com



ကြီးပေါ်တွင် တငြိမ့်ငြိမ့်ပြေးသွားလျက်ရှိသော ကားပေါ်၌ ၂ ဦးသား နှုတ်ဆိတ်လျက် ပါသွားလေသည်။

မစ္စတာနော်တင်၏အိမ်ကား ပြည်လမ်းမကြီးပေါ်ရှိ ကျယ်ဝန်းသော ဝင်းခြံကြီးတစ်ခုအတွင်း တည်ရှိ၏။ အိမ်ရှေ့ပန်းခြံအတွင်း ရောင်စုံမီးလုံးများ ထွန်းညှိထား၍ အိမ်အတွင်းမှ သာယာချိုအေးသော တီးမှုတ်သံများ ထွက်ပေါ်လျက် ရှိ၏။ ကား ၆ စီး၊ ၇ စီးခန့်မျှ ခြံရှေ့လမ်းနံဘေးတွင် ရပ်ထား၏။ ကက်သရင်းအား မစ္စတာနော်တင်နှင့် အခြားအသိမိတ်ဆွေ မိန်းမတစ်ဦး ၂ ဦးက နှုတ်ဆက်ကြိုဆိုကြ၏။

ညစာစားပွဲမစမီ အိမ်ရှေ့ပန်းခြံမြက်ခင်းပေါ်၌ ဝတ်ကောင်းစားလှဖြင့် ဧည့်သည်များသည် ၂ ယောက်တစ်တွဲ၊ ၃ ယောက်တစ်တွဲရပ်ကာ အရက်များကို သောက်လျက်ရှိကြ၏။ ဘွိုင်ကုလားတစ်ယောက်သည် ငွေလင်ပန်းတစ်ချပ်ပေါ်တွင် အရက်ဖန်ခွက်ကလေးများကိုတင်၍ ဘသီလှနှင့် ကက်သရင်းအား ပေးသောအခါ ဘသီလှက ဝီစကီကိုယူ၍ ကက်သရင်းက ရှယ်ရီကို ယူလိုက်၏။ ကက်သရင်းက အိမ်ကြီးခမ်းနားပုံ၊ ပန်းဥယျာဉ်သာယာပုံ၊ ထွန်းညှိထားသော ရောင်စုံမီးလုံးများ လှပပုံတို့ကို ချီးကျူးလျက်ရှိရာ ဘသီလှက အလိုက်သင့် ပြန်၍ ပြောဆိုလျက်ရှိ၏။ ကက်သရင်းက သူ့၏ အသိမိတ်ဆွေများနှင့် ဘသီလှအား မိတ်ဆက်ပေးသောအခါများတွင် 'စာရေးကြီးဦးမောင်မောင်' ဟု မိတ်ဆက်ပေးလေသည်။

ဧည့်သည်များ လူအစိတ်,သုံးဆယ်ခန့်သာ ရှိ၏။ ကုမ္ပဏီသူဌေးကြီးများ၊ မျက်နှာဖြူအရာရှိကြီးများ၊ မင်းကတော် စိုးကတော် မျက်နှာကြီးများသာ ဖြစ်လျက် မိန်းမများ၏ ပိုးသားနိုင်လွန်များနှင့် ရွှေ၊ ငွေ၊ စိန်ကျောက်တို့ အရောင်များသည် ဓာတ်မီးရောင်တွင် တပြောင်ပြောင်တလက်လက် ရှိနေကြကုန်၏။ မခင်အေးမှုသည် အပြာနုရောင်ဖြင့် တစ်ကိုယ်လုံး ဝတ်ဆင်ထားရာ ကိုယ်ဟန်အမူအရာနှင့် သွားလာပုံတို့မှာ လှပခြင်းထက် ယဉ်ကျေးခြင်းဘက်သို့ ပိုလျက်ရှိ၏။ ဝတ်ထားသောအဝတ်တို့မှာလည်း ကိုယ်လုံးကိုယ်ထည်ကို တင်းထပ်တည်းတိုင်း၍ ချုပ်ထားသကဲ့သို့ သူ့နေရာနှင့်သူ အချိုးကျကာ အံကိုက် ရှိနေလေသည်။ သူသည် ဘသီလှကိုလည်းကောင်း၊ ကက်သရင်းကို လည်းကောင်း မသိသော အခြားဧည့်သည်များကဲ့သို့ ပြုံးရုံမျှပြုံး၍ ကြည့်လိုက်ပြီးလျှင် မျက်နှာလွှဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ညစာကို ၃ နာရီခန့်စား၍အပြီးတွင် ယောကျ်ားမိန်းမများသည် 'က'ခန်း ရှိရာသို့ သူ့အတွဲနှင့်သူ ဝင်ကြလျက် 'ဘက်'(ပါတနာ) မရှိသေးသူများသည် လည်း လွတ်လပ်စွာရှိနေကြသော အမျိုးသမီးများထံ ခွင့်ပန်လျက်ရှိကြကုန်၏။ ထိုအချိန်တွင် ၁၀ တွဲ၊ ၁၂ တွဲခန့်မျှ ရှိကြပြီဖြစ်ရာ စုံတွဲများသည် မိမိတို့ ပါတနာများ ခါးကိုဖက်ကာ ဘယ်ညာဝှေ့ယမ်း လက်ကိုကမ်းပြီး လေထဲတွင် ပါလာသော 'ဂျက်(ဇ)'၏အသံကို ဝင်ကာယိမ်းယိုင်လှုပ်ရှားစပြု၍ လာတော့၏။ သူတို့၏ စိတ်များသည်လည်း လူပြည်သာမက နတ်ပြည်သို့ပင် ရောက်နေပြီဟု ထင်မှတ်လျက် ရှိကြကုန်ရာ မခင်အေးမူ၊ ကက်သရင်းနှင့် ဘသီလှတို့သာလျှင် ကိုယ့်အကြံအစည်နှင့်ကိုယ် ရှိနေကြလေသည်။ မခင်အေးမူမှာ အိမ်ရှင် မစ္စတာ နော်တင်နှင့် တွဲဖက်ကခုန်လျက်ရှိသဖြင့် ဘသီလှမှာ မိမိလုပ်ရမည့်အလုပ် အတွက် ရင်ထဲတွင် တဒိတ်ဒိတ် ရှိနေရာမှပင် သူတို့စုံတွဲကို ကြည့်ပြီးနောက် ပြုံးလိုက်မိသေး၏။

ဂီတသံသည် ကြမ်းသည်ထက်ကြမ်းလာသော အချိန်၌ စုံတွဲများက လည်း အကြမ်းဆုံး ကခုန်လေရာ ထိုခဏတွင် ထောင့်တစ်ထောင့်မှ စူးရှစွာ အော်ဟစ်လိုက်သော အသံတစ်သံကို ကြားလိုက်ရ၏။ စုံတွဲတစ်တွဲမှ မိန်းမ တစ်ယောက်သည် ကြမ်းပြင်ပေါ်သို့ အရှိန်လွန်၍ လဲကျသွားရာ ဦးခေါင်းသည် စားပွဲစွန်းတစ်ခုနှင့် ရိုက်မိသဖြင့် သတိမေ့ကာ ကြမ်းပြင်ပေါ်၌ စန့်စန့်ကြီး ရှိနေ လေသည်။ သူ၏ပါတနာသည် ဟစ်အော်အကူအညီတောင်းရင်း ပထမကြမ်း ပြင်တွင် ဒူးထောက်ကာ ခြေမကိုင်မိ လက်မကိုင်မိရှိနေရာမှ လူအများ ဝိုင်းအုံလာ သောအခါ နောက်သို့ဆုတ်၍ နေရာဖယ်ပေးလိုက်၏။ သတိလစ်မေ့လဲနေသူမှာ ကက်သရင်းဖြစ်၍ လူကြားထဲမှ နောက်ဆုတ်သွားသူမှာ ဘသီလှပင် ဖြစ်လေ သည်။ မိန်းမတစ်ယောက်က ကက်သရင်းအား ပွေ့ပိုက်ထားရာ မခင်အေးမူနှင့် မစ္စတာနော်တင်တို့သည် ရှေ့ဆုံးသို့ ရောက်လာလျက် မခင်အေးမူက. . .

"ဩော်. . . ကက်သရင်းပါလား။ ဖြစ်မှဖြစ်ရလေကွယ်။ အို. . . ဆံစမှာလည်း သွေးစို့နေပါလား။ ဒါက စားပွဲနဲ့ခိုက်မိတာ ဖြစ်လိမ့်မယ်"

နော်တင်– "အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)က မိန်းကလေးလား"

မူ– "ဟုတ်တာပေါ့။ ဆက်ဆက်လာပါလို့ ကျွန်မပဲ မရမကဖိတ်ခဲ့တာ ဖြစ်မှဖြစ်ရလေကွယ်"

ထိုအခါ ကပွဲခန်းတစ်ခုလုံးသည် ရုတ်ရက်ခတ်ကာ နှာခေါင်း သွေးအေး ဗုလင်းရှာသူက ရှာလျက် အချို့လည်း ထမင်းစားခန်းသို့ပြေးသွားကာ ရေခဲရေ



www.burmeseclassic.com

www.burmeseclassic.com



တို ဖန်ခွက်များနှင့် ယူလာကြ၏။ ရေခဲရေဖြင့် မျက်နှာကို အနည်းငယ် ပတ်ဖျန်းသော်လည်း ကက်သရင်းမှာ သတိမရသေးချေ။

အချို့မိန်းမများက ပယောဂများဖြစ်လေသလောဟု တီးတိုးပြောကြရာ အချို့ယောက်ျားများကလည်း ဆရာဝန်ခေါ်ရန် အကြံပေးကြ၏။

မှူ– "ဟုတ်တယ် အန်ကယ်။ ကျွန်မတော့ ဆရာဝန်ခေါ်တာ အကောင်းဆုံးပဲ ထင်တယ်။ ခေါင်းက ဒဏ်ရာကလည်း ရှိသေးတယ်"

နော်တင်– "နေပါဦး။ ဆရာဝန်ထဲက အနီးဆုံး"

မှူ– "အို.. ဆေးရုံကြီးက မစ္စတာပေါ(လ်)ဆက်နီးတာ ဘယ်ရှိဦး မလဲ။ နို့ပေမဲ့ အန်ကယ်ကိုယ်တိုင် သွားမှဖြစ်မှာ"

တင်– "ကိစ္စမရှိဘူး ကျုပ်သွားမယ်။ နို့ပေမဲ့ အင်္ကျီအထူ လဲဦးမှ။ အပြင်မှာ အေးတယ်"

မစ္စတာနော်တင်သည် ပြောပြောဆိုဆိုနှင့် သူ့အခန်းဆီသို့ လာခဲ့ရာ မခင်အေးမှူလည်း တားဆီး၍ မရနိုင်ကြောင်းသိသဖြင့် မစ္စတာနော်တင်၏ နောက်မှ ထက်ကြပ်လိုက်ပါသွားလေ၏။

ထိုအချိန်ကား မစ္စတာနော်တင်၏ အခန်းထဲတွင် ဘသီလှသည် အလုပ်လုပ်၍ ပြီးပြီဖြစ်၍ အပြင်သို့ ထွက်တော့မည်ပြုဆဲဖြစ်၏။ သို့သော် အပြင်မှ ခြေသံကြားရသဖြင့် ဘသီလှသည် သံသေတ္တာဘေးတွင် ရှိနေရာမှ ခုတင်အောက်သို့ ဖျတ်ခနဲ ဝမ်းလျားထိုး၍ ဝင်လိုက်ရ၏။ ထို့နောက် အခန်းထဲသို့ မစ္စတာနော်တင်နှင့် မခင်အေးမှူတို့ ဝင်လာသံများ၊ စကားပြောသံများကို ကြားရ၏။ မခင်အေးမှူသည် ခုတင်ပြင်ဘက်သို့ အနည်းထွက်နေသော ဘသီလှ၏ ခြေထောက်များကို မိမိထဘီဖျားနှင့် ဖုံးဖိစေရန် ခုတင်ပေါ်တွင် တင်ပါးလွှဲ ထိုင်လိုက်လေသည်။

ညစာစားပြီး ဝတ်စုံမှ အပေါ်အင်္ကျီကိုချွတ်၍ စပို့တင်းကုတ်အထူကြီး ကို ဝတ်ပြီးနောက် မစ္စတာနော်တင်၏ ခြေထောက်များသည် မခင်အေးမှူ၏ ခြေထောက်နားဆီသို့ ကပ်သည်ကို မြင်ရ၏။

"အို... အန်ကယ်ကလည်း အရေးထဲမှာ တကာထဲ"

"မစွက်ဖင်တလီက သိပ်လှတာကိုး။ ကျုပ် မနေနိုင်တော့ဘူး"

ထိုခဏ၌ ခြေထောက်များသည် ပူးကပ်သည်ထက် ပူးကပ်သွားပြီး နောက် တစ်ကြိမ်နှစ်ကြိမ်မျှ ဖက်ယမ်းနမ်းရှုပ်သံများကို ကြားလိုက်ရ၏။ ဘသီလှ


www.burmeseclassic.com

www.burmeseclassic.com



မှာ မိမိအား လူမိတ်ပေးမည်ဟု ရင်ထဲတွင် တဒိတ်ဒိတ်ရှိနေရာမှ မစွတာနော်တင်အပေါ်တွင် မနာလိုဝန်တိုစိတ်များ ပေါ်လာမိသေး၏။

အခန်းဝသို့ မစ္စတာနော်တင် ရောက်ခါနီးသောအခါမှ မခင်အေးမူသည် နောက်မှကပ်၍ လိုက်သွားပြီးလျှင် . .

"ကျွန်မ လိုက်ခဲ့ရဦးမလား မစ္စတာနော်တင်"

"အို . . ကိစ္စမရှိပါဘူး။ ကျွန်ုပ်ချည်း တစ်ယောက်တည်း သွားပါမယ်။ အိမ်သည်မိန်းမလည်း မရှိတော့ ဧည့်သည်တွေ ဧည့်မခံနိုင်ဘူး။ သိပ်အားနာစရာကောင်းတယ်။ ဒီတော့ မခင်အေးမူပဲ ကြည့်ပြီးဧည့်ခံလိုက်ပါတော့"

"ကောင်းပါပြီ အန်ကယ်"

မစ္စတာနော်ထင်နှင့် မခင်အေးမူတို့ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဘသီလုသည် ခုတင်အောက်မှ ထွက်ခဲ့ပြီးလျှင် ဖုံများကို လက်ကိုင်ပဝါဖြင့် ခါပြီးနောက် အိတ်ထဲမှ ဘီးကလေးကိုထုတ်၍ ဆံပင်ကို သပ်ရပ်စွာ ပြန်၍ ခွဲလိုက်သေး၏။ ထို့နောက် ခုတင်နံဘေးရှိ မှန်ပြတင်းကိုဖွင့်ကာ အပြင်ဝရန်တာသို့ ခုန်ချလိုက်ပြီးလျှင် ဧည့်ခန်းသို့ အမှတ်မဲ့ဝင်ကာ ခန်းမဆောင်မှ ဧည့်သည်များနှင့် ရောနှောလျက် ရှိလေ၏။

နောက်တစ်နာရီခန့်မျှ ကြာသောအခါ ဘသီလု၏အိမ်သို့ မခင်အေးမူသည် ကားတစ်စီးဖြင့် ရောက်လာလေ၏။

"ဘယ့်နှယ်လဲ အစ်ကိုကြီး။ နေရာကျခဲ့ပြီ မဟုတ်လား"

"ကျခဲ့တာပေါ့ မခင်မူ။ နို့ပေမဲ့ မခင်မူ့ဉာဏ်စွမ်းကိုလည်း အစ်ကိုကြီးက ချီးကျူးရဦးမယ်"

"ဘာလဲ အစ်ကိုကြီးရဲ့"

"အစ်ကိုကြီးခြေထောက် နည်းနည်းထွက်နေတာ မမြင်အောင် မခင်အေးမူက ခုတင်ပေါ် ထိုင်ချလိုက်တာလေ"

"အို . . ဒီလောက်တော့ ကူညီဦးမှပေါ့ အစ်ကိုကြီးရဲ့။ အဘိုးကြီးက မျက်စိလည်းမှုန်၊ ကျွန်မကို နှစ်ယောက်ချင်း တွေ့ရလို့ မှုန်နေတုန်းမို့လည်း မမြင်တာပေါ့"

"အစ်ကိုကြီးတို့ ကံကောင်းတာပေါ့ မခင်အေးမူ"

"ကိုင်း . . ကြည့်ရအောင် ဗာဒိတ်ကြီး ပြစမ်းပါဦး"

"မခင်အေးမူ လက်ပွေ့အိတ်ကလေးလည်း အရင်ဖွင့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ... ဟုတ်ကဲ့"

မခင်အေးမူသည် လက်ပွေ့အိတ်ထဲမှ ၁၀၀ တန် စက္ကူအချပ် ၃၀ ကို ရေတွက်လျက်ရှိစဉ် ဘသီလှသည် အံဆွဲအတွင်းမှ အပြာရောင်စာအိတ်ကြီး ကိုထုတ်ကာ စားပွဲပေါ်သို့ တင်ထားလိုက်၏။

မခင်အေးမူသည် စာအိတ်ကို လှန်လှောကြည့်ရှုပြီးနောက် မိမိတို့ အသစ်ပြုလုပ်ထားသော စာအိတ်အတု မဟုတ်ကြောင်း သိသောအခါမှ လက်ထဲသို့ ငွေစက္ကူများကို ထည့်လိုက်လေသည်။

သီ- "ကျေနပ်ပြီနော်"

မူ- "ကျေနပ်ပါပြီ။ ဒီဟာ ဟုတ်ပါတယ်။ ကိုင်း... ကျွန်မတို့ ဖွင့်ကြမယ်"

"မခင်အေးမူကိုယ်တိုင် ဖွင့်ပါလေ"

ဘသီလှသည် ဆင်စွယ်ရိုးတပ်ထားသော စာအိတ်ဖွင့် ဓားကလေးကို မခင်မူဘက်သို့ တိုး၍ပေးလိုက်၏။ သို့နှင့် မခင်မူသည် ဓားကလေးဖြင့် စာအိတ် ကျောဘက်ရှိ ချိတ်တံဆိပ်များကို ခွာပြီးလျှင် နောက်ဆုံးစာအိတ်အဖုံးကို ဖွင့် လိုက်၏။

ထို့နောက် အတွင်းစက္ကူကို ထုတ်ပြီးလျှင် မီးရောင်အောက်၌ ၂ ယောက်သား ခေါင်းချင်းဆိုင်၍ဖတ်လေသည်။ ရေးပုံသားပုံ စာရွက်အနေအထား။ မစ္စတာဗင်တလီ လက်မှတ်ထိုးသည့်နေရာ အကွာအဝေးမှစ၍ မိမိတို့ အသစ် ပြုလုပ်သော 'သေတမ်းစာအတု'နှင့် အလွန်တူညီလှပေသည်။

စာများမှာ အောက်ပါအတိုင်း ဖြစ်၏။

သွန်မဆင်နှင့် ဗင်တလီကုမ္ပဏီပိုင်ရှင်၊ ၎င်းပြင် ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ ကျွန်ုပ် မစ္စတာအာရ်အက်စ် ဗင်တလီက ဤမြို့ ဤနေရာ ဤရက်၌ နောက်ဆုံးသေတမ်းစာ ရေးသားသည်။

ကျွန်ုပ်တွင် မယား ၂ ယောက်ရှိရာ ပထမ စကော့တလန်တွင် လက်ထပ်ခဲ့သော မယားကြီး ငယ်နာမည် မစ္စဒေါ်ရသီလင်းဂတ် (ယခုကျွ ဇနီး မစ္စက်ဗင်တလီ)သည် လက်ထပ်ပြီးသည့်နောက် ၁၀ နှစ်ခန့် အကြာမှစ၍ မကျန်းမမာဖြစ်လာ၍ ကျွန်ုပ်အား ဒုက္ခပေးတော့သည်။ သူသည် ကျွန်ုပ်အား မျိုးရိုးအဆက်အနွယ်ရစေရန် သားသမီးဟူ၍လည်း မပေါက်ဖွားပေးပေ။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်၌ ကျွန်ုပ် ဒုတိယမယားယူသောအခါ သူသည် ကျွန်ုပ် စိတ်မချမ်းသာအောင် တိတ်တိတ်ပုန်း ဆူပူလျက် ကျွန်ုပ်၏အမွေကို ရရန် အားထုတ်တော့သည်။ ကျွန်ုပ်၏ ဒုတိယမယား မခင်အေးမှုမှာ ကျွန်ုပ်အား အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ပြုလုပ်ပေး၍ ကျွန်ုပ်ဒုက္ခများကို ဝေငှခံသူဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်သေပြီးသည့်နောက် ကျွန်ုပ်ပိုင် ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင် ပစ္စည်းပစ္စယမှန်သမျှအားလုံးအနက် စကော့တလန်သူ 'မစ္စဒေါ်ရသီလင်းဂတ်'အား ၃ ပုံ ၁ ပုံ ပေးခဲ့သည်။ ကျန် ၃ ပုံ ၂ ပုံအား မခင်အေးမှုအား ပေးခဲ့သည်။

အထက်ပါသေတမ်းစာကို အထက်ပါနေ့တွင် ကျွန်ုပ်ကိုယ်တိုင် အောက်တွင် လက်မှတ်ရေးထိုးပါသည်။

အာရ်–အက်(စ်)ဗင်တလီ

သေတမ်းစာဖတ်နေသူ ၂ ယောက်စလုံးပင် မျက်လုံးများပြူးသွားတော့ခဲ့ မခင်အေးမှုသည် မိမိကိုယ်ကို မိမိ ဒေါသထွက်ကာ အသားများ ဆတ်ဆတ်တုန်လျက်ရှိလေရာ ဘသီလှမှာမူ အလွန်အံ့ဩလျက်ရှိသော်လည်း မိမိတို့အကြံအစည် အထမြောက်ပါလျက် 'ပေါက်ရှုံး'ဖြစ်ရခြင်းကို ဝမ်းထဲက ကျိတ်၍ပြုံးမိ၏။ သို့သော် အမှုသည်အား မျက်နှာပူလှသဖြင့် တစ်ဖက်သို့ မျက်နှာလွှဲထိုက်လေသည်။

- ဘသီလှက တောက်တစ်ချက်ခေါက်လျက်. . .

"ရှိင်းလိုက်လေကွယ်။ ရာဇဝင်တွင်ရော့ဆိုတာပဲ။ ကျုပ်တို့ ကြိုးစားသမျှ ရေဖြစ်ကုန်ပါပြီကော မခင်အေးမှု"

အံကြိတ်လျက်. . .

"ကျွန်မကံပေါ့ အစ်ကိုကြီးရယ်။ ကျွန်မ ကျေနပ်ပါတယ်"

ထို့နောက် ဟန်ဆောင်၍ပင် မပြုံးနိုင်တော့ဘဲ ဘသီလှအား မဲ့ဒိုတင်ဘဲ နှုတ်ဆက်၍ ဆင်းသွားလေရာ ဘသီလှသည် စာချုပ်ဟောင်းကို တစ်နေ့နေ့တွင် အသုံးကျဦးမည်ဟု သိသည့်အတိုင်း ဗီရိုအတွင်းသို့ ပြန်၍ထည့်ထားလိုက်ပြီးလျှင် "အင်း . . လောဘကြီးတဲ့မိန်းမတော့ သင်ခန်းစာတစ်ခုရသွားတယ်"ဟု ရေရွတ်ရင်း စီးကရက်တစ်လိပ်ဖြင့် မှိန်းလျက်ရှိလေ၏။

◈

www.burmeseclassic.com

www.burmeseclassic.com

## စောရမောင်မောင် ၄

စောရမောင်မောင်ခေါ် ဘသီလှသည် ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် အညောင်းဆန့်လျက်ရှိရာ အလုပ်စားပွဲရှိရာသို့ သွားရောက်ကာ အံဆွဲအတွင်း ကိုယ်ပိုင်အယ်(လ်)ဘမ် (Album)တွင် ထည့်ထားသော ဓာတ်ပုံတစ်ပုံကို စူးစိုက်ကြည့်ရှုလျက်ရှိ၏။ ဓာတ်ပုံမှာ အသက် ၂၀ ရွယ်ခန့်ရှိ မိန်းမပျိုတစ်ယောက် ဓာတ်ပုံဖြစ်၍ ကြည်လင်အေးမြသော မျက်လုံးကလေးများသည်လည်းကောင်း လခြမ်းသဏ္ဍာန်ရှိ မျက်ခုံးကလေးသည် လည်းကောင်း၊ နှုတ်ခက်တော့ညော်ကဲ့သို့ ရှိနေသော နှုတ်ခမ်းလွှာကလေးများသည် လည်းကောင်း ကြည့်ရှုသူအား ရင်ထဲတွင် ဖို၍သွားစေ၏။ သို့သော် ဓာတ်ပုံကို ခေတ္တစိုက်ကြည့်ပြီးနောက် ဘသီလှ၏ မျက်နှာမှာ အတန်ငယ် ညှိုး၍သွားလေသည်။

ယူနီဗာစီတီတွင် တစ်နှစ်မျှနေခဲ့ဖူး၍ ဘသီလှသည် 'အင်တာ' အောင်သော လက်မှတ်လိမ်တစ်စောင်ဖြင့် ရှမ်းပြည်နယ်၌ အရာရှိတစ်ယောက်ဖြစ်ခဲ့ပြီးလျှင် တစ်ဖန် အလုပ်မှထွက်ကာ မန္တလေးတွင် အလုပ်အကိုင်အမျိုးမျိုးပြု၍ လှည့်လည်ကျက်စားခဲ့ပြီးနောက် နောက်ဆုံး ရန်ကုန်သို့ ရောက်ရှိလာခဲ့လေသည်။ (အတွဲ ၈၊ အမှတ် ၈ မြဝတီမဂ္ဂဇင်း၊ ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ)



www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ကုန်တိုက်ကြီးတစ်တိုက်တွင် စာရေးအလုပ်ကို လုပ်လျက်ရှိသော်လည်း ယင်းအလုပ်မှာ ဗန်းပြအလုပ်မျှသာဖြစ်၍ ဘသီလှသည် ထိပ်တန်းလူဆိုးများနှင့်ပေါင်းကာ ကိုယ်တိုင်လုပ်သင့်သော အလုပ်ဖြစ်က ကိုယ်တိုင်လုပ်ခြင်း၊ တပည့်နှင့်ပြီးနိုင်က တပည့်တပန်းတို့အား ခိုင်းစေခြင်း၊ လိမ်နည်းကောက်နည်း အမျိုးမျိုးကို သင်ပြပေးခြင်း၊ အခါပေးခြင်း စသည်တို့ဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေဖြောင့်ခဲ့လေသည်။

ထို့ကြောင့်လည်း ရန်ကုန်အရှေ့ပိုင်း ခရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း) လူကုံထံရပ်ကွက်၌ တစ်လလျှင် ၁၀၀ မျှ ပေးရသော တိုက်ခန်းတစ်ခန်းကို ငှားကာ ခမ်းနားသပ်ရပ်စွာ နေထိုင်ခဲ့၏။

ဘသီလှမှာ ကျောင်းထွက်ကတည်းကပင် အနောက်နိုင်ငံမှ လူဆိုးသင်းများအကြောင်း၊ စုံထောက်များအကြောင်း စသည့် စာအုပ်များကိုဖတ်လျက် ရုပ်ဖျက်နည်း၊ အသံဖျက်နည်း၊ လက်ပုံစံပြောင်းနည်း၊ သော့တုလုပ်နည်း၊ သံသေတ္တာဖွင့်နည်း၊ လက်လှည့်နှင့် မျက်လှည့်အတတ် စသည်တို့ကို အပျင်းပြေ လေ့ကျင့်လေ့ရှိ၏။ သို့နှင့် စောရအတတ်တွင် တစ်ဖက်ကမ်းခပ်သည်ဟု ဆိုရလောက် တတ်မြောက်ခဲ့လေသည်။

သို့သော် တွေ့ရာမြင်ရာအလုပ်ကို လုပ်လေ့မရှိဘဲ တကယ်ပိုင်လောက်မှ ကိုင်တတ်၏။ အခြားသောစောရများသည်ပင် မိမိတို့မတတ်နိုင်သည့် အလုပ်များ၌ အကူအညီတောင်းရ၏။ ဘသီလှ၏အကျင့်တစ်ခုမှာ ဦးနှောက်ကိုသာ အစဉ်အမြဲအသုံးချလျက် သွေးထွက်သံယိုဖြစ်ရမည့် အလုပ်မှန်သမျှကိုမူ တတ်နိုင်သမျှ ရှောင်ရှားတတ်ခြင်းဖြစ်လေသည်။

လူတို့မည်သည် အလုပ်တစ်ခုတွင် မည်မျှကျွမ်းကျင်လိမ္မာစေကာမူ ကံမကောင်း အကြောင်းမသင့်သည့်အခါများ၌ ခြေလက်ချော်ရှိတတ်စမြဲဖြစ်ရာ ဘသီလှမှာ ၁၆ နှစ်မျှသော စောရလုပ်ငန်း ဘဝခရီးအတွင်းတွင် ထောင်သို့ ၃ ကြိမ်မျှ ကျခံခဲ့လေသည်။ သို့သော် ထောင်ကျသည့်အခါများတွင် ထောင်မှူးများ ခိုင်းစေချက်အရ ထောင်စာရေးအဖြစ်ဖြင့် နေခဲ့ရပြီးလျှင် အစားအသောက်များကိုပင် အခြားထောင်သားများထက် မြက်မြက်စားရသေး၏။ ထောင်မှထွက်သော အခါများ၌လည်း ဘသီလှသည် ဘဏ်တွင်စုဆောင်းထားသော ငွေများဖြင့် ၂ လ ၃ လမျှ ကောင်းစွာ အနားယူပြီးလျှင် အကြံဉာဏ်သစ်များစဉ်းစားရင်း အေးချမ်းစွာနေလေ့ရှိ၏။ တစ်ခါတစ်ရံ မြို့လယ်ဟိုတယ်ကြီးများ၌ အကောင်းဆုံး

www.burmeseclassic.com



အသန်းများကို ငှားရမ်းကာ ဟိုတယ်မှ ညှော်သည်များအကြောင်းကို အကဲခတ်ရင်း တစ်လကိုးသီတင်းမျှ အကြံဉာဏ်ယူလျက် ရှိနေတတ်လေ၏။ အကွက်ကောင်း တစ်ချက်ဆိုက်လျှင်လည်း တစ်ကြိမ်တည်းနှင့် ဟိုတယ်ခငွေများ ကျေ၍သွား တတ်၏။

ဘသိလှသည် ခါတ်ပုံပါသော ကတ်ထူဖုံးစာအုပ်ကို အံဆွဲအတွင်းသို့ ပြန်၍ထည့်ထားလိုက်ပြီးလျှင် အံဆွဲကို ဆောင့်၍ပိတ်လိုက်လေ၏။

ရန်ကုန်မြို့ ကင်းဘဲလမ်း၌ အတော်ကျယ်ဝန်းသော ခြံတစ်ခြံရှိရာ ခြံအလယ်တွင် သပ်ရပ်သော ၂ ထပ်တိုက်ကလေးတစ်လုံး ရှိ၏။ ခြံဝတွင် ကြေးဝါဆိုင်းဘုတ်ကလေးဖြင့် ဦးဟန်ထွန်း၊ ဒါရိုက်တာ၊ ထွန်းကုမ္ပဏီလီမိတက် ဟု ဆွဲချိတ်ထား၏။ တိုက်ကလေးဘေးတွင် အစိမ်းနုရောင်သုတ်ထားသော ကားဂိုဒေါင်ကလေးတစ်ခုရှိ၍ ခြံအတွင်းရှိ ပန်းပင်များကို အိမ်ရှေ့ဆင်ဝင်ဆီသို့ ဝင်သော မြေနီလမ်းကလေးတစ်ခုလည်း ရှိသဖြင့် အလုံးစုံခြုံ၍ကြည့်သော် အိမ်ရှင်မှာ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသော အထက်တန်းလွှာတစ်ဦးဖြစ်ကြောင်း သိရှိရ၏။

တစ်နေ့သော နံနက် ၁၀ နာရီအချိန်လောက်၌ ခြံရှေ့သို့ ပီးမိုးရောင် 'မော်စကိုဗစ်' ကားကလေးတစ်စီး ဆိုက်လာ၍ ကားမောင်းသူသည် ကြေးဝါ ဆိုင်းဘုတ်ကလေးကို အသေအချာဖတ်ပြီးလျှင် ကားကို သင့်လျော်သောနေရာ၌ နေသားတကျ ထားခဲ့ပြီးနောက် စေ့ရုံမျှသာစေ့၍ထားသော ဝင်းတံခါးကိုဖွင့်ကာ မြေနီလမ်းကလေးအတိုင်း တိုက်ဆီသို့ သွားလေ၏။

မိုးဖွဲကလေးများကျနေသဖြင့် ထိုသူသည် မိုးကာအင်္ကျီကော်လံကို အပေါ်သို့မြှင့်တင်ကာ ဦးထုပ်ကို နဖူးအလယ်သို့ရောက်အောင် ဆွဲချလိုက်၏။ မျက်မှန်အနက်ကြီးကလည်း နေသားတကျ ပြင်လိုက်လေသည်။

ဆင်ဝင်အောက်သို့ ရောက်သောအခါ တံခါးဘေးတွင် တပ်ထားသော လူခေါ်ခေါင်းလောင်းမှ အဖုကလေးကို နှစ်ကြိမ်ဆင့်၍ လက်ဖြင့် အသာနှိပ် လိုက်၏။ အတွင်းမှ ခေါင်းလောင်းသံ ကြားပြီးနောက် အသက် ၄၀ ကျော်ခန့် ရှိ ရုပ်ရည်သနားကမား၊ မွန်မွန်ရည်ရည် မိန်းမကြီးတစ်ယောက်သည် ဆွဲတံခါး ကို အတန်ငယ်ဖွင့်လိုက်ပြီးနောက်. . .

"ဘာကိစ္စပါလဲရှင်"

"ကျွန်တော်က အော်ဖိုကားကုမ္ပဏီက ကိုယ်စားလှယ်ပါ။ ဗိုလ်ကတ် နံပါတ် ဃ ၂၃၂၄၉ ဟာ ဒီအိမ်က ကားပါလားခင်ဗျား"

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့။ တစ်ခုခုများ ဖြစ်လို့ပါလားရှင်"

အမျိုးသမီးကြီး၏ အသံမှာ ချိုသာအေးမြ၍ ဣန္ဒြေရလှပေ၏။ ကားနံပါတ်ကို မေး၍ပြောဆိုသောအခါ အတန်ငယ် ထိတ်လန့်တုန်လှုပ်သွားဟန်တူလေသည်။

"ဘာမှမဖြစ်ပါဘူးခင်ဗျာ။ ဒီကားနဲ့ပတ်သက်လို့ ကျွန်တော်သိချင်တဲ့ အချက်ကလေး တစ်ချက်နှစ်ချက် မေးလို့ရရင် ကျွန်တော်တို့ကို ကူညီတာနဲ့ အတူတူပါပဲ"

"အို. . . ကိစ္စမရှိပါဘူး သိရပါတယ်။ နို့ပေမဲ့ ကျွန်မယောကျ်ားက အပြင်သွားနေပါတယ်"

"ဟုတ်ကဲ့"

လက်ပတ်နာရီကလေးကို ကြည့်ပြီးနောက်. . .

"နောက်နာရီဝက်လောက်ကြာမလား မပြောတတ်ဘူး"

"ဒီလိုဆိုရင် စောင့်နေဦးမှာပဲ။ အားနာစရာကြီး။ ဒုက္ခပေးသလို ဖြစ်နေပြီ မှတ်ပါတယ်"

"ကိစ္စမရှိပါဘူးရှင်။ ဘာမှ အားနာစရာမရှိပါဘူး။ အထဲကိုဝင်ပါဦးလား"

ညွှန့်သည်သည် အိမ်ရှင်မိန်းမကြီး ဖိတ်ခေါ်သည့်အတိုင်း အိမ်တွင်းသို့ ဝင်ခဲ့လေ၏။

တိုက်အောက်ထပ်နံရံများမှာ အစိမ်းနုရောင်ဆေးများ သုတ်ထား၍ အိမ်ရှေ့ညှိခန်းကြီးတွင် ပန်းနုရောင် ပလတ်စတစ်ကြိုးများဖြင့် ရက်ထားသော စားပွဲရှည်ကော်ဖေကြီးခင်းထား၏။ စားပွဲရှိ ကြွေပန်းအိုး၌ ပန်းများထိုးစိုက်လျက် ညှိခန်းတစ်ခုလုံးမှာ သူ့နေရာနှင့်သူ နေသားတကျ ပန်ရလှပေသည်။

အိမ်ရှင်အမျိုးသမီးသည် ညွှန့်သည်အား နေရာထိုင်ခင်းပေးပြီးနောက် ငွေစီးကရက်ဘူးနှင့် ပြာခွက်ကလေးတစ်ခွက်ကို ချထားပေးခဲ့ပြီးလျှင် နောက်ဖေးဘက်သို့ ဝင်သွားလေ၏။

ညွှန့်သည်သည် ဦးထုပ်ကိုချွတ်၍ စားပွဲပေါ်၌ တင်ထားလိုက်ပြီးလျှင် နက်မှန်နက်အဝိုင်းကြီးကိုလည်း နံဘေးတွင် ချထားလိုက်၏။ ထို့နောက် ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ယူ၍သောက်ပြီးလျှင် ကုလားထိုင်နောက်မှီကိုမှီကာ အလွန်အေးဆေးသော အမူအရာဖြင့် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ် ၂၀ ခန့်မျှ ကြာလတ်သော် ကားကလေးတစ်စီးသည် မြေနီလမ်းကလေးမှ အိမ်ဆီသို့ ဝင်လာသံကြားရပြီးလျှင် တိုက်ရှေ့ဆင်ဝင်အောက်၌ ထိုး၍ ရပ်သံကြားလိုက်၏။ မရှေးမနှောင်းမှာပင် ကားတံခါးဖွင့်သံနှင့်အတူ အိမ်ရှင်မ အမျိုးသမီးအသံနှင့် ဆီးကြိုနှုတ်ဆက်သော အခြားအသံများကိုပါ ကြားရ၏။ ထို့နောက် ဧည့်ခန်းဆီသို့ဝင်လာသော ခြေသံတစ်သံကို ကြားရပြီးလျှင် အသက် ၅၀ ကျော်ခန့် သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးတစ်ယောက်သည် ဧည့်ခန်းထဲသို့ဝင်လာရာ ဧည့်သည်က ဆီးကြိုနှုတ်ဆက် အရိုအသေပြုသည့် ဟန်ဖြင့် နေရာမှထလိုက်၏။

"ထိုင်ပါမောင် ထိုင်ပါ"

"ဟုတ်ကဲ့ ဦး"

"ကျုပ် နာမည်က ဦးဟန်ထွန်းတဲ့"

လူကြီးမှာ အသက် ၅၀ ကျော်, ၆၀ တွင်း ရှိပြီးဖြစ်သော်လည်း တောင့်တင်းသန်မာ၍ ဖျတ်လတ်သွက်လက်သော အမူအရာရှိ၏။ ခန့်ညား တည်ကြည်သော ရုပ်လက္ခဏာလည်းရှိ၍ မျက်နှာထားမှာမူ ခပ်တင်းတင်း ရှိလေသည်။ လက်ထဲတွင် ထူထဲသော လက်ဆွဲသားရေအိတ်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်၏။

"မောင်က ကျုပ်ကို တွေ့ချင်တယ်လို့ပြောတယ်။ ဘာကိစ္စလဲမောင်"

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ဦးတစ်ယောက်တည်းသာ မဟုတ်ဘူး။ ဦးရဲ့အိမ်သားအားလုံးကို တွေ့ချင်ပါတယ်"

"အလို. . . ဘာကိစ္စ"

"အားလုံးရှေ့မှာ ပြောရရင် သာကောင်းပါတယ်ခင်ဗျာ။ ဒီတော့ နောက်ထပ် မပြောရတော့ဘူး"

"အင်း. . . တယ်ဆန်းတဲ့ကိစ္စပဲ။ ကဲပါဗျာ၊ ကဲပါ"

ပြောပြောဆိုဆိုနှင့်ပင် ဦးဟန်ထွန်းသည် နောက်ဖေးဘက်သို့ လှမ်း၍ မိမိဇနီးနှင့် သားသမီးများကို ခေါ်လိုက်ရာ တံခါးဖွင့်ပေးသော အမျိုးသမီးကြီးနှင့် အတူ ၎င်းနောက်မှ အသက် ၂၂-၂၃ နှစ်ခန့် လူရွယ်တစ်ယောက်၊ ၁၈ နှစ် ၁၉ နှစ်ခန့်ရှိ မိန်းမပျိုကလေးတစ်ယောက် ထက်ကြပ်လိုက်ပါလာကြလေသည်။ လူငယ်မှာ ကျယ်ပြန့်သောပခုံးနှင့် ဖြောင့်စင်းတောင့်တင်းသော ကိုယ်လုံးကိုယ် ပေါက်ရှိ၍ အားကစားသမားတစ်ယောက်နှင့်တူ၏။ မိန်းမပျိုမှာမူ ဖြူစင်သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သော အသားအရေနှင့် ချောမောလှပသောမျက်နှာရှိ၏။ ဦးဟန်ထွန်းက မျက်မိုင် ဖြလိုက်သည်တွင် ၃ ဦးသားတို့သည် ကုလားထိုင်များပေါ်၌ အသီးသီးထိုင်ကာ ညီသည်အား အတော်အတန် အံ့ဩသောမျက်နှာနှင့် စိုက်ကြည့်နေကြလေသည်။ ထိုအခါ ဦးဟန်ထွန်းလည်း ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လိုက်ပြီးနောက် ညီသည်ဘက်သို့လှည့်၍. . .

"ကျုပ်ဇနီးမအေးမြင့်ကိုတော့ မောင်တွေ့ပြီးပြီထင်တယ်။ ဟောဒါက ကျုပ်သား မောင်စိုးဟန်တဲ့။ ဒီနှစ် ဝိဇ္ဇာ(ခ)တန်းကို ဖြေမယ်။ ဟိုဘက်က ထိုင်နေတာက သမီးမဟန်တင့်တဲ့။ သူက ဥပစာ(ခ)တန်းရောက်ပြီ။ ကဲ. . မောင် ပြောစရာရှိတာ ပြောပေတော့"

"ဒီလိုပါခင်ဗျာ၊ ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ကို ပြန်ပြီး စဉ်းစားလိုက်ကြစေချင်ပါတယ်။ ခက်တော့ ခက်တာပေါ့ခင်ဗျာ။ နို့ပေမဲ့ တကယ် စဉ်းစားရင် တကယ်သတိရနိုင်ပါတယ်။ ကိစ္စက အရေးကြီးပေသကိုးခင်ဗျ"

"မောင့်စကားက တယ်ဆန်းပါလား။ ဒီနေ့ကို ဘာဖြစ်လို့ ကျုပ်တို့က ပြန်ပြီးသတိရရမှာလဲ။ ဒီနေ့ဟာ ဘာမို့လဲ။ လူဆိုတာ မနေ့ကစားတဲ့ဟင်းတောင် သတိရချင်မှရတာ။ ကျုပ်တို့မိသားစု ဘယ်လောက်သတိကောင်းတယ်ဆိုတာ မောင်က စစ်ဆေးနေတာလား"

"ဒီလိုလဲမဟုတ်ပါဘူး ခင်ဗျာ။ ဦးပြောတဲ့အတိုင်း လူဆိုတာ မနေ့က ဘာဟင်းနဲ့စားတယ်ဆိုတာ သတိမရတော့ဘူးဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ကိစ္စ အလွန့်အလွန်အရေးကြီးတဲ့ကိစ္စမို့ စဉ်းစားဖို့ပြောတာပါ"

"အလို. . . ဘာကိစ္စမို့"

"ဒီလိုခင်ဗျာ ဦးဟန်ထွန်း။ ခုမှဖြင့် ကျွန်တော် သွယ်ဝိုက်မနေဘူး တည့်တည့်ပဲပြောတော့မယ်။ ကျွန်တော် အော်တိုကားကုမ္ပဏီကဆိုတာလည်း မဟုတ်ဘူး။ အခုလာတာ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ လာတာပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော် အခုပြောတဲ့နေ့ကိုတော့ ပြန်ပြီးစဉ်းစားပါ ဦးဟန်ထွန်း။ အရေးကြီးပါတယ်"

ဦးဟန်ထွန်းသည် နေရာမှ ဖျတ်ခနဲထလိုက်၏။

"ဒီမယ်မောင်၊ မောင့်အသားမနာချင်ရင် ခပ်မြန်မြန်ထွက်သွား"

သို့ပြောဆိုပြီးနောက် ဦးဟန်ထွန်းသည် ခေါင်းရင်းဘက်ရှိ စားပွဲတစ်လုံးပေါ်တွင် တင်ထားသော တယ်လီဖုန်းရှိရာသို့ လျင်မြန်စွာထသွားလေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းဆီသို့မရောက်မီ ညွှန့်သည်၏လက်တွင် ဒန်ရောင်ခြောက်လုံးပြူး သေနတ်ကလေးတစ်လက်၏ ပြောင်းဝကို တည့်တည့်မြင်လိုက်ရသဖြင့် ချက်ချင်း ရပ်လိုက်လေသည်။

ညွှန့်သည် လူထူးလူဆန်းသည် နေရာမှထကာ သေနတ်ကလေးကို လက်ထဲတွင်ကစားရင်း..

"ဒီမယ်ဦးဟန်ထွန်း၊ အခုလို ဒုက္ခများမယ့်ကိစ္စတွေ မလုပ်ပါနဲ့ ခင်ဗျား ဒီဟာမျိုးနဲ့ ကျွန်တော့်ကို မရဘူး။ ထိုင်.. ထိုင်၊ ကုလားထိုင်ပေါ် အေးအေး ပြန်ထိုင်။ အစ်မကြီးရယ်၊ ဟောဒီက ငါ့ညီနဲ့ ညီမလေးတို့ကလည်း မလှုပ်ကြနဲ့ နော်။ အေးအေးနေကြ။ ကဲ.. ဦးဟန်ထွန်းက သေသေချာချာ ပြန်စဉ်းစားဦး။ လက ဩဂုတ်လ၊ အခုလပေါ့ခင်ဗျာ။ ရက်က ၂၂ ရက်။ အချိန်တော့ တစ်နှစ် တိတိရှိသွားပြီ။ စဉ်းစားပါ.. စဉ်းစားပါ"

ဦးဟန်ထွန်း၏ဇနီး ဒေါ်အေးမြင့်သည်လည်းကောင်း၊ သားသမီးများ ဖြစ်ကြသော မောင်စိုးဟန်နှင့် မဟန်တင့်တို့သည် လည်းကောင်း မျက်နှာတွင် သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ ကုလားထိုင်ပေါ်တွင် ကျောက်ရုပ်များ ကဲ့သို့ မလှုပ်မယှက် ရှိနေကြကုန်၏။

ဦးဟန်ထွန်းသည် ကုလားထိုင်ပေါ်တွင် ပြန်ထိုင်ကာ မျက်နှာထားကို တစ်မျိုးပြင်လျက်..

"ဒီမယ် အခုလုပ်တာ ငွေလိုချင်လို့လုပ်တာပဲ မဟုတ်လား။ ရော့ ယူ၊ ဟောဒီသားရေအိတ်ထဲမှာ ငွေ ၆၀၀၀ ပါတယ်။ အခုပဲ ဘဏ်တိုက်က ထုတ်လာတာ။ တစ်ရာတန်းချည်းပဲ။ ယူ.. ယူ။ ယူပြီး အိမ်ထဲက မြန်မြန် ထွက်သွား"

ဦးဟန်ထွန်းသည် မိမိအနီးမှ လက်ပွေ့သားရေအိတ်ကြီးကို လူထူးဆန်း ဘက်သို့ ပစ်ပေးလိုက်၏။ သူ၏မျက်နှာမှာ မုန်းတီးခြင်း၊ ဒေါသထွက်ခြင်း၊ မချင့်မရဲဖြစ်ခြင်းတို့ဖြင့် ရောပြွမ်းကာ နဖူးတွင် ချွေးပေါက်များသီးလျက် ရှိလေ သည်။

လူထူးလူဆန်းသည် သေနတ်ပြောင်းဝကို ဦးဟန်ထွန်းဘက်သို့ချိန်ထား ရင်း လက်ဝဲဘက်လက်ဖြင့် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် ယခင်က ထက်ပင် တည်ငြိမ်အေးဆေးသော အသံဖြင့်..



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်ဦးဟန်ထွန်းရဲ့၊ ကျွန်တော်လာတာဟာ ငွေအတွက်လာတာ မဟုတ်ဘူး။ ဦးဟန်ထွန်းအနေနဲ့ကြည့်ရင် ကျွန်တော့်ကို လူထူးလူဆန်း တစ်ယောက်လို့ ထင်ချင်ရင်လည်း ထင်လိမ့်မယ်။ ကျွန်တော်က ထင်လည်းထင်စရာ မကိုးဗျ။ ဒါမှမဟုတ် အရူးတစ်ယောက်လို့ ထင်ချင်ရင်လည်း ထင်လိမ့်မယ်။ ကျွန်တော်က ထင်လည်း ထင်ချင်စရာပေကိုးဗျ။ ပြီးတော့ တစ်ခုပြောဦးမယ် နော်၊ အားလုံးပဲ ဦးဟန်ထွန်းကစပြီး ဟောဒီကအစ်မကြီးနဲ့ ငါ့ညီရော ညီမလေး ရော အားလုံးပဲ ဟောဒီသေနတ်က ညာတာမဟုတ်ဘူး။ ဒီအထဲက ဘယ်သူ မြစ်ဖြစ် တစ်ယောက်ယောက်က ယီးတီးယားတားလုပ်ရင် ပစ်လိုက်ပြီးသားပဲ။ နောက်တော့သာ အဆိုးမဆိုနဲ့"

"ငွေရပြီပဲ၊ ပြီးရောမဟုတ်လား"

"ဦးဟန်ထွန်းကို ပထမကတည်းက ကျွန်တော်လာတာ ငွေအတွက် လာတာမဟုတ်ဘူးလို့ ပြောပြီးပါပြီကော"

"ဒါဖြင့် ဘာလဲဟင်၊ ပြောလေ"

ဦးဟန်ထွန်းသည် နဖူးမှ ချွေးပေါက်ကြီးများကျလာကာ ကုလားထိုင် လက်ရန်းများကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဆုပ်ကိုင်လျက် ရှိလေ၏။ ထို့နောက် လက်ထောက်ကာ နေရာမှ ရုတ်တရက် ထရန်ဟန်ပြင်လိုက်စဉ် ဒေါ်အေးမြင့်က "အို… ကိုဟန်ထွန်းကလည်း ဘာလုပ်မလို့လဲ။ အသာ အေးအေးနေစမ်းပါ" ဟု ပြောလိုက်သဖြင့် ဦးဟန်ထွန်းမှာ ငြိမ်သက်သွားလေ သည်။ ထို့နောက် ဒေါ်အေးမြင့်က ဆက်လက်၍ သားဖြစ်သူ မောင်စိုးဟန် ဘက်သို့ လှည့်ပြီးလျှင် "ကဲ.. ငါ့သားကလည်း စဉ်းစားပါဦးကွယ်။ မနှစ်က ဒီအချိန်လောက် တို့အိမ်မှာ ထူးထူးခြားခြား ဘာများဖြစ်လို့လဲ။ ဒါထက်နေဦး အင်းလျားကို ပျော်ပွဲစားထွက်ပြီး ကမာရွတ်ကမသန်နဲ့တို့အိမ်မှာ ထမင်းစားကြတာ နှစ်က ဩဂုတ်လထဲမှာ မဟုတ်လား"

"ဟုတ်တယ် မေမေ"

"အဲ.. ဟုတ်.. ဟုတ်ပြီ၊ စဉ်းစားကြ။ 'ဩဂုတ်လ ၂၂ ရက်နေ့' နေ့က စနေနေ့"

ထိုအခါ မောင်စိုးဟန်၏မျက်လုံးများသည် တစ်စုံတစ်ရာကို လေးလေး နက်နက် စဉ်းစားနေဟန်ဖြင့် အတန်ငယ်မှေး၍သွားပြီးနောက်..

"ဟုတ်တယ်မေမေ၊ ကျွန်တော် သတိရပြီ။ ပျော်ပွဲစားထွက်တုန်းက ကျွန်တော်တို့ဟာ စနေနေ့သွားကြတယ် မဟုတ်လား။ ညနေ ထမင်းစားပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြတယ်လေ။ အဲဒီညနေက ညီမလေးတောင် သူငယ်ချင်းတွေဆီ သွားချင်တယ်ဆိုလို့ ကျွန်တော် လိုက်ပို့ရသေးတယ်။ နင် မမှတ်မိဘူးလား မဟန်တင့်"

"ဪ... မှတ်မိပြီ။ နေဦး၊ ကျွန်မမှာ ဒိုင်ယာရီရှိတယ်။ အဲဒီနေ့ဟာ ၂၂ ရက် ဖြစ်ချင်မှဖြစ်မှာပေါ့"

မဟန်တင့်သည် မလှုပ်မယှက် ငြိမ်သက်စွာထိုင်လျက်ရှိရာမှ ဤအကြိမ်ပထမစ၍ စကားပြောလိုက်ခြင်းဖြစ်၏။ အသံမှာ သူ၏မိခင်ကဲ့သို့ ချိုသာအေးမြ၍ သူ၏မိခင်ထက် ကြည်လင်ပြတ်သားလေသည်။

ဉ္စ်ည်သည်သူစိမ်းသည် ကုလားထိုင်ကို အနည်းငယ်လှုပ်ရှားကာ မဟန်တင့်အား ပြုံး၍ကြည့်လိုက်၏။

"ဟုတ်ပြီပေါ့ ဟုတ်ပြီ။ ကဲ... ညီမလေး၊ မင်းပြောတဲ့ ဒိုင်ယာရီ စာအုပ်ကလေး သွားယူပေတော့။ မြန်မြန်ပြန်ခဲ့နော်။ ဒီပြင်ဟာတွေ ဘာမျှ လုပ်မယ်များ မကြံနဲ့။ သွား... သွား မြန်မြန်သွားစမ်း"

မဟန်တင့်သည် နေရာမှ လျင်မြန်စွာထလိုက်ပြီးလျှင် ခန်းဆီးနောက်သို့ ဝင်သွားပြီးနောက် အပေါ်ထပ်သို့ တက်သွားလေရာ လှေကားမှ ဒုန်းတက်သွားသော ခြေသံကိုကြားရ၏။

ဉ္စ်ည်သည်လည်း သူ၏ငွေစီးကရက်ဘူးကို အိတ်ထဲမှထုတ်၍ လက်ဝဲဘက်လက်ဖြင့် ဖွင့်ပြီးလျှင် ဦးဟန်ထွန်းနှင့် သားဖြစ်သူမောင်စိုးဟန်တို့ကိုပင် တည်လိုက်သေး၏။ သို့သော် မည်သူမျှ ယူ၍မသောက်ချေ။ ဦးဟန်ထွန်းမှာမူ မျက်နှာကြီးများ နီမြန်းကာ အံတကြိတ်ကြိတ် ရှိနေလေသည်။ သို့နှင့် သူကိုယ်တိုင် စီးကရက်တစ်လိပ်ကို ပါးစပ်၌တပ်ကာ အိတ်ထဲမှ 'ရွှန်ဆင်' ငွေရောင် ဓာတ်မီးခြစ်ကလေးကိုထုတ်၍ မီးညှိပြီးနောက် စီးကရက်ကို အားပါးတရ ဖွာရှိုက်လျက် ရှိလေသည်။ လက်ယာဘက်လက်ကမူ ဦးဟန်ထွန်းရှိရာသို့ သေနတ်ပြောင်းကို ချိန်မြဲချိန်လျက်ရှိ၏။

မကြာမီ လှေကားမှပြေးဆင်းလာသော ခြေသံများ ကြားရပြီးနောက် မဟန်တင့်သည် လက်ထဲတွင် သားရေနက်ဖုံးအုပ်ထားသော စာအုပ်ကလေး တစ်အုပ်ကိုကိုင်၍ ဧည့်ခန်းသို့ ဝင်လာပြီးနောက် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်၏။ ထို့နောက် စာအုပ်ကလေးကိုဖွင့်ကာ ၂ ကြိမ် ၃ ကြိမ်မျှ လှန်လှောရှာဖွေပြီးနောက် တစ်နေရာသို့ရောက်လျှင် "ဟော... တွေ့ပြီ ဩဂုတ်လ ၂၂ ရက်၊ စနေနေ့၊ မိသားစုအင်းလျားသို့ ပျော်ပွဲစားထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ၅ နာရီ အစ်ကိုကြီးလိုက်ပို့၍ အင်းလျားဆောင် နန့၊ စိန်စိန်တို့နှင့် သွားတွေ့သည်။ အစ်ကိုကြီး မြို့ထဲ ဘိုင်စကုပ်ကြည့်ရန်သွားသည်။ ဒယ်ဒီ အင်းစိန်သို့ မိတ်ဆွေတစ်ယောက်နှင့်တွေ့ရန် သွားသည်။ အဲဒီနေ့ ဒါပဲ။ နောက်တစ်နေ့ တနင်္ဂနွေနေ့မှာ မမသန့်အိမ်မှာ ထမင်းစားတာတောင် ရေးထား သေးတယ်။ ဒီဟာပဲ။ နေပါဦး၊ ရှင်လိုချင်တာက ဘာလိုချင်တာလဲ"

ထိုအခါ ဒေါ်အေးမြင့်က ကြားဝင်၍..

"ဟုတ်ပါတယ်ကွယ်။ အဲဒီနေ့က ငါလည်း မှတ်မိပါတယ်။ သမီးက သူ့သူငယ်ချင်းတွေ တွေ့ချင်တယ်ဆိုလို့ အင်းလျားဆောင်ကို သားက လိုက်ပို့ တယ်။ တစ်နာရီလောက်ကြာတော့ သားတို့မောင်နှမနှစ်ယောက် ပြန်လာပြီး သားက ရုပ်ရှင်ကြည့်ဦးမယ်ဆိုပြီး မြို့ထဲထွက်သွားတယ်။ ကိုဟန်ထွန်းကတော့ အင်းစိန်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ သူ့မိတ်ဆွေတစ်ယောက်ကို တွေ့စရာ ရှိတယ်ဆိုပြီး ကားနဲ့ထွက်သွားတယ်။ ဒီတော့ မောင်ရင်သိချင်တာက ဘာလဲ"

ညွှန့်သည်သည် ဦးဟန်ထွန်း၏ ရင်ဝဆီသို့ သေနတ်ကို တည့်တည့် ချိန်၍ ချိန်လိုက်ပြီးနောက်..

"ကဲ... ဟောဒီက ခင်ဗျားဇနီးနဲ့ သားသမီးတွေကတော့ ခင်ဗျား ကိုယ်တိုင်ကားကို မောင်းသွားတယ်ဆိုတာ ပြောနေပြီ။ ခင်ဗျား ဘာပြောချင် သေးသလဲ"

"နေပါဦး၊ ဒီလူ ဘာကြောင်နေတာလဲ။ ကျုပ်ကား ကျုပ်မောင်းတာ ဘာဖြစ်သလဲ"

"ကျွန်တော် မကြောင်ပါဘူးခင်ဗျာ။ အင်းစိန်သွားတော့ ဘယ်အချိန် လောက် ရှိပြီလဲ"

"၆ နာရီထိုးလောက်ရှိမှာပေါ့။ နာရီကို ဘယ်သူ သေသေချာချာ ကြည့်မှာလဲ။ နေဝင်ဖျိုးဖျဆိုတော့ ဒီလောက်ပဲရှိမှာပေါ့"

"အိမ်ကို ဘယ်အချိန်ပြန်ရောက်သလဲ"

"ဘယ်လောက်ကြာကြာနေသလဲတော့ မပြောတတ်ဘူး။ အိမ်ကိုတော့ နာရီခွဲလောက် ပြန်ရောက်တယ်"

"အင်းစိန်ကို သွားတာပဲနော်။ ဒီပြင် ဘယ်မှမသွားဘူး ဟုတ်လား ဟန်ထွန်း"

"ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်အတွင်း ဦးဟန်ထွန်းကားကို ဘယ်သူ့မှ မငှားဘူးနော်။ အမှန်ပဲ"

"ဘာပြုလို့ ကျုပ်က ငှားရမှာလဲ"

"အင်းစိန်ကို သွားတာပဲနော်။ တခြားဘယ်နေရာမှ မရောက်ဘူး"

"ဒီလူခက်ပါပြီ။ ကျုပ် ဘယ်နှစ်ခါ ထပ်ပြောရဦးမှာလဲ"

"ဒါဖြင့် အဲဒီနေ့က နေဝင်ရီတရော ၆ နာရီနဲ့ ၇ နာရီကြားမှာ ခင်ဗျားကားကို ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)နဲ့ ကုန်သည်လမ်းထောင့်မှာ ဘာဖြစ်လို့ မြင်လိုက်ရသလဲ"

"မဟုတ်ဘူး... မဟုတ်ဘူး။ ဒါ လိမ်တာ။ ဘယ်သူကပြောလဲ။ ဘယ်သူမြင်လို့လဲ။ မမှန်ဘူး... မမှန်ဘူး"

"မမှန်ရင် ဦးဟန်ထွန်းဟာ ဘာဖြစ်လို့ ဒီလောက်ဒေါသကြီးရတာလဲ ခင်ဗျာ။ ကျွန်တော်ပြောတာ အမှန်ခင်ဗျ။ မြင်တဲ့လူက အခြားသူ မဟုတ်ဘူး။ ကျွန်တော်ပဲ"

ထိုအခါ ဦးဟန်ထွန်းနှင့် ဧည့်သည် လူထူးလူဆန်းတို့ အပြန်အလှန် ပြောဆိုနေကြသော သားအမိ ၃ ယောက်အနက် ဒေါ်အေးမြင့်က ကြားဝင်၍ မိမိကိုယ်ကို မိမိပြောသကဲ့သို့...

"ဪ... ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)နဲ့ ကုန်သည်လမ်း ထောင့်ဆိုတော့ ရှိစီသေသွားတဲ့နေရာ မဟုတ်လား သားရယ်"

"ရှိစီဟုတ်လား အစ်မကြီး"

ဒေါ်အေးမြင့်က ဆက်လက်၍...

"ဟုတ်တာပေါ့ မောင်။ ရှိစီဆိုတာ တခြားသူမဟုတ်ဘူး။ ဟောဒီက သားတော်မောင် မောင်စိုးဟန်ရဲ့ရည်းစားပေါ့။ ခမျာ အဲဒီဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)နဲ့ ကုန်သည်လမ်းထောင့်မှာ ကားတိုက်လို့ သေရရှာတယ်"

ထိုအခါ ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ်ရှိနေသော မောင်စိုးဟန်၏ လက်သီးများကို ဆုပ်လျက်...

"ဟုတ်တယ် မေမေ။ ရှိစီကားတိုက်ခံရတာ အဲဒီနေ့ပဲ။ ကျွန်တော် မှတ်မိပြီ"

ဧည့်သည်က အတန်ငယ်ပြုံးလျက်...



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုခင်ဗျ။ ရှိစီဆိုတာက ကုန်သည်လမ်း (S.A.M.B)မှာ လုပ်နေတဲ့ လက်နှိပ်စက်စာရေးမကလေး။ ခမျာ ဆင်းရဲရှာတယ်။ သူနဲ့ ကျွန်တော် တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိနေကြတာ အဲဒီတုန်းက ၆ လလောက် ရှိပြီ။ အသိဒီကတော့ သဘောမတူဘူးပေါ့ ခင်ဗျာ။ ကျွန်တော်တို့ဟာ လက်ထပ်ဖို့ပဲ။ ဒါပေမဲ့ အဲဒီ ဩဂုတ်လ ၂၂ ရက်နေ့ ညက ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) ဆက် အကူး ပန်းခြံထောင့်မှာ ကားတိုက်ပြီး သေသွားရှာတယ်။ ကားနံပါတ်ကို တော့ မမှတ်မိလိုက်ကြဘူး။ ဩော်... အင်း... လက်စသတ်တော့”

မောင်စိုးဟန်သည် တစ်စုံတစ်ရာ အမှတ်ရပြီးလျှင် အသိဉာဏ်တစ်မျိုး ဝင်လာသည့် လက္ခဏာဖြင့် သူ၏ဖခင် ဦးဟန်ထွန်းအား စေ့စေ့ကြည့်လိုက်၏။ မျက်နှာများနီမြန်းကာ လက်သီးများကိုဆုပ်လျက်ရှိရာမှ ဦးဟန်ထွန်းမျက်နှာကို ဆက်ညိုးထိုးလျက်...

“ကျုပ်သိပြီ၊ ကျုပ်သိပြီ။ ရှိစီကို ခင်ဗျားသတ်တာပဲ မဟုတ်လား။ ခင်ဗျားကြီး... ခင်ဗျားကြီး... လူသတ်သမားကြီး”

“ဟဲ့... မောင်စိုးဟန်၊ ဘယ်လိုပြောလိုက်တာလဲ။ နင့်ဒယ်ဒီကို ဒီလိုပဲ ပြောရသလားဟင်”

“ဟုတ်တယ် မေမေ။ ကျွန်တော်သိပြီ”

“ဟေ့... ခွေးမသား စကားမပြောနဲ့။ တိတ်စမ်း အရူး”

ဦးဟန်ထွန်းသည် နေရာမှထပြီးလျှင် ကျားဟိန်းသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးဖြင့် ကျယ်လောင်စွာ ဟစ်အော်လိုက်လေ၏။ သူ၏ နှုတ်ခမ်းသားများမှာလည်း တဆတ်ဆတ်တုန်လျက်ရှိလေသည်။

“သူက ဘာဖြစ်လို့ တိတ်ရမှာလဲ ဦးဟန်ထွန်းရဲ့။ ဦးဟန်ထွန်းဘက်က ငြိတို့ သက်သေခံလုံလောက်နေပြီ မဟုတ်လား။ အသာသာ ထိုင်နေစမ်းပါ”

ဦးဟန်ထွန်းသည် မိမိအား ချိန်ထားသောသေနတ်ကို ဂရုမထားဘဲ ယှဉ်နိုင်မဖျှသော လျှင်မြန်ခြင်းမျိုးဖြင့် နေရာမှ ဖျတ်ခနဲထကာ ညွှန့်သည်အား ကျားအုပ်သကဲ့သို့ ခုန်၍အုပ်လိုက်လေ၏။ ထိုအခါ ညွှန့်သည်သည် ဦးဟန်ထွန်း၏ လက်သီးချက်ကို ရှောင်လိုက်သည့်တွင် ကြမ်းပေါ်သို့ လက်ထဲမှသေနတ် လွတ်ကျသွားလေသည်။ သို့နှင့် ညွှန့်သည်သည် ကြမ်းပေါ်မှသေနတ်ကို ကောက်ယူရန် ကုန်းလိုက်သည့်တွင် မဟန်တင့်က “ပလွှပ်နဲ့ လက်မြှောက်လိုက်”ဟု အော်လိုက်သောအသံကို ရုတ်တရက် ကြားလိုက်ရသဖြင့် ညွှန့်သည်သည်

www.burmeseclassic.com



ကြမ်းပေါ်မှသေနတ်ကို မကောက်ရတော့ဘဲ မတ်တတ်ရပ်ကာ လက် ၂ ဖက်ကို မြှောက်လိုက်ရတော့၏။

မဟာန်တင့်သည် စာအုပ်ယူရန် အိပ်ပေါ်သို့ တက်သွားစဉ်က သူ့ဖခင်၏ ခေါင်းအုံးအောက်တွင် အမြဲထားလေ့ရှိသော ပစ္စတိုကလေးကို ခါးထဲတွင်ဝှက်၍ ယူလာခဲ့ခြင်း ဖြစ်လေသည်။ မဟာန်တင့်သည် ဧည့်သည့်ကို ကုလားထိုင်ပေါ် ပြန်၍ထိုင်စေ၏။ ထိုအချိန်၌ ဦးဟာန်ထွန်းသည် ကြမ်းပေါ်တွင် ကျလျက်ရှိသော ဧည့်သည်၏သေနတ်ကို ကောက်မည်ပြုလေရာ မဟာန်တင့်က ဖျပ်ခနဲ သေနတ် ကို ကုန်း၍ကောက်ယူလိုက်လေ၏။

"ကျွန်မကို မပစ်တတ်ဘူးများ မအောက်မေ့နဲ့ ဒယ်ဒီ။ ကျွန်မ ကောင်းကောင်းပစ်တတ်တယ်။ သတ္တိရှိရင် ဒီလူလှုပ်ဝံ့ရင် လှုပ်စမ်းပါစေ။ ဘယ်ရော ညာရော တစ်ခါတည်း ပစ်ထည့်လိုက်လို့ အပေါက်ကလေး ၂ ပေါက်ရသွားမယ် ကဲ.. ဒီတော့ ဒယ်ဒီကသာ ရဲကို ဖုန်းနဲ့ခေါ်ပေတော့။ သွားပါဒယ်ဒီ၊ မြန်မြန်"

ဦးဟာန်ထွန်းသည် တယ်လီဖုန်းဆီသို့ မသွားသေးဘဲ ငိုင်လျက်ရှိ၏။ ထိုအခါ ဧည့်သည်က မသိမသာပြုံးလျက်...

"သွားလေဗျာ။ ရဲကိုခေါ်လေ"

ဦးဟာန်ထွန်းကား မလှုပ်ချေ။ နေရာ၌ပင် ရပ်လျက်ရှိ၏။ ထိုအခါ ဒေါ်အေးမြင့်သည် နေရာမှထကာ "သူ မခေါ်ချင်နေပေစေ။ ငါခေါ်မယ်။ ဖယ်စမ်း" ဟု ပြောရင်း တယ်လီဖုန်းရှိသော စားပွဲဘက် ခြေတစ်လှမ်း လှမ်းလိုက်လေ၏။

"မအေးမြင့်၊ မင်း အသာနေစမ်း"

ဧည့်သည်က ပြောင်လှောင်သည့်ဟန်ဖြင့် "ဘာဖြစ်လို့လဲ ဦးဟာန်ထွန်းရဲ့။ ဘာကြောင့် ရဲကို မခေါ်ဝံ့တာလဲ။ ခင်ဗျားမှာ ကျုပ်တို့ မသိစေချင်တဲ့ အချက်ရှိပြီထင်တယ်"

"ဟော့.. တိတ်စမ်း။ ငါ မင်းကို ဖက်ပြီးစကားမပြောချင်ဘူး။ ကဲ သမီး၊ ဒယ်ဒီကို သေနတ်ပေးစမ်း"

မဟာန်တင့်သည် ကိုယ်ကို နောက်သို့ အနည်းငယ်ယို့လိုက်၏။ ထို့နောက် ဦးဟာန်ထွန်း၏မျက်နှာကို စေ့စေ့ကြည့်လျက်...

"ရဲဘက်ကို ဘာဖြစ်လို့ မတိုင်ဝံ့ရတာလဲ ဒယ်ဒီ။ ဒယ်ဒီ ဘာကို ဖုံးနေတာလဲ ပြောစမ်းပါ"

www.burmeseclassic.com



ဦးဟန်ထွန်းသည် ရှေ့သို့ တစ်လှမ်းတိုးကာ မဟန်တင့်လက်ထဲမှ သေနတ် ၂ လက်စလုံးကို ဖျတ်ခနဲ ယူလိုက်လေ၏။ ထို့နောက် သေနတ်တစ်လက်ကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးလျှင် အခြားတစ်လက်ဖြင့် ညွှန့်သည်အား ချိန်ထားလိုက်လေသည်။

ညွှန့်သည်ယောက်ျားခသည် သားအဖ ၂ ယောက်တို့ အပြန်အလှန် ပြောဆိုပြုမူပုံများကို စိတ်ဝင်စားစွာ မလှုပ်မယှက် ကြည့်ရှုလျက်ရှိ၏။

"ကဲ.. ဦးဟန်ထွန်း၊ ချိန်တော့မနေနဲ့။ ပစ်ချင်ပစ်လိုက်။ ပစ်ရင် သူသတ်မှုပဲ။ ဘယ်သူ့ပဲမမြင်မြင် ခင်ဗျားမိသားစု မျက်စိအောက်မှာ လူသတ်မှုကို ခင်ဗျား ကျူးလွန်တာပဲ။ နေပါဦး၊ ဘာကြောင့် ခင်ဗျား ပုလိပ်ကိုမခေါ်ဝံ့တာလဲ။ ခင်ဗျား ဘာကြောက်နေတာလဲ။ ခင်ဗျား ဘာကိုဖုံးနေတာလဲ"

ထိုအခါ ဒေါ်အေးမြင့်က ကြားဖြတ်၍..

"ဟုတ်တယ် ကိုဟန်ထွန်း။ ရှင် ဘာကိုဖုံးနေတာလဲ။ ရဲကိုမခေါ်ဝံ့တာမှ တစ်ခုခုကို ဖုံးထားချင်လို့ပေါ့။ ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား။ ပြောလေ၊ ရှင့်လုပ်ပုံ ကျုပ် နားမလည်ဘူး" ဟု အသံကုန်အော်၍ ပြောလိုက်လေသည်။

"အင်း.. မင်း ဒီလောက်သိချင်ရင် ပြောရတာပေါ့ကွယ်"

ဦးဟန်ထွန်းသည် သားဖြစ်သူ မောင်စိုးဟန်ဘက်သို့ လှည့်ပြီးနောက် ဆက်လက်၍...

"မင်းက ဒီစာရေးစုတ်မများ မက်နေတာ အံ့ဩပါရဲ့ စိုးဟန်ရယ်။ မင်းကို ဒီလိုကလေကချေမိန်းမမျိုးနဲ့ ငါ မပေးစားနိုင်ဘူး၊ နားလည်လား။ ဒီလို အောက်တန်းလွှာနဲ့ မင်းနဲ့မတန်ဘူး။ ဒါကြောင့် အဲဒီညနေ သူ ရုံးဆင်းပြီးတဲ့နောက် ဆန်းရှိုင်းမှာ သူနဲ့ချိန်းပြီး ငါက သူ့ကို ငွေပေးတယ်။ သူက ငွေ လက်မခံဘူး။ သူက ရယ်တယ်လေ။ နည်းလို့လားတော့ မပြောတတ်ဘူး။ ဒါနဲ့ အားကို ဗုန်သည်လမ်းဘက်က ခပ်ဖြည်းဖြည်း လှည့်မောင်းလာတော့ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)ဘက်က ပန်းခြံထောင့်မှာ သူ့ကို ငါတွေ့တာပဲ။ ဒီနောက် ဘာဖြစ်တယ်ဆိုတာတော့ ဖွင့်ပြောဖို့ မလိုပါဘူးကွယ်။ မင်းတို့ သိတဲ့အတိုင်းပဲ"

ဦးဟန်ထွန်းသည် တစ်စုံတစ်ရာကို နောင်တရသည့်ဟန်ဖြင့် အတန်ကြာအောင် မျက်နှာညှိုး၍သွား၏။ ညွှန့်သည်နှင့်တကွ သားအမိ ၃ ယောက်ပါ ဆုတ်တုတ်မျှ မလှုပ်ကြချေ။ သို့နှင့် ညွှန့်သည်က စကားစ၍ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကို ပထမ ကျွန်တော်လာတုန်းက ဒီအကြောင်းတွေ ဘာမှ ကျွန်တော် မသိဘူး။ ရိုစီဆိုတာ တခြားသူမဟုတ်ဘူး။ ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေး။ ဒါပေမဲ့ သူဌေးသားနဲ့ တွေ့တယ်လို့ ကြားရပြီး သူဌေးသားဘက် ပါမလိုလို လက္ခဏာဖြစ်နေတာ ကျွန်တော်တွေ့ရတယ်။ သူ့ကိုပိုးနေတာ ဘယ်သူ ဘယ်ဝါဆိုတာတော့ ကျွန်တော် မသိပါဘူး"

စကားပြော၍ ဤနေရာသို့ရောက်သောအခါ မောင်စိုးဟန်သည် တခြားဘက်သို့ မျက်လွှဲလိုက်၏။ သို့နှင့် ညွှန်သည်က ဆက်လက်၍. . .

"အဲဒီနေ့ ညနေ နေဝင်ရီတရောလောက် ပန်းဆိုးတန်းထိပ်မှာ သူ့ကို တွေ့တာနဲ့ ကျုပ်တို့လည်း ပန်းခြံထဲသွားရအောင် စကားတပြောပြောနဲ့ လျှောက်လာကြတယ်။ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)နဲ့ ကုန်သည်လမ်းထိပ် ပန်းခြံထောင့်လည်း ရောက်ရော မနီးမဝေး နောက်က ခပ်မှန်မှန်မောင်းလာတဲ့ ကားအနက်ကလေးတစ်စီးဟာ ကျုပ်တို့အနားရောက်ခါမှ တစ်ခါတည်း အရှိန်ပြင်းလာပြီး ရိုစီကို လက်ယာဘက်ဘေးက အတင်းဝင်တိုက်တာပါပဲ။ ကျွန်တော်က သူ့လက်ဝဲဘက်ဆိုတော့ နံဘေးကို ထိုးလဲသွားပြီး သမံတလင်းခုံပေါ် လက်ထောက်ကျသွားလို့ လက်ဆစ်လွဲသွားပြီး လက်မှာဒဏ်ရာရတာတစ်ခုပါပဲ။ ရိုစီကတော့ လက်ဝဲဘက် စောင်းလဲသွားပြီး သမံတလင်းနဲ့ ခေါင်းနဲ့ ရိုက်မိရှာတယ်။ လက်ယာဘက် တစ်ခြမ်းလုံးဟာလည်း ကားရှေ့ဘီးနဲ့ နင်းထားလို့ ကြေမွသွားတာပဲ။ တိုက်တဲ့ကားဟာ နောက်ကိုတောင် လှည့်မကြည့်ဘဲ တစ်ခါတည်း မောင်းပြေးတယ်။ အချိန်က မှောင်နေပြီ။ ကားနံပါတ်ကို ဘယ်သူမှ မမှတ်မိလိုက်ဘူး။ ကျုပ်တစ်ယောက်ပဲ မှတ်မိလိုက်တယ်။ နို့ပေမဲ့ ရဲကို ကျုပ် မတိုင်ခဲ့ဘူး။ ကျုပ်ကိုယ်တိုင် ဆေးရုံ ၁၅ ရက်တက်ရပြီး ဆေးရုံကဆင်းလာတော့ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ နိုင်ငံခြားသွားနေတာ ဟိုမှာ ၁၁ လ ကြာခဲ့ပြီး လွန်ခဲ့တဲ့အပတ်ကမှ ပြန်ရောက်လာတယ်။ နို့ပေမဲ့ ဒီကိစ္စကိုတော့ မမေ့ဘူး။ ဒီကားကို လိုက်ရှာတာ အခုတွေ့ရတာပဲ။ ကားတိုက်မှုဆိုတာ တရားရုံးမှာ ဒဏ်ငွေလောက်ပဲရိုက်တယ်။ လူသေသွားတောင် အများဆုံး ထောင် ၁ နှစ် ၂ နှစ်ပဲ။ ဒီဟာလောက်နဲ့ ကျုပ် မကျေနပ်နိုင်ဘူး။ ကျုပ်ဇနီးလောင်းကို ဒီအခါတုန်းက တမင်သက်သက် ဝင်တိုက်တဲ့ကားက ကားမောင်းတဲ့လူကို သတ်ရမှ ကျုပ် ကျေနပ်မယ်။ ဒါကြောင့် အဲဒီညမှာ မောင်းတဲ့လူကိုသတ်ရအောင် လာခဲ့တာပဲ။ အခုတွေ့ပြီ။ နို့ပေမဲ့ အခြေအနေက တစ်မျိုးပြောင်းသွားတယ်။ ကဲ . . ဦးပဒုံထွန်း၊ ကျုပ်ဘဝမှာ

www.burmeseclassic.com



အဖိုးထိုက်အတန်ပစ္စည်း ကျုပ်မယ် ဆုံးရှုံးရပြီ။ ကျုပ်နဲ့လက်ထပ်မယ့် မိန်းမတော့ မရှိတော့ဘူး။ ဓာတ်ပုံပဲ ကျန်ရစ်တော့တယ်။ ခင်ဗျားဂုဏ်သိက္ခာတွေ ဆုံးရှုံးရပြီး ခင်ဗျားအိမ်သားတွေပေါ်မှာတောင် ခင်ဗျား ဉ်သိက္ခာမရှိတော့ဘူး။ ဒီတော့ ကျုပ် စိတ်ကျေနပ်ပြီ”

ညွှန့်သည်သည် နေရာမှထလိုက်၏။ ထို့နောက် မတ်တတ်ရပ်လျက် ဆက်လက်၍. . .

“ကဲ. . ကျုပ်သွားမယ်။ ယက်ထဲကသေနတ်ကိုတော့ အသုံးမပြုပါနဲ့ ဗျား။ ပြုမယ်လို့လည်း ကျုပ် မထင်ပါဘူး။ နို့ပေမဲ့ တကယ်လို့ ခင်ဗျားပစ်တောင် ကျုပ် မကြောက်ပါဘူး။ သေဝံ့ပါတယ်”

ဦးဟန်ထွန်းသည် လက်ထဲမှသေနတ်ကို သတိမရဘဲ ထူးဆန်းသော ညွှန့်သည်အား မျက်တောင်မှုမခတ်ဘဲ စိုက်၍ကြည့်နေလေ၏။ သားအမိ သုံး ယောက်တို့မှာလည်း မှင်တက်မိနေသကဲ့သို့ လူစိမ်းအားစိုက်ကြည့်ကာ အံ့အား သင့်လျက် ရှိကြကုန်၏။ ညွှန့်သည်က ဆက်လက်၍. . .

“ခင်ဗျားကို ကျုပ် ဒဏ်ခတ်ပြီးပြီ။ စိတ်ဆင်းရဲတဲ့ဒဏ် တစ်သက်လုံး ခံပေရော့။ ဩော်. . တစ်ခုတော့ ကျုပ် ကတိပေးခဲ့ပါတယ်။ ဒီအကြောင်းတွေ ကိုကို ကျုပ် ဖွင့်မပြောဘူးဆိုတာတော့ စိတ်ချပါ။ ကျုပ်ဟာ ကတိတစ်လုံးကို အယ်တော့မှုဖျက်တဲ့လူ မဟုတ်ဘူး။ ကျုပ်နာမည် စောရမောင်မောင်တဲ့ မှတ် ထားကြ။ ကဲ. . ကျုပ်သွားမယ်”

ပြောပြောဆိုဆိုနှင့်ပင် ထူးဆန်းသောညွှန့်သည်သည် တိုက်အတွင်းမှ ဘူချွေ့ရစ္စာ ထွက်သွားလေသတည်း။

(အကယ်၍ ဤဝတ္ထုသည် ကားနံပါတ်များ မတော်တဆတူခဲ့သော် စာရေးသူ၏ မိတ်ကူးယဉ်မှုသာဖြစ်ကြောင်း မှတ်ယူစေလိုသည်။ စာရေးသူ။)

◈

www.burmeseclassic.com

www.burmeseclassic.com

## စောရမောင်မောင် ၅

စောရမောင်မောင်ခေါ် ဘသီလှသည် ခရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း)ရှိ သူ၏တိုက်ခန်းတွင် ကြိမ်ပက်လက်ကုလားထိုင်ပေါ်၌ထိုင်ရင်း အညောင်းဆန့် လျက်ရှိရာမှ စီးကရက်တို့ကို ငွေလင်ပန်းကလေးထဲသို့ ထိုးထည့်ကာ လက်ဖြင့် ဖိ၍ ပွတ်ချေလိုက်လေ၏။

ဘသီလှနှင့် စာဖတ်ပရိသတ်များအား စာရေးသူက မိတ်ဆက်ပေးရ မည်ဖြစ်ရာ ဘသီလှသည် ယူနီဗာစီကီတွင် တစ်နှစ်မျှနေခဲ့ဖူး၍ မည်သည့် စာမေးပွဲမျှ မအောင်ခဲ့သော်လည်း အင်တာအောင်သော လက်မှတ်လိမ်တစ်စောင် ဖြင့် ရှမ်းပြည်နယ်တွင် အရာရှိတစ်ယောက် ဖြစ်ခဲ့ဖူး၏။ တစ်ဖန် အလုပ်မှထွက် ကာ မန္တလေးတွင် အလုပ်အကိုင်အမျိုးမျိုးဖြင့် လှည့်လည်ကျက်စားခဲ့ပြီးနောက် နောက်ဆုံး ရန်ကုန်သို့ ရောက်ရှိလာခဲ့လေသည်။ (အတွဲ ၈၊ အမှတ် ၈ မြဝတီ မဂ္ဂဇင်း ၁၉၆၀ ပြည့်နှစ်၊ ဇွန်လ)

မြို့လယ် ကုန်တိုက်ကြီးတစ်တိုက်တွင် စာရေးအလုပ်ကို လုပ်လျက် ရှိသော်လည်း ယင်းအလုပ်မှာ ဗန်းပြအလုပ်မျှသာဖြစ်၍ ဘသီလှသည် တိပ်တန်း လူဆိုးများနှင့်ပေါင်းကာ ကိုယ်တိုင်လုပ်သင့်သော အလုပ်ဖြစ်က ကိုယ်တိုင် လုပ်ခြင်း၊ တပည့်နှင့်ပြီးနိုင်က တပည့်တပန်းအား ခိုင်းစေခြင်း၊ လိမ်နည်းကောက် နည်း အမျိုးမျိုးကို သင်ပြပေးခြင်း၊ အခါပေးခြင်း စသည်တို့ဖြင့် တစ်ပေါ်တစ်လမ်းမှ ဝင်ငွေဖြောင့်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ရန်ကုန်အရှေ့ပိုင်း ခရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း) ထူကုံထံရပ်ကွက်၌ တစ်လလျှင် တစ်ရာမျှပေးရသော တိုက်ခန်းတစ်ခန်းကို ငှားကာ ခမ်းနားသပ်ရပ်စွာ နေထိုင်ခဲ့၏။

ဘသီလှမှာ ကျောင်းထွက်ကတည်းကပင် အနောက်နိုင်ငံမှ လူဆိုး သင်းများအကြောင်း၊ စုံထောက်များအကြောင်း စသည့် စာအုပ်များကို ဖတ်လျက် ချုပ်ဖျက်နည်း၊ အသံဖျက်နည်း၊ လက်ပုံစံပြောင်းနည်း၊ သော့တူလုပ်နည်း၊ သံ သေတ္တာဖွင့်နည်း၊ လက်လှည့်နှင့် မျက်လှည့်အတတ်စသည်တို့ကို အပျင်းပြေ လေ့ကျင့်လေရှိ၏။ သို့နှင့် စောရအတတ်တွင် တစ်ဖက်ကမ်းခပ်သည်မှာ ဆိုရ လောက် တတ်မြောက်ခဲ့လေသည်။

သို့သော် ဘသီလှသည် တွေ့ရာမြင်ရာအလုပ်ကို လုပ်လေ့မရှိဘဲ အတယ်ပိုင်လောက်မှ လုပ်ကိုင်တတ်၏။ အခြားသော စောရများသည်ပင် မိမိတို့ တတ်နိုင်သည့် အလုပ်များ၌ ဘသီလှထံ အကူအညီတောင်းကြရ၏။ ထိုအခါ မျိုး၌ ဘသီလှသည် ပစ္စည်းရှင်ကိုလည်းကောင်း၊ အစိုးရကိုလည်းကောင်း တစ်စုံ တစ်ရာ ဒုက္ခမပေးဘဲ ပစ္စည်းကို မည်သို့မည်ပုံ ခိုးယူရမည့် အကြောင်းများနှင့် စပ်သက်၍ အသေးစိတ် ညွှန်ကြားချက်များ ပေးတတ်၏။ ဘသီလှသည် သူယက်မှု၊ တိုက်ခိုက်မှုစသော သွေးထွက်သံယိုဖြစ်မည့် အမှုများကို မည်သည့် အခါမျှ မိမိကိုယ်တိုင်မပြု၊ သူတစ်ပါးကိုလည်း အားမပေးဘဲ အဖိုးတန်ပစ္စည်း တစ်ခုကို အသက်သာဆုံး၊ အညင်သာဆုံးနည်းဖြင့်သာ ခိုးယူလေ့ရှိ၏။ တစ်နည်း အားဖြင့်သော် ဘသီလှသည် စောရအတတ်ကို အနုနည်းအားဖြင့် အသုံးချ လေ့လာနေသူတစ်ဦးဟုပင် ခေါ်နိုင်ပေသည်။ အိတ်ထဲတွင် ပစ္စတိုသေနတ် ကလေးကို အမြဲဆောင်ထားသော်လည်း မည်သည့်အခါမျှ အသုံးချရသည်တွင် မရှိဘဲ ဦးနှောက်ဖြင့်သာ အကြံဉာဏ်ထုတ်၍ ခိုးယူလေ့ရှိလေသည်။ ဘသီလှသည် စောရများတွင် ခေါင်းချုပ်တစ်ယောက်ဖြစ်၍ မကောင်းမှုဖြင့် အသက်မွေးသည် မှန်သော်လည်း ကတိတည်ခြင်း၊ သစ္စာရှိခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ သက်ကြီး ဝါကြီးများအား ရိုသေလေးစားခြင်း စသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံ၍ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်အနေဖြင့် သူနှင့်သိသူ အပေါင်းတို့က ချစ်ခင်ကြ လေသည်။

တစ်ကြိမ်က ဘသီလှသည် အတိုးကြီးစား သူဌေးတိုက်တစ်တိုက်မှ သံသေတ္တာကိုဖွင့်၍ အပေါင်ခံထားသည့် ရွှေထုပ်များကိုခိုးယူကာ ထိုရွှေထုပ်များ

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် မိမိအား ငွေကြေးချေးငှားထောက်ပံ့ခဲ့ဖူးသူ ကျေးဇူးရှင်တစ်ယောက်၏ ငွေထုပ်တစ်ထုပ်ပါလာသဖြင့် ထိုငွေထုပ်ကို ဥစ္စာရှင်ထံ စာတိုက်မှ ပေးပို့လိုက်လေသည်။ ထို့ပြင် ဘသီလုသည် ချစ်တီးကဲ့သို့ အတိုးကြီးစားသူများ၊ ကုန်ပစ္စည်းများကို အဆမတန် အမြတ်ယူ၍ ရောင်းချသော အမြတ်ကြီးစားများကို လွန်စွာမုန်းတီးပြီးလျှင် ၎င်းတို့၏ မတရားသဖြင့် ရအပ်သောပစ္စည်းများကို နှိုက်နှိုက်ချွတ်ချွတ် ရှာရှာဖွေဖွေ ခိုးယူတတ်လေသည်။

ထို့ပြင် ဘသီလုမှာ လူတစ်ဖက်သားအား ကြင်နာသနားတတ်ခြင်း ကူညီလိုခြင်းစသော စိတ်ကောင်းများလည်း ရှိသဖြင့် အခိုးခံရသူများပင် ဘသီလု အပေါ်တွင် ရက်ရက်စက်စက် မလုပ်ကြပေ။ အမှန်သော် ဘသီလုသည် အကယ်၍ ခိုးတတ်သောဉာဉ်သာ မပါခဲ့ပါမူ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်၍ နေပေလိမ့်မည်။

ဘသီလုသည် အနီးရှိစားပွဲပေါ်တွင် တင်ထားသော ရွှေစီးကရက်ဘူး ထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်ပြန်၏။ ထိုအခိုက် တိုက်အောက်ထပ်တွင် ကားတစ်စီးဆိုက်သံ ကြားရပြီးနောက် အခန်းတံခါးခေါက်သံ ကြားရသဖြင့် အိမ်စေသူငယ်ကလေးက တံခါးဖွင့်ပေးရာ အသက် ၅၀ ခန့်ရှိ သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ဝင်လာလေသည်။ လူကြီးသည် ဘသီလုအား အတန်ငယ်သိသည့်ဟန်ဖြင့် ကြည့်လျက်ရှိရာ ဘသီလုကလည်း ထိုလူကြီး၏မျက်နှာမှာ သူစိမ်းပြင်ပြင် မဟုတ်ဘဲ တစ်ကြိမ်နှစ်ကြိမ် တွေ့ဖူးသည် ထင်မိ၏။ သို့နှင့် နေရာမှထပြီးလျှင် ခရီးဦးကြိုပြုကာ နေရာထိုင်ခင်းများ ပေးလေသည်။

"ထိုင်ပါခင်ဗျာ၊ ထိုင်ပါ ဦး"

"ကျုပ်နာမည် ဦးစိန်ကြည်လေ။ ၆ မိုင်ခွဲမှာ နေတယ်။ မောင့်ကို ကျုပ် တစ်ခါနှစ်ခါ တွေ့ဖူးပါတယ်။ ပါတီမှာလား၊ မင်္ဂလာဆောင်တွေမှာလား တော့ မပြောတတ်ဘူး"

"ဟုတ်ကဲ့၊ ဟုတ်ပါလိမ့်မယ်ခင်ဗျာ"

"မောင် နေထိုင်ကောင်းရဲ့နော်။ ရေကျော်ဘက်ကိုလာရင်း မောင့်အိမ် ကိုလည်း ရောက်ဖူးချင်တာနဲ့ လှည့်ဝင်လာခဲ့တာပဲ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ လာပါ။ ဒီလို လူကြီးလူကောင်း တွေ လာပြီးလည်တယ်ဆိုတာ ကျွန်တော် ဂုဏ်ယူပါတယ်။ ပြီးတော့ ကျွန်တော် ကလည်း တစ်ယောက်တည်းနေတဲ့လူဆိုတော့ ခေါ်သည်ကို မျှော်နေတာပဲ"

www.burmeseclassic.com



"ရုံးမှာ အလုပ်လုပ်သေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ လုပ်ပါတယ်။ နို့ပေမဲ့ အချိန်စောပါသေးတယ် ခင်ဗျား။ ပြီးတော့ ကျွန်တော် အလုပ်လုပ်တဲ့တိုက်က သူဌေးတိုက်ဆိုတော့ အချိန်တိတိကျကျ ရောက်ဖို့ မလိုလှပါဘူး။ ဆယ်နာရီကျော်ကျော်လောက် ရောက်ရင် ပြီးတာပါပဲ"

"ကောင်းပါတယ် မောင်၊ ဦးကိစ္စက"

ဦးစိန်ကြည်သည် ပြောရမည့်ကိစ္စကို ခပ်ဆိုင်းဆိုင်းရှိနေသကဲ့သို့ ဆိုနေရာတွင် ခေတ္တစကားရပ်ထားလိုက်သဖြင့် ဘသီလှသည် ဦးစိန်ကြည် အချိန်ယူနိုင်စေရန် မိမိနံဘေးတွင်ထားသော ရွှေစီးကရက်ဘူးကိုဖွင့်ပြီးလျှင် "စီးကရက်သောက်ပါဦး ခင်ဗျာ။ ပြီးမှ ဖြည်းဖြည်းပြောတာပေါ့" ဟု အားပေးသည့် အနေဖြင့် စီးကရက်တည်ရင်း စကားဖန်ထိုးလိုက်လေသည်။ ဦးစိန်ကြည်သည် စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီးလျှင်. . .

"ကိစ္စက ဒီလိုမောင်ရဲ့။ အရေးမကြီးဘူးလည်း ဟုတ်ကဲ့၊ အရေးကြီးတယ်ဆိုလည်း ဟုတ်ကဲ့။ ဦးရဲ့ဇနီးသည် အသက် ၂၅ နှစ်မြောက် မွေးနေ့ပါတီ လုပ်မလို့ မောင်ရဲ့။ အခုလာမဲ့ စနေနေ့ညပဲ။ ဒီကနေ့ ကြာသပတေးနေ့ဆိုတော့ သန်ဘက်ခါညပေါ့မောင်။ ဟောဒီမှာ မောင့်အတွက်ဖိတ်စာ"

ဦးစိန်ကြည်သည် လက်ဝဲဘက်အင်္ကျီအိတ်ထဲမှ စာအိတ်အဖြူတစ်လုံးကိုထုတ်၍ ဘသီလှအား ပေးလိုက်၏။ ဘသီလှသည် အတွင်းမှ ငွေရောင်အနားသတ်ထားသော ကတ်ပြားကလေးကို ထုတ်ယူပြီးလျှင် ၅ စက္ကန့်မျှ ကြည့်လိုက်လေသည်။

"ကောင်းပါပြီခင်ဗျာ။ ကျွန်တော် လာပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်။ ဒါနဲ့ကိစ္စက"

"ဟုတ်ကဲ့ ဦး၊ ကိစ္စအမိန့်ရှိပါဦး"

"ဒီလိုမောင်ရဲ့၊ အခု ကျုပ်ဇနီးရဲ့ မွေးနေ့ပါတီပွဲမှာ လူများများမဟုတ်ပါဘူး။ ကိုယ်နဲ့ အင်မတန် ခင်မင်ရင်းနှီးတဲ့လူ ၁၀၀ လောက်ပဲ ဖိတ်ထားပါတယ်။ အားလုံးလူကြီးလူကောင်းတွေ၊ တကယ့် ထိပ်သီးလူကုံထံတွေချည်းပါပဲ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါဦး"

"အဲဒီပွဲမှာ မီမီရီဟာ ကျုပ်က မွေးနေ့လက်ဆောင်ပေးတဲ့ ပုလဲပုတီး ဆင်ပြီး ညှော်ခံလိမ့်မယ်။ ဒီပုလဲပုတီးက နှယ်နှယ်ရရမဟုတ်ဘူး မောင်ရဲ့။

www.burmeseclassic.com



ကျွန်အသေ လက်ထက်ကတည်းက မြိတ်က တရုတ်သူဌေးတစ်ဦးဆီက ၅၀၀၀ ပေးပြီး ဝယ်ခဲ့ရတဲ့ ပုတီး။ ကျုပ်တို့အဖေက နီလာတို့၊ ပတ္တမြားတို့၊ မြတို့ ပုလဲတို့ အဲဒီလို ရတနာတွေထဲမှာ 'တခြားပစ္စည်းနဲ့မတူအောင် ထူးထူးကဲကဲ အရည်အသွေးရှိတဲ့ ကျောက်မျက်ရတနာတွေကို စုဆောင်းလေ့ရှိတဲ့ ဝါသနာ ရှိတယ်။ ဒါကြောင့် ဒီပုတီးကို ၅၀၀၀ ပေးပြီး တရုတ်သူဌေးဆီက မရမက ဝယ်ခဲ့တာပေါ့ မောင်ရဲ။ တရုတ်သူဌေးကလည်း သူ့အဖေကြီးကိုယ်တိုင် ပုလဲငုပ် လုပ်ငန်းရှိတဲ့နေရာသွားပြီး တကယ့်ရွှယ်တူ အသွေးတူရအောင် တဖြည်းဖြည်း စုဆောင်းလာတာ ၁၀ နှစ်ကျော်ကျော်လောက်ရှိမှ ဒီပုလဲပုတီးတစ်ကုံးစာရသတဲ့။ အားလုံး ပုလဲလုံး ၂၂ လုံးရှိတယ်။ အဖိုးတန်တာ,မတန်တာ အပထားပြီး ဒီလို အရည်အသွေးကောင်းတဲ့ သွေးတူ မွေးတူ ၂၂ လုံးရဖို့ ကျုပ်တို့မြန်မာနိုင်ငံမှာ ခပ်ရှားရှားပဲ''

ဘသီလုသည် စီးကရက်တစ်လိပ်ကို မီးညှိသောက်လိုက်ပြီးလျှင် အတော်ပင် စိတ်ဝင်စားသည့်ဟန်ဖြင့် . .

''ဟုတ်ကဲ့၊ ပြောပါဦးခင်ဗျာ။ အတော်စိတ်ဝင်စားစရာ ကောင်းတာပဲ''

''ကျုပ်က ၄၈ နှစ်၊ အခု မိမိရီက ၂၅ နှစ်ဆိုတော့ အသက်ချင်း အတော်ကွာကြတယ်။ သူက အပျို၊ ကျုပ်က မုဆိုးဖို။ လက်ထပ်တာလည်း မကြာလှသေးဘူး။ ဒါနဲ့ တစ်နေ့တော့ ကျုပ်မိဘများလက်ထက်က ထားခဲ့တဲ့ ရတနာသေတ္တာကလေး ဖွင့်ပြတဲ့အခါ ဒီပုလဲပုတီးကို လိုချင်လှချေရဲ့ဆိုပြီး ပူဆာ လို့ သူ့မွေးနေ့ကျမှ လက်ဆောင်ပေးရတာကို မောင်ရဲ''

''ဟုတ်ကဲ့ ခင်ဗျာ။ ဆိုပါဦး''

''ဒီပုလဲပုတီးကို မိမိရီက အခု သူ့မွေးနေ့ပါတီမှာ ထုတ်ဝတ်ချင်တယ်။ ကျုပ်ကတော့ နောက်မှ အေးအေးဆေးဆေးဝတ်ဖို့ ပြောပါတယ်၊ ဒါပေမဲ့ မရဘူး။ သူကလည်း ဒီပွဲမှာ ဒီပုတီးမဝတ်ရရင် ဘာလုပ်မလဲဆိုတာတော့ ကျုပ်လည်း မပြောနိုင်တော့ဘူး။ မိန်းမများဟာ အင်မတန်လှချင်တာကလား မောင်ရယ်''

''အရွယ်ကလည်း ငယ်သေးပေတာကိုး ခင်ဗျ''

''ဒီတော့ ပြောရဦးမယ်။ ဒီပုလဲပုတီးဟာ အင်မတန်ရှားပါးတဲ့ ပစ္စည်း ဖြစ်ပြီး အဖိုးတန်တဲ့အကြောင်း သိတဲ့လူတစ်စုရှိတယ် မောင်ရဲ။ ဒီလူစုက ဒီပုတီးကို ခိုးဖို့ကြံစည်နေတယ်ဆိုတာ ဦးသိရတယ်။ အနောက်ပိုင်းက နာမည် ကြီး လူတစ်စုပေါ့ မောင်။ သူတို့ခေါင်းဆောင်က ကျုပ်နဲ့လည်း နည်းနည်းပါးပါး

www.burmeseclassic.com



သိပါတယ်။ မရှိဆင်းရဲသားအပေါ်မှာ ခေါင်းပုံဖြတ် အတိုးကြီးစားနေတဲ့ လူတစ်ယောက်။ လူကြီးလူကောင်းနာမည်ယူပြီး အညစ်ပတ်ဆုံးအလုပ်တွေ လုပ်နေတဲ့ လူတစ်ယောက်ပေါ့။ ကြံတယ်ဆိုပေမဲ့ လိင်ဖို့ ခိုးဖို့လောက် ကြံတာပါပဲ။ အကြမ်းဖက်ပြီးလုပ်တော့ မလုပ်ဝံ့ပါဘူး''

''ဒီလိုဆိုရင် ရဲဘက်ကို အကူအညီတောင်းဖို့. . ''

စကားမဆုံးမီ ဦးစိန်ကြည်က ကြားဖြတ်၍. .

''ဦး စိက်ကူးပြီးပါပြီ မောင်ရယ်။ ဒီလိုဆိုရင် ပိုပြီးနာမည်ကြီးသွားမယ်၊ မဖြစ်ဘူး။ ဒီလိုနာမည်ကြီးသွားတာကိုလည်း ကျုပ် မလိုလားဘူး။ နောက်မလွဲသာတဲ့အခါကျမှ သိချင်သိပေစေ။ ဒါကြောင့် မောင့်အကြောင်း ဦး နည်းနည်းထဲပါး ကြားဖူးတာနဲ့ မောင့်ဆီလာခဲ့တာပဲ''

''ဒီတော့ ကျွန်တော် ဘယ်လိုကူညီရမလဲခင်ဗျား။ အမိန့်ရှိပါ''

''ပါတီကိုလာတဲ့ လူတွေနဲ့ မောင်က ရောနှောပြီး ပရိသတ်တွေ အသွားအလာ အကဲခတ်။ နောက် မိမိရီကို တစေ့တစောင်း ကြည့်ရှုစောင့်ရှောက်ဖို့ပါပဲ''

''ဖိတ်စာ ဘယ်လောက်ကမ်းထားပါသလဲ ခင်ဗျာ''

''ဖိတ်စာ ၁၀၀ တိတိပါ။ နံပါတ်စဉ်အတိုင်း ထိုးဖွင့်မှာမို့လို့ ဖိတ်စာကို ယူလာဖို့လည်း မေတ္တာရပ်ခံထားပါတယ်။ ဂိတ်ပေါက်မှာ ဒရဝမ်ကုလားနဲ့ သူငယ်နှစ်ယောက်က ဖိတ်စာသိမ်းပါလိမ့်မယ်။ သည်တော့ သူစိမ်းတစ်ရုံဆံ ဝင်နိုင်ဖို့ မရှိပါဘူး''

''ကောင်းပါတယ် ခင်ဗျာ''

''ကဲ. . ဦးပြောတာ ရှင်းပြီမဟုတ်လား''

''ရှင်းပါတယ် ခင်ဗျာ''

''လူများလည်း မသိအောင်၊ ရဲဘက်ကိုလည်း အကူအညီ မတောင်းရလေအောင် မောင်က ဒီလိုနေရာမျိုးမှာ နံ့စပ်တယ်ဆိုတာ သိတာနဲ့ မောင့်ဆီကို လာခဲ့တာပဲ''

''မြွေမြွေချင်း ခြေမြင်ရမယ် ဆိုပါတော့''

''ဆိုပါတော့ မောင်မောင်၊ ဆက်ဆက်သာ ကြွခဲ့ပါတော့ ဟောဒါက မောင်လာရမယ့် ဒုက္ခအတွက် ဦးက''



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ကြည်သည် ၁၀၀ တန် ငွေစက္ကူ ၃ ချပ်ကို အိတ်ထဲမှ ထုတ်ပြီးလျှင် ဘသီလှရှိရာသို့ လက်ကမ်းလိုက်လေ၏။ သို့သော် ဘသီလှသည် ငွေကို လှမ်း၍မယူဘဲ ဦးစိန်ကြည်၏လက်ကို ညင်သာစွာ ဖယ်ရှားလိုက်လေသည်။

"အခုပေးစရာ မလိုသေးပါဘူး ခင်ဗျာ။ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို နောင် အကြောင်းတစ်စုံတစ်ရာ ဖြစ်လာမှ ယူသင့်ယူပါရစေ"

ဦးစိန်ကြည်သည် မိမိငွေများကို ပြန်၍ရုပ်သိမ်းလိုက်ရ၏။ ထို့နောက် ဘသီလှ တည်ခင်းသော စီးကရက်တစ်လိပ်ကို ထပ်မံသောက်ပြီးလျှင် စနေနေ့ည၌ ခပ်စောစော လာရောက်ရန်အကြောင်း၊ လာသောအခါ ဖိတ်စာကိုပါ ယူလာရန်အကြောင်း၊ ယခုကိစ္စမှာ ရဲဘက်ကသိလျှင် သတင်းထောက်များပင် သိသွားမည်ဖြစ်သဖြင့် မိမိ၏အတွင်းရေးကို ဥက္ကောဋ္ဌမေယျ မဖြစ်စေလိုသဖြင့် ယခုကဲ့သို့ အစီအစဉ်ပြုလုပ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောဆိုပြီးလျှင် သူဌေးဦးစိန်ကြည် ပြန်သွားလေသည်။

ပြည်လမ်း ၆ မိုင်ခွဲရှိ (. . .) ခေါ် အိမ်ဝင်းခြံအတွင်း၌ ထိုနေ့ညဉ့် ၇ နာရီမှစ၍ တစ်ခြံလုံးရောင်စုံမီးလုံးများဖြင့် ထွန်းညှိထား၏။ သစ်ပင်မနိမ့်မမြင့်များနှင့် ပန်းရုံများပေါ်တွင် သေးငယ်သော အနီအပြာနှင့် အဝါမီးပွင့်ကလေးများ သွယ်တန်းလျက်ရှိ၏။ ခြံကြီးအလယ်၌ နှစ်ထပ်အိမ်တစ်ဆောင်ရှိရာ၊ ရှေ့မျက်နှာဖြစ်သည့် စိမ်းလဲ့သော မြက်ခင်းပတ်လည်တွင် အနီရောင်မီးလုံးများ ထွန်းညှိထားရာ အစိမ်းရောင်ကတ္တီပါ ကော်ဇော်ကြီးကို အနီရောင်ဖဲကြိုးဖြင့် အနားသတ်ထားသည်နှင့် တူလှ၏။ ထိုဖဲကြိုးနီ၏နောက်တွင် အဝါရောင် ခေါက်ကုလားထိုင်ကလေးများ စီချထားလေသည်။

၇ နာရီခွဲလောက်မှစ၍ ဧည့်သည်များသည် ကားကြီးကားငယ်များနှင့် တဖွဲဖွဲရောက်လာကြ၏။ ခြံအဝင်တံခါးပေါက်တွင် ဂေါ်ရခါးဒရဝမ်တစ်ယောက်၊ အရပ်ဝတ်အရပ်စား ရဲအုပ်တစ်ယောက်၊ ယူနီဖောင်းနှင့် ရဲသား ၂ ယောက်တို့ရှိ၏။ ဧည့်သည်များသည် ဖိတ်စာကတ်ပြားကလေးများကို သိမ်းဆည်းနေသော သူငယ်လက်ထဲသို့ ပေးကြရ၏။ ဝတ်ကောင်းစားလှဖြင့် ယောကျ်ား မိန်းမများသည် နူးညံ့သော မြက်ကော်ဇောပေါ်သို့ တက်ရောက်လာကာ အိမ်ရှင်သူဌေးဦးစိန်ကြည်အား လက်ဆွဲနှုတ်ဆက်ကြ၏။ ဘွိုင်ကုလားများသည် ငွေလင်ပန်းဖြင့် ထည့်ထားသော အရက်ဖန်ခွက်ကလေးများကို ဧည့်သည်များ ကြိုက်ရာယူငင်သောက်သုံးရန် မြက်ခင်းပေါ်တွင် လှည့်လည်လျက်ရှိကြ၏။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



များသည့် ၄ ယောက်တစ်စု၊ ၅ ယောက်တစ်စု အရက်ဖန်ခွက်များကိုကိုင်ကာ ကားစမြည် ပြောလျက်ရှိကြရာ၊ မိန်းမများက လိမ္မော်ရည်ဖန်ခွက်များကို ကိုင်ထားကြ၏။ ဘွိုင်ကုလား ၂ ယောက်၊ ၃ ယောက်တို့မှာ မုန့်ချိုများ၊ အသားသွတ်မုန့်ကလေးများနှင့် ချော့ကလက်များပါသော လင်ပန်းများကိုကိုင်၍ ဧည့်သည်များ လိုရာသုံးဆောင်ရန် လူအုပ်ထဲတွင် လှည့်လည်လျက်ရှိကြ၏။ အရွယ်ကောင်းရုပ်ကောင်း စုံတွဲများလည်း လင်ဂုဏ်မယားဂုဏ် တက်ကြွသော မျက်နှာထားများဖြင့် မြက်ခင်းထဲသို့ ဝင်လာကြ၏။ ဤသို့ဖြင့် ရောင်စုံပိုးဖဲ နိုင်လွန်၊ ဘရိုကိတ်တို့၏ အရောင်များနှင့် စိန်ရွှေလက်ဝတ်လက်စားတို့၏ ပန်ရာ ဝင်းခနဲ လက်ခနဲ ရှိနေ၏။

ဤသို့ အထက်တန်းလွှာ လူ့အဖိုးတန်လူကုံထံများ လာရောက်ကြသည့် ပွဲကြီးကား သူဌေးကတော်လေး မိမိရီ၏ ၂၅ နှစ်မြောက်မွေးနေ့အတွက် ကျင်းပသောပွဲဖြစ်လေသည်။

ခြံအတွင်းရှိ ပန်းဥယျာဉ်မှာ အတော်ပင်ကျယ်ဝန်းသဖြင့် မြက်ခင်း၏ ထောင့်တစ်ဖက်တစ်ချက်တွင် သစ်ပင်အုပ်ကလေးများ၊ ပန်းရုံကြီးများ ရှိ၏။ ခြံထောင့်နောက်ဖေးဘက်တွင် သရက်ပင်အုပ်ကလေးများရှိ၍ ၎င်းတို့အောက်၌ အေးအေးလူလူထိုင်ရန် ထိုင်ခုံများ၊ တန်းလျားများ လုပ်ထား၏။ အိမ်နောက်ဖေးဘက်မှာ မြေနိမ့်ဖြစ်၍ သံလက်ရန်းများ တပ်ထားသော ကျောက်လှေကားထစ်များဖြင့် အောက်သို့ဆင်းရ၏။ အိမ်ရှေ့ဥပစာမှလွဲ၍ ဝင်းခြံပတ်လည်တွင် ၇ ဆန့်မြင့်သော သံတံတိုင်းဖြင့် လုံခြုံစွာ ကာထားလေသည်။ ပန်းနွယ်ပင်များကို အဆင်ဖြူသုတ်ထားသော ပန်းခုံးများဖြင့် တင်ထား၏။ ထိုခုံးများအောက်၌လည်း ထိုင်ခုံတန်းလျားများ ပြုလုပ်ထားရာ ခုံးပေါ်တွင် ခရမ်းရောင်မီးလုံးကလေး တပ်ဆင်ထားလေသည်။

ပါတီပွဲကို ၇ နာရီတွင် ဖိတ်ထားသော်လည်း ဧည့်သည်များ တဖွဲဖွဲ ရောက်ဆဲပင်ရှိသဖြင့် ၇ နာရီခွဲအထိ ပါတီကို မစရသေးချေ။ ထို့ပြင် ပရိသတ်သည် တစ်စုံတစ်ရာကို မျှော်လင့်နေသကဲ့သို့ လည်တဆန့်ဆန့်ဖြင့် ရှိနေရာ ၎င်းမှာ ဧည့်ခံမည့် အိမ်ရှင်အမျိုးသမီး မိမိရီကို မမြင်ရသေးခြင်းပင် ဖြစ်၏။ ထို့နှင့် ပရိသတ်ထဲမှ အထူးသဖြင့် အမျိုးသမီးများသည် အိမ်ဆီသို့ မကြာခဏ လှမ်းမျှော်ကြည့်ရှုလျက် ရှိကြလေသည်။ အမျိုးသမီးတစ်ဦးက "တကတော် အခုထက်ထိ ကြွမလာနိုင်ဘူး" ဟု အိမ်ဘက်သို့ လှည့်၍ပြောလိုက်ရာ အနီး၌



www.burmeseclassic.com

www.burmeseclassic.com



အခြားအမျိုးသမီးတစ်ဦးက "အလှပြင်တုန်းနဲ့ တူပါတယ်။ ကိုယ်ကိုယ်သူသူ နဂိုက ဘယ်လောက်ပဲလှလှ ပွဲထိုင်သွားရမယ်ဆိုရင် မှန်နဲ့ခွာလို့မရကြဘူး" ဟုပြောရာ အနီးရှိ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့သည် ဝိုင်း၍ ရယ်လိုက်ကြလေသည်။

၇ နာရီ ၃၅ မိနစ်တွင် မြက်ခင်း၏လက်ယာဘက်မှ တူရိယာသံများ ထွက်ပေါ်လာရာ နွဲ့ဆိုသူ အဆိုကျော်တစ်ယောက်အသံ ဖြစ်၏။ တေးချင်း ဆုံးလျှင် ကိုမင်းသူ၏ အသံဖြစ်သဖြင့် ပရိသတ်များ နားစွင့်၍ထောင်ကြ၏။ မြက်ခင်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ၁၂ ပေပတ်လည် ကြိုးဝင်းများ ပြုလုပ်ထား၍ ၎င်းအတွင်း၌ တူရိယာဝိုင်းများ ချထားရာ ပထမ စလိုက်သော တူရိယာသံမှာ မြန်မာတီးဝိုင်းပင် ဖြစ်လေသည်။ ၁၅ မိနစ် အချိန်စေ့သောအခါ ဂျပ်စ်နှင့် ဘင်ခရာတေးသံများကို လက်ဝဲဘက်မှ ကြားရပြန်လေသည်။ နောက် တစ်ကြိမ် မြန်မာတူရိယာဝိုင်းမှ အဆိုတော်ထား၏ 'ချစ်နေမည်' သီချင်းသံကို ကြားကြရ၏။ အဆွဲအငင် အရစ်အကျော့ ကောင်းလှသဖြင့် ပရိသတ်များ ပို၍ နားစွင့်မိကြ၏။ ဤသို့ ငြိမ့်ညောင်းစွာ တီးမှုတ်လျက်ရှိစဉ် "ဟော.. လာပြီ" ဟူသော အသံတစ်သံကြောင့် အတန်ငယ် ရုတ်ရုတ်သဲသဲ ဖြစ်သွားရာ ပရိသတ်များသည် အိမ်ဘက်ဆီသို့ ကြည့်လိုက်ကြ၏။ သူဌေးကတော်လေး မိမိရီသည် အိမ်ရှေ့ဆင်ဝင်အောက်မှ မြက်ခင်းရှိရာသို့ အဖော်မိန်းမကြီး နှစ်ယောက်နှင့် တဖြည်းဖြည်း လာ၍နေလေပြီ။

မိမိရီသည် အပြာနုရောင် နိုင်လွန်လက်စက အင်္ကျီအပြာရင့်ပေါ်တွင် ငွေချည်များဖောက်ထားသော ဘရိုကိတ်လုံချည်ကိုဝတ်ကာ ခုံမြင့်ဖိနပ်အဖြူကို စီးထား၏။ ဆံပင်နောက်တွဲဆံထုံးနှင့် ရွှေချည်ဖြင့် ခတ်၍ထားသော ပလတ်စတစ် စံပယ်ကိုခွေထား၏။ စိန်တစ်လုံးနားကပ်နှင့် စိန်ကြယ်သီးစုံသည် လည်း ကောင်း။ စိန်ခြယ်မြလက်စွပ်သည်လည်းကောင်း၊ အိုမီဂါ ရွှေလက်ပတ်နာရီလေး သည် လည်းကောင်း လှုပ်ရှားတိုင်း ဝင်းခနဲလက်ခနဲ ဖြစ်၍သွားလေ၏။ အထူး သဖြင့် မိမိရီ ဂုတ်ယူသော အဖိုးတန်ပုလဲပုတီးကလေးမှာ ခရမ်းရောင် ပိုးပန် ဖွားများတပ်ကာ ကြော့ရှင်းသောလည်တိုင်၌ ဆွဲထား၏။ မိမိရီမှာ မျက်နှာပေါက် ပြေပြစ်၍ ချောသည်လှသည် မဆိုသာသော်လည်း ယဉ်စစရှိနေလျက် ယောကျ်ား များ၏စိတ်ကို တစ်မျိုးတစ်ဖုံ သွေးဆောင်သည့် ဟန်အမူအရာလည်း ရှိလေ သည်။ မိမိရီသည် ဧည့်သည်များအား လိုက်လံနှုတ်ဆက်လျက်ရှိရာ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



ရိသတ်များကလည်း သူ့ထက်ငါ လောကွတ်ပျူငှာ နှုတ်ဆက်ကြလေသည်။ အမျိုးသားများကိုပင် မိမိနှင့် သိကျွမ်းရင်းနှီးသူများအား ဦးခေါင်းကိုညိတ်၍ သည်းကောင်း၊ ပြုံး၍လည်းကောင်း ခေါ်ငင်နှုတ်ဆက်လေသည်။

မိမိရိသည် ပရိသတ်များကို နှုတ်ဆက်ရင်း လက်ယာဘက်ထောင့်စွန်း ရှိ မြန်မာတီးဝိုင်းအနီးသို့ ရောက်ရှိလာရာ ထိုနေရာ၌ အတန်ငယ်လူရှုပ်သည်နှင့် နောက်မှ အဖော်မိန်းမကြီးနှစ်ယောက်နှင့် ကွဲသွားသည်။ မိန်းမကြီးတစ်ယောက် မှာ မြက်ခင်းထဲသို့ ပထမဝင်လာစကပင် နေရစ်ခဲ့၍ အခြားမိန်းမကြီးတစ်ယောက် သာ ၎င်းနှင့် အတူလိုက်လာခြင်း ဖြစ်သည်။ ထိုအချိန်၌ ဘန်ကောက်လုံချည် ဝန်းရောင်၊ ရှပ်စကင်အပေါ်အင်္ကျီအဖြူဝတ်ထားသော ရှပ်ရည်သနားကမား အသားဖြူဖြူ အသက် ၂၀ ခန့်ရှိ အရပ်မြင့်မြင့်သူငယ်တစ်ယောက်သည် မိမိရိ၏ အနောက်နားမှ ကပ်၍လိုက်လာပြီးနောက် ရှေ့သို့ အတန်ငယ်လွန်သွားသောအခါ မိမိရိဘက်သို့ ပြန်လှည့်ကာ အခြားသူများမမြင်အောင် အိမ်နောက်ဖေးဘက်သို့ မေးငေါ့ပြလိုက်၏။ ထိုအချင်းအရာကို အခြားသူများ မမြင်သော်လည်း ဥရောပ တိုက်သား ညဥ့်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားသူတစ်ယောက်က မနီးမဝေးမှ သတိပြုမိလိုက်လေသည်။ မိမိရိသည် လူတစ်စုနှင့်အတူ ရပ်၍ စကားပြောဆို နေရာမှ အရပ်မြင့်မြင့်သူငယ်လည်း အခြားလူအုပ်နှင့် ရောနှောကာ ပျောက်ကွယ် သွားလေသည်။

ဥရောပတိုက်သားဝတ်စုံကို ခန့်ညားစွာဝတ်လျက် ကိုင်းမပါသော မျက်မှန်တပ်ကာ ပရိသတ်များအား မနီးမဝေးမှ တစေ့တစောင်း အကဲခတ်နေ သူမှာ အခြားသူမဟုတ် ဘသီလှပင် ဖြစ်လေသည်။ ဘသီလှမှာ သူခိုးများ အပေါ်တွင် ခေါင်းပုံဖြတ်ကာ သူခိုးခေါင်းဆောင်တစ်ယောက်ပင် ဖြစ်သော်လည်း ဇာတိသစ္စာရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း မိမိ၏ ဆရာသမားများအပေါ်၌ လည်းကောင်း၊ မိမိကို အားကိုးသူများအပေါ်၌ လည်းကောင်း ထည်သည့်အခါမျှ သစ္စာမဖောက်ဘဲ၊ ၎င်းတို့အကျိုးကို စွန့်စွန့်စားစား ဆောင်ရွက်ပေးတတ်သော ဝါသနာ ရှိလေသည်။ သို့နှင့် သောကြာနေ့ ညနေပိုင်းနှင့် နေ့ဝက်ရုံးဆင်းရ သော စနေနေ့ ညနေပိုင်းတွင် အနောက်ပိုင်းမှ အဆက်အသွယ်ရှိသော လူဆိုးများ အကြောင်းကို လေ့လာစုံစမ်းခဲ့၏။ သူဌေးကတော်လေး မိမိရိအကြောင်းကိုလည်း ၎င်းနှင့်ခင်မင်ရင်းနှီးသူများထံမှ မသိမသာ တီးခေါက်ကြည့်ခဲ့လေသည်။ အဘယ် ကြောင့်ဆိုသော် ဘသီလှ၏အယူအဆမှာ အကယ်၍လူတစ်ယောက်တွင် ကိုစွ

www.burmeseclassic.com



ဘဲခုဖြစ်လာက ၎င်း၏ ရှေးဟောင်းရာဇဝင်ကိုသိမှသာ အထမြောက်အောင်မြင်
စွာ ဆောင်ရွက်နိုင်မည်ဟု မှတ်ယူခြင်းဖြစ်လေသည်။ ဤသို့ လေ့လာပြီးသော
အခါ အဝတ်အစားများလဲပြီးလျှင် မိမိရီ၏ မွေးနေ့ပါတီသို့ လာခဲ့ခြင်းဖြစ်၏။

နောက် ၁၅ မိနစ်ခန့်ကြာ၍ အင်္ဂလိပ်၊ မြန်မာတီးဝိုင်းများမှ တေးဂီတ
သံများ ရပ်သွားသောအခါ ပုဆိုးတောင်ရှည်၊ သက္ကလပ်အနက်ရင်ဖုံးအကျီ
ခေါင်းပေါင်း အုပ်ပေါင်း၊ သားရေပြောင်ရှူးဖိနပ်တို့ဖြင့် သားနားသိုက်မြိုက်စွာ
ဝတ်ဆင်ထားသော လူတစ်ယောက်က ဦးစိန်ကြည်နှင့် မိမိရီတို့ရှိသော အခွဲ
ရှေ့သို့ လာရောက်ကာ ဖန်ခွက်ကိုမြှောက်လျက် "အားလုံးကြွရောက်လာကြ
တဲ့ မင်းပရိသတ်များ ခင်ဗျာ။ ယခု ပါတီဟာ သူဌေးကတော်လေး မိမိ
အသက် ၂၅ နှစ်ပြည့်တဲ့ မွေးနေ့ဖြစ်ပါတယ်။ အခုလို ဖိတ်ကြားထားတဲ့အတိုင်း
ကြွရောက်ချီးမြှင့်ကြတာကို အထူးကျေးဇူးတင်ကဲ့အကြောင်း သူဌေးမင်းနဲ့ သူဌေး
ကတော်လေးကိုယ်စား ကျွန်တော်က ပြောကြားပါတယ်။ ပရိသတ်များ ခင်ဗျာ
သူဌေးမင်းဦးစိန်ကြည်နဲ့ သူဌေးကတော်လေးမိမိရီတို့ အသက်ရာကျော်ရှည်ပါစေ
လို့ ဆုတောင်းရင်း ကျွန်တော်တို့ သောက်ကြပါစို့"

သို့ပြောဆိုပြီးနောက် ထိုသူနှင့်တကွ ဦးစိန်ကြည် မိမိရီတို့ပါ ဖန်ခွက်
များကို ကိုင်မြှောက်သောက်ကြရာ ဧည့်သည်အမျိုးသား အမျိုးသမီးအားလုံး
မိမိတို့ဖန်ခွက်များကို တညီတညာတည်း ကိုင်မြှောက်၍ သောက်လိုက်ကြလေ၏

ဧည့်သည်အမျိုးသားများသည် အရက်များကို ဆက်လက်သောက်ကြ
ရာ နောက်နာရီဝက်ခန့်ကြာသောအခါ အချို့အမျိုးသမီးများပင် အတော်အတန်
လွန်လွန်ကဲကဲ ရှိနေကြပြီးဖြစ်၍ သက်ဆိုင်ရာ အမျိုးသားများက ကူညီဖေး
ထားရ၏။

အိမ်ကြီးအတွင်းရှိ အိမ်ရှေ့ဧည့်ခန်း ခန်းမဆောင်ကြီးမှ ကြမ်းပြင်များ
အချောတိုက်ထားသဖြင့် ကပွဲခန်းမကြီးကဲ့သို့ ဖြစ်နေရာ ဦးစိန်ကြည်နှင့် ရင်း
သူများသည် ထိုကပွဲခန်းမကြီးသို့ သွားရောက်ကာ ရေဒီယိုဂရမ်ကိုဖွင့်လျှ
စုံတွဲတစ်တွဲက 'ရော့ခ်အင်ရိုးလ်' တေးသွားကိုဖွင့်၍ ခပ်ကြမ်းကြမ်း က,လေ
ပထမစုံတွဲပြီးသောအခါ ဒုတိယစုံတွဲသည် 'တန်ဂို' ခေါ် တေးသွားဖြ
ကပြန်လေ၏။ ထို့နောက် တတိယစုံတွဲတစ်တွဲ ဝင်လာပြီးလျှင် 'ရမ်ဘာ' အက
က,ပြန်၏။ ပြီးသောအခါ စုံတွဲသုံးတွဲတို့သည် ရော့ခ်အင်ရိုးလ်ချင်းတစ်ပုဒ်
ဖွင့်ပြီးလျှင် ယခင်ကထက် ကြမ်းကြမ်းရမ်းရမ်း က,လေရာ ပရိသတ်များ

www.burmeseclassic.com



အက်ခုပ်ညီညီလိုက်လျက် ရှိ၏။ ဤသို့ဖြင့် သူဌေးဦးစိန်ကြည် အိမ်ဝင်းတစ်ခုလုံး နှင့်တကွ အိမ်ထဲပါမကျန် အပျော်လွန်သော ဧည့်သည်ပရိသတ်များ၏ သီချင်းဆိုသံ၊ လက်ခုပ်သံ၊ ဟစ်အော်ကြွေးကြော်သံတို့ဖြင့် ဆူညံလျက်ရှိကုန်၏။

သို့ရှိစဉ် အိမ်နောက်ဖေးဘက် သရက်ပင်အုပ်ကလေး တစ်အုပ်အောက်ရှိ ခုံတန်းလျားတစ်ခုပေါ်တွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် ကိုယ်ချင်းထိမတတ် နီးကပ်စွာထိုင်ပြီးလျှင် ချစ်တင်နှီးနှောသကဲ့သို့ ခပ်တိုးတိုး စကားပြောလျက် ရှိကြလေသည်။ ၎င်းတို့အနီး၌ ပန်းခုံတစ်ခုရှိရာအမိုးနှင့် ချုန်းရောင်မီးလုံးကလေးများ ထွန်းထား၏။ ခုံတန်းကလေး၏ နောက်၌ကား ကြွေအိုးကြီးများအတွင်းသို့ မြေပန်းအိုးထည့်ပြီးလျှင် စိုက်ထားသော ထန်းပင်ကလေး ၃ ပင် ရှိလေသည်။

မိန်းမသည် ယောကျ်ားအနီးသို့ ပို၍တိုးကပ်ကာလေသံဖြင့်. . .

"အို. . . ဒါလင်ကလည်း ရှိပြောတဲ့စကား နားထောင်မှပေါ့။ အခု ပြောတဲ့အတိုင်း တစ်လငွေတစ်ရာ ထောက်ထောက်သွားမယ်။ စာမေးပွဲအောင်အောင် လုပ်ဦးမှပေါ့။ ပြီးတော့မှ နှစ်ယောက်အတူတူနေရအောင် မမကြံမှာပေါ့"

"ဟာဗျာ၊ ကျွန်တော်ကတော့ ချစ်တယ်ဆို ချစ်တာပဲ၊ ပြီးတော့ အခုလာရတာလည်း မမက ဖိတ်စာပို့လိုက်လို့ စွန့်လာရတာဗျ"

"မမ သိပါတယ်ကွယ်"

မိန်းမသည် ယောကျ်ား၏လက်ယာဘက်တွင်ရှိနေရာ ယောကျ်ားသည် အက်ယာဘက်လက်မောင်း ယာဘက်သို့ဆန့်တန်းရင်း မိန်းမ၏ပခုံးအောက်မှ သိုင်းဖက်သကဲ့သို့ ရှိနေ၏။ ထိုအခိုက် ယောကျ်ားသည် လက်ကို အတန်ငယ် သိမ်းလိုက်ပြီးလျှင် လက်ညှိုးနှင့် လက်မကြား၌ ညှပ်ထားသော ကတ်ကြေး လေးဖြင့် မိန်းမ၏လည်ပင်း၌ ဆွဲထားသောပုတီးကြိုးကို လျှပ်တစ်ပြက်မျှသော အချိန်အတွင်း ကိုက်ချလိုက်၏။ ထို့နောက် ကြိုးစတစ်ဖက်ကို လျှင်မြန်စွာဆွဲ၍ ခုံနောက်သို့ လျှောချလိုက်ရာ ပုတီးသည် အလယ်ကြွေပန်းအိုးကြီးထဲသို့ ကျသွားလေသည်။

ယောကျ်ားက စကားဖန်အတိုးကောင်းသဖြင့် တစ်ကြောင်း၊ လက်မြန် လှသဖြင့်တစ်ကြောင်း မိန်းကလေးသည် ပုတီးပြတ်၍ အောက်သို့ကျသွား သောအခါမှသာ သိလေသည်။ ထိုအခါမှ "ဟာ. . . ရီ ပုတီးပြတ်သွားပြီ ချိုဦး မောင်လေး" ဟု အလန့်တကြား တစ်အော်လိုက်လေသည်။

www.burmeseclassic.com



"ဟုတ်လား... ကျွန်တော့် ရုပ်အကျီကြယ်သီးနှင့် ငြိသွားတာ ထင်တယ်။ နေပါစေ ကျွန်တော် ကောက်ပေးမယ်"

လုလင်ပျိုသည် နေရာမှ ကပျာကယာထပြီးလျှင် ထိုင်နေသော ခုံတ လျား နောက်သို့ သွားရောက်ကာ အံလယ်ကြွေအိုးကြီးအတွင်းမှ ပုလဲပုတီး လက်ဖြင့် နှိုက်ယူပြီးနောက် မိမိရီ၏လက်ထဲသို့ ထည့်လိုက်လေ၏။

"ဖြစ်မှဖြစ်ရလေ မမရယ်။ ဟုတ်ပါတယ်၊ ကျွန်တော့် ရုပ်အကျီ လက်ကြယ်သီးနဲ့ငြိလို့ ပြုတ်သွားတာပါ"

"ကိစ္စမရှိပါဘူးကွယ်။ တစ်ဖက်တစ်ချက်က အထုံးကလေးတွေ လုပ် ထားလို့ တစ်လုံးစီ ပြုတ်မကျတာပေါ့"

"အင်း... တော်ပါသေးရဲ့။ ကျွန်တော်ဖြင့် ထိတ်လိုက်တာ။ ဟော မမ နောက်ဘက်က ခြေသံကြားတယ်။ လူတွေလာနေပြီ ထင်တယ်"

"မမမှာတာတွေ မမေ့နဲ့နော်"

လုရွှယ်သည် နေရာမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

ပန်းခုံ၏ လက်ဝဲဘက်နံဘေး၌ လူတစ်ရပ်ခန့်မြင့်သော ပန်းချုံတစ်ချုံ ရှိရာ ထိုချုံ၏နောက်ကွယ်မှ ချောင်းနေသောလူတစ်ယောက်သည် ဦးခေါင်းကို ဆတ်ခနဲညိတ်ပြီးနောက် တစ်ယောက်တည်း ကျိတ်၍ရယ်လိုက်လေသည်။

ထိုအချိန်၌ ဦးစိန်ကြည်သည် မြက်ခင်းပေါ်တွင် လူကြီး ၃-၄ ယောက် နှင့် စကားပြောဆိုလျက်ရှိရာ အိမ်အပေါ်ထပ်တွင် ဆွေမျိုးစုနှင့် အစေခံများသာရှိ၍ အောက်ထပ်၌မူ အပျော်သမားများ ကခုန်လျက်ပင် ရှိနေကြသေး၏။

မိမိရီသည် နောက်ဖေးဘက်မှလှည့်၍ အိမ်ပေါ်ထပ်သို့ တက်သွား သည်ကို မြင်လိုက်ရသဖြင့် ဦးစိန်ကြည်သည် စိတ်မချသောကြောင့် အိမ်ပေါ်သို့ တက်လိုက်သွားလေ၏။ ထို့နောက် အိမ်ပေါ်မှ ကပျာကယာ ဆင်းလာပြီးလျှင် တစ်စုံတစ်ယောက်အား ရှာဖွေလျက်ရှိလေသည်။ မကြာမီ အိမ်လေးရှိ စားပွဲဝိုင်း တစ်လုံးတွင်ထိုင်လျက် ဘီယာခွက်ကို ရှေ့၌ချကာ တစ်စိမ့်စိမ့်သောက်နေသော ဘသီလှကို တွေ့ရ၏။

"ဩော်... ဦး အလျင်စလိုနဲ့ ဘယ်သူ့ကို ရှာနေတာလဲ"

"ဟာ... မောင့်ကို လိုက်ရှာနေတာ"

"ဒီမယ်မောင်၊ ပုလဲပုတီး... ပုလဲပုတီး ပါသွားပြီ... ပါသွားပြီ"

"ဘယ်လိုဖြစ်တာလဲ ဦးရဲ့။ အမိန့်ရှိပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲလေ၊ မိမိရိပ်ဟာ အိမ်နောက်ကခြံထဲမှာ အဖော်မိန်းမတစ်ယောက်နဲ့ ထိုင်ခုံကလေးတစ်ခုပေါ်မှာထိုင်ပြီး စကားပြောနေတုန်း ဖြုန်းခနဲ ခေါင်းထဲက ဖိုက်ခနဲဖြစ်သွားလို့ တန်းလျားနောက်မှီပေါ်မှာ တစ်အောင့်ကလေး လက်တင်ပြီး နည်းနည်းသက်သာအောင် ခေါင်းငုံ့နေလိုက်သတဲ့ မောင်ရဲ့။ ဒါပဲ ပါသွားပြီ၊ ပါသွားပြီ"

"ပုတီးကို ဖြုတ်ယူသွားသလား"

"ဖြုတ်ယူမသွားဘူး လဲယူသွားတယ်။ ကိုင်း... ညည်းသည်တွေ မပြန်ခင် ကျုပ်တို့ရှာသင့်"

စကားမဆုံးမီ ဘသီလှက ကြားဖြတ်၍..

"နေပါဦးလေ၊ အရင်မလိုပါနဲ့ဦး ဦးရဲ့။ ပုတီးကို လဲယူသွားတယ် ဟုတ်စ"

BURMESE CLASSIC

"ဟုတ်တယ် မောင်၊ သူ့လည်ပင်းမှာ ဆွဲထားတဲ့ အစစ်ကို ဟောဒီ အတုနဲ့ လဲသွားတယ်"

ဦးစိန်ကြည်သည် အတွင်းအင်္ကျီအိတ်ထဲမှ ပုလဲပုတီးတစ်ကုံးကို ထုတ်၍ ပြ၏။ ဘသီလှသည် ပုလဲပုတီးကိုကြည့်ရှုရာ လက်သန်းထိပ်မရှိတရှိ ပန်းနုရောင် ပုလဲကုံး ၂၂ လုံးဖြင့် သီကုံးထားသည့် ပုလဲပုတီးကို တွေ့ရလေသည်။

"ဒီဟာက အတုပဲ မောင်ရဲ့။ ကျုပ်က မျက်စိ အင်မတန်ရှင်ပြီး သေသေချာချာ ကြည့်နိုင်လွန်းလို့ သိတာ"

"ဒီဟာ ကျွန်တော် ခဏသိမ်းထားပါရစေ"

"ယူထားပါ မောင်။ ကိုင်း.. ဒီတော့ ကျုပ်တို့"

"လူအထွက်ကို ကျွန်တော် ဂိတ်ဝက စောင့်ကြည့်ချင်ပါသေးတယ်။ ဒီလောက်လည်း မပူပါနဲ့ဦး ဦးရယ်။ ကျွန်တော် ကြိုးစားပါ့မယ်"

"ကြိုးစားစမ်းပါ မောင်။ ပြီးတော့ မောင့်မျက်စိအောက်မှာ ဖြစ်သွားလို့ ဦးက သာပြီးမခံချင်သေးတယ်။ သူနဲ့ စကားပြောနေတယ်ဆိုတဲ့ မိန်းမကို ဦး မသင်္ကာဘူး။ နို့ပေမဲ့ ဒီမိန်းမက မင်းကတော်မမသန့်တဲ့ မောင်ရဲ့။ ပစ္စည်းဥစ္စာ ပြည့်စုံပြီး အင်မတန် ဘုရားတရားကြည်ညိုတဲ့ မိန်းမတစ်ယောက်ပါ။ သူ့ကိုဦး ဟုတ်နိုင်မယ် မထင်ပါဘူး။ အေးလေ မပြောတတ်ဘူး။ ဘုရားမှသိမယ်"

အချိန်မှာ ၉ နာရီခွဲပြီးပြီဖြစ်၍ ညည်းသည်များသည် ဦးစိန်ကြည်အား နှုတ်ဆက်၍ ဝင်းတံခါးမှ တဖွဲဖွဲထွက်လျက်ရှိလေ၏။ ဘသီလှသည် မှောင်ရိပ်

www.burmeseclassic.com



တစ်ခုမှ လက်ပိုက်ကာ ဧည့်သည်များအား စောင့်ကြည့်လျက်ရှိလေသည်။ အချို့ဧည့်သည်များက မိမိရိကို နှုတ်ဆက်လိုကြောင်းဖြင့် မေးမြန်းကြရာ ဦးစိန်ကြည်က မိမိရိ အတန်ငယ်နေမကောင်းသဖြင့် အိမ်ပေါ်သို့တက်နေကြောင်း မကြာခဏ ဖြေကြားရ၏။

၁၀ နာရီထိုးသည်နှင့် တစ်ပြိုင်နက် ဧည့်သည်များ ရှင်းသွားပြီဖြစ်ရာ ဂိတ်ဝတွင် စောင့်လျက်ရှိသော ရဲသားတစ်ယောက်နှင့် အရပ်ဝတ်အရပ်စား ဝတ်ထားသော ရဲအုပ်ပင် ဦးစိန်ကြည်အား နောက်ဆုံးနှုတ်ဆက်၍ ပြန်သွားလေရာ ဘသီလှတစ်ယောက်သာ မှောင်ရိပ်၌ရပ်ကာ ကျန်ရစ်ခဲ့လေသည်။

ဦးစိန်ကြည်သည် 'ဘယ့်နှယ်လဲ' ဟူသော အမူအရာဖြင့် ဘသီလှအား ကြည့်လိုက်ရာ ဘသီလှသည် မည်သို့မျှပြန်မပြောဘဲ စီးကရက်တစ်လိပ်ကို အေးဆေးစွာ ညှိ၍သောက်ပြီးနောက် နှစ်ယောက်သားတို့သည် အိမ်ဆီသို့ ပြန်၍ လျှောက်ခဲ့ကြလေ၏။

အိမ်အတွင်းသို့ရောက်၍ ဧည့်ခန်းရှိ ကုလားထိုင်များပေါ်တွင် ထိုင်မိကြသောအခါ ဘသီလှသည် ၎င်း၏အင်္ကျီလက်ယာဘက် အိတ်ထဲမှ မကြာသေးမီက ဦးစိန်ကြည်ပေးသော ပုလဲပုတီးအတုကို ထုတ်ယူလိုက်ပြီးလျှင် ၎င်းတို့ ရှေ့တွင်ရှိသော မှန်စားပွဲဝိုင်းကလေးပေါ်သို့တင်ကာ "ဟောဒါက ခုနက ဦး ပေးတဲ့ အတု" ဟု ပြောလိုက်၏။

"ဟုတ်ပါတယ် မောင်"

ဘသီလှသည် ရွှေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်ပြန်ပြီးနောက် လက်ဝဲဘက်အင်္ကျီအိတ်ထဲမှ အခြားပုတီးတစ်ကုံးကို ဦးစိန်ကြည်မြင်အောင် တမင် ခပ်ဖြည်းဖြည်း ဆွဲထုတ်လေသည်။ ထို့နောက် မှန်စားပွဲပေါ်တွင် ပထမချထားသော အတုနှင့်ယှဉ်၍ ချထားလိုက်ရာ ဦးစိန်ကြည်မှာ အံ့အားသင့်ရုံမျှမက အဓိပ္ပာယ်ကိုလည်း နားမလည်နိုင်သဖြင့် မျက်လုံးများ ပြူးကာ ပါးစပ်အဟောင်းသားနှင့် ရှိနေလေသည်။

"အတုနဲ့အစစ်ဟာ တခြားစီကြည့်ရင် သိပ်မသိလှဘူး။ အခုလို ယှဉ်ကြည့်မှ သိတယ်နော် ဦး"

"ဟုတ်တာပေါ့ မောင်။ နေပါဦး။ ဘယ်လိုလုပ်ပြီး ရှာလဲဆိုတာ တစ်ဆိတ်ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ ကျွန်တော် နည်းနည်းပါးပါး ရှင်းပြပါ့မယ်။ အခုတော့ တစ်ဆိတ်သည်းခံပြီး ဦး အိမ်ပေါ် ခဏတက်နေလိုက်စမ်းပါဦး ခင်ဗျာ။ ဒီအတုကို တစ်ဆိတ် ကျွန်တော် ပြန်ယူသွားပါရစေ။ သူ့ကို ပြန်ပေးရဦးမယ်"

"ဘယ်သူ့ကိုလဲ မောင်ရဲ့"

"သူခိုးကို ခင်ဗျာ"

"သူခိုးက ဘယ်သူလဲ"

"အခု မပြောပါရစေနဲ့ဦး ခင်ဗျာ"

ဦးစိန်ကြည်သည် အဖိုးတန်ပုတီးအစစ်ကို ပြန်ရပြီဖြစ်၍ ဝမ်းသာအားရ အိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက် ဘသီလှ၏စကားကို နားထောင်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

အချိန်မှာ ၁၁ နာရီရှိပြီဖြစ်၍ နောက်ဆုံးဧည့်သည်များ ပြန်သွားသည်မှာ ၁ နာရီမျှပင် ရှိခဲ့လေပြီ။ ဦးစိန်ကြည် အိမ်ပေါ်သို့ တက်သွားသည်နှင့် တစ်ပြိုင်နက် ဘသီလှသည် ပုတီးအတုကို အိတ်ထဲ၌ထည့်ပြီးလျှင် အိမ်နောက်ဖေးဘက်ရှိ ခြံထဲသို့ ကျောက်လှေကားထစ်များမှ လျင်မြန်စွာ ဆင်းခဲ့လေ၏။ မိမိရီတို့ ထိုင်ခဲ့သော ခုံတန်းလျားအနီးသို့ ရောက်သောအခါ ၎င်းနောက်ဘက်တွင်ရှိသော ကြွေပန်းအိုး ၃ လုံးအနက် အလယ်ကြွေပန်းအိုးထဲသို့ မိမိအိတ်ထဲတွင် ယူလာသော ပုလဲပုတီးအတုကို ထည့်ထားလိုက်လေသည်။ ထို့နောက် မနီးမဝေးရှိ ချုံကလေးတစ်ခုအကွယ်မှ စောင့်ဆိုင်းလျက် ရှိလေ၏။

လဆုတ်ရက်ဖြစ်သဖြင့် တစ်ခြမ်းပဲ့လကလေးသည် ကြည်လင်သော ကောင်းကင်မှ ပေါ်ထွက်လာကာ လရောင်သည် သစ်ပင်များကြားမှ မြေပေါ်သို့ ပြောက်တိပြောက်ကျား ကျရောက်လျက်ရှိ၏။ တတ်မီးလုံးကလေးများသည် ငြိမ်းသွားပြီဖြစ်၍ နောက်ဖေးဘက်မှာ ပို၍မှောင်နေ၏။ ခြံကြီးတစ်ခုလုံးမှာ ယခင် ခပ်စောစောက ဆူညံသလောက် ယခုအခါ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေလေသည်။ ဘသီလှသည် သူမျှော်လင့်သော ခုံတန်းလျား၏ အရှေ့ဘက်သို့ စူးစိုက်ကြည့်ရှုလျက်ရှိရာ မကြာမီ မြေကို ခပ်ဖော့ဖော့နင်းလာသော ခြေသံများကို ကြားရပြီးနောက် လူတစ်ယောက်သည် အရှေ့ဘက် ပန်းချုံများအကြားမှ ထွက်လာပြီးလျှင် ခုံတန်းလျားဆီသို့ ရှေ့ရှုလာလျက် ရှိလေ၏။ ထိုသူကား ပါတီပွဲ ဖြုလုပ်စဉ်က အိမ်အောက်ထပ်၌ အခြားသူများ ကခုန်နေစဉ် ကုံတန်းလျားပေါ်၌ မိမိရီနှင့် နှစ်ကိုယ်တစ်စိတ် စကားပြောခဲ့သော လူရွယ်ပင်ဖြစ်၏။ ထိုအခါ

www.burmeseclassic.com



က ပန်းနုရောင် ဘန်ကောက်လုံချည် အပေါ်အင်္ကျီအဖြူကို ဝတ်ဆင်ထားခဲ့သော်လည်း ယခုမူ ဘောင်းဘီရှည်အနက်နှင့် ကုတ်အင်္ကျီအနက်ကို ဝတ်ဆင်ထားလေသည်။ ထိုလူရွယ်သည် ခုံတန်းလျားနောက်မှီကို လက်ဝဲဘက်လက်ဖြင့် ထောက်ကာ လက်ယာဘက်လက်ဖြင့် အလယ်ကြွေပန်းအိုးအတွင်းသို့ အိတ်ဆောင် လက်နှိပ်ဓာတ်မီးကလေးဖြင့် ထိုးကြည့်လိုက်၏။ ထို့နောက် သူ ရှာဖွေနေသော အရာကို တွေ့ရသဖြင့် စိတ်ကျေနပ်သည့် အမူအရာဖြင့် လျင်မြန်စွာ ဆွဲယူလိုက်ပြီးလျှင် အိတ်ထဲသို့ ထည့်ထားလိုက်လေ၏။

ထိုခဏ၌ ပန်းခုံအောက်မှ ခြေသံကြားရသဖြင့် ထိုလူရွယ်သည် ခြေသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ဘသီလှနှင့် မျက်နှာချင်း ဆိုင်၍နေလေသည်။ ထိုအခါ ဘသီလှသည် နောက်သို့ ခြေတစ်လှမ်း ပြန်၍ဆုတ်ကာ အံ့အားသင့်သည့်ဟန်ဖြင့် "ဩော်... မောင် ဘာရှာနေတာလဲ။ ပါတီကို လာသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့အစ်ကို၊ ကျွန်တော် လာပါတယ်။ ကျွန်တော့်ဓာတ်မီးခြစ်ကလေး ဒီနေရာ ကျကျန်ရစ်ခဲ့တယ်ထင်လို့ လာရှာတယ် အစ်ကို"

"တွေ့လား"

"တွေ့ပါတယ် အစ်ကို"

ဘောင်းဘီအနက်နှင့်ဝတ်ထားသော လူရွယ်သည် အိတ်ထဲမှ ငွေရောင် ဓာတ်မီးခြစ် အကောင်းစားကလေးတစ်လုံးကို ထုတ်၍ပြလေ၏။

"မင်းကို ငါ အနောက်ပိုင်းမှာ မြင်ဖူးတယ်ထင်ပါတယ်"

"ဟုတ်ပါတယ် အစ်ကို"

"မင်းနာမည် မောင်စိန် မဟုတ်လားကွယ့်"

"မဟုတ်ပါဘူး။ ကျွန်တော့်နာမည် ဘသက်ပါ"

"ငါသိတာက မောင်စိန်လို့ သိတာပဲကွယ်။ မင်းကတော့ အသားဖြူလို့ မင်းအသိုင်းအဝိုင်းက ဘိုစိန်လို့ ခေါ်ကြတယ် မဟုတ်လား"

"မဟုတ်ပါဘူး အစ်ကိုရယ်။ အစ်ကို လူမှားလို့ ဖြစ်ပါလိမ့်မယ်"

"ကဲ.. ကဲ.. လူမှားရင်လည်း သွားပေတော့။ ဩော်.. ဒါထက် ဓာတ်မီးခြစ်ကလေးရပြီနော်"

"ရပါပြီ အစ်ကို"

လူရွယ်သည် အရှေ့ဘက်သို့ လျင်မြန်စွာပြေးသွားကာ ခြံစည်းရိုး ခွေးတိုးပေါက်တစ်ခုမှ လမ်းဘက်သို့ ခြေကုန်သုတ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဘက်သို့ ပြန်ရောက်သောအခါ မိမိအား စောင့်မျှော်နေသော ဦးစိန်ကြည်နှင့် ပက်ပင်းပါ တွေ့ရလေ၏။ ထိုအချိန်၌ မိမိရှိမှာ အခန်းထဲတွင် အိပ်ပျော်လျက် ရှိနေလေပြီ။

"ဘယ့်နှယ်လဲ မောင်။ တွေ့ခဲ့ပြီလား"

"တွေ့ခဲ့ပါပြီ ခင်ဗျာ"

"ပြောစမ်းပါဦး မောင်ရယ်။ ဘယ်လိုဖြစ်လို့ ဘယ်ပုံကြံကြတယ်ဆိုတာ ပြောစမ်းပါဦး မောင်ရယ်"

မပြောချင်ပြောချင်နှင့် "လဲယူသွားတာတော့ အမှန်ပဲ ခင်ဗျာ။ ဒါကို ကျွန်တော်က အင်မတန် ခဲခဲယဉ်းယဉ်းနဲ့ မရရအောင် ပြန်ယူလိုက်ရပါတယ်"

"ဘယ်သူက ယူသလဲ၊ ဘယ်ပုံခိုးတာလဲ၊ ဘယ်လို လဲယူတာလဲ မောင်ရဲ့။ မောင်ကလည်း မပွင့်တပွင့်နဲ့၊ ဦးကို ရှင်းရှင်းပြောပါဦး မောင်"

ဦးစိန်ကြည်သည် အထက်ပါမေးခွန်းများကို အသက်မရှူဘဲ တစ်ဆက်တည်း မေးလျက်ရှိလေသည်။ သို့သော် ဘသီလှသည် မျက်နှာကို ခပ်ပြုံးပြုံး ထားကာ စီးကရက်တစ်လိပ်ကို အေးဆေးစွာ မီးညှိလျက်. . .

"ပုလဲပုတီးကို ဘယ်လိုလဲယူတယ်၊ ဘယ်နေရာမှာယူတယ်၊ ဘယ်သူ က ယူတယ်၊ ဘယ်ပုံဘယ်နည်း ကြံစည်တယ်ဆိုတာ ကျွန်တော် အားလုံး သိပါတယ် ဦးရယ်။ ကျွန်တော့်အတွက် အရေးမကြီးလှပါဘူး။ နို့ပေမဲ့ ကျွန်တော် ဒီဟာတွေအားလုံးကို ဖွင့်ပြောရင် တစ်ဦးတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်ဖို့ ရှိပါတယ် ဦးရယ်။ ဒါကြောင့် မပြောပါရစေနဲ့။ သည်းခံပါတော့။ ဘာမှုသွေးထွက် သံယိုမှုမရှိ၊ ဘယ်သူ့ကိုမျှလည်း အနှောင့်အယှက်မပေးဘဲနဲ့ ဦးပစ္စည်း အမှန် အကန်ကို အခုလို ချောချောမောမောပြန်ရရင် ကျေနပ်ပါတော့ ဦးရယ်။ ကျွန်တော် က ပြန်ပြီး ဦးကို တောင်းပန်ပါရစေ။ ဒီလောက်နဲ့ပဲ ကျေနပ်ပါတော့။ ကဲ. . ကျွန်တော့်ကို ပြန်ဖို့ အခွင့်ပြုပါဦး"

"မောင်ပြောတာ ကျေနပ်ပါပြီ မောင်။ နို့ပေမဲ့ မောင် မပြန်ရသေးဘူး။ မောင့်ကို ကျေးဇူးပြုဖို့ဝတ္တရား ဦးမှာရှိနေသေးတယ်"

ဘသီလှသည် စကားမပြောဘဲ ဦးခေါင်းကို ငုံ့၍နေလိုက်၏။ ဦးစိန် ကြည်သည် ၎င်း၏ အလုပ်စားပွဲရှိရာသို့ သွားပြီးလျှင် ချက်လက်မှတ်အုပ်ကို ထုတ်ယူ၍ လက်မှတ်တစ်စောင် ရေးပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာ ဦးက မောင့်ကို အမှတ်တရ ကျေးဇူးပြုတာပါပဲ။ လက်ခံပါ မောင်" ဟု ပြောပြီးလျှင် ချက်လက်မှတ်ကို ဘသီလှအား ပေးလေ၏။

ထိုလက်မှတ်မှာ ကုန်သန်းရောင်းဝယ်ရေးဘဏ်တွင် ထုတ်ယူရန် ၁၀၀၀ တန် ချက်လက်မှတ်ဖြစ်လေသည်။

◈

www.burmeseclassic.com

www.burmeseclassic.com

## ခေါရမောင်မောင် ၆

တစ်နေ့သ၌ ဘသီလှသည် နံနက် ၈ နာရီအချိန်ခန့်တွင် အိမ်ဖော် သူငယ်ကလေးပို့ပေးသော လက်ဖက်ရည်နှင့်မုန့်များကို မြိန်ရှက်စွာ စားသောက်ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ကာ ထိုနေ့နံနက်ထုတ် အင်္ဂလိပ်မြန်မာ သတင်းစာများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလျက်ရှိနေ၏။ ထိုအခိုက် စာပို့လုလင် ရောက်လာ၍ နံနက်ပိုင်းထုတ်စာများကို ပေးသွားရာ ထိုနေ့က စာတစ်စောင်သာ ရရှိလေသည်။

ဘသီလှသည် မိမိနာမည်ကို မိန်းမလက်ရေးဖြင့် လိပ်တပ်ရေးသားထားသည့် စာအိတ်ကလေးကို ချက်ချင်း မဖွင့်သေးဘဲ အပြန်ပြန်အလှန်လှန် ကြည့်ရှုလျက်ရှိလေရာ စာအိတ်ကလေးပေါ်၌ ရိုက်ထားသော စာတိုက်တံဆိပ်မှာ ပုဇွန်တောင်စာတိုက် တံဆိပ်တစ်ခုတည်းသာပါရှိ၍ ပုဇွန်တောင်စာတိုက်တွင် ထည့်လိုက်သောစာဖြစ်ကြောင်း ကောင်းစွာသိရှိရတော့၏။

"အင်း... ထည့်တာက ပုဇွန်တောင်စာတိုက်၊ ရက်စွဲက မနေ့က ရက်စွဲ၊ လက်ရေးက မိန်းမလက်ရေး။ အဟမ်း... မိန်းမလက်ရေးဆိုပေမဲ့ တော်စွလျော်စွ မိန်းကလေးတစ်ယောက်တော့ ဟုတ်မယ်မထင်ဘူး။ အဆွဲအငင်ကြည့်ရတာ ပညာတတ်မိန်းကလေးတစ်ယောက်နဲ့ တူတယ်"

အထက်ပါအတိုင်း တစ်ကိုယ်တည်း ရေရွတ်လျက် စာအိတ်ကို ထိုးမွဲပေါ်မှ ဆင်စွယ်ရိုးတပ် ဓားကလေးဖြင့် အသာအယာ ဖွင့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှစာရွက်မှာ တစ်စုံတစ်ရာ တံဆိပ်အမှတ်အသား မပါသော်လည်း စက္ကူအချောစားများဖြစ်၍ လက်တစ်ဝါးသာသာခန့်မျှ အရွယ်ရှိ၏။ လက်ယာဘက်အပေါ်ထောင့်တွင် ရက်စွဲကို မြန်မာဂဏန်းများဖြင့် အတိုကောက် ရေးထိုးထား၏။ စာသားမှာ အောက်ပါအတိုင်းဖြစ်လေသည်။

လူကြီးမင်းရှင့် . . .

ယခုည ၉ နာရီနှင့် ၁၀ နာရီကြားတွင် ကျွန်မ၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့်ပတ်သက်၍ လျှို့ဝှက်စွာတိုင်ပင်ရန် ကျွန်မ လာခဲ့ပါမည်။ ကျေးဇူးပြု၍ ဆက်ဆက်စောင့်နေပါ။

စာမှာ ဤမျှသာဖြစ်၍ အမည်နာမ လက်မှတ်ရေးထိုးခြင်း တစ်စုံတစ်ရာ မပါရှိချေ။ ဘသီလှသည် စီးကရက်တစ်လိပ်ကို ထုတ်၍ သောက်လိုက်ပြီးလျှင် မီးခိုးများကို အားပါးတရ မှုတ်ထုတ်ကာ ဤမျှလောက် တိုတောင်းလှသော စာကလေးကိုပင် ၃-၄ ကြိမ်မျှ ဖတ်ရှုလျက် ရှိလေသည်။

"မိန်းကလေးတစ်ယောက်အတွက် ကိုယ်ရေးကိုယ်တာကိစ္စဆိုရင်တော့ မဟုတ်ကာမှလွဲရော အချစ်ကိစ္စဖြစ်ရမယ်။ ခိုးမှုတိုက်မှုနဲ့တော့ ဘယ်နည်းနဲ့မျှ ပတ်သက်မယ် မဟုတ်ဘူး။ အင်းလေ၊ ကြည့်ရသေးတာပေါ့။ ကိုယ်ကြိုက်တဲ့ အမှုကလေးမျိုးဖြစ်ရင်လည်း လက်ခံရပေပေါ့"

သို့တစ်ကိုယ်တည်း ရေရွတ်ပြီးနောက် ဘသီလှသည် သတင်းစာများကို ဆက်လက်ဖတ်ရှုလျက်ရှိလေသည်။ နံနက် ၉ နာရီခွဲတွင် နံနက်စာစား၍ အလုပ်သို့သွားလေသည်။

ထိုည ၉ နာရီ ၂၀ တွင် ဖီးယက်ကားကလေးတစ်စီးသည် ဘသီလှ တိုက်ခန်းနှင့် မျက်စောင်းထိုး။ လမ်း၏ အခြားဘက် သစ်ပင်ရိပ်တစ်ခုအောက်သို့ ထိုးဆိုက်လိုက်၏။ ကားမောင်းသူက ကားတံခါးကို ဖွင့်ပေးရာ မည်းနက်သော အဝတ်အစားများကိုဝတ်၍ ဦးခေါင်းတွင်လည်း ကတ္တီပါစောင်နက်ကို မျက်လုံးများ အုပ်လုနီးပါး ခြုံထားသော သဏ္ဌာန်တစ်ခုသည် လမ်းကိုဖြတ်ကူးခဲ့ပြီးနောက် လှေကားမှတက်လာကာ ဘသီလှ၏အခန်းတံခါးကို ခေါက်လေသည်။

လွန်ခဲ့သော ၅ မိနစ်ခန့်ကပင် ဘသီလှသည် အိမ်ရှေ့မှန်ပြတင်းပေါက်နောက်မှ လမ်းဘက်သို့ ကြည့်နေသဖြင့် အထက်ပါ အကြောင်းအရာများကို ကောင်းစွာမြင်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိုသဏ္ဌာန်သည် ဘသီလှ၏ ဧည့်ခန်းထဲသို့ဝင်လာရာ ဘသီလှက မိမိစားပွဲရှေ့မှ ကုလားထိုင်ပေါ်တွင် နေရာထိုင်ခင်းပေးသဖြင့် ကုလားထိုင်ပေါ်တွင် ဝင်ရောက်ထိုင်လေသည်။ ကတ္တီပါစောင်နက်ဖြင့် ရစ်ပတ်ထားသဖြင့် မျက်နှာကို ကောင်းစွာမမြင်ရသော်လည်း ကတ္တီပါစောင်အတွင်း အချို့နေရာများမှ ထွက်ပေါ်နေသည့် ဝါဝင်းသော အသားစိုင်ကလေးများကိုသော် လည်းကောင်း၊ အလိပ်လိုက် အရစ်လိုက် ထွက်ကျနေသော ဆံပင်အခွေကလေးများကို လည်းကောင်း၊ နံဘေးဘက်မှ အထင်းသားရှိနေမည့် ဝါဝင်းကြော့ရှင်းသော လည်တိုင်ကလေးကိုလည်းကောင်း၊ ရှေ့သို့ ပျောင်းပျောင်းအိအိ နွဲ့၍လာသော ကိုယ်ခန္ဓာကို သယ်ဆောင်လာသည့် ဟန်ပန် အမူအရာကို လည်းကောင်း ဘသီလှ ခေတ္တမျှ ငေးစိုက်အကဲခတ် ကြည့်ရှုမိ၏။

"ထိုင်ပါခင်ဗျာ၊ ထိုင်ပါ"

"ကျွန်မ ရေးလိုက်တဲ့စာကလေးတော့ ရလိမ့်မယ်ထင်ပါတယ်"

"ရပါတယ်ခင်ဗျာ။ ရလို့လည်း ကျွန်တော် မျှော်နေတာပါပဲ"

မိန်းမပျိုသည် စကားပြောရန် ဟန်ပြင်လိုက်သည့် အမူအရာဖြင့် နှာခေါင်းနှင့် မေးစေ့အောက်မှ ကတ္တီပါစောင်စကို ခပ်လျော့လျော့ချလိုက်၏။ အတန်ငယ်သေးငယ်သည် ထင်ရ၍ ပိပိရိရိရှိလှသော နှုတ်ခမ်းကလေးမှာ သွေးရောင်လွှမ်း၍ နီမြန်းလျက်ရှိနေ၏။ ပြည့်ဝသော ပါးပြင်နှစ်ဖက်၏အလယ်သို့ ကျဆင်းလာသောနှာတံမှာ ဖြောင့်မတ်သွယ်တန်း၍ ပေါ်လွင်၏။ မေးစေ့မှာ ဘဲဥပုံသဏ္ဌာန်ရှိသော မျက်နှာအောက်ပိုင်းကို အဆင်ပြေအောင် ဆက်စပ်ပေးထားသကဲ့သို့ ရှိနေ၏။

ဘသီလှသည် သောက်နေသော စီးကရက်တိုကို ငွေလင်ပန်းထဲတွင် ဖွတ်ချေလိုက်ပြီးနောက် အားပေးသည့်လေသံမျိုးဖြင့် "ကဲ.. ကိစ္စကို အမိန့်ရှိပါ ခင်ဗျာ။ ကျွန်တော် တစ်ခုပြောချင်တာက ဘယ်လောက်အရေးကြီးတဲ့ကိစ္စဖြစ်စေ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ တိုင်ပင်နိုင်ပါတယ်။ ဒီလိုယုံကြည်လို့ အခုလာတဲ့ ကိစ္စကိုလည်း တစ်စွန်းတစ်စမျှ မပေါက်ကြားစေရပါဘူးဆိုတာ ကျွန်တော် လေး လေးနက်နက် တာဝန်ယူပါတယ်"

"ကိစ္စကတော့ ကျွန်မရဲ့ အရေးအကြီးဆုံး လျှို့ဝှက်ရမယ့်ကိစ္စပါပဲရှင်။ ဖြစ်မိတာကတော့ ကျွန်မရဲ့မိုက်ပြစ်လို့ပဲ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ကတော့ မတတ်နိုင်တော့ဘူးပေါ့ရှင်။ ဒါကြောင့် ဘယ်နည်းနဲ့ အဖြေရှာရမယ် ဆိုတာ အကြံဉာဏ်တောင်းရအောင် ဒီကိုလာခဲ့တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အကြံဉာဏ်ပေးပါ့မယ် ခင်ဗျာ။ လိုအပ်ရင် ကိုယ်ထိလက်ရောက် စွမ်းဆောင်နိုင်တဲ့ကိစ္စမှန်သမျှ ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်ပေးဖို့ အသင့်ပါပဲ"

"ဒီလိုပါရှင်၊ ရှပ်ရှင်ကုမ္ပဏီတစ်ခုထဲမှာ ကျွန်မအဖေက ငွေငါးသောင်း အစုဝင်ထားပါတယ်။ ဒီတော့ ငွေရေးကြေးရေးကိစ္စနဲ့ ပတ်သက်ပြီး ကုမ္ပဏီကို တစ်လတစ်ခေါက်၊ နှစ်လတစ်ခေါက်ဆိုသလို ကျွန်မ သွားရပါတယ်။ ဒီလို သွားရတာကလည်း အိမ်မှာ ကြီးကြီးမားမား ယောကျ်ားကလေးဆိုလို့ အသက် ၁၆ နှစ်လောက်ရှိတဲ့ ကျွန်မမောင်လေးကလွဲပြီး တစ်ယောက်မှ မရှိလေတော့ ငွေရေးကြေးရေးနဲ့ပတ်သက်လာရင် ကျွန်မပဲ သွားရတာပေါ့ရှင်။ ဒီလို သွားရင်းကနေပြီး မောင်မောင်လတ်ဆိုတဲ့ လူတစ်ယောက်နဲ့ ကျွန်မ အကျွမ်းတဝင် ဖြစ်မိပါတယ်"

ထိုနေရာသို့ရောက်လျှင် ဘသီလု၏ ကိုယ်သည် တွန့်ခနဲဖြစ်သွားပြီးနောက် ဤဓမ္မြေ ပြန်၍ဆည်သည်အနေဖြင့် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်လေသည်။

"အဲဒီ မောင်မောင်လတ်ဆိုတာ အသားလတ်လတ်၊ အရပ်ကော ... ကောင်း၊ နှုတ်ခမ်းမွေးရေးရေး မဟုတ်လား။ ပြီးတော့ စကားပြောတဲ့အခါ ခေါင်းကို ဆတ်ခနဲဆတ်ခနဲ ညိတ်တတ်တယ်လေ"

"ဟုတ်ပါတယ်ရှင်။ ရှင်က ဘယ်လိုသိတာလဲ"

"ဘယ်လိုသိတာရယ်လို့တော့ မဟုတ်ပါဘူး။ ဒီလူက ရှပ်ရှင်ဇာတ်လိုက် လိုလို၊ မင်းသားကြမ်းလိုလို၊ ဒါရိုက်တာလိုလိုနဲ့ ရှပ်ရှင်ကုမ္ပဏီတွေမှာ အဝင်အထွက်များတဲ့ လူတစ်ယောက်မို့ ဒီလူများ ဟုတ်မလားလို့ မေးမိတာပါ။ မဟုတ်ရင်လည်း သည်းခံပါခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ ဒီလူမှ ဒီလူပါ"

"ကဲ .. ဆက်ပြီးအမိန့်ရှိပါဦး"

"အဲဒီလို ရှပ်ရှင်ကုမ္ပဏီနဲ့ ငွေရေးကြေးရေး ဆက်သွယ်ရဖန်များလေတော့ သူတို့ကုမ္ပဏီက ထုတ်တဲ့ကားတိုင်း ကျွန်မတို့အိမ်ကို လက်မှတ်တွေ လာပေးတော့ ကျွန်မကလည်း အားနာပြီး ကျွန်မမောင်လေးနဲ့ သွားကြည့်မိပါတယ်။ ဒီအခါ မောင်မောင်လတ်ဟာ ကျွန်မတို့ကို ဂရုတစိုက်ပေါ်၊ ဂရုတစိုက် အိမ်ပြန်ပို့။ ဇာတ်လမ်းဇာတ်ကွက်တွေအကြောင်းပြောပြ လုပ်ရာကစပြီး အခုလို ရင်းရင်းနှီးနှီး ဖြစ်ခဲ့တာပါပဲ။ ဒါနဲ့ ကျွန်မက သူ့အပေါ် မျက်နှာ ဘပေးမှန်း

www.burmeseclassic.com



သိလေတော့ စာတစ်စောင် ပထမစပြီးပေးရာက တစ်ယောက်နဲ့တစ်ယောက် စာပေးစာယူလုပ်ပြီး ချစ်ကြိုက်မိခဲ့တယ် ဆိုပါတော့ရှင်"

"ဒီလို စာပေးစာယူလုပ်နေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်လောက်ရှိပါပြီရှင်"

"လူကြုံပေးတာလား၊ စာတိုက်ကလား"

"စာတိုက်ကချည်းပါပဲရှင်။ ကျွန်မတို့ဖေဖေကလည်း ကျွန်မစာကို မပြောနဲ့၊ ကျွန်မမောင်လေးနာမည်နဲ့ လာတဲ့စာတောင် ဘယ်တော့မှ ဖောက်မကြည့်ဘူး။ ကျွန်မတို့အိမ်မှာ ဒီလောက်စည်းကမ်းရှိပါတယ်"

"ဪ.. ဒါထက် ခင်ဗျားနာမည်ကိုတောင် မမေးရသေးဘူးဗျာ။ နာမည်မသိရတော့ စကားပြောရတာ အားမရသလိုလိုပဲ"

"နာမည်တော့ မပြောပါရစေနဲ့ရှင်။ အခိုက်အတန့်တော့ 'တင်' တစ်လုံးတည်းခေါ်ရင် လုံလောက်ပါပြီ"

"ကောင်းပါပြီဗျာ"

"ဒါနဲ့ အတိုးချုပ်ပြောပါရစေတော့။ လွန်ခဲ့တဲ့ ၂ လလောက်က ကျွန်မအဖေက ကျွန်မကို ပညာရေးဌာနက အတွင်းဝန်ကလေးတစ်ယောက်နဲ့ လာပြီးစေ့စပ်တာကို သဘောတူ လက်ခံလိုက်ပါတယ်ရှင်။ အဲဒီလူကတော့ လူရိုးလူကောင်း ပညာတတ်တစ်ယောက်ပါပဲ။ ပညာဂုဏ်ရော၊ ဆွေမျိုးဂုဏ်ရော၊ ပစ္စည်းဥစ္စာဂုဏ်ရော ပြည့်ပြည့်စုံစုံ ရှိတယ်ဆိုပါတော့။ ဟိုလူကတော့ သူ့အခြေအနေ စုံစမ်းလေလေ သူ့ရဲ့မကောင်းမှုတွေ ပေါ်လာလေလေ၊ သူ့အရည်အချင်းတွေ သိရလေလေပါပဲ။ ဒါရိုက်တာဆိုပေမဲ့ ဘယ်ကုမ္ပဏီကမျှလည်း မငှားဘူး။ မင်းသားကြမ်းလုပ်တယ်ဆိုတာလည်း ချောက်ချီးချောက်ချက် နာမည်မရတဲ့ကား တစ်ကား၊နှစ်ကားမှာ ပါခဲ့ဖူးတာကလွဲပြီး ဘယ်ကားမှမရိုက်ရဘူး။ ဇာတ်ညွှန်းရေးသလေး ဘာလေးပြောတာလည်း သူ့ဇာတ်ညွှန်းကို ဘယ်ကုမ္ပဏီကမျှ မည်မည်ရရ မဝယ်ဖူးဘူး။ ပြောလက်စနဲ့ ဆက်ပြီးပြောရဦးမယ်။ တိတ်တိတ်ခိုးမိန်းမနှစ်ယောက်လည်း ရှိသတဲ့ရှင်"

"ဟုတ်ကဲ့၊ ဆက်ပါဦး"

"ဒါနဲ့ သူ့ဆီကို ကျွန်မ တစ်ခါတည်း အပြတ်စာရေးလိုက်တယ်။ ဒီတော့ သူလည်း ကျွန်မအပေါ် စိတ်အနာကြီးနာပြီး မစားရတဲ့အဆုံး သဲနဲ့ပက်မယ်ဆိုပြီး ခြိမ်းခြောက်တော့တာပါပဲရှင်"

www.burmeseclassic.com



"ဘယ်လိုခြိမ်းခြောက်ပုံလည်း ပြောစမ်းပါဦး"

"စာက အားလုံး ၁၂ စောင်ရှိတယ်ရှင့်။ အဲဒီစာ ၁၂ စောင်ကို တစ်စောင်အတွက် ငွေတစ်ထောင်ထားပြီး အားလုံး ငွေသောင်းနှစ်ထောင်ကို အခု တနင်္ဂနွေ ၂ ပတ်အတွင်း ပေးရင်ပေး။ မပေးရင် ဒီစာတွေကို ပါဆယ်လုပ်ပြီး ကျွန်မနဲ့ စေ့စပ်ထားတဲ့ အတွင်းဝန်ကလေးဆီကို ပို့လိုက်မယ်လို့ ခြိမ်းခြောက်တာ ပါပဲရှင်"

"ဒါက ဒီလိုလူမျိုးရဲ့ လုပ်ရိုးလုပ်စဉ်ပဲလေ။ ကဲ . . ဆိုစမ်းပါဦး"

"ဒီစာ ကျွန်မလက်ထဲကို ရောက်လာလာချင်း သူ့ကို တစ်နေရာက နေပြီး ဖုန်းနဲ့ဆက်ပြောတယ်ရှင့်။ ဒီလိုမလုပ်သင့်တဲ့အကြောင်း၊ လူတစ်ဖက်သား မျက်ရည်ကျမှ ကိုယ့်မှာ ထမင်းဝတဲ့အလုပ်မျိုးဆိုတာ အင်မတန်ယုတ်မာတဲ့ အလုပ်မျိုးဖြစ်တဲ့အကြောင်း၊ မယားကြီးရှိလျက်သားနဲ့ ဂုဏ်သရေရှိ အမျိုးသမီး တစ်ယောက်ကို ကြံစည်တာပဲ လွန်လှပါပြီဆိုတဲ့အကြောင်း အဲဒီလို ကျွန်မက ဝမ်းထဲမှာရှိသမျှ ဖွင့်ပြောပေမဲ့ သူက နည်းနည်းကလေးမျှ မတုန်လှုပ်ဘူးရှင့်။ တင်တို့မှာ ပိုက်ဆံချမ်းသာသားပဲတဲ့။ ဒီငွေကလေးသောင်းနှစ်ထောင်ပေးရလို့ ဘာအရေးကြီးသလဲတဲ့။ ကိုယ့်သိက္ခာကို ခဝါချလို့ ဒီငွေကလေးတောင်မှ မတတ်နိုင်ဘူးလားတဲ့ ပြောတော့ ကျွန်မလည်း ကိုယ်ကလွန်နေပြီဟာ မတတ်နိုင်တော့ ပါဘူးဆိုပြီး ကျွန်မ မုန့်ဖိုးပဲဖိုးစုထားတဲ့ ငွေ ၃၀၀၀ နဲ့ ကျေနပ်ဖို့ တောင်းပန်တာ ကိုးရှင့်။ နို့ပေမဲ့ ကိုယ်တော်ချောက ကျွန်မကို သနားတဲ့အတွက် အစွန်းထွက် ငွေ ၂၀၀၀ လျှော့လိုက်ပါမယ်တဲ့။ ငွေတစ်သောင်းကိုတော့ အခုပြောတဲ့ရက် အတွင်းမှာ ပေးရင်ပေး။ မပေးရင်တော့ သူပြောတဲ့အတိုင်း လုပ်လိုက်မှာပဲတဲ့။ ဒီတော့ ကျွန်မမှာလည်း ဒီကိစ္စအတွက် ဘယ်သူ့ကိုမျှလည်း မပြောဝံ့၊ မတိုင် ပင်ဝံ့၊ တိုင်ပင်ရမယ့် ဆွေမျိုးညာတိ ရင်းရင်းချာချာဆိုလို့လည်း အားကိုးရမယ့်လူ တစ်ယောက်မျှ မရှိလေတော့ သူက ဒီလိုညစ်မှ ကိုယ်ကလည်း ပြန်ပြီး ဒီစာ တွေကို မရရတဲ့နည်းနဲ့ ပြန်ယူရမှာပဲဆိုပြီး ဒီကိုလာခဲ့တာပါပဲရှင်။ ကျွန်မ ပြောချင်တာက သူ့ကို ငွေ ၃၀၀၀ ပေးမဲ့အစား ဒီငွေကို ဦးမောင်မောင်ပေးပြီး ဦးမောင်မောင်က ကျွန်မရဲ့ စာ ၁၂ စောင်ကို သူ့ဆီက ဘယ်နည်းနဲ့မဆို မရရအောင် ကြံစည်ပေးစေချင်ပါတယ်ရှင့်။ ဒီဟာ ကျွန်မရဲ့ ဇာတ်လမ်းအတိုချုပ် ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘသီလှသည် အကြွယ်ဝသည့်လက္ခဏာဖြင့် စီးကရက်တစ်လိပ်ကို အသစ်ထပ်မံ မီးညှိကာ အားပါးတရရှူလိုက်ရင်း မီးခိုးများကို လေထဲတွင် မှုတ်ထုတ်လျက်ရှိ၏။

"ဒီလူရဲ့လိပ်စာကိုတော့ သိရဲ့မဟုတ်လား"

"သိပါတယ်ရှင်။ ကျွန်မ ပေးပါ့မယ်"

ဘသီလှသည် မိန်းမပျိုပြောသော လိပ်စာကို သူ၏ ဒိုင်ယာရီတွင် အသေအချာ ရေးမှတ်ထားလိုက်၏။

"ဒီလူ့အကြောင်း ကျွန်တော်လည်း တစ်ခါနှစ်ခါ ကြားဖူးတယ်ဗျ။ သူက ခင်ဗျားတို့လို ပိုက်ဆံကြေးငွေနဲ့ပြည့်စုံတဲ့ ဂုဏ်သရေရှိ မိန်းကလေးတွေ အပေါ် အမျိုးမျိုးလှည့်ပတ်ပြီး ခေါင်းပုံဖြတ်နေတဲ့ လူတစ်ယောက်ဆိုပဲ"

"သူ့ကို ဦးမောင်မောင် သိပါသလားရှင်"

"လူချင်းတော့ မသိပါဘူးဗျာ။ တစ်ခါနှစ်ခါတော့ မြင်ဖူးပါတယ်။ လူက ဂိုက်ပြည့်ဆိုက်ပြည့်၊ ရှိုးကလည်း ကောင်း၊ အပြောကလည်း ကောင်းဆိုတော့"

အမည်မဖော်လိုသော မိန်းမပျိုသည် ၎င်း၏ဘက်သို့ စကားဦးလှည့်လာသည်ကို သိရသဖြင့် အတန်ငယ် မျက်နှာပျက်၍သွားပြီးလျှင် ဦးခေါင်းကို ငုံ့၍နေလိုက်၏။

ထိုအချိန်တွင် အိမ်စေသူငယ်ကလေးသည် လက်ဖက်ရည်နှစ်ခွက်ကို ငွေလင်ပန်းတစ်ခုပေါ်တွင် တင်၍ယူလာသဖြင့် ဘသီလှသည် လက်ဖက်ရည် ပန်းကန်ကို မိန်းကလေးဘက်သို့ တိုးပေးရင်း . .

"ကဲ. . . လက်ဖက်ရည်ကလေးတစ်ခွက် သောက်လိုက်ပါဦးဗျာ။ အနောက်နိုင်ငံ အမျိုးသမီးတွေဟာတော့ စိတ်ညစ်စရာတစ်ခုခု ပေါ်လာမယ်၊ ဒါမှမဟုတ် စိတ်နှလုံး တုန်လှုပ်ချောက်ချားစရာ အကြောင်းတစ်ခုခုနဲ့ တွေ့မယ် ဆိုရင် လက်ဖက်ရည်သောက်တတ်ကြတယ်ဗျ။ လက်ဖက်ရည်က လူ တစ် ယောက်ရဲ့ စိတ်အာရုံကို အတော်ထိန်းသိမ်းပေးနိုင်တဲ့ တန်ခိုးသတ္တိရှိတယ်။ ကဲ. . . ကဲ. . . သောက်လိုက်စမ်းပါဦး" ဟု ပြောလိုက်၏။

မိန်းမပျိုသည် ကတ္တီပါအနက်တဘက်ဖြင့် သူ၏ဦးခေါင်းကို ခပ်[illegible] ကျစ် ရစ်ပတ်လိုက်၏။ လှပ၍ဝါဝင်းသော မျက်နှာကလေးမှာ တတ်[illegible] ပန်းရလျက်ရှိလေရာ မျက်လုံးများ၏ အဆင်းအရောင်မှာ ကြည်[illegible] မရှိလှဘဲ ပူပင်သောက၏ အရှိန်အဝါကြောင့် ခြောက်[illegible]

www.burmeseclassic.com



ထင်ရလေသည်။ လက်ဖက်ရည်သောက်ပြီးနောက် မိန်းမပျိုမှာ အတော်ပင် သွက်လက်၍လာလေသည်။

"အမှန်အတိုင်း ပြောရမယ်ဆိုရင် ဒီဟာတွေအားလုံးဟာ ကျွန်မ မိုက်မဲမှုတွေချည်းပဲ။ မိန်းမများဟာ ယောကျ်ားတစ်ယောက်က ယုံလောက်အောင် ပြောရင် ယုံမိတယ်၊ ကျလောက်အောင်ပြောရင် ကျမိတယ်။ ကိုယ်က ပညာတတ် လျက်နဲ့ သူ့လှည့်ဖြားသမျှ ခံလိုက်ရတာကို ကျွန်မ မကျေနိုင် မချမ်းနိုင် ဖြစ်နေ တယ်။ ဒီလူ့ကို မျက်နှာချင်းဆိုင်များတွေ့ရင် ခွေးပြောသလိုပြောပြီး၊ ပါးနား ရိုက်ပစ်ချင်တယ်။ ပြီးတော့. . "

"ကဲလေ. . ဒီလိုဒေါသထွက်တာတွေ ထားပါဦး။ အသက်အရွယ် နုနုနယ်နယ်နဲ့ လူတွေဟာ ခြေချော်လက်ချော် မှားတတ်တာချည်းပဲ။ တစ်ယောက် တည်း မဟုတ်ဘူး။ ကိုယ့်နှမ၊ သူ့နှမ၊ ကိုယ့်တူမ၊ သူ့တူမဆိုသလို ဒီလိုနေရာ မျိုးမှာ မမှားဖူးတဲ့လူ မရှိသလောက်ပါပဲဗျာ။ ဒီတော့ လွန်ခဲ့တာတွေ တွေးပြီး ပူပန်နေလည်း ကိစ္စပြီးကြမယ် မဟုတ်ဘူး။ ကိုယ်လုပ်စရာရှိတဲ့လမ်းကို ဘယ်လို အကြံထုတ်ပြီး လုပ်ကြမယ်ဆိုတာ ခေါင်းအေးအေးထားပြီး ဆွေးနွေးကြဖို့ပဲ"

"မှန်ပါတယ်ရှင်"

မိန်းမပျိုမှာ ဘသိလှ၏ အားပေးစကားများကို ကြားရသဖြင့် အတော် အတန် စိတ်သက်သာရာရသကဲ့သို့ အနည်းငယ် မျက်နှာရွှင်လန်းလာ၏။

"ကြော်. . . ဒါထက် လက်ထက်ဖို့ရက်က ဘယ်နေ့မှာလဲ"

"ဒီဇင်ဘာလ ၁၄ ရက်နေ့မှာရှင့်။ ဒီကနေ့ ၃ ရက်ဆိုတော့ ၁၁ ရက် လိုသေးတယ်"

"၁၄ ရက်နေ့က စနေနေ့နော်"

"ဟုတ်ပါတယ်ရှင်၊ စနေနေ့ကျပါတယ်"

"သူပြောတုန်းက လက်ထပ်မယ့်နေရာရောက်အောင် ပို့လိုက်မယ်လို့ ပြောသလား"

"ဟုတ်ကဲ့၊ ဒီလိုပြောပါတယ်"

"သေချာရဲ့နော်"

"သေချာပါတယ်ရှင်၊ ဒီအတိုင်းပြောတာ အမှန်ပါပဲ"

"ကဲ. . ဒီတော့ ကျုပ်တို့အလုပ်လုပ်ဖို့ ၉ ရက်လောက် အချိန်ရပါ သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်"

"ဒါထက် ဒီလူ့အကြောင်း နောက်ထပ်သိသလောက် ပြောစမ်းပါဦး"

"အခု ကျွန်မပြောတဲ့အတိုင်းပါပဲရှင်။ ဇာတ်လိုက်မင်းသားလိုလို၊ ဒါရိုက်တာလိုလို၊ မင်းသားကြမ်းလိုလို၊ ဇာတ်ညွှန်းရေးဆရာလိုလိုနဲ့ သူ့အကြောင်း မသိတဲ့ ကုမ္ပဏီကလေးတွေဆီ လှည့်ပတ်စားနေတဲ့ လူတစ်ယောက်ပါပဲ။ သူ့မိဘများက တောမှာ အခြေအနေကလေး နည်းနည်းရှိလေတော့ သား တစ်ယောက်ကို ပညာရှာရအောင် ငွေကုန်ကြေးကျခံပြီး မြို့ကိုလွှတ်ထားတဲ့အကြောင်း ကျွန်မ နောက်ဆုံးသိရပါတယ်ရှင်။ အစကတော့ ဦးမောင်မောင်ပြောတဲ့အတိုင်း သူ့ရုပ်ရည်ကလေးနဲ့ အပြောအဆိုကောင်းပုံ သဘောကျလို့ ကျွန်မလည်းပါမိတာ။ နောက်မှ သူ့အကြောင်း တစ်စတစ်စသိလာလို့ မြန်မြန်ဖြတ်လိုက်ရတယ်။ ပေးချင်တဲ့သစ္စာ ပေးပါရှင်၊ ဒီစာ ၁၂ စောင် လွှန်မိတာကလွဲပြီး ဘာမျှ ကျူးကျူးလွန်လွန် မရှိခဲ့ဖူးပါဘူး။ နှစ်ယောက်ချင်းတောင်ယှဉ်ပြီး တစ်ခါမျှ စကားမပြောခဲ့ဖူးပါဘူး။ ဩြော်... ဒါနဲ့ တစ်ခုပြောရဦးမယ်၊ ဒီလူက လူမိုက်တဲ့ရှင့်။ ရုပ်ရှင်ခြံတစ်ခြံထဲမှာ နှစ်ခါသုံးခါ ရန်ဖြစ်ပြီး ထိုးကြကြိတ်ကြ ဖြစ်ဖူးတယ်လို့ ကျွန်မ ကြားဖူးတယ်။ ဒါကြောင့် အခုကိစ္စ ဆောင်ရွက်တဲ့အခါ နည်းနည်း သတိထား"

"ကိစ္စမရှိပါဘူးလေ။ ဒီဟာက ကျုပ်တာဝန်ပါ"

မိန်းမပျိုသည် သူ၏သားရေအိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်ပြီး လျှင် စားပွဲပေါ်သို့ တင်လိုက်ပြီးနောက်...

"ငွေတစ်ထောင်ကို အခု စရိတ်စကအဖြစ်နဲ့ ယူထားပါရှင်။ ကိစ္စ အောင်မြင်တဲ့အခါကျတော့ ငွေနှစ်ထောင် ထပ်ပြီး ကျွန်မ ကန်တော့ပါ့မယ်။ ကျွန်မကို နှမလေးလိုသနားပြီး အရှက်တကွဲ အကျိုးနည်းမဖြစ်စေရအောင် အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်ပေးစေချင်ပါတယ်"

"ဒီအတွက် စိတ်ချပါ ညီမရယ်။ အစ်ကိုကြီး ဆောင်ရွက်ခဲ့ဖူးတဲ့ အမှုတွေဟာ ရာခိုင်နှုန်း ၉၉ လောက် အောင်မြင်တာချည်းပါပဲ"

"ယုံကြည်ပါတယ် အစ်ကိုကြီးရယ်။ ဒါကြောင့်လည်း ဒီကိုလာခဲ့တာ ပါပဲ"

"ကဲ.. ပြန်ပေတော့။ နောက်သောကြာနေ့ည ဒီအချိန် အကြောင်း လာခဲ့။ သတင်းကောင်းကြားရအောင် အစ်ကိုကြီးလုပ်ထားလိုက်မယ်။ ကဲ.. ပြန်ပေတော့ ညီမလေး။ ညဉ့်နက်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ်သည် တောမှမိဘများ ထောက်ပံ့ထားသောငွေများဖြင့် မြို့ပေါ်တွင် အတော်အတန် အထက်တန်းကျကျ သုံးစွဲနေထိုင်နိုင်ခဲ့၏။ နာမည်မရသေးသော ဇာတ်ရုံရုပ်ရှင် မင်းသမီးကလေးများအားလည်းကောင်း၊ မည်သည့်နေရာမှပင် ပါရသည်ဖြစ်စေ ပိတ်ကားပေါ်တွင် မိမိ၏အရိပ်ကို စက္ကန့်အနည်းငယ်မျှမြင်ရလျှင် ကျေနပ်သည့် မင်းသမီးဖြစ်လိုသူ မိန်းကလေးများအားလည်းကောင်း၊ အခြားအလားတူ ရုပ်ရှင်ရူးမကလေးများအား လည်းကောင်း မောင်မောင်လတ်သည် အမျိုးမျိုးသော ပရိယာယ်ဖြင့် ၎င်းတို့ထံမှ ငွေကြေးများကိုပင် နှိုက်ယူနိုင်ခဲ့၏။ ဤသို့ဖြင့် မောင်မောင်လတ်မှာ ရုပ်ရှင်လောကတွင် ကောင်းသည့်ဘက်မှ နာမည်မရသော်လည်း မကောင်းသည့်ဘက်တွင် နာမည်ရခဲ့ပြီး ဖြစ်လေသည်။

ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်တစ်ဦးပိုင် သွပ်မဆင်လမ်းရှိ လေးထပ်တိုက် တစ်တိုက်၊ ဒုတိယထပ်တွင် အခန်းတစ်ခန်းကို တိုက်လခသက်သာစွာဖြင့် ရရှိခဲ့သည့်အတိုင်း မောင်မောင်လတ်မှာ ထိုအခန်းတွင် တစ်ယောက်တည်း နေနိုင်ခဲ့၏။ ထောက်တိုမည်ရ ခိုင်းစေရန်အတွက် သူငယ်ကလေးတစ်ယောက်ကို ငှားရမ်းထားပြီးလျှင် အနီးရှိ ကုလားထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းလခပေး၍ စားသောက်၏။ ထိုအိမ်စေသူငယ်ကလေးမှာ နံနက် ၇ နာရီလောက်တွင် လာရောက်၍ အိမ်ကို သန့်ရှင်းခြင်း၊ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်နှင့် မုန့်များကို ယူ၍ပေးခြင်း၊ နံနက်စာကို ကုလားဆိုင်မှယူခဲ့ပြီးလျှင် စားပွဲပေါ်၌ တည်ခင်းကျွေးမွေးခြင်း၊ ညစာကိုလည်း ထိုနည်းတူ ပြင်ဆင်ကျွေးမွေးရခြင်း အလုပ်များကို လုပ်ကိုင်ရလေသည်။ ညစာ တည်ခင်းကျွေးမွေးပြီးသောအခါ မောင်မောင်လတ်၏ အိပ်ရာကို ခင်းပေးပြီးနောက် အိမ်သို့ပြန်ရ၏။ ယင်းတို့သည်ကား အိမ်စေသူငယ်ကလေး၏ နေ့စဉ်အလုပ်ဝတ္တရားများပင် ဖြစ်တော့၏။ သို့သော် မောင်မောင်လတ်မှာ အထူးသဖြင့် ညစာများကို အကြောင်းသင့်၍ ဒကာပေါ်သောအခါများတွင် အပြင်၌ စားလေ့ရှိသဖြင့် သူငယ်ကလေးအား ညနေခင်းကပင် အိမ်သို့ ပြန်လွှတ်သော နေ့က များလေသည်။

မိန်းမနှစ်ယောက်ရှိသည်ဟု အဆိုရှိသော်လည်း မောင်မောင်လတ်မှာ ၎င်းတို့အား သင့်လျော်သည့်နေရာတွင် သင့်လျော်သလိုထားရှိ၍ ၎င်းကိုယ်တိုင်မှာ မိန်းမ,မရှိဘဲ လူပျိုကြီးတစ်ယောက်ကဲ့သို့သော ဟန်ပန်မျိုးဖြင့် လွတ်လပ်စွာ နေထိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာလ ၁၀ ရက်၊ အင်္ဂါနေ့ ညနေစောင်းအချိန်တွင် အိမ်စေသူငယ်ကလေးသည် တံခါးကို အတွင်းမှပိတ်ပြီးလျှင် ရွက်ဖျင်ကုလားထိုင်ကြမ်းတစ်လုံးဖြင့် တံခါးအနီး၌ အိပ်ပျော်လျက်ရှိစဉ် အပြင်မှ တံခါးခေါက်သံကြားရသဖြင့် ချောင်းကြည့်ပေါက်မှ ချောင်းကြည့်ရာ အိမ်သို့လစဉ်လာနေကျ ဓာတ်မီးမီတာကြည့်သူများနှင့် ဓာတ်မီးပြင်သူများ ဖြစ်သည်ကိုတွေ့ရ၏။ မောင်မောင်လတ်၏ အမိန့်မှာ ဓာတ်မီးမီတာ ကြည့်သူများကလွဲ၍ မည်သူ့အားမျှ တံခါးဖွင့်မပေးရန် ဖြစ်၏။ သို့နှင့် သူငယ်ကလေးလည်း တံခါးကိုဖွင့်ပေးလိုက်လေသည်။

ထိုသူနှစ်ယောက်သည် ဓာတ်မီးမီတာကိုကြည့်ပြီးလျှင် အချိန်အတန်ကြာမျှ စာရွက်ပေါ်တွင် တွက်ချက်ရေးသားလျက် ရှိနေပြီးနောက် မီတာ ပျက်၍နေသဖြင့် ပြင်ဆင်ရမည့်အကြောင်းပြောပြီးလျှင် တစ်ယောက်က အောက်သို့ဆင်းသွား၍ သူတို့စီးသော ဘိုင်စကယ်တစ်စီးပေါ်တွင်ပါသည့် သေတ္တာထဲမှ ဝက်အူလှည့်၊ ပလိုင်ယာစသော ကိရိယာများကို ယူခဲ့ပြီးလျှင် မီတာကို ပြင်ဆင်လျက်ရှိလေ၏။

မောင်မောင်လတ်သည် မိမိအား ကားနှင့်လိုက်ပို့သူကို လက်ဖြင့်ဝှေ့ယမ်းနှုတ်ဆက်ပြီးနောက် အိမ်ပေါ်သို့ တက်သွား၏။ အင်္ကျီအဝတ်အစားသစ်များကို အဟောင်းနှင့်လဲလှယ်၍ နောက်ဖေးဆောင်သို့ဝင်ကာ ရေချိုးပြီးနောက် သူငယ်ကလေးအား ကုလားထမင်းဆိုင်မှ ညစာကိုအယူခိုင်းပြီး ညစာစားလေသည်။ ထို့နောက် မောင်မောင်လတ်သည် အိမ်ရှေ့ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ စီးကရက်တစ်လိပ်ကိုသောက်ရင်း သတင်းစာကိုဖတ်လျက် ရှိလေရာ ထိုအချိန်၌ အိမ်စေသူငယ်ကလေးမှာ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းပြီးနောက် တစ်ခန်းလုံး တံမြက်စည်းလှည်းပြီးလျှင် မောင်မောင်လတ်၏အိပ်ရာကို ပြင်ဆင်လျက်ရှိလေသည်။

အချိန်မှာ ည ၆ နာရီထိုးလုပြီ ဖြစ်၏။ မောင်မောင်လတ်သည် တစ်စုံတစ်ရာကို နက်နဲစွာ စဉ်းစားစိတ်ကူးနေသည့်ဟန်ဖြင့် ညောင်ခုံးတွင် ထေးငါးခေါက်မျှ လျှောက်လျက်ရှိလေ၏။ ထို့နောက် တစ်စုံတစ်ရာကို သတိရသည့်ဟန်ဖြင့် မိမိစာရေးစားပွဲမှ လက်ယာဘက်အံဆွဲစားပွဲကို သော့ဖြင့်ဖွင့်ပြီးလျှင် ကုလားထိုင်တစ်လုံးပေါ်၌ထိုင်ကာ စာကို ၃-၄ ခေါက်မျှ ဖတ်လျက်ရှိလေသည်။

၇ နာရီထိုးပြီးလတ်သော် မောင်မောင်လတ်သည် အချိန်ပြီး သူငယ်ကလေးအား အိမ်သို့ပြန်၍ လွှတ်လိုက်၏။ သူငယ်ကလေး ဆင်းသွားသောအခါ

www.burmeseclassic.com



မောင်မောင်လတ်သည် တံခါးကို အတွင်းမှပိတ်ပြီးနောက် အိမ်ရှေ့ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ မိမိဆင်ထားသော ဓာတ်လမ်းဓာတ်ကွက်များကို ပြန်၍စဉ်းစားကာ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း စိတ်ကူးယဉ်လျက်ရှိ၏။ ဤသို့ ၂ နာရီကျော်ကျော်မျှ အချိန်ကုန်လွန်ခဲ့၏။

မောင်မောင်လတ်သည် အံဆွဲထဲမှစာကို ထုတ်ယူပြီးလျှင် တစ်ကြိမ်ထပ်၍ဖတ်ပြန်၏။ သို့သော် စာထဲတွင်ပါသော အချိန်နာရီမှာ တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိချေ။ စာထဲ၌ပါသော အချိန်မှာ ၁၀ နာရီနှင့် ၁၁ နာရီကြားဟုဆိုသဖြင့် ယခုတစ်နာရီအတွင်း မည်သည့်မိနစ်ပိုင်း၌မဆို ရောက်လာနိုင်၏။ ဤသို့ဖြင့် မောင်မောင်လတ်မှာ ကုလားထိုင်သို့ပြန်၍ ထိုင်ချည်တစ်လှည့်ဖြင့် အလွန်ကြာညောင်းလှသည် ထင်ရသောအချိန်များကို ကုန်လွန်စေခဲ့ရလေတော့၏။

မောင်မောင်လတ်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်ပြီးနောက် စီးကရက်ကို မီးညှိ၍ပသောက်မိ သက်ပြင်းတစ်ချက် ချလိုက်၏။ အချိန်မှာ ၁၀ နာရီ မိနစ် ၄၀ ရှိလေပြီ။ စီးကရက်ကို မီးညှိလိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတံခါးခေါက်သံ ကြားရသဖြင့် သွားရောက်ဖွင့်ပေးရာ ပိုးပဝါ အနက်တစ်ထည်ကို ခေါင်းမြီးခြုံထားသဖြင့် မျက်လုံးကလေးမျှသာပေါ်၍နေသော အမျိုးသမီးတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေသည်။

"ကြွပါခင်ဗျာ ကြွပါ။ ထိုင်ပါ"

မောင်မောင်လတ်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ စာရေးစားပွဲသို့ ပြောင်း၍ထိုင်လိုက်ပြီးလျှင် အမျိုးသမီးကိုလည်း စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးဆီသို့ ညွှန်ပြကာ ခရီးဦးကြိုပြုရင်း နေရာထိုင်ခင်းပေးလေသည်။ အမျိုးသမီးကမူ တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ကုလားထိုင်ပေါ်သို့ ခပ်ဆောင့်ဆောင့် ထိုင်ချလိုက်လေ၏။

"ဘယ်အချိန်မှန်ပါကလား"

အမျိုးသမီးကား တစ်စုံတစ်ရာ ပြန်၍မပြောချေ။ စကားပင် ပြန်၍မပြောသော်လည်း ပိုးပဝါအောက်မှ မျက်လုံးများမှာ မောင်မောင်လတ်အား စူးစူးဝါးဝါး စိုက်ကြည့်လျက် ရှိနေလေသည်။

"ပြောမှသာ ပြောပါ။ စကားရှည်မနေပါနဲ့"

"ပြောစရာတော့ များများမရှိလှပါဘူး။ ဒီက ရေးလိုက်တဲ့စာထဲမှာ ပါတဲ့အတိုင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား"

"ဒါပါပဲ"

"ကဲ... ဒီတော့ ကျွန်မပြောမယ်။ ရှင်တောင်းတာက နှစ်သောင်းဟုတ်စ။ ငွေသား ဒီလောက်ပေးဖို့ ကျွန်မမှာရှိနေတယ်လို့များ ရှင်ထင်သလား။ ကျွန်မ ဘယ်လောက်ရတယ်ဆိုတာ ရှင်လည်း အသိသားပဲ။ ဒီတော့ ဒီဓာတ်ပုံကလေးတစ်ပုံအတွက် ကျွန်မအပေါ် ရှင် ဒီလောက်များ ညှစ်ရက်တယ်ဆိုတာ ကျွန်မဖြင့် အံ့ဩတယ်"

"ဓာတ်ပုံကလေးတစ်ပုံဆိုပေမဲ့ ဒီပုံက သေရေးရှင်ရေးပဲ မဟုတ်လား မညွှန့်ရီ။ ဒီဓာတ်ပုံကလေးကို ခင်များယောကျ်ားဆီ ပို့လိုက်ရင် ခင်များဟာ ဘယ်လို ဘဝပြောင်းသွားမယ်ဆိုတာ ခင်များ အသိသားပဲ"

"ကျွန်မဟာ ရှင့်ကို အစ်ကိုကြီးလို့မှတ်ပြီး ချဉ်းကပ်မိတယ်။ တောင်းပန်တိုးလျှိုးမိတယ်။ ဒီလူနဲ့ တစ်ကြိမ်တစ်ခါမှားတာကို အပြစ်လွှတ်ဖို့ ကျွန်မယောကျ်ားကို မပြောဘဲ ဖုံးအုပ်ထားဖို့ ရှင့်ကို ရှိခိုးပြီး ကျွန်မတောင်းပန်တယ်။ နို့ပေမဲ့ ရှင်က ကျွန်မကို နှမလေးလို သဘောမထားဘဲ ဒီဟာကို အခွင့်ကောင်းယူပြီး ဒီဓာတ်ပုံကလေးနဲ့ ကျွန်မကို အကျပ်ကိုင်တယ်။အဲဒါဟာ တရားသလား။ မတရားသလား ရှင် စဉ်းစားကြည့်စမ်း"

"ဒါကတော့ ကျုပ်ရဲ့အလုပ်၊ ကျုပ်ရဲ့ဝါသနာပေကိုးဗျ"

"တယ်ဟော်တဲ့ ဝါသနာ၊ တယ်ကောင်းတဲ့ အလုပ်"

"ကဲလေ၊ ဒီဟာတွေ ပြောမနေပါနဲ့တော့ မညွှန့်ရီ၊ ပေးမယ် မပေးဘူးဆိုတာသာ အမိန့်ရှိပါ"

"ပေးမယ်.. ပေးမယ်။ ကျွန်မရှိသမျှတော့ အခုပဲပေးမှာပဲ။ ဟောဒီလက်ကောက် နှစ်ရာ့ငါးဆယ်ပေးရတယ်၊ ဒီဆွဲကြိုးက တစ်ရာ့ငါးဆယ်၊ ဟောဒီ နားကပ်က တစ်ရာ၊ နေဦး.. နာရီရှိသေးတယ်။ ဟောဒီ လက်ပတ်နာရီက တစ်ရာ့ငါးဆယ် ပေးရတယ်။ ကဲ.. ဒီတော့ ဒီဟာတွေကို ရှင် အားလုံးယူ။ ဓာတ်ပုံကို ရှင့်စာထဲမှာ ပါတဲ့အတိုင်း နဂတစ်ပါ တစ်ခါတည်းပေး"

"ဟာ... ဟာ... ဒီလောက်နဲ့ ဘယ်ရမလဲ မညွှန့်ရီ။ ခင်များ ပစ္စည်းတွေ အားလုံးပေါင်း တန်လှမှ လေးငါးခြောက်ရာပေါ့။ ခင်များပေးဖို့ကျွာကို ဒီတန်ဖိုးလောက်နဲ့ လဲလို့ရနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ်သည် နေရာမှထကာ စားပွဲနံဘေးရှိ သံမဏိဗီရိုကို ဖွင့်လိုက်၏။ ထို့နောက် ဒုတိယအံဆွဲအတွင်းမှ ညွန့်ညွန့်ရီ၏ ဓာတ်ပုံပါသော စာအိတ်အပြာကလေးတစ်လုံးကို ထုတ်ယူလိုက်လေသည်။

"ဒီမှာကြည့်စမ်း မညွန့်ရီ၊ ဒီစာအိတ်ကလေးထဲမှာပါတဲ့ ဓာတ်ပုံနဲ့ နဂ္ဂတစ်ဟာ မညွန့်ရီရဲ့အသက်ပဲ။ ဒါဟာ မညွန့်ရီရဲ့ဘဝကို တစ်ခါတည်း ပြောင်းပစ်နိုင်တယ် မဟုတ်လား။ ဒီတော့ ကျုပ်တောင်းတာ မများပါဘူး"

မောင်မောင်လတ်သည် ထိုအံဆွဲထဲမှပင် ကြိုးအနီကလေးဖြင့် သေချာစွာ စည်းနှောင်ထားသော စာအိတ် ၁၂ လုံးပါသည့် အထုပ်ကလေးတစ်ထုပ်ကို နောက်ထပ်ထုတ်ယူလိုက်ပြီးလျှင် စားပွဲပေါ်၌ ချထားလိုက်ပြန်၏။ ထို့နောက် စာအိတ်ကလေးကို လက်ထဲတွင်ကိုင်လျက် "ဒီမှာကြည့်စမ်း မညွန့်ရီ၊ ဟောဒီ အထုပ်ထဲမှာ ရည်းစားစာ ၁၂ စောင်ပါတယ်။ စာတိုက်ကလာတဲ့အတိုင်း သူ့စာအိတ်နဲ့သူ၊ စာတိုက်တံဆိပ်နဲ့ ရက်စွဲနဲ့ အတိအကျရှိတယ်။ ဒီစာ ၁၂ စောင်ဟာ တန်ဖိုးဘယ်လောက်ရှိတယ် ထင်သလဲ။ တစ်စောင်ကို တစ်ထောင်တန်တယ်။ နို့ပေမဲ့ ကျုပ်က အမျိုးသမီးကို သနားတာနဲ့ အစွန်းထွက်နှစ်ထောင်ဖြတ်ပြီး တစ်သောင်းတိတိပဲ ထားတယ်။ ကျုပ်က ညှာပါတယ်ဗျာ။ မတရားတဲ့ တန်ဖိုး ကျုပ် မဆိုပါဘူး။ ကဲ... ဒီတော့ ဒီဟာနဲ့နှိုင်းစာရင် ခင်ဗျားဓာတ်ပုံဟာ သုံးထောင် အနည်းဆုံးတန်တာပေါ့"

မောင်မောင်လတ်သည် စာအိတ် ၁၂ လုံးပါသည့် ကြိုးနီစည်းထားသော အထုပ်ကလေးကို စားပွဲပေါ်တွင် ချထားလိုက်ပြန်၏။ ထို့နောက် သူသည် ညွန့်ညွန့်ရီ၏မျက်နှာကို တစ်ချက်မျှ ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီးလျှင် အေးဆေးသည့် အမူအရာဖြင့် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်ပြန်လေသည်။

"ကဲလေ၊ စကားပြတ်အောင် မြန်မြန်ပြောစမ်းပါ"

"မပေးနိုင်ဘူး မညွန့်ရီ။ ခင်ဗျား လက်ဝတ်လက်စားတွေ ပြန်သာယူသွား။ ကျုပ်က ပစ္စည်းမလိုချင်ပါဘူး။ ငွေပဲ လိုချင်ပါတယ်"

မညွန့်ရီဆိုသူ အမျိုးသမီးသည် စားပွဲပေါ်၌တင်ထားသော လက်ဝတ်လက်စားများကို ပြန်လည်သိမ်းဆည်းလျက် ရှိလေ၏။

"ဒီတော့ ရှင် ဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ဖို့ကတော့ လွယ်ပါတယ်။ နက်ဖြန် စာတိုက်သွား။ ဒီတာတ်ပုံကို ပါဆယ်လုပ်ပြီး ဦးရွှေမောင်းဆီပို့။ ဒါပါပဲ။ ဒီနောက်တော့ လင်မယားကွဲတဲ့ အခန်းကို သတင်းစာထဲမှာ စောင့်ပြီးဖတ်ရုံပဲ ရှိတော့တယ်။ ဟား. . ဟား ဟား. . "

မညွှန့်ရီသည် ချုံးချငိုကြွေးရှာလေ၏။

"ရှင် ကျွန်မကို မသနားတော့ဘူးလား ကိုမောင်လတ်"

မောင်မောင်လတ်သည် အခြားဘက်သို့လှည့်၍ အတန်ငယ် ပြုံးလိုက်ပြီးလျှင် သူ၏ လက်ယာဘက်မျက်ခုံးတစ်ဖက်သည်လည်း အပေါ်သို့ မြင့်တက်သွားလေသည်။ ထို့နောက် အကြံယူသည့်လက္ခဏာဖြင့် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ပြီးလျှင် နေရာမှထကာ မညွှန့်ရီအနီးသို့ ချဉ်းကပ်သွားပြီးနောက် မျက်နှာကို ခပ်ပြုံးပြုံးထားလျက် . .

"သြော်. . တစ်ခုတော့ရှိတယ်၊ တစ်ပြားမျှ မပေးဘဲနဲ့ ဖြစ်နိုင်တဲ့ နည်းတစ်ခုတော့ ရှိတယ်။ ဒီမှာ ရီရီ၊ ရီရီဟာ သိပ်လှတာပဲ။ ဒီတော့ ရီရီကို အစ်ကိုကြီးက ချစ်မိနေပြီ။ ဒီတော့ အစ်ကိုကြီးကို နည်းနည်းကလေးလောက် ပြန်ပြီးချစ်"

ဤအပြုအမူမှာ စက္ကန့် ၃၀ မျှပင် မကြာချေ။ မောင်မောင်လတ်သည် အမျိုးသမီးအား ရုတ်တရက်ပွေ့ဖက်လိုက်၏။ ညွှန့်ညွှန့်ရီ၏ နှုတ်ခမ်းအစုံပေါ်သို့ နောက်ဆုံးကျရောက်လာသည့်ခဏ၌ ညွှန့်ညွှန့်ရီ၏ လက်ယာဘက်လက်တွင် ဝင်းခနဲ အရောင်လက်သွားသည်ကို မြင်လိုက်ရပြီးနောက် ထိကပ်၍နေသော ကိုယ်နှစ်ခုသည် အတန်ငယ် ကွာ၍သွားလေ၏။ ထို့နောက်၌ကား မောင်မောင် လတ်၏ ကိုယ်မှာ အရုပ်ကြိုးကို ဖြတ်၍ချလိုက်သကဲ့သို့ ကုလားထိုင်တစ်လုံး၏ လက်တန်းပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားလေတော့သတည်း။

ထိုအချိန်၌ မောင်မောင်လတ်၏ကိုယ်မှာ ပျော့ခွေလျက် ရှိနေလေရာ ရင်းဝတ်ထားသော အဝါရောင်စပို့ရှပ် လက်ဝဲဘက် ရင်အုံအလယ်လောက်တွင် အရိုးနက်တပ်ဆင်ထားသည့် မောင်းချဓားကလေးတစ်ချောင်းသည် လက်ကိုင်သို့ ရောက်သည်အထိ နစ်မြုပ်စူးဝင်လျက်ရှိနေသည်ကို တွေ့ရ၏။ စေသွားစိုက်ဝင် သော နေရာ၏ တစ်လက်မပတ်ဝန်းကျင်တွင် အနီရောင်အကွက်ကလေးတစ် ကွက် စွန်းထင်လျက်ရှိနေသည်မှတစ်ပါး သွေးများ အများအပြားထွက်၍ မလာ ချေ။



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်ညွှန့်ရီသည် ပထမ ကြက်သေသေလျက် ကြည့်နေမိရာမှ ရုတ်တရက် ပြန်၍သတိရလာသကဲ့သို့ လှုပ်ရှားလာတော့၏။ သံပတ်ပေး၍ လွှတ်လိုက်သော အရုပ်ကဲ့သို့ မောင်မောင်လတ်၏အလောင်းကို အကြောင်းသားမလှုပ်မယှက် ကြည့်၍နေမိရာမှ စားပွဲဆီသို့ သွားရောက်ကာ သူ၏ခေါက်ပုံပါသော စာအိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီးလျှင် လက်ပွေ့အိတ်ထဲသို့ လျင်မြန်စွာ ထည့်လိုက်၏။ ထို့နောက် ကြောက်စိတ်များကို ပြေအောင်ပြုလုပ် အားတင်းလိုက်ဘိသကဲ့သို့ ကိုယ်ကို ခပ်မတ်မတ်ရပ်လိုက်ပြီးလျှင် အခန်းထဲမှ ထွက်သွားလေသည်။

ညွှန့်ညွှန့်ရီသည် လှေကားတစ်လျှောက်မှ အောက်သို့ ခပ်သုတ်သုတ်ဆင်းသွား၏။ ထိုခဏ၌ သံမဏိဗီရိုကလေး လက်ဝဲဘက်တွင်ရှိသည့် မတ်ရပ်သစ်သားဗီရိုတံခါးသည် တဖြည်းဖြည်း ပွင့်လာပြီးနောက် မျက်နှာအောက်ပိုင်းကို အဝတ်နက်ဖြင့် စည်းထားသော သဏ္ဌာန်တစ်ခု ပေါ်ထွက်လာ၏။ ထိုသဏ္ဌာန်သည် အတော်အတန် အေးဆေးသောအမူအရာဖြင့် မိမိဘောင်းဘီအိတ်ထဲမှ လက်အိတ်ကိုထုတ်၍စွပ်ကာ မောင်မောင်လတ်အလောင်းရှိရာသို့ သွားပြီးလျှင် လက်ဝဲဘက်ရင်ညွှန့်၌ စိုက်နေသော မောင်းချဓား လက်ကိုင်ရိုးအနက်ကလေးကို မိမိအိတ်ထဲမှ လက်ကိုင်ပဝါဖြင့် ကောင်းစွာ ပွတ်တိုက်ပေးလိုက်၏။ ထို့နောက် စားပွဲပေါ်တွင် ရှိနေသည့် ကြိုးနီကလေးဖြင့် စည်းထားသော စာအိတ် ၁၂ လုံး အစည်းကလေးကို သတိကြီးစွာဖြင့် ဆွဲယူပြီးလျှင် ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်ပြန်၏။

ထိုအချိန်၌ အခန်းတစ်ခန်းလုံးမှာ ငြိမ်သက်စွာရှိနေပြီးလျှင် လှေကားမှ မည်သည့်အတက်အဆင်း ခြေသံများကိုမျှ မကြားရချေ။ သို့ရှိစဉ် ထိုသဏ္ဌာန်သည် မောင်မောင်လတ်၏ အလောင်းရှိရာသို့ ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်မျှ လှည့်ကြည့်ပြီးနောက် တံခါးပေါက်၏ အတွင်းဘက် မီးတာသေတ္တာအနီးရှိ မီးခလုတ်ကို ပိတ်လိုက်လေသည်။ တစ်ခန်းလုံး မှောင်၍သွားသောအခါ ထိုသဏ္ဌာန်သည် တံခါးကို ညင်သာစွာ ပြန်၍စေ့ထားခဲ့ပြီးနောက် မိမိစီးထားသော ရော်ဘာခံရှူးဖိနပ်ကို ခပ်ဖော့ဖော့နင်းကာ လှေကားမှ ဣန္ဒြေရစွာ ဆင်းသွားလေတော့၏။

အမည်မဖော်လိုသူ အမျိုးသမီးသည် ဘသီလှနှင့်တွေ့ရန် သောကြာနေ့ညတွင် ချိန်းဆိုထားသော်လည်း ဗုဒ္ဓဟူးနေ့ညနေတွင် စာတစ်စောင် ရရှိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစာမှာ ဘသီလှထံမှဖြစ်၍ ထိုစာရသော ဗုဒ္ဓဟူးနေ့ညနေ၌ပင် ၎င်းထံသို့ ယခင်နည်းအတိုင်း လာရောက်တွေ့ဆုံရန် ပါရှိလေသည်။

ထိုည ၉ နာရီ မိနစ် ၄၀ ခန့်အချိန်တွင် ရှောပဝါအနက်တစ်ထည်ကို ခေါင်းမြီးခြုံထားသည့် အမည်မဖော်လိုသူ အမျိုးသမီးသည် ယခင်နည်းအတိုင်း တံခါးကိုခေါက်ပြီးလျှင် ဘသီလှ၏အိပ်ခန်းထဲသို့ ဝင်လာလေသည်။ မီးကလေးမှာ ယခင်အခေါက်ထက်ပင် တုန်တုန်ယင်ယင်ရှိနေသည့်လက္ခဏာဖြင့် ဘသီလှ ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်လိုက်လေသည်။

"ထိုင်ပါ ညီမလေး။ ထိုင်ပါ"

"ဟုတ်... ဟုတ်ကဲ့"

မိန်းမပျို၏အသံမှာ အတန်ငယ်စိုးရိမ်ကြောက်ရွံ့နေသည့် လက္ခဏာဖြင့် တုန်တုန်ယင်ယင်ရှိလှ၏။

"ကဲ... အခုမှတော့ ဘာမျှမကြောက်နဲ့တော့။ ကိစ္စတွေအားလုံး ချောချောမောမော ဖြစ်သွားပါပြီ။ ဒီကနေ့မနက် သတင်းစာတွေတော့ ဖတ်ရပြီ မဟုတ်လား"

"ဟုတ်ကဲ့ ဖတ်ရပါပြီရှင်။ ကျွန်မဖြင့် သတင်းစာမှာ တွေ့တွေ့ချင်း အူတုန်သည်းတုန် ဖြစ်လိုက်တာရှင် မပြောပါနဲ့တော့။ သူဟာ အခု ကိုယ့်ရန်သူ ဖြစ်နေတယ်ဆိုပေမဲ့ စိတ်ထဲမှာ မကောင်းပါဘူး အစ်ကိုကြီးရယ်"

"အင်းလေ... သူ့ကံနဲ့ စီမံလာတာပေါ့။ ဝမ်းနည်းနေလို့လည်း အကြောင်းမထူးဘူး၊ ဝမ်းသာဖို့လည်း အကြောင်းမရှိဘူး။ အမှန်တရားနဲ့ ကြည့်တော့ လူများအပေါ် အသနားအညှာတာ ကင်းမဲ့တဲ့လူ၊ သူတစ်ပါးရဲ့ ဒွေးနှဲ့စာကို ခေါင်းပုံဖြတ်ချင်တဲ့လူ၊ သူများရဲ့ သမီးပျိုသားပျိုကို မဟုတ်မတရား ကြံစည်ချင်တဲ့လူဆိုတာ နောက်ဆုံးတော့ ဝမ်းနည်းခန်းနဲ့ နိဂုံးချုပ်ရတာပဲဆိုတာ အစ်ကိုကြီးတို့ သင်ခန်းစာရတာပေါ့လေ"

"ဟုတ်ပါတယ်ရှင်။ ခြော်.. ဒါထက် သတ်တဲ့တရားခံ လက်သည်လည်းပဲ ခုထက်ထိ မမိသေးဘူးဆိုပါလား"

"ဟုတ်တယ်... ခုထက်ထိလည်း မပေါ်သေးဘူး။ နောက်လည်း ပေါ်မယ်မထင်ဘူး"

"နို့.. ကျွန်မတို့အလုပ်ကကော ဘယ့်နှယ်လဲ အစ်ကိုကြီး။ ဒီအတိုင်း ထားရင် ဟိုစာတွေဟာ ပုလိပ်လက်ထဲရောက်သွားပြီး မဆိုင်တဲ့ကျွန်မှာ သူသေ

www.burmeseclassic.com



ပြီးတဲ့နောက်မှ အရှက်တကွဲအကျိုးနည်း ဖြစ်ရဦးမလို ဖြစ်နေပြီကော အစ်ကိုကြီးရဲ့"

"မဖြစ်စေရပါဘူး ညီမလေးရယ်"

"ဟင်... အစ်ကိုကြီးပြောတာ အေးစက်စက်နဲ့။ အခုလောက်ရှိ ဒီစာတွေ ပုလိပ်လက်ထဲ ရောက်သွားရောပေါ့"

"မရောက်ပါဘူးဗျ။ ဒီမှာပါ"

ဘသီလှသည် သူ၏မီးခံသေတ္တာထဲတွင် သိမ်းဆည်းထားသော ကြိုးနီကလေးဖြင့် ရစ်ပတ်ထားသည့် စာ ၁၂ စောင် အထုပ်ကလေးကို စားပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။

"ဟင်... ဟာ... အစ်ကိုကြီး၊ ဒီဟာတွေ အစ်ကိုကြီး ဘယ်လိုနည်းနဲ့ ရလာတာလဲဟင်"

ထိုအခါမှ ဘသီလှသည် အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မောင်မောင်လတ်အခန်းတွင် ယမန်ညဉ့်က ဖြတ်ပျက်ခဲ့သည့် ဇာတ်လမ်းကလေးကို ရှင်းလင်းပြောပြလေ၏။ သို့သော် ညွန့်ညွန့်ရီ၏အမည်ကိုမူ ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ အဝတ်နက်ဖြင့် မျက်နှာကိုဖုံးအုပ်ထားသည့် အမည်မသိသာမန်မိန်းကလေးတစ်ယောက် ဟူ၍သာ ပြောလေသည်။ ထို့နောက် ဘသီလှက နှိုက်ချုပ်အနေဖြင့်..

"ကဲ... ဒီတော့ ဒီအမှုမှာ သက်သေခံမယ့်လူက တစ်ယောက်ပဲရှိတယ်။ အဲဒီလူကလည်း ဘယ်တော့မျှ ဖော်ပြီးပြောမှာ မဟုတ်ဘူး။ ဒီကိစ္စမှာ ကိုယ့်ပယောဂလည်း တစ်စက်မျှမပါဘူး။ ပြီးတော့ မိန်းကလေးတစ်ယောက်ကို အတင်းဗလက္ကာရလုပ်တဲ့ လူတစ်ယောက်ဟာ အဲဒီအလုပ်ခံရတဲ့ မိန်းကလေးကပဲဖြစ်ဖြစ်၊ တခြားလူတစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ် ဒီဇော်ကားတဲ့လူ သေသွားတဲ့အထိ ခုခံနိုင်တယ်ဆိုတဲ့ တရားဥပဒေလည်း ရှိတယ်။ ဒီတော့ ဘာလိုသေးသလဲ။ သေတဲ့လူလည်း သူ့ထိုက်နဲ့သူ့ကံ သေပြီ။ ကျုပ်တို့ လိုချင်တဲ့ပစ္စည်းလည်း သွေးတစ်စက်မျှ မစွန်းဘဲ ရှောရှောရှူရှူရခဲ့ပြီ။ နောက်ထပ် ဘာလိုသေးလဲ"

မိန်းမပျိုသည် စာထုပ်ကလေးကို လှမ်း၍ယူကာ သူ၏ လက်ပွေ့အိတ်ကလေးထဲသို့ တယုတယ ထည့်သွင်းထားလိုက်၏။ ထို့နောက် လက်ပွေ့အိတ်ထဲမှ ငွေစက္ကူအထပ်နှစ်ထပ်ကို ထုတ်ယူ၍ ဘသီလှ၏ရှေ့၌ ချထားလိုက်လေသည်။

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်။ ဒီတစ်သက် အစ်ကိုကြီးရဲ့ ကျေးဇူး ကျွန်မ ဘယ်တော့မှမမေ့ပါဘူး။ ကျွန်မရဲ့ ဂုဏ်သိက္ခာကို စွန့်စွန့်စား စား ဆည်ပေးတဲ့ အစ်ကိုကြီးကို ဒီထက်မက ကျေးဇူးဆပ်ချင်ပါတယ်"

"ဒီလောက်လည်း စွန့်စားရတာ မဟုတ်ပါဘူးဗျာ"

"ဘယ့်နှယ် စွန့်စားရပြီလားရှင်၊ အဆင်မသင့်ရင် အစ်ကိုကြီးဟာ လူသတ်မှု တရားခံတောင် ဖြစ်သွားနိုင်တာပေါ့"

"နို့ပေမဲ့ အစ်ကိုကြီး မဖြစ်နိုင်ပါဘူး။ အစ်ကိုကြီးက ဉာဏ်ကို အလှာ လိုက် အလှာလိုက်သုံးတတ်တဲ့ လူတစ်ယောက်ပဲ။ ပြီးတော့လည်း ဒီအမှုမှာ မမျှော်လင့်ဘဲနဲ့ တခြားအမျိုးသမီးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာရော အသက်ကိုပါ ဖယ်လိုက်နိုင်တဲ့အတွက် အစ်ကိုကြီး ကျေနပ်ပါတယ်။ ဪ... ဒါထက် ဟောဒီ... "

သို့ပြောဆိုရင်း ဘသီလှသည် ငွေ ၁၀၀၀ ပါသော ငွေစက္ကူ အထပ် တစ်ထပ်ကို အမျိုးသမီးဘက်သို့ တိုး၍ပေးလိုက်၏။

"ဒါက ဘာလဲအစ်ကိုကြီးရဲ့။ ယူသာယူပါ။ ဘာဖြစ်လို့လဲ။ ကျွန်မက စေတနာနဲ့ ပေးတာပဲ"

"ဟုတ်ပါတယ်လေ။ နို့ပေမဲ့ ဒီတစ်ထောင်က တင်ရဲ့ မင်္ဂလာဆောင် ကို အစ်ကိုကြီးက ပြန်ပြီးလက်ဖွဲ့တာပါ။ ယူသာယူပါ"

အမည်မဖော်လိုသူ အမျိုးသမီးသည် ကျေးဇူးတင်ပါကြောင်းဖြင့် အထပ် ထပ်ပြောကာ နောက်ဆုံး နှုတ်ဆက်ဆင်းသွားရာ တံခါးကို ပြန်ပိတ်လိုက်ပြီး နောက် ဘသီလှသည် ငွေ ၁၀၀၀ ကို သေတ္တာအတွင်းသို့ထည့်၍ သိမ်းဆည်း လိုက်ရင်း "အင်း... မိန်းမ... မိန်းမ ဒီကမ္ဘာကြီးတစ်ခုလုံး အုပ်စိုးနေတာ သက်စသက်တော့ မိန်းမတွေပါကလား" ဟု ညည်းညူလိုက်လေသည်။

◈

www.burmeseclassic.com

www.burmeseclassic.com

## ခေါရမောင်မောင် ၇

ဆီးနှင်းများ အဝေဝါပင်ကျလျက်ရှိသော တန်ဆောင်မုန်းလ၏ တစ်နေ့သောညဉ့် ၁၁ နာရီကျော်ကျော်အချိန်တွင် ဟစ်လမင်ကားကလေးတစ်စီးသည် မောင်ဂိုမာရီလမ်း(ယခုဗိုလ်ချုပ်လမ်း) အတိုင်း အရှေ့ဘက်မှ မောင်းနှင်လာပြီးနောက် ၃၅ လမ်းထိပ်ရှိ ရုပ်ရှင်ရုံတစ်ရုံရှေ့ ပလက်ဖောင်း၏ အခြားဘက်တွင် အရှိန်သတ်၍ ရပ်လိုက်၏။ ရောက်နှင့်ပြီးကားများ အစီအရီရှိနေသဖြင့် ထိုကားကလေးမှာ အလယ်တွင် မရပ်သာဘဲ အနောက်ဘက် အစွန်ဆုံးကားအနီးတွင် နေရာယူရလေသည်။

ကားရပ်ပြီးနောက် ခေါင်းပေါင်း အုပ်ပေါင်း၊ ဘန်ကောက်လုံချည် သက္ကလပ်တိုက်ပုံအင်္ကျီ၊ ရှူးဖိနပ်အနက် စသည်တို့ဖြင့် သားနားသပ်ရပ်စွာ ဝတ်ထားသော လူကြီးတစ်ယောက်သည် အနောက်ဘက်မှ ကားတံခါးကိုဖွင့် ပြန်၍မကြည့်ဘဲ ကားမောင်းသူထိုင်ခုံမှ ဆင်းလာပြီးလျှင် အရေးကြီးသည့်ဟန်ဖြင့် ရုပ်ရှင်ရုံထဲသို့ သုတ်သီးသုတ်ပျာ ဝင်သွားလေသည်။

အချိန်မှာ နောက်ဆုံးပွဲ ပြီးလုပြီဖြစ်၍ လမ်းတစ်ဖက်ရှိ ပလက်ဖောင်းပေါ်တွင် အတန်ငယ် လူပြတ်လျက်ရှိ၏။ သို့သော် ကားကလေးဆိုက်လာသည်ကို စောင့်ကြည့်နေသူ တစ်ယောက်သည် မှောင်ရိပ်တစ်ခုကို ကွယ်ရပ်ကာပြီးနောက် ရုပ်ရှင်ရုံပေါက်ဖအနီးတွင် မဝေဟာင်မလည်လျှောက်နေသော မိမိအဖော်အား လက်ပြလိုက်၏။ ထိုသူသည် မှောင်ရိပ်မှလူက အချက်ပြလိုက်သည်ကို မြင်လိုက်သည့်ဟန်ဖြင့် ပြန်၍ လက်မြှောက်၍ပြလိုက်၏။

www.burmeseclassic.com



ထို့နောက် ထိုသူသည် ပန်းဆိုးတန်းထိပ်တွင် မယောင်မလည် ရပ်နေသော သူ၏အဖော်တစ်ယောက်အား လည်းကောင်း၊ ၃၄ လမ်းထိပ်တွင် ရပ်၍နေသော အခြားအဖော်တစ်ယောက်အား လည်းကောင်း လက်မြှောက်၍ ပြလိုက်ပြန်ရာ ထိုသူများကလည်း အချက်ပြသည်ကို မြင်သည့်ဟန်ဖြင့် အသီးသီး ပြန်၍လက်မြှောက်ပြကြ၏။ အဓိပ္ပာယ်မှာ အထက်ကဖော်ပြခဲ့သော ကားကလေးအနီးမှောင်ရိပ်တွင် ရပ်၍စောင့်နေသော သူတို့၏ခေါင်းဆောင်မှာ 'အမဲ'တစ်ကောင်ကို ဖမ်းရန် အသင့်ရှိနေပြီဟူသော အထိမ်းအမှတ်ပင် ဖြစ်လေသည်။

မြောက်ဘက် ပလက်ဖောင်းပေါ်တွင် ရပ်နေသော မှောင်ရိပ်မှလူသည် ကားကလေးအနီးသို့ ချဉ်းကပ်သွားပြီးနောက် နောက်ပိုင်းမှတံခါးကို အလွယ်တကူ ဖွင့်လိုက်လေသည်။ ထိုသူမှာ သူတို့လေးယောက်တွင် ခေါင်းဆောင်ဖြစ်၍ ရုပ်ရှင်ရုံရှေ့မှ လူမှာ နံပါတ် ၂ ဒုတိယခေါင်းဆောင်ဖြစ်၏။ ကားကလေး၏ အနီးသို့ နံပါတ် ၂ ရောက်လာသောအခါ ခေါင်းဆောင်ဖြစ်သူသည် အိတ်ထဲမှ လက်နှိပ်ဓာတ်မီးကလေးဖြင့် ကားအတွင်းသို့ ကြည့်ရှုလျက်ရှိရာ ထိုအချိန်၌ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ယခင်က အစောင့်ချထားခဲ့သော နံပါတ် ၃ နှင့် ၄ တို့သည် ရုပ်ရှင်ရုံဘက်သို့ ပြန်၍လျှောက်လာကြပြီးလျှင် မနီးမဝေး၌ အသင့်နေရာယူလိုက်ကြလေသည်။

ဟစ်လမင်းကားကလေး၏ အနောက်ဘက်ထိုင်ခုံပေါ်၌ကား ဖိုင်တွဲများ၊ ဗလင်းအလွတ် ၄-၅ လုံး၊ အင်္ဂလိပ်-မြန်မာသတင်းစာ ၃-၄ စောင်နှင့် အခြားစာရွက်များကို တွေ့ရပြီးလျှင် အညိုရောင် လက်ဆွဲသားရေအိတ်တစ်လုံးကိုလည်း တွေ့မြင်ရလေသည်။

ခေါင်းဆောင်ဖြစ်သူသည် သားရေအိတ်ကို အခြားဘက်ရှိ မှန်ပြူတင်းပေါက်မှ နံပါတ် ၂ သို့ လှမ်းပေးလိုက်၏။

"ဟော့... စိန်နှစ် ဒီဟာမြန်မြန်ယူသွား။ ထုံးစံအတိုင်းဟေ့"

စိန်နှစ်သည် မိမိဦးခေါင်းတွင် ပတ်ထားသော မျက်နှာသုတ်ပဝါဖြင့် သားရေအိတ်ကို ပတ်လိုက်ပြီးလျှင် ချိုင်းကြားတွင်ညှပ်ကာ အနောက်ဘက်မှ ရှိသော လန်ချားတစ်စီးပေါ်သို့ တက်ပြီးနောက် လျင်မြန်စွာ ထွက်သွားလေ၏။ လန်ချားထွက်သွားသည်နှင့် တစ်ပြိုင်နက် နံပါတ် ၃ နှင့် ၄ တို့သည် ဆူးလေဘုရားလမ်းဘက်သို့ ထွက်သွားကြ၏။ ခေါင်းဆောင်သည် ကားတံခါးကို ပြန်၍ ပိတ်လိုက်၏။ ထိုအချိန်၌ ရုပ်ရှင်ရုံထဲသို့ဝင်သွားသော ခေါင်းဝင်းနှင့် လူကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် မြောက်ဘက်ဖလက်ဖောင်းသို့ ကူးလာပြီဖြစ်သဖြင့် ခေါင်းဆောင်သည် အစီအရီရပ်ထားသော ကိုယ်ပိုင်ကားများနောက်ရှိ စကြံသမံတလင်းအတိုင်း အရှေ့ဘက်သို့ ဣန္ဒြေရရှစွာ လျှောက်သွားလေ၏။ ကွမ်းခြံဘူတာဆိပ်ရှိ ဆေးလိပ်ဆိုင်ကလေးတစ်ခုသို့ ရောက်သောအခါ စီးကရက်တစ်လိပ်ဝယ်၍ သောက်ပြီးနောက် မော်လမြိုင်ကျောင်းတိုက်ထိပ်မှဖြတ်ကာ ၃၇ လမ်းထဲသို့ ခပ်သုတ်သုတ် ဝင်သွားလေသည်။

လူကြီးသည် ကားပေါ်သို့တက်ပြီး စက်မနှိုးမီ ကားနောက်ပိုင်းကို မီးဖွင့်၍ကြည့်လိုက်၏။ သူ၏သားရေအိတ်ကား မရှိတော့ချေ။ သို့သော် တစ်စုံတစ်ရာမဖြစ်သကဲ့သို့ အတန်ငယ်ပြုံးရယ်လိုက်ပြီးလျှင် ကားကလေးကို စက်နှိုးပြီးနောက် ဆူလေဘုရားလမ်းဘက်သို့ မောင်းနှင်သွားလေ၏။

နောက်တစ်နေ့နံနက် ၇ နာရီခန့် အချိန်လောက်တွင် ၃၆ လမ်းအောက်ဘလောက်ရှိ သုံးထပ်တိုက်ဟောင်းတစ်လုံး အပေါ်ဆုံးထပ် အခန်းတစ်ခန်းတွင် လူလေးယောက်တို့သည် သားရေအိတ်တစ်လုံးကို တတ်နိုင်သမျှ မပျက်စီးစေဘဲ ဖွင့်ရန်ကြိုးစားလျက် ရှိကြ၏။ သားရေအိတ်တွင် ငွေများ မှချပါရမည်ဟု ကိန်းသေတွက်ပြီး ဖြစ်သည့်ပြင်၊ ပါသမျှပစ္စည်းများကိုလည်း ညီတူညီမျှ ခွဲဝေယူကြရမည် ဖြစ်သောကြောင့် နံနက်ကျမှ အေးအေးဆေးဆေးစွာဖွင့်ခြင်း ဖြစ်လေသည်။ ၎င်းတို့လေးယောက်မှာ ပန်းဆိုးတန်းနှင့် ကွမ်းခြံဘူတာတစ်ဝိုက်တွင် ဆိုးသွမ်းလုယက်နေသော လူဆိုးဂိုဏ်းတစ်ဂိုဏ်း ဖြစ်၏။ ၎င်းတို့သည် အချင်းချင်းခေါ်ဝေါ်ပြောဆိုရာ၌ နာမည်ရင်းများကို မခေါ်ဘဲ စိန်တစ်၊ စိန်နှစ်၊ စိန်သုံး၊ စိန်လေး စသည်ဖြင့် ခေါ်ဝေါ်ကြ၏။ ကားကလေးပေါ်မှ လက်ဆွဲအိတ်ကို ယူသူမှာ 'စိန်တစ်' ဖြစ်၍ ခေါင်းဆောင်ဖြစ်၏။ ရုပ်ရှင်ရုံရှေ့၌ စောင့်နေသူမှာ 'စိန်နှစ်'ဖြစ်၍ ဒုတိယခေါင်းဆောင်ဖြစ်ပြီးလျှင် စိန်တစ်အား အများဆုံး အကူအညီပေးရသူ ဖြစ်၏။ လမ်းပေါ်တွင် အစောင့်ချထားသော လူနှစ်ယောက်မှာ 'စိန်သုံး' နှင့် 'စိန်လေး'ဖြစ်၍ အသင်းဝင်တပည့်များ ဖြစ်ကြ၏။ ထောင်အကြိမ်ကြိမ်ကျဖူးကြသော စာရင်းဝင်လူဆိုးများ ဖြစ်ကြ၍ လူဆိုးလူမိုက်လောကတွင် 'စိန်လေးလုံးဂိုဏ်း' ဟူ၍ အတော်အတန် နာမည်ကြီးသော ဂိုဏ်းတစ်ဂိုဏ်း ဖြစ်လေသည်။ လေးယောက်သားတို့သည် ယမန်ညဥ့်က ရခဲ့သော သားရေအိတ်ကို ခပ်အေးအေးပင် ဖွင့်လျက်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သားရေအိတ်မှာ အပေါ်အဖုံးဘက် သော့အိမ်တွင် သော့ပေါက်နေရာ၌ သော့ခတ်ပိတ်ထား၏။

တစ်– "သော့ခတ်ထားတယ်ကွ။ ဟော့.. လုပ်စမ်းပါဦး၊ စိန်နှစ်"

နှစ်– "သော့တူရှာဖို့ မလွယ်ဘူးဗျ။ ခက်တာပဲ"

လေး– "မှန်းစမ်းဗျာ။ ကျုပ် သော့တူတွေနဲ့ ဖွင့်ကြည့်ပါ့မယ်"

စိန်လေးမှာ အရေးကြုံက ဖွင့်လှစ်ရန် သော့တွဲနှစ်တွဲရှိသဖြင့် ထိုသော့များကို တစ်ချောင်းစီယူပြီးလျှင် စမ်းသပ်ဖွင့်လှစ်ကြည့်၏။ သို့သော် မပွင့်ချေ။

သုံး– "နှမြောစရာကြီးဗျာ။ ဘီလပ်လုပ်ဗျ။ အနည်းဆုံး လေးငါးဆယ်တန်တယ်"

တစ်– "ဘယ်တတ်နိုင်မလဲကွာ။ ဒီနည်းပဲ ရှိတော့တာပဲ"

သူတို့၏ ရည်ရွယ်ချက်မှာ သားရေအိတ်အတွင်းမှ ပါသမျှပစ္စည်းများကို ယူရုံနှင့် လောဘမသတ်သေးဘဲ အဖိုးတန် သားရေအိတ်ကိုပါ ပကတိအကောင်းအတိုင်း ရယူလိုသဖြင့် ဤကဲ့သို့ ပြောဆိုနေကြခြင်း ဖြစ်လေသည်။ နောက်ဆုံးတွင် ခေါင်းဆောင်စိန်တစ်၏ အမိန့်အတိုင်း မောင်းချဓားကလေးဖြင့် စိန်နှစ်က သပ်ရပ်စွာ ခွဲချလိုက်လေ၏။

သားရေအိတ်အတွင်း၌ကား ပုလင်း ၄ ပုလင်းကို ဖဲကြိုးအနီကလေးဖြင့် ပူး၍ချည်ထားသော အထုပ်တစ်ထုပ်၊ သတင်းစာဟောင်း ၂ အုပ်၊ နိုင်ငံခြားဆေးမဂ္ဂဇင်းအတွင်း၌ ညှပ်ထားသော စာတစ်စောင် စသည်တို့ကို တွေ့ရ၏။ စာအိတ်မှာ ပွင့်၍နေပြီးလျှင် စာအိတ်ပေါ်၌ ဦးထွန်းမောင်၊ မန်နေဂျာ အီစတာမင်ကုမ္ပဏီ၊ အမှတ် ( ) ကုန်သည်လမ်း၊ ရန်ကုန်မြို့ဟု ပါရှိ၏။ စာအိတ်မှာ ဖိတ်ဘဲထားသဖြင့် စိန်တစ်က ပထမဦးစွာ စာကို ယူ၍ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

မိတ်ဆွေကြီး..

ဦးထွန်းမောင်

ယခုပေးလိုက်သော ဆေးပုလင်း ၄ လုံးမှာ မိတ်ဆွေကြီး အလိုရှိသောဆေးဖြစ်၍ ယခင်က ကျွန်ုပ်ပြောခဲ့သည့်အတိုင်း မိန်းမနှင့်ပတ်သက်၍ အလွန်အာနိသင်ထက်မြက်စူးရှသော ဆေးဖြစ်ပါသည်။ မိန်းမတစ်ယောက်သည် ဤဆေးကို အနံ့ရရှိရုံမျှနှင့် အနီးရှိ ယောကျ်ားတစ်ယောက်အား မည်မျှပင် အရုပ်ဆိုးစေ



www.burmeseclassic.com

www.burmeseclassic.com



မည်မျှပင် အသက်ကြီးစေ၊ မနေနိုင်မထိုင်နိုင် တပ်မက်လာအောင် ဆန္ဒပြင်းစွာ ဖြစ်ပေါ်လာသည့်ဆေး ဖြစ်ပါသည်။

နိုင်ငံခြားမှလာသော ဤကဲ့သို့ အစွမ်းရှိသည့် ထူးဆန်းသောရေမွှေး များအကြောင်းကိုလည်း ဦးထွန်းမောင် ကြားဖူးပါလိမ့်မည်။ သို့သော် ယခု ကျွန်ုပ်၏ဆေးကို မမီပါ။ ယခုပို့လိုက်သော ဆေးရည်မှာ နိုင်ငံခြားမှလာသည့် ကာမဆန္ဒလှုံ့ဆော်သော အကောင်းဆုံး ရေမွှေးများထက် နှစ်ဆသုံးဆမျှ ပို၍ တန်ခိုးအာနိသင်ရှိကြောင်း ကျွန်ုပ် ရဲရဲကြီးအာမခံပါသည်။

ယခုဆေးကို ဖော်စပ်ရန် ဂျာမနီနှင့် တောင်အာဖရိကမြို့ကြီးများ ဆေးတိုက်များမှ ကျုပ်လိုအပ်သော ဆေးပစ္စည်းများကို အဖိုးများစွာပေး၍ ဝယ် ပါသည်။ ထို့ပြင်လည်း ကချင်ပြည်နယ်ရှိ ရေခဲတောင်များတွင် တွေ့ရသော 'မချစ်ဥ'နှင့် ယိုးဒယားနယ်စပ်တောင်များ၊ အထူးသဖြင့် ဒေါနတောင်နှင့် နွား လဘိုတောင်ပေါ်တွင် ရှားရှားပါးပါးတွေ့ရသော 'ပိုးချင်းမ'ခေါ် ပိုးကောင်များ ကိုလည်း အရှင်ရအောင် ဖမ်းဆီးဝယ်ယူခဲ့ရပါသည်။ ဤမျှလောက် ရှားရှားပါးပါး ပစ္စည်းများနှင့် နိုင်ငံခြားကာမရေမွှေး၏ ဖော်မြူလာတို့ကို စနစ်တကျ ပေါင်းစပ် ဖော်အပ်သဖြင့်လည်း ယခုကဲ့သို့ ရဲရဲကြီး အာမခံဝံ့ခြင်း ဖြစ်ပါသည်။

ပုလင်းတစ်လုံးအတွက် တန်ဖိုးကို ၃၀၀ ထား၍ ပုလင်း ၄ လုံးအတွက် ကျသင့်ငွေ ၁၂၀၀ ကို ယခုဆေးပုလင်းနှင့်တကွ စေလွှတ်လိုက်သောသူအား ဆက်ဆက် မစ.လိုက်စေလိုပါသည်။ ဤအဖိုးသည် မများပါ။ ရင်းနှီးသော လူချင်းဖြစ်၍ ဤမျှနှင့် ပေးခြင်းဖြစ်ပါသည်။ ဆေး၏ တန်ခိုးအာနိသင်ကို လက် တွေ့ သုံးစွဲကြည့်သောအခါ ကျုပ်စကားများ မှန်ကန်ကြောင်း ဦးထွန်းမောင် ကိုယ်တိုင် တွေ့ရှိရပါလိမ့်မည်။

ကျွန်းမာရွှင်လန်းပါစေ
ဦးသာခွန်းအောင်
အငြိမ်းစားဆရာဝန်ကြီး
( ) ပြည်လမ်း၊ ရန်ကုန်

စာဖတ်ပြီးသည့်အဆုံး၌ စိန်တစ်သည် စိန်နှစ်ဘက်သို့ စာရွက်ကို လှမ်းပေးလိုက်၏။

တစ်– "မင်းတို့တော့ ကော်တာပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



သုံး– "ဘာလဲဆရာ"

လေး– "ဘယ်လိုကော်တာလဲ ဆရာရဲ့ ပြောစမ်းပါဦး"

တစ်– "စိန်နှစ်ဖတ်ပြီးတော့ ပြောပါလိမ့်မယ်။ ကဲ.. စိန်နှစ် မင်းလူတွေ အကျိုးအကြောင်း ပြောလိုက်စမ်းပါကွယ်"

စာကို ဖတ်ပြီးသည့်အဆုံး၌ စိန်နှစ်သည် စာတွင်ပါရှိသော အကျိုးအကြောင်းများကို စိန်သုံးနှင့် စိန်လေးတို့အား ရှင်းလင်းပြောပြလျက် ရှိလေ၏။

တစ်– "အတော်ထူးဆန်းတာပဲဟေ့ စိန်နှစ်"

နှစ်– "ထူးဆန်းရုံဘယ်ကမလဲ ဆရာ။ တစ်ပုလင်းကို သုံးရာဆိုတော့ တော်တော့လူ ဘယ်ဝယ်နိုင်မလဲ။ သူဌေးများသာ ဝယ်နိုင်တော့မပေါ့"

တစ်– "သူဌေးတွေအတွက် ဆေးပေါ့ကွယ့်။ သူဌေးတွေမှ ဒါမျိုးသုံးတာ"

လေး– "ကျွန်တော်တို့တော့ မကြားဖူးဘူးဗျာ"

သုံး– "ကျွန်တော်တို့လည်း မကြားဖူးဘူးခင်ဗျ"

တစ်– "မင်းတို့က ဗဟုသုတမှ မရှိဘဲကိုးကွယ့်။ လူမိုက်လုပ်နေပေမဲ့ အတော်အသင့် ဗဟုသုတရှိရတယ်၊ ကြားဖူးနားဝ ရှိရတယ်။ တိုင်းပြည်မှာ ဘာဖြစ်နေတယ်၊ ဘယ်သူဟာ ဘာလုပ်နေတယ်၊ ဘာသင်းနဲ့ ဘယ်ဟာနဲ့ ဘယ်လိုဆက်သွယ်နေတယ်ဆိုတာတွေ သိထားရတယ်။ ဒါကြောင့် နေ့စဉ်သတင်းစာတွေကိုဖတ်လို့ ငါ မပြောဘူးလား"

လေး– "ဟုတ်ပါတယ် ဆရာ။ ဆရာအမိန့်ရှိတာ မှန်ပါတယ်"

သုံး– "ဆရာပြောတာဟုတ်တာပဲ။ ကျွန်တော်တို့ကတော့ ဆရာက အမိန့်ပေးရင် လူတစ်ယောက်ကို နှံလိုက်မယ်၊ ချလိုက်မယ်၊ တီးလိုက်မယ်။ ဒါလောက်ပဲ နားလည်တယ်။ ဘယ်သူခေါင်းပုံဖြတ်တာမျှ မခံဘူး။ မယုံရင် စမ်းကြည့် တိခနဲဖြစ်သွားမယ်"

နှစ်– "ကဲ.. ဒီဆေးပုလင်းတွေတော့ ကျွန်တော်တို့ရပြီ။ ဒီဟာတွေ ဘယ်ကိုသွားရောင်းမလဲ။ မျက်နှာပွင့်ဆေးတစ်ပုလင်းကို သုံးရာပေးပြီး ဘယ်မအေက ဝယ်မှာလဲ။ ငွေတစ်ရာ ကိုးဆယ်ပါတာကမှ တစ်ယောက် အစိတ်သုံးဆယ်စီ ရဦးမယ်။ ထိုး.. "

စိန်နှစ်သည် ဆဲရေတိုင်းထွာပြီးနောက် စက်ဆုပ်ရွံရှာသည့်ဟန်ဖြင့် ထွီးခနဲ တံတွေးထွေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်– "နောက်မှ ကြည့်သေးတာပေါ့ကွယ်။ အခုတော့ တစ်ယောက် တစ်ပုလင်းစီ ယူထားကြရုံပေါ့"

ထိုအချိန်တွင် အပြင်မှ တံခါးခေါက်သံ ကြားရသဖြင့် စိန်တစ်သည် တံခါးအကွယ်သို့ ခြေဖျားထောက်၍ သွားရောက်ကာ တိုက်ခိုက်ရန် အသင့် ရှိနေပြီးနောက် 'ဖွင့်လိုက်ဟေ့' ဟု အမိန့်ပေးလိုက်၏။ ထိုအခါ စိန်နှစ်က တံခါးကို ဖွင့်ပေးလိုက်ရာ အခန်းတွင်းသို့ အသက်ငါးဆယ် ခကျော် ခြောက်ဆယ် ခန့်ရှိ လူကြီးတစ်ယောက် ဝင်လာလေသည်။ လူကြီးမှာ မန္တလေးကွက်ကျား လုံချည်၊ သက္ကလပ်တိုက်ပုံအကျႌအနက်၊ ရှူးဖိနပ် စသည်တို့ဖြင့် အတော်အတန် သားနားစွာ ဝတ်ဆင်ထား၏။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမွှေးကောင်းကောင်း ဖြစ်ပြီးလျှင် နေကာမျက်မှန်အနက်ကို တပ်ဆင်ထားသဖြင့် အတွင်းမှ သူ့မျက်လုံး ကြည့်ပုံကို ရုတ်တရက် အကဲခတ်၍ မရနိုင်သကဲ့သို့ ရှိတော့၏။ လူလေးယောက် တို့မှာ အိတ်ထဲတွင် ဓားမြှောင်ကိုယ်စီ ရှိနေကြသော်လည်း လူကြီးသည် ၎င်းတို့ အား ခပ်မှန်မှန်ခပ်အေးအေးပင် ကြည့်ရှုရင်း မျက်နှာမှာလည်း ခပ်ပြုံးပြုံး ရှိနေ ၏။

လူကြီး– "ကဲ... မိတ်ဆွေတို့၊ စကားလေးတစ်ခွန်းပြောချင်လို့ ကျုပ်လာခဲ့တာပါ။ ခွင့်ပြုပါနော်"

စိန်တစ်သည် အခြားသူသုံးယောက်အား မျက်စိတစ်ချက်တည်း ဇွေ ယမ်းကြည့်လိုက်ပြီးနောက် လူကြီးအား ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက်

"ထိုင်... ထိုင်၊ ဘာစကားပြောချင်တာလဲ။ ခင်ဗျားက ဘယ်သူလဲ"

ကြီး– "သားရေအိတ်ကိုဖွင့်ပြီးရင် ကျုပ်နာမည်ကို သိကြရောပေါ့။ ပြောစရာလိုမယ် မထင်ပါဘူး"

လူကြီးသည် ဆေးပုလင်းကို ကိုယ်စီကိုင်ထားသော လူလေးယောက် တို့ကိုလည်းကောင်း၊ ဓားဖြင့် အပေါ်မှလှီးဖြတ်ထားသည့် သားရေအိတ်ကို လည်းကောင်း တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ပြောလိုက်ခြင်းဖြစ်၏။

တစ်– "ခင်ဗျားက ကျုပ်တို့ကို စွပ်စွဲတယ်ဟုတ်လား"

ကြီး– "စွပ်စွဲတာ မဟုတ်ပါဘူး။ ဒီဒွသီလို့ လိုက်လာတာပါ။ ပြီးတော့ ကျုပ် တစ်ခုပြောချင်တာက ကျုပ်ဟာ ပုလိပ်မဟုတ်ဘူး၊ စုံထောက်လည်း မဟုတ်ဘူး။ အမှန်တော့ ကျုပ်ပစ္စည်းကို ရွေးယူချင်လို့၊ တိုတိုပြောရရင် ခင်ဗျား တို့ကို ငွေပေးရအောင် လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်– "ဩော်. . . "

ကျန်လူသုံးယောက်တို့သည် စိန်တစ်မျက်နှာကို လှမ်း၍ကြည့်လိုက်ရာ ၎င်းမှာ သူတို့လေးယောက်တွင် ခေါင်းဆောင်ဖြစ်ကြောင်း လူကြီး ရိပ်မိသွားဟန် တူ၏။ ထိုအချိန်မှစ၍ လူကြီးသည် စိန်တစ်၏မျက်နှာကိုသာ ကြည့်၍ပြောဆို လျက် ရှိလေသည်။

ကြီး– "ကျုပ်က တခြားလူ မဟုတ်ဘူးဗျ။ ညက ရုပ်ရှင်ရုံရှေ့မှာ ကားပေါ်က သားရေအိတ်ပျောက်သွားတဲ့လူဗျ။ ခင်ဗျားတို့ မှတ်မိမလားတော့ မပြောတတ်ဘူး။ ဟိုစားပွဲကလေးပေါ်တင်ထားတဲ့ သားရေအိတ်ဟာ ကျုပ် သားရေအိတ်ပေါ့။ ကဲ . . ဒီတော့ ကျုပ် ပေါ့လျော့လို့ ပျောက်သွားတဲ့ပစ္စည်း ကို ကျုပ် အခု ပြန်ရွေးယူမယ်။ ဒါမှလည်း တရားနည်းလမ်းကျပေမပေါ့။ အလကားပြန်ယူချင်လို့ ဘယ်ဖြစ်မလဲ"

စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်နေသော လူလေးယောက်တို့မှာ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့အားသင့်လျက် ရှိကြ၏။ လူကြီး၏ ရဲရင့်သော အမူအရာကို ပို၍ပင် အံ့သြမိကြ၏။ တစ်ခဏမျှ လေးယောက်သား ငြိမ်သက်နေပြီးနောက် စိန်တစ်က အထစ်ထစ်အငေါ့ငေါ့ဖြင့် . .

"ဘယ်. . . ဘယ်လို၊ ခင်. . . ခင်ဗျား လုပ်ချင်လို့လဲ"

ကြီး– "ဒီလိုစိတ်ကူးတယ်လေ။ ဆေးပုလင်းလေးလုံးက ငွေ ၁၂၀၀ တန်တယ်။ အထဲမှာလည်း ပါသားပဲ။ ရေအဆုံးကုန်းတစ်ဝက်ဆိုတဲ့ စကားလို ကျုပ်က ငွေ ၆၀၀ နဲ့ ရွေးယူမယ်။ ခင်ဗျားတို့လေးယောက် တစ်ယောက် ငွေ ၁၅၀ စီရရင် တော်လောက်ပြီ ထင်ပါတယ်။ သိပ်လည်း ပင်ပင်ပန်းပန်း လုပ်ကြ ရတာမှ မဟုတ်ဘဲ"

စိန်တစ်၏မျက်နှာမှာ အတန်ငယ် ကြည်လင်လာ၍ သဘောတူပုံရ၏။ ကျန်သုံးယောက်တို့ကလည်း စိန်တစ်၏မျက်နှာကိုကြည့်ကာ အကဲခတ်လျက် ရှိကြလေသည်။ လူကြီးသည် အိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ထုတ်ပြီးလျှင် တစ်ရာတန်စက္ကူ ၆ ရွက်ကို ဆွဲထုတ်လိုက်၏။

ကြီး– "ဘယ့်နှယ်လဲ၊ ကျုပ်ပြောတာ သဘောတူပြီ မဟုတ်လား"

တစ်– "တူပါပြီ။ ဒါနဲ့ ခင်ဗျားကို မေးရဦးမယ်။ ဆေးက ဘာဆေး လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကြီး– "ကိုရင်တို့ မေးစရာလိုမယ် မထင်ပါဘူး။ သားရေအိတ်ထဲမှာ ကျူပ်စာတစ်စောင် ပါသွားတော့ ဒီစာကို ကိုရင်တို့ အခုဖတ်ပြီးရောပေါ့"

နှစ်– "ဒါပေမဲ့ ထပ်ပြောပါဦး။ သေသေချာချာ သိရအောင်"

ကြီး– "မျက်နှာပွင့်ဆေးတစ်မျိုးပေါ့ဗျာ။ ရေမွှေးလို့ ခေါ်ချင်ခေါ်နိုင်တယ်။ ဒါပေမဲ့ တခြားရေမွှေးလို လက်ကိုင်ပဝါမှာ ဆွတ်ထားရတဲ့ ရေမွှေးမျိုး မဟုတ်ဘူး။ ကာမဆန္ဒကို အပြင်းအထန်နှိုးဆွနိုင်တဲ့ နိုင်ငံခြား ရေမွှေးတစ်မျိုး အကြောင်း ခင်ဗျားတို့ ကြားဖူးမှာပေါ့။ အဲဒီရေမွှေးထက် ကျူပ်ဆေးရည်က ၃–၄ ဆ စွမ်းတယ်။ ဒီလောက်ဆိုရင် သိရောပေါ့။ ဘယ်ရေမွှေးနဲ့မှ မတူဘူး။ ဘယ်ပန်းနံ့နဲ့မှုလည်း မတူဘူး။ ရှီးရှီးသင်းသင်းကလေးနဲ့ တကယ်စွဲ တကယ် ခရီးရောက်တဲ့ဆေးပေါ့။ ဒီလောက်ပဲ ပြောပါရစေ။ ပုလင်းတစ်လုံးဖွင့်ပြီး နည်းနည်း နမ်းကြည့်သေးတာပေါ့"

သို့ပြောဆိုပြီးနောက် လူကြီးသည် ငွေစက္ကူ ၆ ချပ်ကို စိန်တစ်အား လှမ်း၍ပေးလိုက်ရာ စိန်တစ်သည် ရှပ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်လိုက်၏။ လူလေးယောက်တို့သည် ယူထားသော ပုလင်းများကို မိမိတို့ရှေ့တွင် အသီးသီး ချထားလိုက်ကြ၏။ ထို့နောက် လူကြီးက ဆက်လက်၍. . .

"ဪ. . . တစ်ခုပြောရဦးမယ်။ တကယ်လို့ ပုလင်းကိုရတောင် ဖွင့်ဖို့က ရှိသေးတယ်ဗျ။ ရုတ်တရက် ဖွင့်လို့မရဘူး။ ကဲလေ. . . ရမလားလို့ ခင်ဗျားတို့ပဲ ဖွင့်ကြည့်စမ်းပါ"

ပထမဦးစွာ စိန်တစ်သည် မိမိရှေ့တွင်ချထားသော ပုလင်းကို ယူပြီး နောက် အဖုံးကိုလှည့်ဖွင့်လျက် ရှိလေ၏။ သာမန်ပုလင်းများမှာ အဖုံးကို လက်ဝဲ ဘက်သို့ လှည့်၍ဖွင့်လျှင် ပွင့်မြဲဖြစ်သော်လည်း ယခုမူ အနည်းငယ်မျှ မရွေ့ လျားချေ။ ပုလင်းနှုတ်သီးမှာ အလွန်ထူထဲပြီးလျှင် ပိတ်ထားသောအဖုံးမှာလည်း အလွန်နိုင်ခံ့သော သံမဏိဖြင့် ပြုလုပ်ထား၏။ အဖုံးအလယ်တွင် သော့ပေါက် ကဲ့သို့ အပေါက်ကလေးတစ်ခုပါရှိ၍ အတွင်းတွင် 'လျှာ'လေးတစ်ခုလည်း ပါရှိလေသည်။

ကြီး– "ကဲဗျာ. . . ကြည့်ကြစမ်းပါဦး။ တခြားပုလင်းတွေနဲ့ တူ သလားလို့"

စိန်တစ်ဖွင့်နေသည်ကို စိန်နှစ်က အားမလိုအားမရဖြစ်သကဲ့သို့ "ပေးပါဆရာ၊ ကျွန်တော် ဖွင့်ပါဦးမယ်" ဟု ပုလင်းကို မိမိဘက်သို့ ဆွဲယူကာ

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ဝက်အူရစ်အတိုင်း လက်ဝဲဘက်သို့ လှည့်လျက်ရှိလေ၏။ သို့သော် အနည်းငယ်မျှ မလှုပ်ရှားချေ။

သို့ရှိစဉ် စိန်သုံးနှင့် စိန်လေးတို့ကလည်း အားမလိုအားမရဖြစ်ကာ ပုလင်းကလေးကို မိမိတို့ဘက်သို့ အတင်းဆွဲယူလျက် သူဖွင့်မည်၊ ငါဖွင့်မည် ရှိနေကြလေသည်။

ကြီး– "နေကြဦး၊ နေကြဦး။ ကျုပ် တစ်ခုပြောရဦးမယ်။ တခြားပုလင်းနဲ့ မတူဘူးဆိုတာတော့ ခင်ဗျားတို့သိပြီ။ ပုလင်းနှုတ်ခမ်းကလည်း အင်မတန်ထူပြီး ဖုံးထားတဲ့အဖုံးကလည်း ဘီလပ်လုပ်သံမဏိဝက်အူရစ်အဖုံးဗျ။ အလယ်ကလည်း နှိပ်တဲ့လျှာကလေးပါတယ်။ ပြီးတော့ နံပါတ်နဲ့ဖွင့်ရတဲ့ သော့ခလောက်မျိုးလို၊ ဒါမှမဟုတ်လည်း အေဘီစီ အက္ခရာအစီအစဉ်နဲ့ ဖွင့်ရတဲ့ သော့ခလောက်မျိုးလို 'ကွန်ဘိုင်နေးရှင်း' ပါတယ်။ အဲဒီကွန်ဘိုင်နေးရှင်းကို မသိရင် ပုလင်းနှုတ်ခမ်းကွဲသွားရင် သွားမယ်။ ခင်ဗျားတို့ ဘယ်တော့မှ ဖွင့်မရဘူး"

စိန်နှစ်သည် 'ကွန်ဘိုင်နေးရှင်း' အကြောင်းကို နားမလည်သဖြင့် ပြန်၍မေးမည်ပြုရာ စိန်တစ်က မျက်စောင်းထိုး၍ ကြည့်လိုက်သောကြောင့် မမေးဝံ့ဘဲ မိမိနှုတ်ကို ပြန်၍ပိတ်လိုက်ရ၏။ ထို့နောက် စိန်တစ်က လူကြီးဘက်သို့ ကြည့်ကာ ဆက်လက်ပြောစေလိုသည့် သဘောမျိုးဖြင့် 'ဟုတ်ကဲ့' ဟု တစ်ခွန်းတည်း ပြောလိုက်လေသည်။

ကြီး– "ကွန်ဘိုင်နေးရှင်းဆိုတာ ဒီလိုဗျ၊ သူတို့ အာမခံသော့ခလောက်တွေမှာ အင်္ဂလိပ်စာလုံးအက္ခရာ အစီအစဉ်အတိုင်း ကိုယ်ကပိတ်ထားခဲ့ရင် ပြန်ဖွင့်တဲ့အခါ မူလကပိတ်ခဲ့တဲ့ အဲဒီအက္ခရာ အစီအစဉ်အတိုင်း မှန်မှဖွင့်မယ်။ စာလုံးတစ်လုံးမှားရင် ဖွင့်မရဘူး။ ဥပမာ လွယ်လွယ်ပြောရမယ်ဆိုရင် CAT နဲ့ ခင်ဗျားပိတ်ထားခဲ့ရင် နောက်လူတစ်ယောက်က ခင်ဗျားရဲ့သော့နဲ့ပဲ EAT ဆိုတဲ့ အက္ခရာနဲ့ ဖွင့်ရင်မရဘူး၊ RAT နဲ့ ဖွင့်လည်း မရဘူး၊ BAT နဲ့ဖွင့်လည်း မရဘူး၊ ဘယ်စာလုံးနဲ့မှ မရဘူး။ မူလကပိတ်ခဲ့တဲ့ CAT စာလုံးအတိုင်း သုံးလုံးစလုံးမှန်မှ ရတယ်။ ဒီအတိုင်း ကျုပ်ဆီကို ဆရာကြီးပို့လိုက်တဲ့ ဆေးပုလင်းလေးလုံးမှာ အက္ခရာမပါပေမဲ့ အဖုံးက ဝက်အူရစ်မှာ ဘယ်ဘက် ညာဘက် အလှည့်အပတ် ကွန်ဘိုင်နေးရှင်း ရှိတယ်။ အဲဒီ ကွန်ဘိုင်နေးရှင်းမှန်မှသာ ရနိုင်တယ်"

တစ်– "ဩော်... ဒီအတိုင်းဆိုရင် ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူလေးယောက်တို့သည် မိမိကိုယ်တိုင် စမ်းသပ်ဖွင့်လိုကြသည့်ဟန်ဖြင့် ပုလင်းများကို မိမိတို့အနီးသို့ တစ်လုံးစီ အသီးသီးဆွဲယူလိုက်ကြ၏။

ကြီး– "ကိုင်းလေ.. ကိုယ့်ဟာကိုယ် ဖွင့်ကြည့်ကြတာပေါ့။ ပထမဆုံး လက်ယာဘက်ကို အသာလှည့်၊ ချက်ခနဲမြည်ရင် ရပ်လိုက်၊ ချက်ခနဲမြည်တဲ့နေရာအားလုံး ၄ ခုရှိတယ်။ လျှာလေးကို အပေါ်ဆွဲမလိုက်၊ ဒီနောက် လက်ဝဲဘက်ကို 'ချက်'ခနဲ၊ 'ချက်'ခနဲ နှစ်ခါမြည်အောင် လှည့်ပေတော့။ အဲ...ဟုတ်ပြီ။ အထဲက ဖော့ပါ.ပါလာအောင် တစ်ခါတည်း အားနဲ့ဆွဲလိုက်ပေတော့"

ပုလင်းလေးလုံးမှ 'ဖောင်း'ခနဲမြည်သောအသံ ၄ ခု ထွက်ပေါ်လာ၏။ ပုလင်း ၄ လုံးကား ပွင့်သွားလေပြီ။

ကြီး– "အနံ့ကတော့ သင်းသင်းလေးပါ။ သိပ်မရှူလိုက်ကြနဲ့နော်"

လူ ၄ ယောက်တို့မှာ အလွန်သိလိုလှပြီဖြစ်၍ ပုလင်းဝများကို နှာခေါင်းနှင့်ကပ်ကာ အနည်းငယ် ပင့်သက်ရှူလိုက်ကြ၏။ ထိုခဏ၌ လူကြီးသည် ကုလားထိုင်ကို ဖျတ်ခနဲ နောက်သို့ဆွဲလိုက်ပြီးလျှင် မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူ၏နှာခေါင်းကို လက်ကိုင်ပဝါဖြင့်ပိတ်ကာ တင်းကျပ်စွာ စည်းနှောင်လိုက်လေသည်။

ပုလင်းအတွင်းမှ သင်းပျံ့စွာ ထွက်လာသော ဆေးရည်နံ့ကို အနည်းငယ်မျှ ရှူမိလိုက်သည်နှင့်တစ်ပြိုင်နက် လေးဦးသားတို့သည် လူကြီး၏မျက်နှာကို မျက်တောင်မခတ်ဘဲ ကြည့်ရှုလျက်ရှိနေကြရာမှ လူကြီး၏ ရုတ်တရက်အပြုအမူကိုလည်း အံ့အားသင့်ကာ ကြက်သေ.သေလျက် ရှိကြ၏။ ထို့နောက် သမ်းဝေသကဲ့သို့ ပါးစပ်မှ 'ဟား'ခနဲ၊ 'ဟူး'ခနဲ ဗလုံးဗထွေးအသံများ ထွက်လာကာ ယိမ်းယိုင်၍ လာကြ၏။ မျက်စိများ တဖြည်းဖြည်း မှေး၍လာကြပြီးနောက် စိန်တစ်မှာ စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျသွားလေရာ အခြားသုံးယောက်တို့မှာ ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ထိုးကျသွားလေတော့၏။

လူကြီးသည် စိန်တစ်၏အိတ်ထဲမှ ငွေစက္ကူများကို ပြန်၍နှိုက်ယူလိုက်၏။ ထို့နောက် အခန်းတံခါးဆီသို့ ခပ်သုတ်သုတ် လျှောက်ခဲ့ပြီးလျှင် အခန်းတံခါးကို အိတ်ထဲတွင် အသင့်ပါလာသော သော့ခလောက် အသစ်တစ်လုံးဖြင့် ခတ်ခဲ့ပြီးနောက် အောက်သို့ လျင်မြန်စွာဆင်းသွားလေသတည်း။

ဘသီလှသည် မိမိ၏နှုတ်ခမ်းမွေးအတုကို လည်းကောင်း၊ ပါးတစ်ဖက်တစ်ချက်တွင် တပ်ထားသည့် ပါးမြိုင်းမွေးအတုများကို လည်းကောင်း၊ ရှေ့သွား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းပေါ်တွင် စွပ်၍ထားသော ပလတ်စတစ် အနက်အဖုံးကလေးတစ်ခုကို လည်းကောင်း၊ ဦးခေါင်းရှေ့ပိုင်းတွင် ကျိုးတိုးကျဲတဲပေါက်နေသည့် အဖြူရောင် ဆံပင်ပုံတို့ကို လည်းကောင်း ဖြုတ်ချပြီးနောက် ဟက်ဟက်ပက်ပက် ရယ်မော လိုက်လေသည်။

ထို့နောက် စားပွဲပေါ်ရှိ တယ်လီဖုန်းမှ စကားပြောခွက်လက်ကိုင်ကို ကောက်ယူကာ ပုလိပ်အင်စပိတ်တော် (ရဲမှူး) ဦးသောင်းကြည်ထံသို့ ဆက်လိုက် လေသည်။

လှ– "ဦးသောင်းကြည်လား၊ ဟုတ်ကဲ့ ကျွန်တော်ပါ။ ဘာသိလှလေ"

ကြည်– "ဆိုစမ်းပါဦးဗျ။ စောစောစီးစီး ဘာတွေအကြောင်းထူးလာ ခြန်ပြီလဲ"

"ထူးလို့ပေါ့ ဆရာရယ်။ စထရင်းမှာ ကျွန်တော်တို့ နေ့လယ်စာ စားရတာ အတော်ကြာပြီနော်"

"ဟုတ်တာပေါ့ဗျာ။ အခုအချိန်ဆိုတော့ ဒီကနေ့ ဘယ်နှစ်ရက်လဲ"

"၂၃ ရက်လေ"

"နေပါဦး၊ ဒီအချိန်က လခထုတ်ဖို့လည်း တစ်ပတ်လောက် လိုသေး တဲ့ အချိန်မို့ ခင်ဗျားတို့ ကျုပ်တို့ အင်မတန်ကျပ်တဲ့ အချိန် မဟုတ်လားဗျာ။ ဘာလဲ ခင်ဗျားက ကျုပ်ကို နေ့လယ်စာ အကျွေးခိုင်းဦးမလို့လား"

"မဟုတ်ပါဘူးဗျာ။ ကျုပ်က ကျွေးမှာပါ"

"တန်တော့ ကိုယ့်လူ အပေါက်ကောင်းတိုးလာပြီ ထင်တယ်"

"အင်း.. အပေါက်ကောင်းပဲ ဆိုပါတော့။ နို့ပေမဲ့ သန့်သန့်ရှင်းရှင်း တွေ့ပါပဲဗျ။ ဒါနဲ့ စိန်လေးလုံးအသင်းဆိုတာ ခင်ဗျားတို့ ပုလိပ်ရာဇဝင်မှာ ရှိသလား"

"ရှိတယ်ဗျ။ ဒီအကောင်တွေက ရာဇဝင်လူဆိုးတွေပဲ။ အသက်တော့ ခပ်ငယ်ငယ်ပဲ ရှိကြသေးတယ်။ တစ်ခုခက်တာက ဘယ်သူမှ ဒီကောင်တွေကို သူချင်းမသိကြဘူး။ ဘယ်သူဟာ ဒီအသင်းထဲကလူ ဖြစ်တယ်ဆိုတာ မသိဘူး။ သူတို့နာမည်ရင်းကိုလည်း ဘယ်သူမှ မသိကြဘူးပေါ့ဗျာ။ အခု နောက်ဆုံး ကြားရတဲ့သတင်းက ဒီအကောင်တွေက ရုပ်ရှင်ရုံတစ်ဝိုက် ကျက်စားနေသတဲ့ဗျ။ ဆက်မှတ်ခံတဲ့ လူတွေကို ခါးပိုက်နှိုက်၊ လမ်းကြိုလမ်းကြား အပေါ့အပါးသွားတဲ့ သူတွေကို ဓားမြှောင်နဲ့တော့ပြီး လု၊ လူလစ်ရင် ကားကပစ္စည်း ဖြုတ်၊ သော့ခတ် ထားရင် ကားထဲမှာပါတဲ့ ပစ္စည်းယူ။ ဒီဟာတွေ လုပ်ကြတာပေါ့ဗျာ"

www.burmeseclassic.com



"သူတို့ရဲ့ရာဇဝင် နည်းနည်းပါးပါး မသိရဘူးလားဗျာ"

"သူတို့အထဲက ခေါင်းဆောင်လုပ်တဲ့ 'စိန်တစ်' ဆိုတဲ့ အကောင်ကတော့ အတော်စွမ်းတဲ့အကောင်ဗျ။ အရင်က ဓားထိုးမှုတစ်မှု၊ ခိုးမှုတစ်မှုနဲ့ အပြစ်ခံခဲ့ရဖူးတယ်။ ဒါနဲ့ နောက်ဆုံး ထောင်က ထွက်လာပြီးတဲ့နောက် လတ္တာလမ်း(လသာလမ်း)က တရုတ်သူဌေးကြီးတစ်ယောက်အိမ်မှာ ထမင်းချက် လုပ်နေတာကိုးဗျ။ ဒါနဲ့ သုံးလလောက်ကြာတဲ့အခါ တရုတ်သူဌေးရဲ့ခါးမှာ အမြဲချိတ်ထားတဲ့ သော့တွဲကို ရအောင်ခိုး၊ မီးခံသေတ္တာဖွင့်ပြီး အထဲမှာရှိတဲ့ ငွေ ၃၀၀၀ လောက်နဲ့ လက်ဝတ်လက်စား အတော်များများပါယူပြီး ထွက်ပြေးတာပေါ့ဗျာ။ သူ ထမင်းချက် ဝင်လုပ်နေတာကလည်း တစ်နေ့နေ့ ဒီလိုကြံမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပေါ့"

"ဒီအကောင်ပျောက်သွားတော့ ခင်ဗျားတို့ ချက်ချင်းမလိုက်ဘူးလား"

"လိုက်တာပေါ့ဗျာ၊ ဘယ်နေမလဲ။ အဲဒီပါသွားတဲ့ လက်ဝတ်လက်စားတွေထဲမှာ သူဌေးကြီးကိုယ်တိုင် မိုးကုတ်ကဝယ်လာတဲ့ ကျောက်စိမ်းလက်စွပ်တစ်ကွင်းပါသတဲ့ဗျ။ ဒီလက်စွပ်ကို ပြန်ရရင် သူဌေးကြီးက ငွေတစ်ထောင်ပေးမယ်လို့ ကြေညာတယ်။ ပစ္စည်းပြန်မရချင်နေ ဒီအကောင်ကိုမိရင် ဆုငွေငါးရာပေးမယ်လို့ တစ်ခါက ကြော်ငြာဖူးတယ်။ အဲဒါ ၂ နှစ်ရှိပြီ။ အခုတော့ ခိုးမှုလည်း ပိတ်လိုက်ပါပြီ။ ဒီအကောင်ကို ဒီအချိန်ကစပြီး ရန်ကုန်မှာမတွေ့ရလို့ ခပ်အေးအေး ဖြစ်သွားပြီဆိုပါတော့။ ပုလိပ်ကတော့ ခင်ဗျားပြောတဲ့ အသင်းမှာ ဒီအကောင် ခေါင်းဆောင်ပဲလို့ ယူဆတာပဲ"

"ဒါဖြင့် ဒီအကောင်ကိုမိရင် ဆုငွေငါးရာ ရဦးမယ်ဆိုပါတော့"

"ရတာပေါ့ဗျာ။ တရုတ်သူဌေးကလည်း ဒီအကောင်ကို အခဲမကျေ ဖြစ်နေတာပဲ"

"ဒီလိုဆိုရင် ခင်ဗျားတို့ ပုလိပ်ဘက်ကို ကျွန်တော် တစ်ဆိတ် ကူညီပါရစေဗျာ။ တိုင်းကြီးပြည်ကြီးသားတစ်ယောက်အနေနဲ့ အစိုးရကို ကူညီဖို့ ကျွန်တော့်မှာ ဝတ္တရားရှိပါတယ်"

"ဘာလဲ၊ ခင်ဗျားက ဖမ်းပေးဦးမလို့လား"

"ဖမ်းတောင်ပြီးပြီ ဆရာရေ။ ဒါပေမဲ့ ဆုငွေရမယ်ဆိုမှ ကျုပ်ဖ အပ်မှာ။ နေပါဦး၊ ကျုပ်ကိုယ်တိုင်ဖမ်းပြီး လာပို့ရမှာလား"

www.burmeseclassic.com



"ဒီလိုမဟုတ်ပါဘူးဗျာ။ ကိုယ်တိုင်ဖမ်းပေးပေး၊ ဒါမှမဟုတ်လို့ ကျုပ်တို့ ဒုလိပ်ဘက်က ဖမ်းဆီးရမိနိုင်အောင် သတင်းပေးပေး ဆုငွေတော့ရမှာချည်းပဲ"

"ဒီမှာဗျ ဦးသောင်းကြည်၊ ဒီအကောင် ၄ ကောင်ကို အိပ်ခန်းတစ်ခန်းထဲမှာ သော့ခတ်ပြီး ကျုပ် ပိတ်ထားခဲ့ပြီ။ အဲဒါ ခင်ဗျားကိုယ်တိုင် ရဲသား ၂ ယောက်၊ ၃ ယောက်နဲ့ သွားပြီးဖမ်းပေတော့။ အခုလက်ငင်း စွဲရမဲ့အမှုကတော့ ကျွန်တော့်သူငယ်ချင်းရဲ့ကားပေါ်က ဆေးပုလင်းတွေ ခိုးသွားတဲ့အမှုပဲ။ အခန်းကို ကျုပ်သော့နဲ့ပိတ်ထားခဲ့တော့ ဒီတံခါးသော့က အခု ကျုပ်ဆီမှာ ရှိနေတယ်။ ကိုင်းဗျာ.. ခင်ဗျားကိုယ်တိုင် ကျွန်တော့်အိမ်ကို လာခဲ့ပေတော့၊ ဖုန်းနဲ့ပြောရတာ အားမရပါဘူး။ ကျုပ်တို့ပြောနေတာ အချိန်ကြာနေပြီ။ အားနာစရာကြီး"

ဘသီလှသည် တယ်လီဖုန်းလက်ကိုင်ကို ချလိုက်၏။

နောက် ၁၀ မိနစ်ခန့်အကြာတွင် ရဲကားတစ်စီးရောက်လာ၍ ရဲမှူး ဦးသောင်းကြည်သည် အိမ်ပေါ်သို့တက်လာရာ ဘသီလှက နေရာထိုင်ခင်းပေးပြီး လက်ဖက်ရည်၊ စီးကရက်တို့ဖြင့် ဧည့်ခံလေသည်။

"ဘယ့်နှယ်လဲဗျ၊ ခင်ဗျားရာဇဝင်ကလေး လုပ်စမ်းပါဦး"

ဘသီလှသည် ယမန်ညဥ့်က ရုပ်ရှင်ရုံရှေ့တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို အကျဉ်းချုပ်မျှ ပြောပြပြီးနောက် ရုပ်ရှင်ရုံပိုင်ရှင်တစ်ဦးက ရာဇဝင်လူဆိုး ၂ ယောက်၊ ၃ ယောက်အပါအဝင် ဂိုဏ်းတစ်ဂိုဏ်းသည် သူတို့ ရုပ်ရှင်ရုံအနီး ပတ်ဝန်းကျင်တွင် ညစဉ်ညတိုင်းလိုပင် နှောင့်ယှက်လျက်ရှိကြောင်း မကြာမီကလည်း နောက်ဆုံးပွဲအပြီး ၁၅ လမ်းထဲမှ ဖြတ်၍ပြန်သွားသော ယောက်ျားနှင့် မိန်းမတစ်ယောက်အား ယောက်ျားကို ရိုက်နှက်ပြီးလျှင် မိန်းမ၏ လက်ဝတ်လက်စားများကို အတင်းအဓမ္မ လုယူထွက်ပြေးသွားကြောင်း၊ ၎င်းတို့မှာ အသင်းအပင်းနှင့်ဖြစ်၍ ခေါင်းဆောင်လုပ်သူမှာ ဆုငွေ ၅၀၀ ထုတ်ထားသည့် ရာဇဝင်လူဆိုး ဖိုးသူတော်(ခ) စိန်တစ် (ခ) စိန်ကြိုင်ဆိုသူဖြစ်ကြောင်း မိမိအား တိုင်တန်းပြောဆိုသဖြင့် မိမိက ဉာဏ်ဆင်ဖမ်းလိုက်ပုံများကို 'ခရေစေ့တွင်းကျ' ပြောပြလေသည်။

ကြည်- "ကဲ.. ဒီလိုဆိုရင် သွားမယ်ဗျို့။ အချိန်မရှိဘူး"

ဘသီလှသည် အိတ်ထဲမှ သော့တစ်ချောင်းကိုထုတ်ကာ ကတ်ပြားလေးတစ်ခုပေါ်တွင် တိုက်ပျက်ကြီးနံပါတ်၊ လမ်းအမည်တို့ကို ရေးပြီးလျှင် ဦးသောင်းကြည်လက်ထဲသို့ ထည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လှ-"ကဲ.. သွားပေတော့ ဆရာရေ။ ခင်ဗျားမိတ်ဆွေ ၄ ယောက် အိပ်ပျော်နေတာ နိုးခေါ်ချေပေတော့"

နောက်တစ်နာရီခန့်အကြာတွင် ဘသီလှထံ ဦးသောင်းကြည်ထံမှ ဘယ်လီဖုန်း ရောက်ရှိလာလေသည်။

"ကိုဘသီလှလား"

"ဟုတ်ပါတယ်ဗျာ၊ ဘယ့်နှယ်လဲ"

"မိုပြီ ဆရာရေ့ အားလုံးအိုကေပဲ။ လေးယောက်စလုံး သတိမေ့နေတဲ့ ဆေးရုံကြီးကို ပထမပို့ရသေးတယ်ဗျို့။ သတိရလာအောင် အတော်လုပ်ယူရတယ်။ အခုတော့ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း) အချုပ်ထောင်ရောက်နေပါပြီ"

လှ-"ဒါဖြင့် အားလုံးအောင်မြင်ရင် ဒီနေ့ည ၇ နာရီတိတိ ခင်ဗျား ကျွန်တော့်အိမ်ရောက်အောင် လာခဲ့ဗျာ။ အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ ကျွန် တို့ ညစာအတူတူ စားကြရအောင်"

ကြည်-"အိုကေ... "

◈

www.burmeseclassic.com

www.burmeseclassic.com

## စောရမောင်မောင် ၁

ဘသီလှသည် အပြောအဆိုအလုပ်အကိုင်တွင် ပိရိသေသပ်သလောက် အဝတ်အစားဝတ်ရာ၌လည်း သပ်ရပ်စွာဝတ်ဆင်တတ်၏။ တစ်ခါတစ်ရံ ပန်းရောင် ဘန်ကောက်လုံချည် အသစ်ကျပ်ချွတ်၊ အတွင်းခံ ပိုးရှပ်အင်္ကျီအဖြူ၊ မီးခိုးနုရောင် သက္ကလပ်တိုက်ပုံအင်္ကျီ၊ အညိုရောင် နောက်ပိတ်ဖိနပ် စသည်ဖြင့် ဝတ်ဆင်ထား၏။ ဆံပင်နောက်သို့လှန်၍ မွှေးကြိုင်လှသော ကော့(စ)မက်တစ်တို့ဖြင့် သပ်ရပ်စွာ ဖြီးထားရာ ခပ်လှမ်းလှမ်းမှကြည့်လျှင် ကောလိပ်ကျောင်းသား တစ်ယောက်ပေလောဟု ထင်ရမလောက် နုပျိုလှပေသည်။

"ဟော့... မောင်ထိန် ဟောဒီစာရွက်ကလေး ဖတ်ကြည့်စမ်း"

ဘသီလှသည် တပည့်ဖြစ်သူ မောင်ထိန်အား စာရွက်ကလေးတစ်ရွက် လှမ်း၍ပေးလိုက်၏။ မောင်ထိန်မှာ အင်္ဂလိပ်စာကို ချောက်ချီးချောက်ချက်သာ ဖတ်တတ်သော်လည်း မြန်မာစာကိုမူ ကောင်းစွာတတ်သူ ဖြစ်လေသည်။

ထိန်– "ဆရာ့ဥစ္စာက ဘယဆေးဆိုင်သွားပြီး ဖော်ရမှာလား"

"ဒါပေါ့ကွယ့်၊ ကဲ.. ဖတ်စမ်းပါဦး"

မောင်ထိန်သည် စာရွက်ပေါ်မှ စာများကို အသံထွက်အောင် ဖတ်လေသည်။

"ပြဒါး ၁၊ ဟသ်ပြဒါး ၅၊ ခနောက်စိမ်း ၅"

"ပြီးတော့ အောက်က ဆက်ဖတ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျပ်ခိုး ၅ိ၊ ဖန်းခါးသီးခြောက်အမှုန့် ၁ဝိ၊ သံမှုန့် ၂၅ိ၊ သကြား ၅ိ၊ ကြက်ဥအကာအမှုန့် ၁ဝိ၊ ရေနံဆီမှိုင်း ၁ဝိ။ ဒီဟာတွေက ဘာတွေလဲ ဆရာ။ ဘယဆေးဆိုင်မှာ ရပါ့မလား"

"ဘယ်ရမလဲကွယ်။ ဒီဟာတွေကတော့ မင်းဘာသာ လုပ်ယူပေါ့။ ဖန်းခါးသီးခြောက်ဆိုတာက ဖန်းခါးသီး ၂ ပိဿာလောက် ဈေးထဲကဝယ်၊ အခြောက်လှမ်းပြီး ငရုတ်ဆုံနဲ့ ထောင်းရုံပေါ့။ သံမှုန့်က ပန်းဘဲဖိုဖြစ်ဖြစ်၊ ဝပ်ရှော့ ဖြစ်ဖြစ် သွားပြီး တွင်ခုံကရတဲ့ သံမှုန့်ကိုယူရုံပေါ့။ ကြက်ဥအမှုန့်ဆိုတာက ကြက်ဥထဲက အကာယူပြီး နေလှမ်း၊ ခြောက်တဲ့အခါ အမှုန့်ထောင်းရုံပေါ့"

"ကျပ်ခိုးနဲ့ ရေနံဆီမှိုင်းဆိုတာက ဘယ်လိုလုပ်ရမလဲ ဆရာ"

ရေနံဆီမှိုင်းဆိုတာက ဒီလိုကွယ့်။ ရေနံဆီပုံးကို အလယ်ကပိုင်းဖြတ်၊ တိုင်တစ်တိုင်မှာ ကပ်ချည်ထား၊ အောက်ကရေနံဆီမီးခွက် မီးကောင်းကောင်းနဲ့ တစ်ခွက်ထွန်းပေး၊ မှိုင်းတွေဟာ အပေါ်က ရေနံဆီပုံးရဲ့ အဖုံးမှာ စွဲနေလိမ့်မယ်။ တို့ ငယ်ငယ်တုန်းကတော့ ရေနံမီးခွက်ထွန်းထားတဲ့နေရာမှာ အပေါ်က သပိတ်တစ်လုံးမှောက် ချည်ထားတယ်။ ဒီတော့ ရေနံဆီမီးခွက်က ထွက်လာတဲ့ မီးခိုးမှိုင်းတွေဟာ သပိတ်ထဲမှာ အားလုံးကပ်နေတာပေါ့။ ၄-၅ ရက်လောက်ခံလိုက်ရင် အတော်များများရပါတယ်"

"ကျပ်ခိုးကော ဆရာ၊ ကျွန်တော်တို့ တိုက်မှာတော့ ဘာကျပ်ခိုးမျှ မရှိဘူး။ ဆေးသုတ်ထားတာ ပြောင်လို့"

"မင်း တယ်ရှော်တဲ့အကောင်ပဲ။ တို့တိုက်နောက်ဖေးက ကုလား ဂိုဒေါင်ကြီးဟာ ကုန်မထားဘဲ ပစ်ထားတာ ၃-၄ နှစ်ရှိပြီ မဟုတ်လားကွယ့်။ ခေါင်မိုးရော ဘေးကန့်ရံတွေမှာရော အားလုံး ကျပ်ခိုးချည်းပဲ။ အဲဒီမှာ အုန်းတံမြက်စည်းနဲ့ အသာခြစ်ယူရင် ရနိုင်တာပေါ့ကွယ့်။ ဪ.. ဒါနဲ့ ပန်းဆီဘူး ကြက်သွေးရောင်တစ်ဘူးနဲ့ အစိမ်းရင့်ရောင် တစ်ဘူးလည်း ဝယ်ခဲ့ဦးဟေ့။ ဂျာမနီလုပ်ကို ရွေးဝယ်နော်။ ဂျပန်ကလာတာ မယူခဲ့နဲ့။ ရော့ဟေ့... ငွေ သုံးဆယ်၊ လောက်ပြီ ထင်ပါရဲ့"

"လောက်ပါပြီ ဆရာ"

"ကဲ.. ဒါဖြင့် အိမ်မှာ လုပ်ရမယ့်ပစ္စည်းတွေကို ၄,၅ ရက်အတွင်း ရအောင်လုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဘသီလုသည် မင်အမျိုးမျိုးကို အိမ်တွင် သူကိုယ်တိုင် စမ်းသပ်ထုတ်ကိုင်ကြည့်၏။ မြန်မာဖြစ်မင်များကိုပင် နိုင်ငံခြားမှလာသော ဆေးမှုန့်များဖြင့် ရောစပ်ကာ မင်းရောင်အမျိုးမျိုး ဖော်စပ်၏။ မင်ရောင်မျိုးစုံရသောအခါ တာရှည်ခံစေရန် လျှပ်စစ်ဓာတ်ငွေ့ဖြင့် ပေါင်းသော 'ပေါင်းချောင်'တွင် ပေါင်းပြီးနောက် ပုလင်းများ၌ထည့်ကာ 'လေဘယ်'များ ကပ်ထား၏။ သာမန်မင်နက်များကိုလည်း ၁ နှစ်မှ ၁၀ နှစ်အထိ နှစ်ချို့မင်များကို တရိုတသေ သိမ်းဆည်းထားလေသည်။

ဘသီလုမှာ အထက်တန်း သိပ္ပံပညာဘာသာရပ်များကို မသင်ကြားခဲ့ဖူးသော်လည်း ဆေးဝါးပစ္စည်းနှင့် ဓာတ်သတ္တုများအကြောင်းကို စာအုပ်များမှလည်းကောင်း၊ လက်တွေ့စမ်းစပ်ရာမှ လည်းကောင်း အတော်ပင် ဗဟုသုတရ၍ နားလည်ထားလေသည်။

သို့နှင့် ဘသီလုသည် မင်ရောင်များကို အမျိုးမျိုး ပြောင်းလဲနိုင်သည့်ပြင်၊ စက္ကူပေါ်၌ မင်ဖြင့်ရေးထားပြီး စာများကို ဖျက်နိုင်ခြင်း၊ မူလမင်ရောင်ကို ပြောင်းလဲနိုင်ခြင်း၊ မီးရောင်ကို ထောင်၍ကြည့်သောအခါမှ စာများပေါ်လာသည့် မင်မျိုးကို ပြုလုပ်ခြင်း စသည်တို့ကို သူ၏ဆေးခန်းတွင် ပြုလုပ်နိုင်၏။ နောက်ဖေးဘက်ရှိ အခန်းတစ်ခန်းကို သူ၏ဓာတ်ခွဲခန်းအဖြစ် ထားရှိရာ ထိုအခန်းတွင် မှန်ဘီလူးများ၊ မြေတိုင်းကိရိယာများ၊ နှစ်သွားအမျိုးမျိုးပါသော ကလော်တံများ၊ ပြဒါးချိန်များ၊ လေမီးဖိုနှင့် လျှပ်စစ်ဓာတ်မီးဖိုများ စသည်တို့ဖြင့် လိမ်နည်းကောက်နည်းအမျိုးမျိုးကို ဖန်တီးနိုင်ရန် ကိရိယာတန်ဆာပလာများ စုံလင်စွာ ထားရှိလေသည်။

***

မိုးတဖြောက်ဖြောက် ကျလျက်ရှိသော ဇူလိုင်လ၏ တစ်နေ့သော ညနေစောင်းအချိန်တွင် ဘသီလုသည် ဂလုပ်ရုံတွင် ပြနေသည့် 'တိုလာရေဗယ်ဒေးဗစ် (Tolerable David) ခေါ် ခွင့်လွှတ်နိုင်သော ဒေးဗစ်'ဆိုသည့် ရုပ်ရှင်ကားကိုကြည့်ရန် အဝတ်အစားများလဲပြီးနောက် အိမ်ရှေ့ခန်းသို့ ထွက်လာရာ မိုးမှာ အတော်သည်းလာသည့်ပြင် အချိန်လည်း အတန်ငယ်စောသေးသည်နှင့် စားပွဲပေါ်ရှိ ငါးဆယ်ဝင်သံဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီးနောက် ခေါင်းရင်းရှိ ဆိုဖာပေါ်တွင်ထိုင်ကာ စီးကရက်ကို အားပါးတရဖွာလျက်ရှိ၏။

သို့ရှိစဉ် အပြင်မှ တံခါးခေါက်သံကြားရသဖြင့် မောင်ပိန်က သွားရောက်ဖွင့်ပေးရာ အသက် ၂၀ ခန့်ရှိ သနားကမား မိန်းကလေးတစ်ယောက်

www.burmeseclassic.com



သည် အတန်ငယ် ကြောက်ရွံ့အားနာသည့်မျက်နှာဖြင့် အခန်းတွင်းသို့ ဝင်လာလေသည်။

ဘသီလှသည် ကုလားထိုင်တစ်လုံးကို ညွှန်ပြပြီးနောက်..

"ကဲ.. ထိုင်ပါ"

ဟု ပြောသော်လည်း မိန်းကလေးသည် မိမိအဝတ်အစားများ အတန်ငယ် ရေစိုနေသဖြင့် ရုတ်တရက် မထိုင်ဝံ့သကဲ့သို့ရှိရာ ဘသီလှက..

"ထိုင်သာထိုင်ပါ ကိစ္စမရှိပါဘူး"

ဟု ပြောသောအခါမှ ကုလားထိုင်တစ်လုံးကို ဆွဲ၍ အသာအယာထိုင်လိုက်လေသည်။

လှ- "ဘာကိစ္စရှိလို့ပါလဲ မိန်းကလေး။ ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ"

လေး- "ကိုဘသီလှကို တွေ့ချင်လို့ပါရှင်"

"ဟုတ်ကဲ့ ကျုပ်ပါပဲ။ ကိစ္စကို ပြောပါဦး"

"ကိုမောင်လွင်က စာတစ်စောင် ပေးလိုက်လို့ပါရှင်။ ကျွန်မကိစ္စက ဒီစာထဲမှာပါ ပါတယ်"

"ဩော်.. ကိုမောင်လွင်၊ သစ်တောဌာနက စာရေးကိုလွင် ထင်ပါရဲ့"

"ဟုတ်ပါတယ်ရှင်"

မိန်းမပျိုသည် သူ၏ လက်ပွေ့အိတ်ကလေးထဲမှ စာတစ်စောင်ကို ထုတ်၍ ဘသီလှအား ရိုသေစွာ ပေးလိုက်လေသည်။ ဘသီလှသည် စာအိတ်ကို ဖောက်၍ စာကိုဖတ်ကြည့်ရာ ကိုလွင်၏စာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

မိတ်ဆွေကြီး ကိုဘသီလှ..

ယခုစာနှင့်လာသော သင်းသင်းမြိုင်ဆိုသူ အမျိုးသမီးကလေးမှာ ကျွန်တော်၏ မိခင်ကြီးဘက်မှ ညီမဝမ်းကွဲ၏ သမီးဖြစ်၍ ကျွန်တော်နှင့် မောင်နှမ နှစ်ဝမ်းကွဲတော်စပ်သူ ဖြစ်ပါသည်။ မိဘများ ချို့တဲ့သဖြင့် သူတို့ တောမြို့ဗြ ၁၀ တန်းအောင်မြင်ခဲ့ပြီးနောက် ရန်ကုန်သို့ လာရောက်ပြီးလျှင် ဘ..ဘာရား သား ကုမ္ပဏီ စပါးပွဲစားကြီး ဦးထွန်းဝင်းဆိုသူထံတွင် လက်နှိပ်စက်နှင့် စာ... စာယူ စာရေးအလုပ်ကို လုပ်ကိုင်နေသူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဝင်စတွင် လခ ၈၀ ရရှိ၍ ၂ နှစ်မျှကြာသောအခါ ၁၂၀ မျှ ရှိနေပါပြီ။ ဦးထွန်းဝင်းမှာ အသက် ၆၀ ကျော်မျှ ရှိပြီဖြစ်၍ သူ၏ ဇနီးမှာ လည်း ၆၀ နီးပါးမျှ ရှိပါပြီ။ ဦးထွန်းဝင်းသည် ပထမ၌ သင်းမြိုင်အား သမီး တစ်ယောက်ကဲ့သို့လည်းကောင်း၊ တူမတစ်ယောက်ကဲ့သို့လည်းကောင်း စောင့် ရှောက်ခဲ့သော်လည်း လွန်ခဲ့သော တစ်နှစ်ခန့်ကမူ မိန်းကလေးပေါ်တွင် တဖြည်း ဖြည်း ရင်းနှီးလာရာမှ ဖောက်ပြန်ကျူးလွန်ခဲ့သဖြင့် ယခုအခါ သင်းသင်းမြိုင်တွင် ကိုယ်ဝန် ၂ လမျှပင် ရှိနေခဲ့ပြီ။

ထိုအကြောင်းကို ပွဲကတော်ကြီးသည် ရိပ်မိသိရှိလာ၍ သင်းသင်းမြိုင် အပေါ်တွင် တစ်နေ့တခြား ဆူပူကြိမ်းမောင်းစပြုလာရာ ရှေ့သို့ အလုပ် ဆက် လက်လုပ်ရန် မဖြစ်နိုင်တော့ပါ။ ပွဲကတော်ကြီးမှာ ပွဲစားကြီးအပေါ်တွင် ဩဇာ ညောင်းသူ ဖြစ်သည့်အတိုင်း လွန်ခဲ့သော တစ်ပတ်ခန့်က ပွဲကတော်ကြီးက သင်းသင်းမြိုင်ကိုခေါ်၍ ၎င်းတို့ အရှက်မပေါ်မီ အလုပ်ထွက်၍ တောသို့ပြန်ရန် အကြောင်း၊ ၎င်းကို သဘောတူက ယခုကိစ္စအတွက် ငွေတစ်ထောင်ပေးလိုက်မည့် အကြောင်း၊ ထိုငွေတစ်ထောင်မှာ မီးဖွားရန် ကိစ္စအတွက်သာမဟုတ် ဤကိစ္စကို မည်သူ့ကိုမျှမပြောကြားရန် နှုတ်ပိတ်ခလည်း ဖြစ်ကြောင်းဖြင့် ပြောကြားပါသည်။

တစ်နေ့တွင် သင်းသင်းမြိုင်သည် ကျွန်တော့်အိမ်သို့လာ၍ ဤ အကြောင်းများကို ကျွန်တော့်ဇနီးနှင့်တိုင်ပင်ရာ ကျွန်တော်၏ဇနီးမှာ မဟုတ်မခံ ဆတ်သွ ဆတ်ဆတ်ကြဲ အမျိုးသမီးတစ်ယောက် ဖြစ်သောကြောင့် ဤကိစ္စတွင် ခေါင်းငုံ့မခံဘဲ ရုံးသို့ တိုက်ရိုက်လျှောက်၍ တရားစွဲမည်၊ မစွဲခင် ဂုဏ်သရေရှိ ပွဲစားကြီးလင်မယားအား ရန်တွေ့၍ အရှက်ခွဲရမည် တကဲကဲလုပ်နေပါသည်။

ဤကိစ္စမှာ အလွန်ခံပြင်းစရာကောင်းသော ကိစ္စဖြစ်သဖြင့် ကျွန်တော် ကိုယ်တိုင်ပင် ဒေါနှင့်ခုတ်သတ်ချင်စိတ်များ ပေါ်လာပါသည်။ သို့သော် စိတ်လိုက် မာန်ပါလုပ်လျှင် ဖြစ်စေ၊ ဆူဆူပူပူလုပ်လျှင် ဖြစ်စေ သင်းသင်းမြိုင်မှာ မူလ အဖို့ရည် ပြန်၍မရတော့ပြီဖြစ်ကြောင်း စဉ်းစားမိသဖြင့် စိတ်ကို မနည်းပင် ချုပ်တည်း၍ထားရပါသည်။ ပွဲကတော်ကြီးပေးသောငွေကို လက်ခံရမည်လော၊ သို့မဟုတ် တိုး၍ပင် တောင်းရမည်လော၊ သို့မဟုတ် သူတို့အရှက်တကွဲ အကျိုး နည်းဖြစ်စေရန် ငွေကို လုံးဝလက်မခံဘဲ ရုံးတွင် တရားစွဲဆိုရလျှင် ကောင်းမည် လောဟု အမျိုးမျိုးစဉ်းစားမိပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်သည် ပွဲစားကြီးအပေါ်တွင် ဤကဲ့သို့ သားသမီးချင်း စာနာမှုမရှိဘဲ ယုတ်မာအောက်



www.burmeseclassic.com

www.burmeseclassic.com



ငယ်သား ဆင်းရဲသား အမျိုးသမီးကလေးတစ်ဦးအပေါ်တွင် ကျူးလွန်စော်ကား ခဲ့သည့်အတွက် နောင်မှတ်လောက်အောင် လက်စားချေလိုစိတ်များ ပေါ်လာပါ သည်။ သို့သော် ကျွန်တော်တို့ဘက်မှ ၎င်းတို့အား ယှဉ်ပြိုင်ရန် ငွေကြေးလည်း မရှိ ရုံးပြင်ကနားသို့ ပေါက်ရောက်ခြင်းလည်း မရှိသဖြင့် ဤကိစ္စကို ကိုဘသီလှ အား အလုံးစုံ လွှဲအပ်လိုပါသည်။

သို့ဖြစ်၍ မိတ်ဆွေကြီး ကိုဘသီလှထံ သင်းသင်းမြိုင်အား ကိုယ်တိုင် သွားရောက်ဆွေးနွေးရန် ယခုစာနှင့်အတူ စေလွှတ်လိုက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဆင်းရဲရှာသူ နိုကိုးရာမဲ့ အမျိုးသမီးကလေးတစ်ဦးအား စောင့်ရှောက်ကယ်ဆယ် သည့် သဘောဖြင့် ၎င်း၏ပြဿနာကို မည်သည့်နည်းနှင့်မဆို မိတ်ဆွေကြီးက အကြံဉာဏ်များပေးပြီးလျှင် ကျွန်တော်၏မျက်နှာကို ထောက်ထား၍ တတ်နိုင်သမျှ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည်။

ကျေးဇူးတင်လျက်
မောင်လွင်

ဘသီလှသည် စာကိုဖတ်ပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်၏။ မိန်းကလေးမှာ ဘသီလှ၏မျက်နှာကို မကြည့်ဝံ့သကဲ့သို့ တစ်ချိန်လုံး ဦးခေါင်း ငုံ့လျက်ပင် ရှိနေ၏။

"အင်း... ခုမှတော့ ရှက်မနေပါနဲ့တော့လေ။ ဖြစ်တဲ့အဖြစ်အပျက် လည်း အတော်အတန်သိရပါပြီ။ ဒီလူကြီးအကြောင်း ကျုပ် ကြားဖူးတယ်"

"ကျွန်မနာမည် သင်းသင်းမြိုင်ပါရှင်"

"ဟုတ်တယ် မသင်းသင်းမြိုင်၊ ဒီလူကြီးက ဘလုပ်ဘရားသားကုမ္ပဏီ က ဝင်းပိုင်စပါးပွဲစားကြီးဆိုတော့ အမှန်ပြောရရင် ကုမ္ပဏီဘက်ကရော၊ စပါး ရောင်းတဲ့ ဆင်းရဲသားတွေဘက်ကရော ခေါင်းပုံဖြတ်ပြီး ချမ်းသာနေတဲ့ လူ တစ်ယောက်ပေါ့။ သိန်းသုံးဆယ်လောက် ချမ်းသာတယ်လို့လဲ ကျုပ် ကြားဖူး ပါတယ်။ တစ်ခါကလည်း စပါးသယ်တဲ့ ကုလီမလေးတစ်ယောက်ကို ဒီလိုလုပ်လို့ ငွေကလေး တစ်ရာ,ကိုးဆယ်နဲ့ နှုတ်ပိတ်လွှတ်လိုက်တယ်ဆိုတဲ့ သတင်းသံ ကြားရတယ်။ အခုမှပဲ မသင်းသင်းမြိုင်ကို လက်ဆုပ်လက်ကိုင် တွေ့ရတော့ တယ်ဗျာ။ နေပါဦး၊ ကိုလွင်နဲ့ ဘယ်လိုတော်သလဲ"

"မောင်နှမဝမ်းကွဲ တော်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ပေါ်မှာ ဒီပြင် အသိအကျွမ်းများကော မရှိပါဘူးလား"

"မရှိပါဘူးရှင်။ အစ်ကိုလွင်ကိုပဲ အားထားနေရပါတယ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုလွင်ကိုပဲ ကောင်းတိုင်ပင် ဆိုးတိုင်ပင် လုပ်ရပါတယ်"

ဘသီလှသည် မိန်းကလေး၏မျက်နှာကို စိုက်၍ကြည့်လိုက်၏။ မိန်းကလေးမှာ သာမန်သနားကမား ရုပ်ရည်မျှမက၊ အသားအရေစိုပြည်ပြီးလျှင် လုပခြေပြစ်သော မျက်နှာရှိ၏။ သို့သော် မျက်တွင်းလေးများ အတန်ငယ် ဟောက်၍ ဆံပင်စကလေးများလည်း အနည်းငယ် ခြောက်၍နေသည်ကို တွေ့ရ၏။ ရက်ကြောက်အားနာခြင်း၏ အရိပ်အယောင်များ မျက်နှာတွင်သမ်းလျက် ရှိရာ ထိုအရိပ်အရောင်များသည်ပင် မြင်ရသူများ ကရုဏာတရားပွားများစေရန် လှုံ့ဆော်ပေးသကဲ့သို့ ရှိနေ၏။

"ကိုလွင်ရေးလိုက်တဲ့ စာထဲပါတာတွေတော့ ဖတ်ရပါပြီ။ ဒီတော့ ဘယ်လိုလုပ်ပေးစေချင်လဲဆိုတာ ပြောပါဦး"

"ကျွန်မလည်း မပြောတတ်တော့ပါဘူး အစ်ကိုကြီးရယ်။ စိတ်ထဲ ဝမ်းလည်းနည်း၊ ရှက်လည်းရှက် ဖြစ်နေတာပဲ။ အစ်ကိုလွင်ကိုတောင် သိပ်ရှက်ပြီး ကျွန်မ သိပ်ကြောက်နေတယ်"

"သူက ဘာပြောသေးလဲ"

"ဘာမျှတော့ မပြောပါဘူး၊ ဒီလိုကိစ္စမျိုးမှာ ငါ့သူငယ်ချင်း ကိုဘသီလှ ဆိုတာ ရှိတယ်။ သူ အကြံပေးတဲ့အတိုင်းသာ လုပ်ပေတော့ဆိုပြီး ဒီကို စာရေးလွှတ်လိုက်တာပါပဲ"

"အင်မတန်မိုက်တဲ့ လူကြီးကွယ်။ အသက်တော့ ကန်တော့ပါရဲ့၊ ကိုယ့်ကို မှီခိုအားထားနေတဲ့ အမျိုးသမီးကလေးတစ်ယောက်ကို ဒီလိုပြုရက်တာများ သူမို့လို့ မရှက်ပလေ။ ပြီးတော့ သူ့မိန်းမကြီးကလည်း ဟင်းအွက် ကန်စွန်းလို အောက်မေ့ပြီး ဒီကိစ္စကို ငွေနဲ့ဝယ်ချင်တယ်။ သူ့အလုပ်မလုပ်ရလို့ ထွက်သွားရရင်လည်း စားလောက်သောက်လောက်ဆိုရင် တော်သေးရဲ့၊ ထွီး"

သင်းသင်းမြိုင်သည် ဦးခေါင်းကိုငုံ့ကာ မျက်ရည်များ စီးလျက်ရှိ၏။ ဘသီလှသည် နောက်ထပ် စီးကရက်တစ်လိပ်ကိုညှိကာ အကြံထုတ်လျက်ရှိလေသည်။

"ဒီကနေ့ အလုပ်ဆင်းသေးသလား"

"ဆင်းပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ငွေတစ်ထောင်ပေးမယ်လို့ ပြောလိုက်တာက ဘယ်တုန်းကလဲ"

"မနေ့ညနေက အလုပ်ဆင်းခါနီး ပြောလိုက်တာပါ။ ဒါနဲ့ အလုပ်သာဆင်းရ၊ ဒီကနေ့တစ်နေ့လုံး ကျွန်မဟာ ဘာရေးလို့ ရေးမှန်းမသိ၊ ဘာပြောလို့ ပြောမှန်းမသိ၊ ရှက်ကိုးရှက်ကန်းဖြစ်ပြီး အလုပ်ဆင်းတာနဲ့ ချက်ချင်းအစ်ကိုလွင့်အိမ်ကို တစ်ခါတည်း ပြေးလာခဲ့မိတာပါပဲ အစ်ကိုကြီးရယ်"

"အင်း.. ဟုတ်တာပေါ့လေ။ အလုပ်လည်းပြုတ်ရ၊ အမျိုးရည်လည်းပျက်ရ၊ အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်ရဆိုတော့"

"အမှန်တော့ ကျွန်မကိုယ်က မိုက်မိတာပဲ အစ်ကိုကြီးရဲ့"

သင်းသင်းမြိုင်သည် တရှုပ်ရှုပ်ငိုလျက်ရှိရာမှ မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်လျက်ရှိလေသည်။

"ဟုတ်တာပေါ့လေ။ အခုမှတော့ ဒါတွေစဉ်းစားမနေနဲ့တော့။ ကိုယ့်အလုပ်ရှင်၊ ကိုယ့်ကျေးဇူးရှင်ဆိုတော့ အားကိုးရာမဲ့တဲ့ အမျိုးသမီးတစ်ယောက်အတွက် ဒီလောက် အပြစ်ဆိုစရာမရှိပါဘူး။ ကိုယ်ကိုယ်သူသူ ဒီလိုဖြစ်တတ်တာမျိုးပဲ။ ဒီတော့ ဒီကိစ္စ အစ်ကိုကြီးကို လွှဲတယ်ဆိုပါတော့"

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်။ အစ်ကိုလွင့်ကလည်း ဒီအတိုင်းပြောလိုက်ပါတယ်။ သူ့သဘောအတိုင်း ဘာပဲလုပ်လုပ်တဲ့ သူပြောတဲ့စကားနားထောင်တဲ့"

"ကဲ.. ဒီတော့ ဒီလိုလုပ်ပေတော့။ နက်ဖြန် အလုပ်ဆင်းမြဲတိုင်းဆင်း။ ညနေအလုပ်ဆင်းခါနီးမှာ ပွဲကတော်ကြီးနဲ့ ကြုံဖန်တွေ့ပြီး ကျွန်မ မိုက်လို့ဖြစ်ရတာပါ။ ဒါပေမဲ့ တစ်ထောင်ဆိုတော့ နည်းပါတယ် အစ်မကြီးရယ်။ နည်းနည်းပါးပါး ပိုပေးပါဦးလို့ပြော"

"မပေးဘူးဆိုရင်ကော အစ်ကိုကြီးရယ်"

"မပေးရင်လည်း ဒီအတိုင်းပဲယူခဲ့။ ဒါထက် နေပါဦး၊ သူတို့ငွေပေးရင် ငွေသားပေးတတ်သလား၊ 'ချက်' ရေးပေးတတ်သလား"

"တစ်ထောင်ဆိုရင် ချက်ပေးတာချည်းပဲ"

"အင်း.. ကောင်းတယ်.. ကောင်းတယ်။ ဒီလိုဆိုရင် သင်းသင်းမြိုင် နာမည်နဲ့ မရေးစေနဲ့။ တစ်ဆိတ် ကျွန်မမောင်ကလေးနာမည် ရေးပေးပါ။ ကျွန်မကိုယ်တိုင် သွားမထုတ်နိုင်လို့ပါလို့ပြော။ မောင်လေးနာမည်ကိုတော့

www.burmeseclassic.com



မောင်ကြင်စိန်လို့ပြော။ အစ်ကိုကြီးပြောတာ မှတ်ထားနော် မမေ့နဲ့။ မသင်းသင်းမြိုင်ရဲ့ မောင်လေးနာမည်က မောင်ကြင်စိန်။ ကဲ.. မှတ်မိပလား"

"ဟုတ်ကဲ့... မှတ်မိပါပြီ အစ်ကိုကြီး"

"အစ်ကိုကြီးပြောတဲ့အတိုင်း လုပ်နော်။ ငွေစက္ကူပေးတာတောင် မယူနဲ့။ ပရိယာယ်နဲ့ ကြံဖန်ပြီး 'ချက်'ကိုသာရအောင် ယူခဲ့။ ချက်ပေါ်မှာရေးရမယ့်နာမည်က မောင်ကြင်စိန်နော်"

"ကောင်းပါပြီ အစ်ကိုကြီးရယ်။ ကျွန်မ မှတ်မိပါပြီ။ ကျွန်မ ကြံဖန်ပြီး ရအောင်ယူခဲ့ပါမယ်"

"အဲဒီလိုရတဲ့အခါ အစ်ကိုကြီးဆီ တစ်ခါတည်း လာခဲ့ပေတော့။ ကိုလွှင့်ဆီသွားဖို့ မလိုတော့ပါဘူး"

"ဟုတ်ကဲ့... ကျွန်မ ဒီကို ဒီတစ်ခါတည်း လာခဲ့ပါ့မယ်"

"ဩော်.. ပြောဖို့ တစ်ခုကျန်သေးတယ်။ ချက်ရေးတော့ ဘယ်သူရေးသလဲ"

"စာရေးကြီးကရေးပြီး ဦးလေး လက်မှတ်ထိုးရုံပါပဲ"

"ပွဲကတော်ကြီးကကော ဘယ်သူ့အရေးနိုင်းသလဲ"

"စာရေးကိုပဲ နိုင်းပါတယ်။ ပြီးတော့ ဦးလေးလက်မှတ်ထိုးရုံးပါပဲ"

"ဒီပြင်လူစိမ်းတော့ မရှိဘူးနော်"

"မရှိပါဘူး"

"ချက်ပေးတာ ဘယ်သူမှမမြင်ရင် ကောင်းတယ်"

"ကျွန်မစိတ်ထင်တော့ အစ်မကြီးက အိပ်ခန်းထဲခေါ်ပေးပါလိမ့်မယ်"

"အဲဒါအကောင်းဆုံးပဲ။ ကဲ... သွားတော့"

မိန်းကလေးထွက်သွားသောအခါ ဘသီလှသည် စီးကရက်တစ်လိပ်ကို မီးညှိကာ "အင်း.. ဒီကနေတော့ ရုပ်ရှင်မကြည့်ဖြစ်ပါဘူးကွယ်။ နက်ဖြန်မှ ကြည့်ရတော့မှာပဲ။ အင်း.. ဒီလစရိတ်ကလေးကျေအောင် ဦးထွန်းဝင်းဆီက မုန့်ဖိုးပဲဖိုးကလေးလောက်တော့ နည်းနည်းယူလိုက်ရဦးမယ်" ဟု တစ်ကိုယ်တည်း ရေရွတ်ရင်း စီးကရက်ကို အားပါးတရ ဖွာလျှက်ရှိလေ၏။

နောက်တစ်နေ့ညနေ၌ မသင်းသင်းမြိုင်သည် ဘသီလှထံသို့လာရောက်ကာ ချက်လက်မှတ်ကို ပေးလေသည်။ ချက်လက်မှတ်ပေါ်၌ကား မောင်ကြင်စိန်ဟု ရေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ၊ တော်တော် ခဲခဲယဉ်းယဉ်း လုပ်ခဲ့ရသလား"

"သိပ်မလုပ်ရပါဘူး အစ်ကိုကြီးရယ်။ ကျွန်မကိုယ်တိုင် သွားမထုတ်နိုင်တဲ့အတွက် ကျွန်မမောင် ကိုကြင်စိန်နာမည်နဲ့ ရေးပါပြောလို့ ဒီအတိုင်းရေးပေးလိုက်ပါတယ်။ ပြီးတော့ ပွဲကတော်ကြီးက မနေ့က ပြောတဲ့အတိုင်း ညည်းဟာ ဒီငွေတစ်ထောင်နဲ့ တောပြန်ပြီး မွေးဖွားပေတော့။ တစ်ယောက်နဲ့တစ်ယောက် ကျူးကျူးလွန်လွန်ဖြစ်ပြီး ဒီလိုဖြစ်ရတာ တစ်ခါတည်း မေ့လိုက်ပါ သမီးရယ်။ ငွေတစ်ထောင်ဆိုတာလည်း နည်းတာမဟုတ်ဘူး။ ညည်း တစ်သက်လုံး ရင်းနှီးပြီး စားနိုင်ပါတယ်။ အစ်မကြီး တစ်ခုပြောချင်တာက ဒီကိစ္စကို ညည်း ဘယ်သူ့ကိုမှ လေသံတောင် မဟလေနဲ့။ အဲဒီ သတင်းများ ပေါက်ကြားရင်တော့ ညည်းကို အသရေဖျက်မှုနဲ့ တရားစွဲပြီးသားပဲ။ အဲဒါ ညည်း ကြပ်ကြပ်ကြီး သတိထား။ ကဲ... သွားပေတော့ဆိုပြီး ကျွန်မကို တောပြန်ဖို့ ငွေအစိတ်တောင် စရိတ်ပေးလိုက်ပါသေးတယ် အစ်ကိုကြီးရဲ့"

"ဟိတ်... ကောင်းလိုက်လေကွယ်။ ချက်ကို ဘယ်မှာပေးသလဲ"

"သူ့အခန်းထဲ ခေါ်ပြီးပေးတယ် အစ်ကိုကြီး"

ဘသီလှသည် ချက်လက်မှတ်ကို အသေအချာ ကြည့်ရှုပြီးနောက် လက်ရာများမထင်အောင် မိမိလက်ကိုင်ပဝါဖြင့် ပွတ်၍ စာအိတ်လွတ်တစ်လုံး၌ ထည့်ကာ မီးခံသေတ္တာအတွင်းသို့ ထည့်ထားလိုက်လေ၏။ ထို့နောက်...

"နက်ဖြန်ကစပြီး အလုပ်သွားဖို့ မလိုတော့ဘူး။ ဒါနဲ့ မသင်းသင်းမြိုင်က ဘယ်မှာနေသလဲ"

"ကျွန်မ စက်ဆန်းမှာ နေပါတယ်ရှင်။ အလုပ်နဲ့နီးအောင်ဆိုပြီး ဆန်စက်ဝင်းနဲ့ တယ်မဝေးပါဘူး"

"ကိုင်း... ဒါဖြင့် နက်ဖြန်မနက် ပုဇွန်တောင်ဈေးက အေးတံတားကို မနက် ၉ နာရီရောက်အောင်လာခဲ့။ သိပ်ပြီး ဝတ်စားမလာနဲ့။ တဘက်အနွမ်းတစ်ခုလည်း ခေါင်းမှာသိုင်းခြုံပြီးလာခဲ့။ အဲဒီ အေးတံတားရဲ့ တောင်ဘက်နားမှာတပ်ပြီး မော်တော်ကားတစ်စီး စောင့်နေလိမ့်မယ်။ မောင်းတဲ့လူက တရုတ်ကပြား။ ကားက ပန်းရောင်ကလေး။ အဲဒီကားဆီ မသင်းသင်းမြိုင် လျှောက်သွားရင် ကားမောင်းတဲ့လူက လက်ယပ်ခေါ်လိမ့်မယ်။ ဒီတော့ ဒီကားပေါ်တက်နောက်ပိုင်းဝင်ထိုင်ပြီး လိုက်သာသွားပေတော့။ သူ့ကို ဘာစကားမှမပြောနဲ့ကြားလား"

www.burmeseclassic.com



"ဟုတ်ကဲ့၊ နို့ပေမဲ့ . . ကြောက်စရာကြီး အစ်ကိုကြီးရယ်"

"ဘာမျှ ကြောက်စရာမရှိဘူး။ အားလုံး အစ်ကိုကြီး စီမံပြီးသား။ ပြီးတော့ ဒီလူက အစ်ကိုကြီးရဲ့လူယုံတော်။ အစ်ကိုကြီးဆိုရင် ရှေ့ကနေပြီး အသက်အသေခံမယ့်လူ။ ဒီလူက အစ်ကိုကြီးအိမ်အရောက် ပြန်ပို့လိမ့်မယ်"

"ကောင်းပါပြီ အစ်ကိုကြီးရယ်"

"တဘက်ကိုခြုံပြီး လာခဲ့ဖို့ပြောတာက အိမ်နီးပါးချင်းတွေရော မသင်းသင်းမြိုင်နဲ့ အသိအကျွမ်းတွေကရောမြင်ရင် ရုတ်တရက် မမှတ်မိအောင်ပေါ့"

"ဟုတ်ကဲ့၊ ကျွန်မသိပါပြီ"

"အချိန်က အရေးကြီးတယ်နော်။ ဟိုနေရာကို ၉ နာရီမထိုးခင် ၁၀ မိနစ် ၁၅ မိနစ် ကြိုတင်ရောက်နိုင်ရင် အကောင်းဆုံးပဲ။ အလုပ်က အချိန်နဲ့ လုပ်ရမယ့်အလုပ် ကြားလား"

"စိတ်ချပါ အစ်ကိုကြီး၊ ကျွန်မ အချိန်မီသွားပါ့မယ်"

ထိုည၌ ဘသီလှသည် သူ၏ဓာတ်ခွဲခန်းအတွင်းတွင် အလုပ်များလျက်ရှိနေ၏။

မသင်းသင်းမြိုင်၏ ချက်လက်မှတ်ကို စာအိတ်အတွင်းမှ ထုတ်ယူပြီးလျှင် မှန်စားပွဲကလေးပေါ်တွင်ချ၍ အပေါ်မှ ထောင့်စွန်းနှစ်ဖက်ကို စာဖိသောဖန်လုံးနှစ်လုံးဖြင့် ဖိထားလိုက်၏။ ထို့နောက် ကလောင်တံများ ထည့်ထားသောသေတ္တာကလေးအတွင်းမှ ကလောင်တံ ၄-၅ ချောင်းအနက်၊ နှစ်သွားခပ်တုံးတုံးနှင့် ကလောင်တံတစ်ချောင်းကို ရွေးယူလိုက်၏။ တစ်ဖန် မှန်ဗီရိုအတွင်းမှလေဘယ်လ်ကပ်ထားသော မင်ရောင်များကို စမ်းသပ်ရေးသားလျက် ရှိလေသည်။ နောက်ဆုံးတွင် သူကြိုက်နှစ်သက်သော မင်အိုးတစ်လုံးကိုရွေးချယ်၍ ကလောင်တံနှင့်အတူ ထားလိုက်လေသည်။

တစ်ဖန် ဓာတ်သတ္တုဆေးပုလင်းများထားသော မှန်ဗီရိုအတွင်းမှ လက်သန်းသာသာခန့်ရှိ ဆေးပုလင်းကလေး ၂ လုံးကို ယူပြီးလျှင် စားပွဲပေါ်၌ ချထားပြန်၏။ ဆေးပုလင်းတစ်လုံးတွင် ပန်းနုရောင်အရည်များပါရှိ၍ အခြားတစ်လုံးမှာ အရောင်မရှိသော အရည်များ ပါရှိလေသည်။

ဘသီလှသည် ပန်းနုရောင် ဆေးရည်များပါရှိသော ပုလင်းကလေးကို ဖွင့်ပြီးလျှင် အတွင်းမှဆေးရည်ကို ခဲတံမှ ခဲသားချောင်းခန့်မျှသာရှိသော အလွန်သေးငယ်သည့် စုတ်တံကလေးဖြင့် တစ်ချက်မျှ တို့ယူလိုက်၏။ ချက်လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ကား လက်ဝဲဘက်တွင် ၁၀၀၀ ဟု ဂဏန်းဖြင့်ပါရှိ၍ လက်ယာဘက် မျဉ်းကြောင်းတွင် 'တစ်ထောင်ကျပ်တိတိ' ဟု ပါရှိ၏။

သို့နှင့် သူသည် လက်ယာဘက်၌ရှိသော 'တစ်ထောင်' မှ 'ထ' ဆင်ထူး၏ အပေါ်ပိုင်းကို တို့ပြန်၏။ ထို့နောက် မင်နှိပ်စက္ကူအဖြူကို အပေါ်မှ ခဲလုံးတင်၍ တစ်ခဏမျှ ဖိထား၏။ တစ်မိနစ်ခန့်မျှ ကြာသောအခါ ပန်းနုရောင် တို့ထားသောနေရာမှ မင်များသည် ပျောက်ကွယ်သွားပြီးနောက် ထဆင်ထူး သည် 'သ' ဖြစ်သွားတော့၏။ တစ်ခဏမျှကြာသောအခါ ထိုနေရာကို အရောင် မရှိသော ဆေးရည်ဖြင့် ထပ်မံတို့ပြီးနောက် မင်နှိပ်စက္ကူအသစ်တစ်ချပ်ဖြင့် ၂ မိနစ်ခန့်မျှ ဖိထားပြန်လေသည်။

ထဆင်ထူးကို 'သ' ဖြစ်အောင် ပြုလုပ်ပြီးနောက် ဘသီလှသည် စားပွဲပေါ်၌ အသင့်ရှိနေသော မင်အိုးမှ မင်ကို သူရွေးချယ်ထားသည့် ကလောင် တံဖြင့် တို့ပြီးလျှင် 'သောင်း' ၏ လက်ယာဘက်တွင် ဝစ္စပေါက် ၂ လုံးကို ရေးထည့်လေသည်။ မင်ရောင်မှာလည်း မူလအရောင်နှင့် ခွဲခြား၍မရအောင် တူလေသည်။ တစ်ဖန် ဝစ္စပေါက် ၂ လုံးကို အရောင်မရှိသော ဆေးရည်ဖြင့် တို့ပြီးလျှင် အခြားမင်နှိပ်စက္ကူ အသစ်တစ်ချပ်ဖြင့် ဖိ၍ထားလိုက်ပြန်၏။ အသုံး ပြုသော မင်နှိပ်များမှာ အဖြူရောင် မင်နှိပ်အသစ်များဖြစ်ပြီး မင်နှိပ်တစ်ချပ်ကို တစ်ကြိမ်သာ အသုံးပြုလေသည်။

ပြီးသောအခါ လက်ဝဲဘက်တွင် ရေးထားသည့် ၁၀၀၀ ဂဏန်းကိုသာ ပြင်ရန်လိုတော့၏။ ကံအားလျော်စွာပင် ချက်လက်မှတ်ပေါ်တွင် ရေးထားသော ၁၀၀၀ ဂဏန်း၏ လက်ဝဲဘက်တွင် စာတစ်လုံးထည့်နိုင်သည့် နေရာကလေး တစ်ခု ရှိနေသဖြင့် ဘသီလှသည် ကလောင်တံဖြင့် မင်ကိုတို့ယူကာ စက္ကူလွတ် ပေါ်တွင် ၂ ကြိမ်၊ ၃ ကြိမ်မျှ စမ်းသပ်ပြီးနောက်၊ ၁ ဂဏန်း၏ လက်ဝဲဘက်၌ ထို ၁ နှင့်တူအောင် တစ်ခါတည်း ရဲဝံ့စွာ ရေးချလိုက်ပြီးလျှင် မူလ '၁' ဂဏန်းကိုလည်း သုညဖြစ်စေရန် ထိုမင်နှင့်ပင် ပိတ်လိုက်လေ၏။ ထို့နောက် မင်များခြောက်၍ အသားသေစေရန် အရောင်မရှိသော ဆေးရည်ဖြင့် အထက်က လုပ်ခဲ့သည့်နည်းအတိုင်း ပြုလုပ်လေသည်။

အချိန်မှာ ညဉ့်သန်းခေါင်ကျော်ပြီဖြစ်၍ ချက်လက်မှတ်သား စောရ မောင်မောင်ခေါ် ဘသီလှ၏အစွမ်းကြောင့် တစ်သောင်းတန် 'ချက်' အဖြစ်သို့ အံ့သြလောက်အောင် ပြောင်းလဲသွားခဲ့လေပြီ။

www.burmeseclassic.com



နောက်တစ်နေ့နံနက် ၉ နာရီမထိုးမီ ၁၅ မိနစ်အချိန်လောက်၌ တအောက် အပြာတစ်ထည်ကိုခြုံကာ နေအိမ်မှ ထွက်ခဲ့လေ၏။ အေးတံတားအနီးသို့ ရောက်သောအခါ မိမိ၏လက်ဝဲဘက် (တံတား၏တောင်ဘက်) ဝါး ၂ ရိုက်ခန့် အကွာတွင် ပန်းနုရောင် ဆီဒင်ကားကလေးတစ်စင်း ရပ်ထားသည်ကို တွေ့ရသဖြင့် ကားအနီးသို့လျှောက်သွားရာ ကားရှေ့ပိုင်း ကားမောင်းသူနေရာတွင် မျက်မှန် အနက်တပ်ထားသော လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏။ ထိုသူမှာ ဥရောပတိုက်သား အဖြူရောင်ဝတ်စုံဝတ်ထား၍ ကားအနီးသို့ မိမိလျှောက်လာသည်ကို မြင်ရသောအခါ ထိုသူသည် စတီယာရင်အပေါ်တွင် တင်ထားသော လက်တစ်ဖက်ကို မြှောက်၍ပြလိုက်သဖြင့် သင်းသင်းမြိုင်သည် ယမန်နေ့က ဘသီလှ ညွှန်ပြထားသည့်အတိုင်း ကားဆီသို့ ချဉ်းကပ်သွားလေသည်။

ကားမောင်းသူသည် ကားပေါ်မှဆင်းလာ၍ တံခါးကိုဖွင့်ပေးရာ မသင်းသင်းမြိုင်သည် အရဲစွန့်ကာ ကားထဲဝင်၍ထိုင်လိုက်၏။ ကားမောင်းသမားသည် ကားပေါ်သို့ တက်ပြီးနောက် အိတ်ထဲမှ စီးကရက်တစ်ဘူးကိုထုတ်၍ စီးကရက် တစ်လိပ်ကို မီးညှိပြီးမှ ကားကို မောင်းထွက်သွားလေသည်။ ကားကလေးသည် မောင်ဂိုမာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)အတိုင်း မောင်းနှင်လာခဲ့၍ ရန်ကုန် ဘူတာထိပ်သို့ ရောက်သောအခါ ပန်းဆိုးတန်းအတိုင်း တောင်ဘက်သို့ မောင်းနှင် သွားလေ၏။

ကားမောင်းသူမှာ အသားမဖြူမညိုဖြစ်၍ မျက်နှာတွင် ကျောက်ပေါက် နာကလေးများရှိ၏။ ဆံပင်မှာ ခပ်ရှည်ရှည်ဖြစ်၍ အချို့နေရာများ၌ အနည်းငယ် ဖြူ၍ အသက် ၅၀ ခန့်ဟု မှန်းဆရ၏။

သူသည် စကားတစ်ခွန်းမျှမပြော၊ နောက်သို့ပင် တစ်ချက်မျှ ပြန်၍ မကြည့်ဘဲ ကားကို ဂရုတစိုက် မောင်းနှင်သွားလေသည်။ ပန်းဆိုးတန်းမှ ကုန်သည်လမ်းဘက်သို့လှည့်၍ ဘဏ်တိုက်နှင့်တူသော အဆောက်အအုံတစ်ခုရှေ့သို့ ရောက်သောအခါ သူသည် ကားလေးကို လမ်းဘေးတစ်ဖက်တွင် ထိုးရပ်လိုက် ပြီးနောက် မသင်းသင်းမြိုင်အား ကားပေါ်တွင် ခေတ္တစောင့်နေရန် ခြေဟန်လက် ဟန် ပြပြီးနောက် ကားပေါ်မှ ဆင်းသွားလေ၏။ လမ်းလျှောက်သောအခါ ခြေတစ်ဖက်ဆာလျက်ရှိသည်ကို မြင်ရ၏။

မသင်းသင်းမြိုင်သည် မိမိမမြင်ဖူးသော သူစိမ်းတစ်ယောက်နှင့်အတူ လိုက်ပါလာရသဖြင့် ပထမတွင် အတန်ငယ်ကြောက်ရွံ့စိတ် ရှိသော်လည်း ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



၏ အပြုအမူတွင် တွေ့ရသော လှုပ်ရှားမှုများကို မြင်ရသောအခါ ယုံကြည်စိတ်ချသည့်စိတ်များ တဖြည်းဖြည်း ပေါ်လာတော့၏။

နာရီဝက်ခန့်အကြာတွင် အဆောက်အအုံအတွင်းမှ ထိုသူထွက်လာ၍ မသင်းသင်းမြိုင်အား တစ်ချက်မျှကြည့်ကာ ကားကလေးကို ကမ်းနားလမ်းအတိုင်း အနောက်ဘက်သို့ လျှင်မြန်စွာ မောင်းလေ၏။ အေးတံတားမှ ပထမ စထွက်လာခဲ့စဉ်က ခပ်ဖြည်းဖြည်း မောင်းနှင်ခဲ့သော်လည်း ယခုမူ ယခင်ကထက် နှစ်ဆ မြန်အောင် မောင်းနှင်သွားလေသည်။ ကြည့်မြင်တိုင်ဘက်သို့ ရောက်သောအခါ အရှေ့ဘက်သို့ ပြန်၍ကွေ့ပြီးလျှင် ကော်မရှင်နာလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) အတိုင်း မောင်းနှင်လာပြီးနောက် ခရစ်လမ်း(ဗိုလ်မြတ်ထွန်းလမ်း)ရှိ ကိုမောင်မောင် တိုက်ရှေ့တွင် ရပ်လေသည်။

ကားရပ်သည်နှင့်တစ်ပြိုင်နက် ထိုသူသည် မသင်းသင်းမြိုင်အား တံခါး ကို ဖွင့်ပေးခဲ့၍ ကိုမောင်မောင်၏ တိုက်ခန်းရှိရာသို့ ခြေတစ်ဖက်ဆာလျက်နှင့် တက်သွားရာ မသင်းသင်းမြိုင်လည်း ထိုသူနောက်မှ အပေါ်ထပ်သို့ တက်၍ လိုက်သွားလေသည်။

အိမ်ပေါ်သို့ရောက်လျှင် ဧည့်ခန်းတွင်းသို့ ဝင်မိသောအခါ ကိုမောင်မောင် ကို မတွေ့ရချေ။ သို့သော် မိမိရှေ့မှတက်သွားသော ကားမောင်းသူ တရုတ်ကပြား သည် ကိုမောင်မောင်၏ အခန်းထဲသို့ ဝင်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရလေ သည်။ တံခါးဖွင့်ပေးသူမှာ ကိုမောင်မောင်၏တပည့် မောင်ထိန်ဖြစ်၍ မသင်းသင်း မြိုင်အား အိမ်ရှေ့ဧည့်ခန်း၌ နေရာထိုင်ခင်းများ ပေးလေသည်။

မောင်ထိန်က ခေတ္တစောင့်ဆိုင်းရန် ခိုင်းပြီးလျှင် နောက်ဖေးမီးဖိုဆောင် သို့ ဝင်သွားပြီးနောက် ၁၀ မိနစ်ခန့် အကြာတွင် လက်ဖက်ရည်နှင့် ပေါင်မုန့် ထောပတ်သုတ် ၂ ချပ် ယူလာရာ မသင်းသင်းမြိုင်မှာ အတော်ပင် ဆာလောင် နေပြီဖြစ်၍ လက်ဖက်ရည်နှင့် ပေါင်မုန့်များကို မြိန်ရှက်စွာ စားသောက်လျက် ရှိချေ၏။

ထိုအချိန်၌ ကိုမောင်မောင်သည် စွပ်ကျယ်အင်္ကျီနှင့် ချည်လုံချည် တစ်ပတ်ရစ်တစ်ထည်ကိုဝတ်ကာ လက်ဆွဲသားရေအိတ်တစ်လုံးကိုဆွဲ၍ အခန်း တွင်းမှ ထွက်လာလေသည်။

"ဟာ... အစ်ကိုကြီး"

"ဟုတ်ပါတယ်။ မသင်းသင်းမြိုင်အတွက် ခွေပုတ်လာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ထောင်လား"

"မဟုတ်ဘူး။ တစ်သောင်း"

"ဟာ. . . "

"ဟုတ်တယ်လေ။ မသင်းသင်းမြိုင်အတွက် ငွေထုတ်ပြီး ရလိုင်းတော ပေါ့"

"ဘယ်သူသွားထုတ်သလဲ အစ်ကိုကြီး"

"ဒါမှမသိဘူးလား။ မသင်းသင်းမြိုင်ကို ကားနဲ့ခေါ်သွားပြီး ဟိုလူက ဘဏ်တိုက်ကို ငွေသွားထုတ်တယ်လေ။ ပြီးတော့ အခု ဒီလိုက်ပို့လို့ ရောက် လာတာ မဟုတ်လား"

"ဪ. . အခုစင်ကပဲ အစ်ကိုကြီး အခန်းထဲဝင်သွားတာ မြင်လိုက် တယ်။ ဒီလူက မနေ့ကပြောတဲ့ အစ်ကိုကြီးရဲ့ လူယုံတော်ဆိုတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ဟုတ်လို့ သူက ဒီငွေ လာပေးတာပေါ့"

"ဟင်. . . အစ်ကိုကြီးပြောတာကလဲ"

ဘသီလှသည် မသင်းသင်းမြိုင်အား ခပ်ပြုံးပြုံး တစ်ချက်ကြည့်လိုက် ၏။ ထို့နောက် လက်ခုပ်လက်ဝါးတီးကာ ရယ်မောလိုက်လေသည်။

"မသင်းသင်းမြိုင်က သိပ်ရိုးတာပဲ။ အခုထက်ထိ မသိသေးဘူးလား"

"ဒါဖြင့် ဆံပင်ဖြူဖြူနဲ့ မျက်မှန်အနက်ကြီးတပ်ပြီး ဘိုလိုဝတ်ထားတဲ့ မော်တော်ကားမောင်းသမား တရုတ်ကပြားဟာ အစ်ကိုကြီးပေါ့။ လမ်းသွားရင် ခြေထောက်ကလည်း ထော့နင်းနဲ့ မျက်နှာမှာလည်း ကျောက်ပေါက်နာတွေနဲ့"

"ဟုတ်ပါတယ်ဗျ။ ကျုပ်ပါပဲ။ ဒီလိုနေရာမျိုးမှာ တခြားလူနိုင်းလို့ ဘယ်စိတ်ချရမလဲ။ ဒါကြောင့် မသင်းသင်းမြိုင်ရဲ့ 'ချက်'ကို ကိုယ်တိုင် လိုက် ထုတ်ပေးတာပေါ့"

"အောင်မယ်လေး၊ တတ်နိုင်တဲ့ အစ်ကိုကြီးရှင်"

"ကဲ. . . ဒီငွေတစ်သောင်းကို မသင်းသင်းမြိုင် ယူသွားပေတော့။ အမှန်တော့ ကိုယ်ကတရားစွဲနေပြန်ရင်လည်း ဆူးကျဖက်ပေါက်၊ ဖက်ကျ ဖက် ပေါက် ဆိုတာလို ကိုယ်ကနာဘက်ကချည်းပဲ။ အခု အခြေအနေရောက်မှတော့ ငွေယူတာပဲ ကောင်းတယ်။ ဒီထက်ပိုပြီး ဘာမျှမတတ်နိုင်ဘူး။ အစ်ကိုကြီး ပြောတာ မသင်းသင်းမြိုင် သဘောပေါက်တယ် မဟုတ်လား"

"သဘောပေါက်ပါတယ် အစ်ကိုကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီငွေယူပြီး ဒီကနေ့ပဲ ရွာပြန်ပေတော့။ ရတဲ့ငွေကို လုံလုံခြုံခြုံထား သုံးတဲ့နေရာမှာလည်း ပိပိရိရိ သိုသိုသိပ်သိပ် သုံး။ ဘယ်သူကမေးမေး ပုလိပ်ကပဲ လာစစ်စစ် ငွေတစ်ထောင် လျော်ကြေးရတာလို့ ပြော။ သူတို့က ချက်ပေးလိုက်တယ် မဟုတ်လားလို့မေးရင် ဘဏ်တိုက်ကို ကျွန်မ မသွားတတ်လို့ ငွေသားပဲ ပေးလိုက်ပါတယ် ပြော။ မသင်းသင်းမြိုင်မှာ ဘယ်မောင်ဖားမျှ မရှိဘူး။ ကိုကြင်စိန်ဆိုတာလည်း ကျွန်မ မသိဘူးလို့သာပြော။ အစ်ကိုကြီးပြောတာ အားလုံးမှတ်မိပြီနော်"

"မှတ်မိပါပြီ အစ်ကိုကြီးရယ်"

"မသင်းသင်းမြိုင်သည် သားရေအိတ်ကလေးအတွင်းမှ တစ်ထောင်စီ စည်း၍ထားသော ငွေစက္ကူထုပ်နှစ်ထုပ်ယူ၍ စားပွဲပေါ်သို့ တင်ထားလိုက်ပြီးလျှင် ဘသီလှအား လက်အုပ်ချီ၍ ကန်တော့လေ၏။

"ဒီဟာက ဘာလဲ မသင်းသင်းမြိုင်"

"အစ်ကိုကြီးကို ကျွန်မ ကန်တော့ပါရစေရှင်"

"အို... မဟုတ်တာ"

"အစ်ကိုကြီး ဒီလို ဒုက္ခခံပြီး ဆောင်ရွက်ပေးတဲ့အတွက် အစ်ကိုကြီးကျေးဇူးကို ကျွန်မ ဘယ်တော့မျှမမေ့ပါဘူး။ ဒီဟာက စရိတ်စကအတွက်ပါ"

မသင်းသင်းမြိုင်သည် ငွေစက္ကူထုပ်နှစ်ထုပ်ကို ဘသီလှ၏လက်သို့ အတင်းထည့်လေရာ ဘသီလှက "ဒီလောက်တော့ များပါတယ် မသင်းသင်းမြိုင် ပေးချင်ရင် တစ်ထုပ်ပဲထားခဲ့ပါ" ပြောကာ သားရေအိတ်ထဲသို့ ငွေစက္ကူတစ်ထုပ်ကို အတင်းပြန်၍ ထည့်လိုက်လေသည်။

ထို့နောက် ဘသီလှသည် မသင်းသင်းမြိုင်အား ၎င်း၏နောင်ရေး အတွက် ဆုံးမစကားများပြောပြီးလျှင် မောင်ထိန်အား ကားဖြင့် လိုက်၍ပို့စေ၏။

နောက် ၃ ရက်ခန့်အကြာတွင် သစ်တောစာရေး ကိုလွင်နှင့်တွေ့၍ မသင်းသင်းမြိုင်သည် ထိုနေ့ကပင် ညနေရထားဖြင့် ရွာသို့ ပြန်သွားကြောင်း မိန်းမဖော်တစ်ယောက်ကို မိမိကပင် ထည့်ပေးလိုက်ရကြောင်း၊ သွားခါနီးတွင် မိမိကလေးများအတွက် မုန့်ဖိုးဆို၍ ငွေ ၁၀၀ ပေးခဲ့သေးကြောင်း ပြောပြ၍ သိရ၏။

နောက်တစ်နှစ်ကျော်ကျော်ခန့် ကြာသောအခါ မသင်းသင်းမြိုင်တွင် သားယောကျ်ားကလေးတစ်ယောက် မွေးဖွားမြင်ကြောင်း၊ မိမိအားလည်း အစ

www.burmeseclassic.com



အမြဲ သတိရ၍ ကျေးဇူးတင်သည်ကို တစ်ဆင့်ပြောလိုက်ရန် သစ်တောစာရေးကိုလွှင်ထံမှ သတင်းကောင်း ကြားသိရလေသည်။ ချက်လက်မှတ်အကြောင်းနှင့်ပတ်သက်၍မူ မည်သည့်သတင်းမျှ နောက်ထပ်မကြားရတော့သဖြင့် နိုင်ငံခြားသား မျက်နှာဖြူများကို ဒူးထောက်ပြီးလျှင် ဆင်းရဲသား တောင်သူလယ်သမားစပါးရောင်းသူများထံမှ အမျိုးမျိုးခေါင်းပုံဖြတ်ခဲ့သော ပွဲစားကြီးဇနီးမောင်နှံတို့မှာ ချက်လက်မှတ်လိမ်ထုတ်သည်ကို ပုလိပ်အကူအညီနှင့်ပင် ဖော်ထုတ်ခြင်း မပြုနိုင်၍သော်လည်းကောင်း၊ သို့မဟုတ် မိမိတို့အရှက်ကို မပေါ်စေလို၍ ဖုံးအုပ်ထားခြင်းသော်လည်းကောင်း ဖြစ်တန်ရာသည်ဟု ယူဆရ၏။

◈

www.burmeseclassic.com

www.burmeseclassic.com

# ကလိမ်မောင်မောင်လွန်း ၁

သူတစ်ပါးအား ကောင်းသောနည်းဖြင့်သော်လည်းကောင်း၊ မကောင်းသော နည်းဖြင့်သော်လည်းကောင်း၊ အနိုင်အထက် ကျင့်ပြုခြင်း၊ ဖြားယောင်းခြင်း၊ သွေးဆောင်ခြင်း၊ အထင်လွဲစေခြင်း၊ တန်ခိုးအာဏာကိုသုံးခြင်း စသည်တို့မှာ ခေတ်အခေါ်အားဖြင့် 'ကလိမ်ကျ' သည်ဟူသော စကားတွင် ပါဝင်သော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စကို များစွာအသုံးပြုရသဖြင့် မကောင်းသော အလုပ်ပင် ဖြစ်လင့်ကစား တစ်နည်းအားဖြင့် ချီးကျူးဖွယ်ဖြစ်၏။ ယင်းအလုပ်တို့မှာ ကောင်းသောအလုပ်ကို ပြုလုပ်ရသည်ထက်ပင် ဉာဏ်ထုတ်ရသေး၏။

မိမိတို့ အသက်မွေးဝမ်းကျောင်းအတွက် နေ့စဉ်နှင့်အမျှ ပစ္စည်းဥစ္စာ ရှာဖွေလျက်ရှိကြကုန်သော သူဌေးသူကြွယ်၊ ကုန်သည်၊ လယ်လုပ်မှအစ၊ အောက်ဆုံး ဆင်းရဲသား ကူလီဈေးသည်ဗျပ်ထိုးအထိ အများအားဖြင့် ဖြောင့်မတ်စွာ ရရှိအပ်ကုန်သော ဓမ္မိယလဒ္ဓနည်းပင် ဖြစ်သော်လည်း ၎င်းတို့အထဲမှ မတရားသောနည်းလမ်းဖြင့် ရှာဖွေကြသူများလည်း ရှိသေး၏။

ထိုသူများအနက် အချို့မှာ ပစ္စည်းဥစ္စာနှင့်ပင် ပြည့်စုံသော်လည်း သူတစ်ပါးပေါ်တွင် လိမ်လည်ရမှလည်းကောင်း၊ တစ်ပတ်ရိုက်ရမှ လည်းကောင်း ကျေနပ်တတ်၏။ စားသောက်၍ မြိန်ရှက်၏။ ၎င်းအလေ့အကျင့်မျိုးမှာ ဗီဇတုယ္ယူ၍ ဖြစ်စေ၊ ပတ်ဝန်းကျင်အခြေအနေကြောင့်ဖြစ်စေ ဖြစ်ပေါ်လာခြင်း မဟုတ်ပေ။ မွေးကတည်းက ပါလာသည့် ထူးဆန်းသော ရောဂါတစ်မျိုးဖြစ်သည်ဟု အနောက်

www.burmeseclassic.com



နိုင်ငံ စိတ်ပညာဆရာအချို့က ဆိုလေသည်။ ၎င်းတို့သည် ငွေရမှု၊ မရမှုကို ပဓာနမထားဘဲ လူတစ်ယောက်အား မိမိလှည့်ဖြား၍ရလျှင် တော်လေပြီဟူသော သဘောဖြင့် ပြုလုပ်တတ်ကြသည်ဖြစ်ရာ ယင်းအပြုအမူကို စိတ်ပညာဆရာကြီးများ ပြောသည့်အတိုင်း 'ဝမ်းတွင်းပါ' ရောဂါတစ်မျိုးနှင့်ပင် တူလှတော့၏။

ကျွန်ုပ်တို့မိတ်ဆွေ မောင်မောင်ထွန်းသည်ကား၊ ကျွန်ုပ်စိတ်ထင်အားဖြင့် ဤကဲ့သို့ လူစားမျိုးထဲမှ ဖြစ်ဟန်လက္ခဏာ ရှိလေသည်။

တစ်နေ့သ၌ ကျွန်တော်သည် မောင်မောင်ထွန်းနှင့် မတွေ့ရသည်မှာ အတော်ကြာခဲ့ပြီဖြစ်သဖြင့် ၎င်းနေသော လွှစ္စလမ်း(ဆိပ်ကမ်းသာလမ်း)သို့ လျှောက်သွားရာ မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း)ထောင့်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့၌ ဘလေဇာအင်္ကျီအနက် ခပ်စုတ်စုတ်ကိုဝတ်ပြီးလျှင် ချည်လုံချည်၊ ကြမ်းပိုးဦးထုပ်များဖြင့် မိမိကိုယ်ကို ရုပ်ဖျောက်ထားသော မောင်မောင်ထွန်းနှင့် ပက်ပင်းပါ တွေ့ရလေသည်။ ဤမျှလောက် ညစ်ပတ်ပေရေစွာ ဝတ်ဆင်ထားသူ တစ်ယောက်အား အထက်တန်းရှေ့နေ ဦးမောင်မောင်ထွန်းဟူ၍ မည်သူမျှသိနိုင်ရန် မရှိပေ။ ကျွန်တော်သည်ပင်လျှင် ၎င်း စတင်နှုတ်ဆက်ခြင်း မပြုက လမ်းထဲသို့ ချိုးဝင်သွားမည် ဖြစ်လေသည်။

"ဘယ့်နှယ်လဲ၊ ဒီမှာ ခင်ဗျား ဘာလုပ်နေတာလဲ"

ထွန်း– "တိုးတိုးဆရာ တိုးတိုး။ ကျွန်တော် နားကောင်းပါတယ်ဗျ"

မောင်မောင်ထွန်းသည် လက်ဖက်ရည်ဆိုင်အပြင်ဘက် အစွန်ကျသော စားပွဲတစ်လုံးသို့ ကျွန်တော်အား ခေါ်သွားလေသည်။

ထွန်း– "ကျုပ်အလုပ်က စုံထောက်များလိုပဲဗျ။ တစ်ခါတလေ ရုပ်ဖျောက်ပြီး လက်ဖက်ရည်ဆိုင်တွေမှာ ဘာတွေကိုများ အပြောများကြတယ်၊ လူများ ဘာကိုအလိုရှိနေကြတယ်၊ ဘယ်ပါတီဟာ လူတွေ အကြည်ညိုနည်းတယ်၊ ဘယ်ပါတီကို ယုံကြည်အားထားကြတယ်၊ မြို့ပေါ်က လူကြီးလူကောင်း အခေါ်ခံတဲ့လူတွေရဲ့သတင်းဟာ အပြင်မှာ ဘယ်လိုထွက်နေတယ်ဆိုတာ နားထောင်ရတယ်ဗျ။ လက်ဖက်ရည်ဆိုင်ဆိုတာ သတင်းအစုံဆုံးပေါ့"

ဤကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် ဘူတာရုံဘက်မှ မုန့်ဟင်းခါးသည် တစ်ယောက်သည် အငွေ့တထောင်းထောင်း ထွက်လျက်ရှိသော ဟင်းအိုးကို တစ်ဖက်၊ မုန့်တောင်းကိုတစ်ဖက်ထမ်းကာ လာရောက်ပြီးနောက် လက်ဖက်ရည်ဆိုင်ရှေ့၌ချကာ ရောင်းချလေရာ လူ ၂ ယောက်၊ ၃ ယောက်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်စားပွဲများမှ မုန့်ဟင်းခါး ၃-၄ ပန်းကန်ကို မှာယူပြီးလျှင် စားသောက်လျက် ရှိကြကုန်၏။

ထိုခေတ်မှာ ဂျပန်ခေတ်ဖြစ်၍ မုန့်ဟင်းခါးတစ်ခါပြင်လျှင် ၁၀ မျှပေးရလေရာ မောင်မောင်ထွန်းနှင့် ကျွန်တော်တို့သည် တစ်ယောက်လျှင် ၂ ပန်းကန်စီမျှ စားကြလေသည်။ ဤသို့ရှိစဉ် အနီးအနားမှ မိန်းမ ၂ ယောက်တို့သည် လည်းကောင်း၊ ဆိုက်ကားတစ်စီးပေါ်မှ ဆင်း၍လာသော တရုတ်တစ်ယောက်သည် လည်းကောင်း ဈေးသည်ရှေ့တွင်ထိုင်ကာ မုန့်ဟင်းခါးကို စားသောက်လျက် ရှိကြကုန်၏။

ကျွန်တော်တို့ထိုင်သော စားပွဲနှင့် မုန့်ဟင်းခါးရောင်းသူမှာ ၅ တောင် ၆ တောင်မျှသာ ဝေးသဖြင့် အသက် ၁၀ နှစ်ခန့်ရှိ ခေါင်းတုံးနှင့် ကလေး တစ်ယောက်သည် ငွေစက္ကူ ၁၀ တန် တစ်ချပ်ကိုကိုင်ကာ မုန့်ဟင်းခါးတစ်ပန်းကန်မှာ စားပြီးနောက် "မုန့်ဟင်းခါးက သိပ်စားကောင်းတာပဲကွ။ အဝစားလိုက်ရရင် ၁၀ ပန်းကန်တောင် ကုန်တယ်ကွာ" ဟု မိမိကိုယ်ကိုမိမိ ပြောသကဲ့သို့ ပြောဆိုရာ ကျွန်တော်တို့လည်း ထိုသူငယ်လေးပြောသောစကားကို ကောင်းစွာကြားရလေ၏။

ကလေးက ထိုစကားကို တစ်ဖန် ထပ်၍ပြောပြီးလျှင် အာသာမပြေသေးသော မျက်လုံးကလေးများဖြင့် အငွေ့တထောင်းထောင်းထွက်ကာ မွှေးကြိုင်လျက်ရှိသော ဟင်းအိုးကြီးကို စိုက်၍ကြည့်နေသည်နှင့် မောင်မောင်ထွန်းသည် ကလေးအား "ဟေ့ကောင်လေး၊ မင်း ဘယ်လောက်ကုန်အောင် စားနိုင်မလဲ"

"ဆယ်ခွက်လောက်တော့ စားနိုင်မှာပေါ့ခင်ဗျ"

ကလေးမှာ ၁၀ နှစ်အရွယ်ခန့်သာ ရှိပြီးလျှင် ချည်ကြမ်းအဖြူ ရှပ်လက်တိုကလေးကိုလည်းကောင်း၊ ချည်လုံချည် အနီကွက်လေးကိုလည်းကောင်း ဝတ်ဆင်ထားရာ စကားပြောဆိုပုံ အမူအရာမှာလည်း အရွယ်နှင့်မလိုက်အောင် ဖျတ်လတ်သွက်လက်သော လက္ခဏာရှိ၏။ မုန့်ဟင်းခါးသည်ကြီးမှာ အသားအနည်းငယ်ညိုလျက် အထက်အညာသားရုပ်ပင် ဖြစ်သော်လည်း မျက်နှာမှာ မဟုတ်လျှင် မခံချင်တတ်သောရုပ်မျိုး ဖြစ်လေသည်။ မောင်မောင်ထွန်းသည်း ထိုကလေးအား နောက်ထပ်တစ်ပန်းကန် ဝယ်၍ကျွေးလေရာ မုန့်ဟင်းခါးပန်းကန်မှာ တစ်ခဏချင်း၌ပင် ကုန်၍သွားပြန်၏။ ထိုအခါ မောင်မောင်ထွန်းက..

"ဘယ့်နှယ်လဲ ဟေ့ကောင်၊ ဝပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မဝသေးဘူး ဦးကြီးရဲ့။ နောက်ထပ် အနည်းဆုံး ၇ ခွက်၊ ၈ ခွက် လောက်တော့ စားနိုင်သေးတယ်"

"ဟုတ်ပါ့မလားကွယ်"

ထိုအခါ မုန့်ဟင်းခါးသည်ကြီးသည်လည်းကောင်း။ အနီးတွင် စားလျက်ရှိသော လူများသည်လည်းကောင်း ကလေးအား ဂရုစိုက် ကြည့်နေကြလေ၏။

မောင်မောင်ထွန်းသည် အတန်ငယ်ပြုံးပြီးလျှင် "ဒီလမ်းထဲက ကောင်လေးဗျ။ အင်မတန် အစားကြီးတဲ့အကောင်။ ကျွန်တော်က လက်ဖက်ရည်ဆိုင် နေ့တိုင်းလာနေလို့ သူ့အကြောင်း ကျွန်တော်သိတယ်။ ဖာလူဒါ ၅ ခွက် တစ်ခါတည်း သောက်နိုင်တဲ့ ကောင်လေး"

ထိုအခါ မုန့်ဟင်းခါသည်ကြီးက "အလကားပါ ဆရာရယ်၊ ဒီကောင်လေး စားနိုင်လှရင် နောက်ထပ် ၂ ခွက်ပေါ့"

"မလုပ်ပါနဲ့ ဆရာကြီး၊ ဖာလူဒါ ၅ ခွက်ဆိုတာ များတာမဟုတ်ဘူး"

"နို့ပေမဲ့ မုန့်ဟင်းခါး တစ်ပန်းကန်ဆိုတာဟာလည်း နည်းတာ မဟုတ်ဘူးဗျ"

"စားမယ်ဆိုရင် ကျွန်တော့်စိတ်ထင် ဒီကောင်လေး စားနိုင်လိမ့်မယ် ထင်တယ်"

"မစားနိုင်ပါဘူး ဆရာ။ ကဲ . . ဒါဖြင့် ဆရာလောင်းမလား"

"ကျုပ်ကတော့ လောင်းဝံ့ပါတယ်ဗျာ။ ဓာတ်သိပဲ။ နို့ပေမဲ့ မလုပ်ပါနဲ့ ဆရာကြီး။ ခင်ဗျား အရင်းပြုတ်နေပါဦးမယ်"

"အောင်မယ်၊ ဒီကောင်လေး ဘယ်နှစ်ပန်းကန် စားနိုင်မှာလဲ။ အလွန်ဆုံး ၅ ပန်းကန်ပေါ့"

"ရှစ်ပန်းကန် စားစေ့မယ် ဆရာကြီး"

"သူစားနိုင်ရင် ကျွန်တော်ကျွေးမယ်။ ငွေ ၁၀၀ တောင် ထပ်လောင်း လိုက်ဦးမယ်"

"ခင်ဗျား အဟုတ်လောင်းမလား။ ရှစ်ပန်းကန်စားစေ့မယ်"

"စိန်လိုက် ဆရာ။ ဆရာတို့ဘက်ကနိုင်ရင် ဆရာတို့ ၂ ယောက် စားပြီးတဲ့ မုန့်ဟင်းခါး ၄ ခွက်ဖိုးတောင် ကျွန်တော် ရှော်လိုက်ဦးမယ်"

"ကောင်းပြီ။ ဟေ့ကောင်၊ မင်းနာမည် ဘယ်သူကွ"

"တင်အေးတဲ့ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ပြောနေတာ မင်း ကြားတယ်မဟုတ်လား"

"ကြားတယ်ခင်ဗျ"

"မင်းအခု ဘယ်နှစ်ခွက်စားပြီးပြီလဲ"

"၂ ခွက်ခင်ဗျ။ ကျွန်တော်ဝယ်စားတာက တစ်ခွက်၊ ဦးကြီးကျွေးတာက တစ်ခွက်"

"အေး.. ဟုတ်တယ်။ နောက်ထပ် ၆ ခွက်စားရမယ်နော်။ စားနိုင်မယ် မဟုတ်လား"

"စားမယ် ဦးကြီး"

"အေး.. မင်းစားနိုင်ရင် မင်းစားပြီးသား တစ်ခွက်ဖိုးပါ ပြန်ရမယ် နားလည်လား"

"ဟုတ်ကဲ့"

ရှင်းနောက် မောင်မောင်ထွန်းလည်း ငွေစက္ကူ ၁၀ တန် အသစ်ထပ်ကြီးတစ်ခုကို အတွင်းအိတ်ထဲမှ ဆွဲထုတ်လေရာ မုန့်ဟင်းခါးသည်ကြီးလည်း ငွေ ၁၀၀ ကို ကျွန်တော်တို့လက်ထဲသို့ ပေးအပ်ကာ လောင်းကြေးများ ထပ်ကြလေ၏။ ကျွန်တော်နှင့် အခြားလူတစ်ယောက်က ဒိုင်လုပ်ရလေသည်။

မုန့်ဟင်းခါးသည်ကြီးသည် မုန့်ဟင်းခါးများကို တစ်ခွက်ပြီးလျှင်တစ်ခွက် ပြင်၍ပေးလေရာ မုန့်ဟင်းခါးကို ထုံးစံအတိုင်းထက် ပိုမထည့်ရန် ဒိုင်များက သတိပေးရသေး၏။

ထိုအခါ ကျွန်တော်နှင့်တကွ အနီးတွင် မုန့်စားနေသူများပါ အတော်ပင် စိတ်ဝင်စားလာကြတော့၏။

တင်အေးမှာ ၂ ခွက် စားပြီးပြီဖြစ်သော်လည်း တတိယတစ်ခွက်နှင့် စတုတ္ထခွက်များကို မြိန်ရှက်စွာ စားသောက်လျက် ရှိလေ၏။

သို့သော် စတုတ္ထခွက်မှာ ငရုတ်သီး အတန်ငယ်များသွားဟန်ရှိ၍ တင်အေးသည် ရှူးရှူးရှားရှားဖြစ်လျက်ရှိလေရာ ပဉ္စမခွက်ထည့်လျက်ရှိပြီး ရှင်းသည် မောင်မောင်ထွန်းအားကြည့်ကာ..

"ဦးကြီး"

"ဘာလဲကွယ့်"

"သိပ်စပ်တာပဲ ဦးကြီးရဲ့၊ ကျွန်တော် ရေသွားသောက်ဦးမယ်"

www.burmeseclassic.com



"အေး.. သောက်ချင်သောက်ချေလေ။ ဟော့ကောင်လေး၊ ပြီးတော့လဲ မလာဘဲ မနေနဲ့ဦးနော်၊ ဒီမှာလောင်းထားတယ်။ မြန်မြန်ပြန်ခဲ့ ကြားလား"

"ဟုတ်ကဲ့ ဦးကြီး"

ထိုကလေးသည် နောက်ထပ်မစားနိုင်တော့သဖြင့် ထွက်၍ပြေးလေပြီလောဟု ကျွန်တော်တို့သည် တွေးတောလျက် ရှိကြသေး၏။ သို့သော် တင်အေးကား မပြေးချေ။ ချွေးများကို အိတ်ထဲမှ လက်ကိုင်ပဝါစုတ်ကလေးဖြင့် သုတ်ကာပြေး၍လာပြီးနောက် ပဉ္စမခွက်ကို ဆက်လက်စားပြန်လေ၏။

ကျွန်တော်တို့က ငရုတ်သီးထည့်မပေးရန် မုန့်ဟင်းခါးသည်အား သတိပေးရလေ၏။

ကျွန်တော်ကိုယ်တိုင် ထမင်းမစားဘဲ အဆာဆုံးအချိန်၌ စားစေကာမူ အလွန်ဆုံး ၄ ခွက်အပြင် ပို၍စားနိုင်မည် မဟုတ်ပေ။

မုန့်ဟင်းခါးသည်မှာ နာမည်ရမုန့်ဟင်းခါးသည်ဖြစ်၍ အတော်ပင် စား၍ကောင်းလေသည်။

တင်အေးသည် ၅ ခွက်ကုန်သော်လည်း အနည်းငယ်မျှ မညည်းမညူဘဲ ခေါင်းမှစီးကျသော ချွေးများကိုသုတ်ကာ နောက်ထပ် ၃ ခွက်ကို ခပ်အေးအေးနှင့်ပင် ကုန်အောင်စားလိုက်ရာ ကျွန်တော်တို့မှာ လောင်းကြေးအတွက် အနိုင်ရသည်ကို ဝမ်းမြောက်ခြင်းထက် ကလေးတစ်ယောက်၏ အဆမတန်စားခြင်းကို ပို၍အံ့သြလျက် ရှိကြကုန်၏။ ထို့နောက် မောင်မောင်ထွန်းသည် နိုင်သောငွေ ၁၀၀ ကို မုန့်ဟင်းခါးသည်ကြီးထံမှ အလွန်အားနာသောဟန်ဖြင့် ယူခဲ့ပြီးလျှင် ကျွန်တော်နှင့်အတူ ထွက်လာခဲ့လေ၏။'

မောင်မောင်ထွန်းတိုက်ခန်းသို့ ရောက်သောအခါ ကျွန်တော်က အသက် ၁၀ နှစ်အရွယ်နှင့် မုန့်ဟင်းခါး ၁၀ တန် ရှစ်ပန်းကန်ကို စားနိုင်သော သူငယ်လေးအကြောင်းကို ချီးမွမ်းစကား ပြောကြားလျက်ရှိရာ မောင်မောင်ထွန်းလည်း ဟက်ဟက်ပက်ပက် ရယ်မောလျက်...

"ကိုယ့်လူက မျက်လှည့်ပြတာ အဟုတ်ထင်နေတာကိုး ဗျ။ လာ လာ... ကျုပ်နောက်လိုက်ခဲ့"

မောင်မောင်ထွန်းသည် ယခင်က လက်ဖက်ရည်ဆိုင်နှင့် မနီးမဝေး ရှိ အခန်းကျဉ်းကလေးတစ်ခုသို့ ကျွန်တော့်အား ခေါ်သွားလေရာ ထိုအခန်းသို့ ရောက်သောအခါ တင်အေးသည် ကွပ်ပျစ်ကလေးတစ်ချပ်ပေါ်တွင် ထိုင်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရ၏။ အနီး၌ကား အသက် ၃၅ နှစ်ခန့်ရှိ ၎င်း၏ မိခင်နှင့်တူသော မိန်းမတစ်ယောက်သည် အခါလည်အရွယ်ကလေးအား နို့တိုက်လျက်ရှိလေသည်။ ထိုမိန်းမသည် ကျွန်တော်တို့ ဝင်လာသည်ကို မြင်သောအခါ ရှိသေသော အမူအရာဖြင့် နေရာထိုင်ခင်းများပေးပြီးနောက် မောင်မောင်ထွန်းအား "ဆရာ ဘာကိစ္စရှိလို့ပါလဲ"

"ကိစ္စမရှိပါဘူး မစောခင်။ ကျုပ်က ဟောဒီက မိတ်ဆွေကို ခင်ဗျား ကလေးတွေ ပြချင်လို့ပါ။ နေပါဦးဟေ့၊ မင်းက တင်အေးလား၊ တင်ဦးလား"

"တင်ဦး ခင်ဗျ"

"တင်အေး ဘယ်သွားသလဲကွယ့်"

"နောက်ဖေးမှာ ကစားနေတယ်ခင်ဗျ"

"သွားခေါ်လိုက်စမ်းဟေ့"

မကြာမီ အလုံးတူ၊ အရပ်တူ၊ အရွယ်တူ၍ အဝတ်အစားဆင်တူ ဝတ်ထားသော ကလေးနှစ်ယောက်တို့သည် နောက်ဖေးခန်းမှ ထွက်လာကြရာ ထိုအခါမှ ကျွန်တော်လည်း မောင်မောင်ထွန်း နိုင်လိုက်ပုံကို သဘောပေါက်၍ လာတော့၏။ တင်အေးနှင့်တင်ဦးတို့မှာ အလုံးအရပ် အရွယ်တူရုံမျှမက ၎င်းတို့၏ အသံနှင့် အမူအရာဟန်ပန် လေသံများပင်လျှင် တစ်ယောက်နှင့်တစ်ယောက် ရွေး၍မရအောင် တူညီလှသည်ကို တွေ့ရ၏။ မျက်နှာကလေးနှစ်ခုမှာလည်း တစ်ယောက်၏မျက်နှာကို အခြားတစ်ယောက်ပေါ်တွင် ချွတ်၍စွပ်ထားဘိသကဲ့သို့ ရှိနေလေသည်။

ထို့နောက် မောင်မောင်ထွန်းသည် ကလေးများဘက်သို့လှည့်ကာ

"ဟေ့... တင်အေး"

"ခင်ဗျာ"

"မင်းက မုန့်ဟင်းခါး ဘယ်နှစ်ပန်းကန်စားရသလဲ"

"၄ ပန်းကန်ခင်ဗျ"

"တင်ဦးကကော"

"ကျွန်တော်လည်း ၄ ပန်းကန်ပဲ ခင်ဗျ"

မောင်မောင်ထွန်းသည် ကျွန်တော်၏ပခုံးကို ပုတ်ပြီးနောက်

"ဘယ့်နှယ်လဲ ကိုတင်မောင် ရှင်းပြီလား"

"ရှင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး ၂ ယောက်က အမြွှာပူးဗျ။ ကျုပ်တောင် တစ်ယောက် စီတွေ့ရင် သူတို့ ၂ ယောက်ကို ခွဲမရဘူး"

"ဟုတ်တာပေါ့ဗျာ။ ဘစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်း ချွတ်စွပ် ထားသလို တူတာကိုးဗျ။ ဒါထက် ခင်ဗျားမို့ ဒီဟာမျိုး တွေ့တတ်ပလေဗျာ"

"ဒီလိုပဲ အကြောင်းရှိရင်ရအောင် လိုလိုမည်မည် ရှာထားရတာပဲဗျို့"

www.burmeseclassic.com

www.burmeseclassic.com

## တလိမ်မောင်မောင်ထွန်း ၂

ထိုအခါက ရန်ကုန်ပေါ်၌သာမက ဒိစတြိတ်နယ်များနှင့်တကွ မြို့ပိုင်နယ်စိုက်ရာ တောနယ်ကလေးများမှာပင် ရွှေနေအလုပ်၌ ကုလားနှင့်မြန်မာ အပြိုင်အဆိုင် ဖြစ်သောအခါ ဖြစ်၏။ ရွှေနေခများမှာလည်း ဇော်လျှာကျလျက် ပံနှင်းထောပတ်ကိုသာစား၍ ရသမျှနှင့် မလွတ်တမ်းလိုက်ပါကြသော ကုလားရွှေနေများအား မြန်မာရွှေနေများက မတုနိုင်ချေ။

ရွှေနေအလုပ်တို့မည်သည် ဥပဒေကျွမ်းကျင်မှု၊ ဖျတ်လတ်မှု၊ အကင်းပါးမှုတို့အပေါ်တွင် တည်ရှိပေရာ မောင်မောင်ထွန်းမှာ လူတော်တစ်ယောက်ဖြစ်လေသည်။ သို့ဖြစ်၍လည်း နယ်မှအမှုသည်များပင် တကာယ်အရေးအကြောင်းကြုံက မောင်မောင်ထွန်းထံ လာရောက်ငှားရမ်းတတ်ကြလေသည်။ သို့ဖြင့် မောင်မောင်ထွန်းမှာ ဒုတိယတန်း (အထက်တန်း) ရွှေနေမျှသာဖြစ်သော်လည်း ဝတ်လုံတော်ရများ၊ ပထမတန်းရွှေနေကြီးများ၊ လွှတ်တော်ရွှေနေကြီးများထက်ပင် အဖိုးစားနား၌ လည်းကောင်း၊ အမှုအရေးအတွက်၌ လည်းကောင်း သာလွန်ခဲ့လေသည်။

ယခု ရေးသားဖော်ပြခဲ့သောအမှုမှာ ဒိစတြိတ်မြို့တစ်မြို့မှ လာရောက်ကာ မောင်မောင်ထွန်းအား ရွှေနေခငွေ ၁၀၀၀ ဖြင့် ငှားရမ်းသော လူသတ်မှုတစ်ခုဖြစ်၍ မောင်မောင်ထွန်း လိုက်ပါဆောင်ရွက်ခဲ့သော အမှုကြီးတစ်ခု ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့မှာ စက်ရှင်ရုံးစိုက်ရာ ဒိစတြိတ်မြို့ကြီးတစ်မြို့ဖြစ်၍ မောင်မောင်ထွန်းသည် ထိုမြို့သို့ မီးရထားဖြင့် လိုက်ပါလာခဲ့ပြီးလျှင် မိမိထံသို့ လမ်းညွှန်လိုက်သော ရှေ့နေမိတ်ဆွေအိမ်၌ လည်းကောင်း၊ အမှုသည်၏အိမ်၌ လည်းကောင်း၊ အခြားမိတ်ဆွေသင်္ဂဟများအိမ်၌ လည်းကောင်း မတည်းခိုဘဲ ဗိုလ်တဲတွင် တည်းခိုလျက် ရှိလေသည်။ ဤကဲ့သို့ တည်းခိုခြင်းမှာ မောင်မောင်ထွန်းသည် အမှုသည်များက မိမိအပေါ်တွင် ငှားတိုင်းရသော အပေါစားရှေ့နေတစ်ယောက်ဟု မထင်စေဘဲ ဥရောပတိုက်သား မျက်နှာဖြူတစ်ဦးကဲ့သို့ သီးခြားသားနားစွာ နေထိုင်တတ်သော အလေ့ရှိသည်ဟု မိမိအပေါ်တွင် အထင်အမြင်ကြီးစေရန် ပြုလုပ်ခြင်း ဖြစ်လေသည်။ အမှုသည်များမှာ မောင်မောင်ထွန်းအား ရှေ့နေအသားတင်ငွေ ၁၀၀၀ ပေးရသည့်ပြင် တစ်နေ့အတွက် စရိတ် ၂၅ ကျပ်မျှ ပေးရ၏။ မီးရထားဖြင့် ပထမတန်းခ အသွားအပြန်စရိတ်ကိုလည်း ခံရသေး၏။

ဤသို့ ခမ်းနားစွာနေထိုင်ခြင်းဖြင့်လည်း အမှုသည်များသာမက အခြားသော ရှေ့နေများ၊ ဝတ်လုံများ စသဖြင့် တရားသူကြီးများပါ မောင်မောင်ထွန်းအပေါ်တွင် ရင်းပြုလုပ်သလောက် အထင်အမြင် ရောက်ကြ၏။ သို့ဖြစ်ရကား တစ်ခါတစ်ရံ စဉ်းလဲကောက်ကျစ်သော အကြံဉာဏ်ဖြင့် အမှုများကိုနိုင်အောင် ပြုလုပ်စေကာမူ တစ်နည်းသောအားဖြင့်လည်း (Legal Profession) 'လီးဂဲပရိုဖက်ရှင်း' ခေါ် ဥပဒေလေ့လာလိုက်စား၍ အသက်မွေးခြင်းဟု ဆိုအပ်သော ဥပဒေနယ်ပယ် အဆင့်အတန်းကို ဂုဏ်မြင့်အောင် ဂုဏ်တင်သူတစ်ယောက် ဖြစ်သည်ဟုလည်း အချို့က ယူဆကြလေသည်။

အမှုမှာ မြို့ပေါ်မှမဟုတ်ဘဲ တောရွာတစ်ရွာမှ အမှုတစ်ခုဖြစ်လေရာ သေသူနှင့် တရားခံမှာ ညီအစ်ကိုဝမ်းကွဲများဖြစ်ကြ၍ အမှုသည်များမှာ တောတွင် လယ်ကေမြောက်မြားစွာပိုင်သော တောသူဌေးများ ဖြစ်ကြလေသည်။

အမှု၏အတိုချုပ် အဖြစ်အပျက်မှာ သေသူ(အစ်ကို)သည် တစ်နေ့သ၌ ရင်းတို့၏ အဘွားအိမ်သို့သွားရာ တရားခံ(ညီဖြစ်သူ) နှင့် အဘွားကြီး ထမင်းအတူစားနေသည်ကို မြင်ရ၏။ သေသူတရားလိုက တရားခံအား မိန်းမ တစ်ယောက်နှင့် ပတ်သက်၍ ယခင်က ရှေးဟောင်းနှောင်းဖြစ်များကို ထုတ်ဖော်ပြောဆို၏။ တရားခံက တစ်စုံတစ်ရာ ပြန်၍မပြောချေ။ အဘွားကြီးက ဖျောင်းဖျ၏။ သေသူသည် ပထမအိမ်အောက်မှ ဆဲဆိုပြီးလျှင် လှံကိုကိုင်၍ အိမ်ပေါ်သို့ တက်လာပြီးနောက် တရားခံအား တအားထိုးလိုက်ရာ တရားခံက နံဘေးသို့



www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှောင်၍ ပေးလိုက်သောကြောင့်သာ အသက်ချမ်းသာရာ ရ၏။ လုံသည် တရားခံမှီ၍ ထိုင်နေသော ကျူထရံကိုပေါက်၍ ထရံ၏နောက်၌ရှိသောတိုင်၌ လက်လေးသစ်ခန့်မျှ စူးဝင်နေ၏။ (နောက်ပုလိပ်များ လာ၍ရှာရာ ဤအတိုင်း တွေ့ရသည်။) ထို့နောက် သေသူသည် လှံချော်၍သွားသည်ကို မြင်သောအခါ မီးဖိုခန်းဝ၌ရှိသော ဓားမတစ်ချောင်းကို ဆွဲယူပြန်ရာ အဘွားကြီးသည် လက်ဝဲဘက်လက်၌ ဒဏ်ရာရသည့်တိုင်အောင် မြေးအကြီးလက်မှ ဓားကိုလု၍ အိမ်ရှေ့သို့ လွှင့်ပစ်လိုက်၏။ ထိုအခါ မြေးအငယ်(ယခုတရားခံ)သည် မခံမရပ်နိုင်အောင် စိတ်ထွက်လာခဲ့ပြီဖြစ်၍ အနီး၌ရှိသော ကျောက်ငရုတ်ဆုံဖြင့် ဦးခေါင်းကို တအား လှမ်း၍ထုလိုက်ရာ နဖူးအလယ်ကိုထုမိ၍ တရားလိုသည် နေရာ၌ ဖင်ထိုင်ကျသွားပြီးလျှင် ပွဲချင်းပြီး သေဆုံးသွားလေသည်။ တရားခံသည် အမှုဖြစ်ပျက်ခဲ့သည့်အတိုင်း ပထမ ရွာသူကြီးထံ သွားရောက်တိုင်ကြားရာ သူကြီးက ဂတ်သို့ ပို့လိုက်၏။ ဂတ်၌လည်း အမှန်အတိုင်း အစစ်ခံ၏။ ဤလူသတ်မှု၌ မျက်မြင်သက်သေ တစ်ယောက်သာရှိရာ ယင်းသက်သေမှာ တရားလို တရားခံတို့၏ အဘွားပင် ဖြစ်လေသည်။

အမယ်ကြီးမှာ လယ်ဧက ၅၀၀ ခန့် ပိုင်ဆိုင်သူဖြစ်၍ တောနယ်တွင် ထင်ရှားသော ကျောင်းအစ်မကြီးဖြစ်၏။ သေသောမြေးမှာ သေပြီးဖြစ်ရကား ကျန်သောမြေး(တရားခံ)အား ကြိုးဒဏ်မှလွတ်စေရန် ငွေကုန်သည်ကို ပမာဏမထားဘဲ ခုခံကာကွယ်လျက်ရှိနေခြင်း ဖြစ်လေသည်။

မောင်မောင်ထွန်းသည် အမှုတွဲကို အသေအချာဖတ်ပြီးနောက် အမှုသွားအမှုလာကို ကြည့်ရှုဆင်ခြင်ခြင်းအားဖြင့် ဤအမှုမှာ မုချလွတ်ရမည်ဟု ယူဆ၏။

အိန္ဒိယရာဇသတ်ပုဒ်မ ၁၀၂ အရ လူသတ်မှုများမှာ တရားခံအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ခြွင်းချက်များစွာ ရှိ၏။ သေသူအား သေစေလိုသော ရည်ရွယ်ချက် စိတ်စေတနာဖြင့် မသေသေအောင် သတ်ခြင်းသာလျှင် ပြည့်ပြည့်ဝဝ လူသတ်မှုအဖြစ်သို့ ရောက်ရှိလေသည်။ ယင်းခြွင်းချက်များရှိသည့်အနက် 'မိမိကိုယ်ကိုမိမိ ကာကွယ်ခုခံနိုင်ခွင့်' ဟူသော ခြွင်းချက်မှာ သေသူသည် မိမိအား သတ်ရန်သော်လည်းကောင်း၊ ဒဏ်ရာအကြီးအကျယ် ရရှိစေရန်သော်လည်းကောင်း၊ ပစ္စည်းဥစ္စာကို တိုက်ခိုက်လုယူရန်သော်လည်းကောင်း၊ မုဒိမ်းပြုကျင့်ရန်သော်လည်းကောင်း လာရောက်ခဲ့သော် ကာကွယ်ခုခံသက်သက်ထက် မကျော်လွန်ခဲ့လျှင် ထိုသူအား သေသည်အထိ ခုခံကာကွယ်နိုင်ခွင့် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ထွန်း လိုက်ပါဆောင်ရွက်လျက်ရှိသော အထက်အဆိုပါ လူသတ်မှုမှာ အိန္ဒိယရာဇသတ်ပုဒ်မ ၃၀၂ အရ စွဲဆိုထားသော အမှုဖြစ်၍ တရားခံအတွက် လွတ်မြောက်ရန် အားကိုးအားထားပြုရမည့် အချက်မှာ 'ကာကွယ်ခုခံပိုင်ခွင့်' ဟူသော အချက်တစ်ချက်တည်း အပေါ်တွင် မူတည်၍ လိုက်ပါဆောင်ရွက်ရမည်ဖြစ်၏။

သေသူသည် တရားခံအား မခံမရပ်နိုင်အောင် စော်ကားခြင်း၊ သေစေနိုင်သောလက်နက်ဖြင့် ၂ ကြိမ်တိုင် တရားခံအား သတ်ရန်ကြံခြင်း၊ တရားခံသည် တစ်စုံတစ်ရာ လက်နက်ဆောင်ခြင်းမရှိ၊ ကြိုတင်၍ စီစဉ်ပြင်ဆင်ထားခြင်းမရှိ၊ သတ်ရန်စိတ်လည်း မရှိ၊ အနီးအနားတွင် အဆင်သင့်တွေ့ရာလက်နက်ဖြင့်သာ စိတ်မာန်အလျောက် ရုတ်တရက် ရှောင်တခင် ကောက်၍ပစ်လိုက်ခြင်းမျှသာ ဖြစ်ရာ ထိုအချက်များသည် ဥပဒေသဘောအားဖြင့် ခြွင်းချက်အတွင်းသို့ ကွက်တိဝင်၍သွားအောင် လျှောက်လဲခွဲယူနိုင်သောအချက်များ ဖြစ်လေသည်။

သို့ဖြစ်၍ မောင်မောင်ထွန်းသည် အမှုသည်များအား တစ်စုံတစ်ရာ စိုးရိမ်ခြင်းမရှိစေရန် ပြောကြားပြီးလျှင် 'ကွင်းလုံးကျွတ်' လွတ်ပါစေမည်ဟု အာမခံလိုက်၏။

တရားခံ၏မိဘများသည် မောင်မောင်ထွန်း၏စကားများကို ကိုးစားယုံကြည်ကြသော်လည်း အဘွားဖြစ်သူကျောင်းအစ်မကြီးမှာ မြေးတရားခံအတွက် စိတ်မချမ်းသာနိုင်သေးဘဲ နောက်ဆုံးစစ်ဆေးမည့် စက်ရှင်တရားသူကြီးအား သင့်လျော်လုံလောက်သော လာဘ်သပ္ပကာများ ပေးမှသာလျှင် စိတ်ချရမည်ဟု တစ်ထစ်ချ ယုံကြည်လျက်ရှိလေသည်။

ရှေ့နေရှေ့ရပ်များမှာ မိမိ၏အမှုကောင်းသဖြင့် လွတ်မြောက်ရန် အားထုတ်လျက် ရှိနေသောအခါများ၌ အမှုသည်များက တရားသူကြီးအား လာဘ်ပေးရန် ကြိုးစားခဲ့လျှင် မိမိ၏အစွမ်းသတ္တိကို ယုံကြည်ကိုးစားရာမရောက်ဘဲ ငွေကိုသာ အားကိုးအားထားပြုရာရောက်သဖြင့် မခံချင်စရာဖြစ်ရကား မောင်မောင်ထွန်းမှာ ဤအကြောင်းကိုသိသောအခါ မခံချိမခံသာဖြစ်ရုံမျှမက အတော်ပင် စိတ်ဆိုးလျက် ရှိလေ၏။

ထို့ပြင် အကြောင်းတစ်ရပ်လည်း ရှိသေး၏။ စက်ရှင်တရားသူကြီးမှာ တောလိပ်ကျောင်းတွင် ၂ နှစ်တိုင်တိုင် နေခဲ့ဖူးသော သူငယ်ချင်းဟောင်း ဖြစ်သည့်ပြင် လာဘ်ပေးခြင်းကိုလည်း အလွန်ရွံရှာသူတစ်ယောက် ဖြစ်ကြောင်း

www.burmeseclassic.com



မြို့ပေါ်မှ သတင်းကြားရ၏။ ကိုယ်တိုင်လည်းသိ၏။ သို့ဖြစ်ရကား မောင်မောင်ထွန်းကိုင်လျက်ရှိသော လူသတ်မှုမှာ အမှုကလည်းကောင်းပြန်၊ သူငယ်ချင်းမျက်နှာကလည်းရှိပြန်၊ ဖြောင့်မတ်သော တရားသူကြီးရုံး၌လည်း ရောက်ပြန်ဖြစ်ရကား ကွင်းလုံးကျွတ်လွတ်မြောက်ရေး ကျိန်းသေလျက်ရှိလေသည်။ သို့သော်မိမိစကားကို နားမထောင်ဘဲ လာဘ်ထိုးမှ အမှုနိုင်မည်ဟု အယူရှိသော အဘွားကြီးမှာ စက်ရှင်မင်းကြီးထံသို့ ပေါက်ရောက်ရန် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းလျက်ရှိလေသည်။

အမှုပိတ်ပြီးနောက် လျှောက်လဲချက်ပေးရမည့်နေ့သို့ ရောက်သောအခါ မောင်မောင်ထွန်းသည် ဗိုလ်တဲရှိ ဧည့်ခန်း၌ အမှုသည်များအား စကားလက်ခံပြောဆိုလျက်ရှိ၏။ ထိုအချိန်၌ အဘွားကြီးကိုယ်တိုင် ပါလာရာ မောင်မောင်ထွန်းသည် ဝမ်းတွင်းက စိတ်ဆိုးသော်လည်း မိမိစိတ်ကို ချုပ်တည်းကာ အမှုတွင်အချုပ်အခြာဖြစ်သူနှင့် နောက်ဆုံး နှီးနှောတိုင်ပင်လျက်ရှိလေသည်။

"နေပါဦး။ အဘွားက ပေးချင်တာက ဘယ်လောက်ပေးချင်တာလဲ"

"သုံးထောင်တော့ ပေးမှပေါ့ အမိန့်တော်ရမင်း။ ဘာဖြစ်လို့လဲဆိုတော့ အမိန့်တော်ရမင်းကိုတောင် တစ်ထောင်ပေးပြီး ငှားထားတယ်ဆိုတော့"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

မောင်မောင်ထွန်းသည် စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် စကားမပြောဘဲ တစ်စုံတစ်ရာကို စဉ်းစားနေသည့်ဟန်ဖြင့် အတန်ကြာ တိတ်ဆိတ်လျက် ရှိလေ၏။

"ဒါမျိုးဟာ ကိုယ်တိုင် လက်ထိလက်ရောက်ပေးဝံ့မှ ကောင်းတာ အဘွားရဲ့"

ဤသို့ မောင်မောင်ထွန်းက အားပေးစကားပြောသကဲ့သို့ ပြောလိုက်ရာ အဘွားကြီးသည် လွန်စွာ ကျေနပ်အားတက်လျက် ရှိလေ၏။

"ဒါကြောင့် အမိန့်တော်ရမင်းကို ကူညီပါလို့ အဘွားက အစကတည်းက ပြောနေတာပေါ့။ လောကကြီးမှာ ခက်တယ်နော်။ ဘာဖြစ်ဖြစ် ငွေနဲ့ပေါက်မှ စိတ်ချရတာမောင်ရဲ့။ ငွေဆိုတာ မလိုချင်တဲ့လူ ဘယ်မှာရှိပါ့မလဲ"

"အဘွားမှာ ကိုယ့်လူထဲက လူယုံဘယ်သူရှိလဲ"

"တခြားလူတော့ မရှိဘူး။ ကျုပ်သား အကြီးခဲ့ မောင်ထွန်းရီသာ ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . ဦးထွန်းလူဆိုတာ မျက်စိမှုန်လို့ မျက်မှန်ထူကြီး တပ်ထားရတဲ့လူ ထင်ပါရဲ့"

"ဟုတ်ပါတယ် မောင်။ သူပါပဲ။ အရင်တစ်ခေါက်ကပဲ ရုံးကို လာပါသေးတယ်"

"စိတ်ချရရဲ့နော်"

"ချရပါသော်ကော မောင်။ ကျုပ်သားပဲ အမေ့ပေါ်မှာ အလကား မဟုတ်တာ လုပ်ပါ့မလား"

"ကိုင်း . . ဒါဖြင့် ကျွန်တော်ပြောတဲ့အတိုင်း လုပ်ပေတော့"

"အမိန့်ရှိပါမောင် အမိန့်ရှိပါ။ အမိန့်တော်ရမင်း ပြောတဲ့အတိုင်း လိုက်နာပါ့မယ်"

"နေဦး။ ဘယ်တော့ ပေးချင်သလဲ"

"ဒီကနေ့ လျှောက်လဲချက်ပေးရမယ်ဆို"

"ဟုတ်ကဲ့၊ ဒီကနေ့ လျှောက်လဲချက်ပေးရမယ့် ရက်ချိန်းပဲ"

"မြန်မြန်ကိစ္စပြီးရင် ပြီးတာပဲမဟုတ်လား။ ဒီတော့ ဒီကနေ့ ပေးရရင် မကောင်းဘူးလား"

"ကောင်းသားပဲ။ သူ ဒီကနေ့ည ၈ နာရီအချိန် ကလပ်သွားလိမ့်မယ်။ ကလပ်ကို နေ့တိုင်းသွားနေကျ။ ဒီတော့ အိမ်ပေါ်က ဆင်းလာပြီး ကားပေါ်ကို သူတက်တဲ့အခါကျမှ ဦးထွန်းလူက မှောင်ရိပ်က အသာထွက်ပြီးပေးပေတော့"

"ကောင်းပါပြီ မောင်ရယ်"

"နေဦးဗျ ရှိသေးတယ်"

"အမိန့်ရှိပါမောင်"

"ငွေစက္ကူကို တစ်ရာတန်ချည်းလဲထား၊ စက္ကူအလွတ်တစ်ချပ်နဲ့ ကျစ်ကျစ်ပါအောင် လိပ်၊ သူ့အိမ်နဲ့ မျက်နှာချင်းဆိုင်မှာ စိန်ပန်းပင်တွေ ရှိတယ်။ အိမ်ဝနဲ့တည့်တည့် စိန်ပန်းပင်ရိပ်အောက်က စောင့်နေပြီး ကားပေါ်တက်ထိုင်တာ နဲ့ တစ်ပြိုင်နက် "တရားခံ အောင်ညွှန့်အတွက်ပါ ဘုရား" ဆိုပြီး ပေးရမယ်။ ကြားလား။ ဦးထွန်းလူကို သေသေချာချာ မှာထားနော်။ ဘာမျှ ကြောက်စရာ မရှိဘူးလို့"

"ကောင်းပါပြီ မောင်ရယ်။ ဒီလိုနည်းလမ်းပြတာ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်ပြောတာ မှတ်မိပြီလား အဘွား"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါပြီ မောင်"

"ပေးမယ့်လူကို ကျွန်တော်ပြောတဲ့တိုင်း ကျကျနန ပြောပြပါ အဘွား ရယ်။ တော်တော်ကြာ တလွဲတချော်တွေ ဖြစ်ကုန်ပါဦးမယ်"

"မဖြစ်စေရပါဘူး မောင်။ မောင်ထွန်းလူကို မောင်မှာတဲ့အတိုင်း အဘွား ပြောပြပါ့မယ်"

"ကောင်းပြီ . . . ကောင်းပြီ အဘွား သွားပေတော့။ ရုံးချိန်းနီးပြီ။ ကျွန်တော်လာဖို့ အဝတ်အစားကလေး လဲလိုက်ဦးမယ်"

ထိုညွှသည်ကား လပြည့်ကျော် ၃ ရက်နေ့ ညဥ့်ဖြစ်သဖြင့် အတော် အတန်မှောင်လျက် ရှိလေရာ စက်ရှင်မင်းကြီး၏အိမ်မှာ မြို့နှင့် ခရီးတစ်ဖာလုံခန့် ဝေးသော မင်းစိုးအရာရှိများနေသည့်ရပ်ကွက် ဖြစ်သဖြင့် ညဥ့် ၇ နာရီခွဲ အချိန် လောက်၌ပင် လူသွားလူလာပြတ်လျက်ရှိလေ၏။ အိမ်ရှေ့၌ကား ဆလွန်းကား ကလေး တစ်စီးသည် အိမ်ဝင်းဘက်သို့ကပ်၍ ရပ်ထားသည်ကို တွေ့ရ၏။

နာရီဝက်သာသာခန့် ကြာလတ်သော် ပန်းနုရောင် မန္တလေးပုဆိုး တောင်ရှည်၊ အယ်လ်ပတ်ကားရင်စေ့ အနက်အင်္ကျီ၊ အဖြူခံတွင် ပန်းရောင် အပွင့်ကြီးများ ရိုက်ထားသော ခေါင်းပေါင်း၊ ၎င်းပြင် ခြေအိတ်အနက်၊ သားရေ ပြောင်ရှူးဖိနပ် စသည်တို့ဖြင့် သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော သူတစ် ယောက်သည် အိမ်ပေါ်မှ ဆင်းလာ၍ ကားပေါ်သို့တက်ပြီးလျှင် ကားနောက်ပိုင်း ၌ ထိုင်လေ၏။ ဒရဝမ်ကုလားသည် နောက်မှ လက်ဆွဲမီးအိမ်ဖြင့် လိုက်ပါလာ ပြီးလျှင် ကားတံခါးကို ရိုသေစွာ ဖွင့်ပေးပြီးနောက် ကားထဲ၌ရှိသူအား ဆလံပေး၍ အိမ်ပေါ်သို့ ပြန်တက်သွားလေ၏။

ဒရဝမ်ကုလားတက်သွားသည်နှင့် တစ်ပြိုင်နက် ရှေ့မှ ထိုင်နေသော ကားမောင်းသမားသည် စက်ကိုနှိုးလိုက်သောအခါ မနီးမဝေးရှိ သစ်ပင်ရိပ်တစ်ခု အောက်မှ စောင်ကို ခေါင်းမြီးခြုံ၍ထားသော မျက်မှန်နှင့် လူတစ်ယောက်သည် ကားအနီးသို့ ကပ်လာပြီးလျှင် စက္ကူလိပ်ကလေးတစ်လိပ်ကို လက်နှစ်ဖက်ဖြင့် ညှပ်ကာ ကားနောက်ပိုင်းတွင် ထိုင်နေသူအား ရိုသေစွာလက်ချင်းယှက်၍ "တရားခံ အောင်ညွှန့်အတွက်ပါ ဘုရား" ဟု ပြောဆိုပေးပြီးနောက် မှောင်ထဲသို့ လျင်မြန်စွာ ပြန်၍ဝင်သွားလေ၏။

ကားပေါ်တွင် ထိုင်နေသူသည် ထိုသူ၏အပြုအမူကို သိသကဲ့သို့ 'ဟင်'ဟု ပါးစပ်မှ တစ်ခွန်းမျှသာ ထွက်ဟနိုင်ပြီးလျှင် ထွက်၍သွားသော ကား ကလေးဖြင့် လိုက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းသောရက်နေ့၌ စက်ရှင်မင်းကြီးသည် ရှည်လျားသော အမှုအား အမှုလာကို ဖတ်ပြပြီးလျှင် တရားခံအောင်ညွှန့်အား 'ကွင်းလုံးကျွတ်' လွှတ်လိုက်လေ၏။ အဘွားကြီးမှာ မိမိ အကြံအစည်အတိုင်း ဝမ်းမြောက်၍ မဆုံးနိုင်အောင် ရှိလေ၏။ အမှုကိစ္စပြီးစီးလတ်သော် မောင်မောင်ထွန်းအား စက်ရှင်မင်းကြီးသည် အိမ်သို့ဖိတ်၍ ညစာစားပွဲ တည်ခင်းကျွေးမွေးလေ၏။

ညစာစားပြီးကြသော် သူငယ်ချင်း ၂ ယောက်တို့သည် စီးကရက်များကိုသောက်ကာ အိမ်ရှေ့ဝရန်တာတွင် ကြိမ်ပက်လက်ကုလားထိုင်တစ်လုံးစီနှင့် ကျောင်းနေစဉ်က အကြောင်းများနှင့်တကွ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်းပြောဆိုကာ ရှိနေကြပြီးနောက် မောင်မောင်ထွန်းက ယမန်နေ့ညက အဖြစ်အပျက်များကို ပြန်ပြောလေရာ စက်ရှင်မင်းကြီးက ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

ထွန်း– "ဟုတ်တယ်ဗျာ။ အမယ်ကြီးက သိပ်အစိုးရိမ်ကြီးပြီး ဒီငွေယားကလေး ၃၀၀၀ ကို မပေးရမနေနိုင်အောင် ဖြစ်လေတော့ ကျုပ်လည်းပဲ အမယ်ကြီး ဆန္ဒပြည့်ဝအောင် မတတ်သာတတ်သာ ကြံလိုက်ရတာပဲ ဆရာရေ"

ကြီး– "လတ်စသတ်တော့ ကိုယ်တော်မြတ်က ဒါကြောင့် ကျုပ်ပေါင်းနေကျ ခေါင်းပေါင်းဆင်မျိုးရွေးပြီး မနေ့ညက ပေါင်းလာတာကိုး"

ထွန်း– "ဒါတွင် ဘယ်ကမလဲ၊ လေ့ကားအဆင်းမှာ နှုတ်ခမ်းမွေးရေးရေးပုံကလေး ကပျာကယာတပ်ပြီး မျက်မှန်အနက်ကြီး ဆင်လိုက်ရသေးတယ်ဗျ။ ဒီတော့မှ ခင်ဗျားနဲ့ ပိုပြီးတူသွားရော မဟုတ်လား"

ကြီး– "ကြံကြံဖန်ဖန်လည်း လုပ်တတ်တဲ့လူဗျာ။ ဒါကြောင့်လည်း နာမည်ကြီးတာပဲ။ နေပါဦး။ ခင်ဗျားလူတွေက ဒီလောက်မျှ မျက်စိမရှုဘူးလားဗျ"

ထွန်း– "ကံကောင်းချင်တော့ ဆရာရေ့ အဘွားကြီးသားအကြီးဆုံးက သိပ်မျက်စိမွဲတဲ့လူကြီးဗျ။ အမယ်ကြီးက ဒီသားမှ ယုံရတယ်၊ ရဲလည်းရဲတယ်ဆိုပြီး တမင်လွှတ်တော့ ကျုပ်အကြံနဲ့ တစ်ခါတည်း ကိုက်နေတာပဲ"

စက်ရှင်မင်းကြီးက ပြုံးလျက်..

"ဒါဖြင့် ဒီငွေ ၃၀၀၀ ဘယ်မှာလဲ။ ကျုပ်ကို တစ်ယောက်တစ်ဝက် ခွဲပေးရမယ်နော်။ မပေးရင် ဒါပဲ။ ကျုပ် အားလုံးဖော်လိုက်မယ်"

ထွန်း– "ဒီလိုနေရာမျိုးမှာ ကျုပ် မလုပ်ပါဘူး ဆရာရယ် ကိုယ့်သူငယ်ချင်းနာမည်ကို ငွေ ၃၀၀၀ နဲ့ ကျုပ် မရောင်းစားဘူး။ ကျုပ်က တခြား



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ လုပ်ရင်လုပ်မယ်။ ဒီလောက်ငွေကိုလည်း ဂရုမစိုက်လောက်ပါဘူး။ ညနေကပဲ အမယ်ကြီးကို အကျိုးအကြောင်း ရှင်းလင်းပြောပြီး ပြန်ပေးလိုက်ပါပြီ"

ကြီး– "ခင်ဗျားတရားခံကလည်း သိပ်ကံကောင်းတာဗျို့။ ကျုပ်ဆီကိုသာ ဒီငွေတိုက်ရိုက်လာပေးရင် ခင်ဗျားလူကို ကျုပ် ကြိုးကွင်းစွပ်လိုက်ပြီးပဲ။ နောင်ခါ လွှတ်တော်ကျမှအယူခံမှာ လွှတ်ရင်လွှတ်ပစေ။ ပြီးတော့ လာပေးတဲ့လူလည်း ဖမ်းပြီးတရားစွဲပြီးသားပဲ"

ထွန်း– "ဒီအကြောင်းတွေသိလို့လည်း တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ကြံလိုက်ရတာပေါ့ ဆရာရယ်"

ကြီး– "ကျုပ်ဂုဏ်ကို ခင်ဗျားဆည်လိုက်တာ ကျေးဇူးတင်တယ်ဗျား။ တရားသူကြီးတိုင်း လာဘ်မစားဘူးဆိုတာ နားလည်ကြပါစေ"

"ကျုပ်ကလည်း ခင်ဗျားကို ပြန်ပြီးကျေးဇူးတင်တယ်"

"ဘာပြုလို့လဲဗျ"

"ငွေ ၃၀၀၀ ကို အဘွားကြီး ပြန်ပေးတော့ လက်ဖက်ရည်ဖိုးဆိုပြီး ကျုပ်အိတ်ထဲကို အဘွားကြီးက ငွေ ၅၀၀ အတင်းထည့်လိုက်တယ်လေ"

◈

www.burmeseclassic.com

www.burmeseclassic.com

## တလိစ်မောင်မောင်ထွန်း ၃

ရဟူဒီလူမျိုးများသည် ငွေကြေးချေးငှားရာတွင် မတန်တဆ အတိုးယူသည့်ဘက်၌လည်းကောင်း၊ ကောက်ကျစ်စဉ်းလဲသည့်ဘက်၌ လည်းကောင်း ကမ္ဘာတွင် ကျော်ကြားသူများဖြစ်သကဲ့သို့ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်က ချစ်တီးလူမျိုးများသည် ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ကျော်ကြားခဲ့လေသည်။ မည်သို့ပင်ဖြစ်စေ ချစ်တီးများသည် ငွေချေးသည့်နေရာနှင့် အတိုးကြီး 'စား' သည့်နေရာတွင် 'စံ'တင်လောက်သဖြင့် ကျွန်ုပ်တို့ငယ်စဉ်က မဆံ့အင်တန် အတိုးယူသော မြန်မာလူမျိုး ငနရှင်အချို့အား 'ချစ်တီး'ဟူ၍ အမည်ပေးတတ်ကြ၏။

အစိုးရတရားရုံးတော်၌ပင် ရှုပ်ထွေးပွေလီသော တရားမမှုမှန်သမျှတွင် အရေးလိုတို့မှာ အများအားဖြင့် ချစ်တီးများဖြစ်ကြလျက် တရားစွဲဆိုသည့်ဘက်တွင်လည်း ဉာဏ်နီဉာဏ်နက်ထုတ်ကာ ဆင်ပြင်စွဲဆိုတတ်လေရာ စွဲဆိုခြင်းခံရသော တရားခံမှာ ပင့်ကူအိမ်တွင်မိသော ယင်ကောင်ကဲ့သို့ နောက်ဆုံးအလျှော့ပေးရခြင်းဖြင့် အဆုံးသတ်တတ်လေသည်။

ထို့ပြင် တစ်ချက်လည်းရှိသေး၏။ ချစ်တီးလူမျိုးများသည် ငွေချေးခြင်းနှင့် ပတ်သက်သည့် တရားဥပဒေများကို အတော်အတန် သိရှိနားလည်ပြီးလျှင် အရေးသူကြီးမှစ၍ အောက်ဆုံးပျာတာအထိ သိကျွမ်းပေါင်းသင်းထားပြီး ၎င်းနှင့် 'ပလဲနီပ'သင့်ကာ မြန်မာအမှုသည်များထက် အရာရာတွင် ကျော်ရှောင်းကြ၏။

www.burmeseclassic.com



မြန်မာအဲမှုသည်များမှာ အများအားဖြင့် တောသူတောင်သား တောင်သူ သယ်သမား လူရိုးများ ဖြစ်ကြသည့်အတိုင်း ရုံးဆိုလျှင် ကြောက်ဒူးတုန်၍ နေတတ်ကြသော်လည်း ချစ်တီးများဘက်၌မူ ဤသို့မဟုတ်ချေ။ အကြီးဆုံးသော ကိုယ်စားလှယ်မှစ၍ စာရေးကြီး၊ စာရေးကလေး၊ ထမင်းချက် ခံတမာအထိ သွက်လက်ချက်ချာစွာ ထွက်ဆိုတတ်လေသည်။ တရားခံမှာ မည်သူမည်ဝါ ဖြစ်ကြောင်း၊ ရုံးရှေ့၌ရပ်နေသူမှာ ငွေချေးသွားသူပင် ဖြစ်ကြောင်း၊ မည်သည့် နှစ်,လလောက်က လာရောက်၍ ငွေမည်မျှယူကြောင်း (ငွေစက္ကူငွေသားကိုပင် ခွဲခြားထွက်ဆိုနိုင်။) တရားခံကိုယ်တိုင် လက်မှတ်ရေးထိုးသည်ကို မိမိမြင်ရ ကြောင်း၊ မည်သည့်နေ့ရက်က တရားခံထံသွား၍ တောင်းပူးကြောင်း၊ ဝင်ငွေ ရှိလျှင်လည်း တရားခံသည် မည်သည့်အချိန်(နေ့ရက်)လောက်က ဝင်ငွေမည်မျှ ပေးဆပ်သည်ကို မြင်ရကြောင်းစသည်ဖြင့် တရားခံဘက်မှ ဝင်ပေါက်မရှိလောက် အောင် စီကာစဉ်ကာ ထွက်ဆိုတတ်၏။ ဤသို့ဖြင့်လည်း မြန်မာလူမျိုးများထက် ချစ်တီးများဘက်မှ သက်သေအကိုးအကားတွင် တစ်ပန်းသာလျက် ရှိနေလေပြီ။

တရားခံဘက်သို့ကြည့်လျှင် ကျွန်ုပ်တို့ မြန်မာလူမျိုးများဘက်မှ ယိုယွင်း ချွတ်ယွင်းမှုများကို တွေ့ရ၏။ ငွေယူသောနေ့ကို လည်းကောင်း၊ ငွေဆပ်သော နေ့ကိုလည်းကောင်း၊ ငွေဝင်ပေးသောနေ့ကို လည်းကောင်း တစ်စုံတစ်ရာ ရေး မှတ်ထားခြင်း မရှိ။ အခြားသက်သေခံ အကိုးအကားဟူ၍လည်း မည်မည်ရရ မရှိရကား အမှုပင် မှန်စေကာမူ သက်သေခံ မခိုင်လုံသဖြင့် ကျပ်တည်းသော ဥပဒေအချက်ကို လည်းကောင်း၊ တရားသူကြီး၏ ယုံမှားသံသယကို လည်း ကောင်း ထိုးဖောက်ခြင်းငှာ မစွမ်းဆောင်နိုင်သဖြင့် နောက်ဆုံး ဒီကရီချမှတ်ခြင်း ကိုသာ ခံရလေသည်။ သို့ဖြစ်ရာ မြန်မာလူမျိုး ဆင်းရဲသားတစ်ယောက်သည် ချစ်တီးတစ်ယောက်အား နိုင်လိုက်သောအမှုဟူ၍ မရှိသလောက်ပင် ဖြစ်လေ သည်။

အထက်ပါ အချက်အလက်များနှင့် ပတ်သက်၍ မောင်မောင်ထွန်းသည် 'ကကြီး' မှ 'အ'ထိ သိရှိပြီးဖြစ်သည့်ပြင် အမျိုးသားစိတ်ဓာတ် ပြင်းထန်သူ တစ်ယောက်လည်း ဖြစ်သဖြင့် အခကြေးငွေကို ပဓာနမထားဘဲ မြန်မာအမှု သည်များဘက်မှ ကြိုးပမ်းဆောင်ရွက်လေ့ရှိ၏။ သို့သော် အထက်တွင် ဖော်ပြ ခဲ့သော လူမျိုးခြားတို့၏ ဥပဒေအရာတွင် ပါးနပ်လိမ္မာမှု၊ ကျွန်ုပ်တို့ မြန်မာလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



များ၏ ပေါ့ဆမှု၊ ဗဟုသုတနည်းပါးမှုတို့ကြောင့် အရေးနိမ့်သည်က များခဲ့လေသည်။

***

တစ်နေ့သ၌ မောင်မောင်ထွန်းသည် အင်းစိန်နယ် တောနက်သောရွာတစ်ရွာမှ ဦးစိန်ဖြူဆိုသူအပေါ်တွင် 'အာလာကပ္ပချစ်တီးယား'တိုက်မှ ဩဒီမံစာချုပ်ဖြင့် ငွေ ၂၀၀၀ ရလိုကြောင်း စွဲဆိုထားသောအမှုတွင် ဦးစိန်ဖြူဘက်မှ လိုက်ပါဆောင်ရွက်လျက်ရှိလေ၏။ အမှု၏အကြောင်းချင်းရာမှာ အောက်ပါအတိုင်းဖြစ်၏။

လွန်ခဲ့သော ၂ နှစ်ခန့်က ဦးစိန်ဖြူသည် အထက်အဆိုပါ မဂိုလမ်း (ရွှေဘုံသာလမ်း)ရှိ အာလာကပ္ပချစ်တီးယားတိုက်မှ ငွေ ၂၀၀ ကို ဩဒီမံစာချုပ်ဖြင့် ချေးယူခဲ့ယူ၏။ သူချေးကိုယ်စားလှယ် အာလာကပ္ပချစ်တီးသည် 'မဒရပ်သို့' ပြန်သွားပြီးနောက် 'ချေမစွန်ဒရန်' ခေါ် ကိုယ်စားလှယ်သစ် ရောက်ရှိလာရာ ထိုကိုယ်စားလှယ် ရောက်ရှိပြီးနောက် ၆ လခန့်အကြာတွင် ယင်းကိုယ်စားလှယ်အသစ်က ဦးစိန်ဖြူအပေါ်တွင် ဩဒီမံစာချုပ်ဖြင့် ချေးထားသောငွေ ၂၀၀၀ (နှစ်ထောင်ကျပ်) ရှိ၍ ပြန်လည်ပေးဆပ်ရန် နို့တစ်ပေး၏။ ဦးစိန်ဖြူက မိမိသည် ငွေ ၂၀၀၀ မည်သည့်အခါကမျှ မယူဖူးကြောင်း၊ နို့တစ်ပြန်သောအခါ ချေမစွန်ဒရန်ချစ်တီးသည် ဦးစိန်ဖြူအား တရားစွဲဆိုလေသည်။

တရားစွဲဆိုသော ဩဒီမံစာချုပ်ကို ရှေ့နေမောင်မောင်ထွန်းက အမှုတွဲတွင် ကြည့်ရှုရာ စာချုပ်စက္ကူမှာ အတော်အတန် ဟောင်းနွမ်းနေသည့်ပြင် တံဆိပ်ခေါင်းပေါ်တွင် ကြက်ခြေခတ်၍ 'ဦးစိန်ဖြူ စာမတတ်ကြက်ခြေ' ဟု ရေးထား၏။ ၎င်း၏နံဘေး၌ကား လက်မပုံစံ တစ်ခုရှိလေသည်။ ဦးစိန်ဖြူကိုယ်တိုင်ကလည်း မိမိမှာ စာမတတ်၍ ငွေချေးသောအခါများတွင် လက်မပုံစံသာ နှိပ်လေ့ရှိကြောင်း ဝန်ခံ၏။ သို့သော် ဤငွေ ၂၀၀၀ စာချုပ်ပေါ်တွင် မည်သည့်အခါကမျှ လက်ပုံစံ မနှိပ်ရကြောင်းဖြင့် ငြင်းဆိုလေသည်။

ဦးစိန်ဖြူထံမှ မောင်မောင်ထွန်းသိရသော အခြားအချက်တစ်ခုလည်း ရှိသေး၏။ ယင်းအချက်မှာ ထန်းတပင်ရွာမှ မိမိနှင့် နာမည်တူသော ရှမ်းလူမျိုး ဦးစိန်ဖြူတစ်ယောက်ရှိရာ ထိုဦးစိန်ဖြူသည် ပထမချစ်တီးကိုယ်စားလှယ်ထံမှ ငွေများချေးဖူးကြောင်း၊ မကြာမီကပင် ထိုဦးစိန်ဖြူဆိုသူ သေဆုံးသွားရာ ယင်းထံတွင် ချစ်တီးတိုက်မှ ကြွေးမြီများ အတော်များများ ရရန်ကျန်ရှိသည်ဆိုကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ မိမိအား တရားစွဲဆိုသောအမှုတွင် တင်ပြသောစာချုပ်မှာ ရှမ်းဦးစိန်ဖြူ စာချုပ် ဖြစ်ကောင်းဖြစ်လိမ့်မည် ထင်ကြောင်းဖြင့် ဦးစိန်ဖြူက ပြောဆိုသော အချက် ဖြစ်သည်။ သို့သော် ယင်းအချက်မှာ တရားခံဦးစိန်ဖြူ၏ တစ်ဖက်သတ် အဆိုမျှသာဖြစ်၍ လုံလောက်သော သက်သေသာဓကပြနိုင်သော အချက် မဟုတ်ပေ။ သို့ဖြစ်၍ မောင်မောင်ထွန်း ငြင်းဆိုရမည့်အချက်မှာ တရားစွဲဆိုထားသော စာချုပ်ပေါ်မှ လက်မပုံစံသည် တရားခံဦးစိန်ဖြူ၏ လက်မပုံစံမဟုတ်ကြောင်း ပြရန်သာရှိလေသည်။

တရားလိုချစ်တီးကလည်း မကြာမီက ကွယ်လွန်သွားသော ရှမ်းဦးစိန်ဖြူ ဆိုသူရှိကြောင်း၊ ထိုသူသည် မိမိတို့တိုက်တွင် ငွေများချေးဖူးကြောင်း၊ ထိုသူသည်လည်း စာမတတ်သဖြင့် တံဆိပ်ခေါင်းပေါ်တွင် လက်မှတ်မထိုးနိုင်သောကြောင့် လက်မပုံစံသာ နှိပ်ယူရကြောင်း ဝန်ခံထား၏။ ဤအချက်သည်လည်း တရားသူကြီးအား ဇဝေဇဝါဖြစ်စေသော အချက်တစ်ချက်ဖြစ်၏။ သို့သော် ယုံမှားသံသယ ဖြစ်စေလောက်သော အချက်မျှသာဖြစ်၍ ဤအချက်မျှဖြင့် တရားခံအား အနိုင်မပေးနိုင်ချေ။ သို့ဖြစ်၍ အမှုတစ်ခုလုံးအပေါ်တွင် ရှင်းလင်းရန် အချက်တစ်ချက်သာ ကျန်ရှိရာ ယင်းအချက်မှာ စာချုပ်ပေါ်ရှိ လက်မပုံစံသည် တရားခံဦးစိန်ဖြူ၏ လက်မပုံ ဟုတ်မဟုတ်ဟူသော အချက်ပင်ဖြစ်လေသည်။

တရားလို တရားခံနှစ်ဦးစလုံးကို စစ်ဆေးပြီးနောက် အမှုတွင် အငြင်းဖြစ်ပွားလျက်ရှိသော "စာချုပ်ပေါ်မှ လက်ပုံစံသည် တရားခံဦးစိန်ဖြူ၏ လက်မပုံစံ ဟုတ်သလော" ဟူသော ကောက်ချက်ကို ထုတ်ပြီးနောက် ရက်ချိန်းပေးလိုက်လေ၏။ ထိုနေ့၌ တရားခံဦးစိန်ဖြူ၏ လက်မပုံစံကို ရုံးမင်းရှေ့၌ နှိပ်ယူပြီးလျှင် စာချုပ်ပေါ်မှ လက်မပုံစံနှင့် ထပ်တူထပ်မျှ တူမတူနှိုင်းယှဉ်ကြည့်ရန် အင်းစိန်စုံထောက်ဌာန လက်မပုံစံပါရဂူထံသို့ ပေးပို့ရန် ဖြစ်လေသည်။

ယခုအမှု၌ စာချုပ်ပေါ်ရှိ လက်မပုံစံသည် မိမိ၏အမှုသည် တရားခံဦးစိန်ဖြူ၏ လက်မပုံစံအမှန်ဖြစ်၍ ဦးစိန်ဖြူကပင် လိမ်လည်ငြင်းဆိုခြင်း ဖြစ်လေသလော၊ တရားလို ချစ်တီးဘက်ကမှ ဤနေရာမျိုးတွင် လွန်စွာစေ့စပ်သေချာသဖြင့် ဦးစိန်ဖြူ၏ လက်မပုံစံ အမှန်မဟုတ်ဘဲ တရားစွဲဆိုဝံ့မည် မဟုတ်ချေ။ ဤအချက်များကို မောင်မောင်ထွန်း စဉ်းစားမိ၏။ သို့သော် အမှုမှာ ရုံးမင်းရှေ့တွင် နှိပ်ယူမည့် ဦးစိန်ဖြူ၏လက်မပုံစံသည် စာချုပ်ပေါ်မှလက်မပုံစံနှင့် မတူမှသာလျှင် မိမိအမှုနိုင်မည်ဖြစ်ရကား မောင်မောင်ထွန်းသည် အမျိုးမျိုး ဉာဏ်

www.burmeseclassic.com



ထုတ်ပြီးနောက် ထူးဆန်းသော စွန့်စားမှုတစ်မှုကို ပြုလုပ်ရန် နောက်ဆုံး သချို့ချလိုက်လေသည်။

***

ရှုံးချိန်းမတိုင်မီ တစ်နေ့၌ မောင်မောင်ထွန်းသည် အင်းစိန်စုံထောက် ရုံးသို့ သွားပြီးလျှင် လူဆိုးများ၏ လက်မပုံစံများနှင့် သက်ဆိုင်သော လက်မပုံစံ မှတ်တမ်းများ၊ လူများ၏လက်ဝဲဘက်လက်မပေါ်မှ အရေးကြီး၍ ထင်ရှားသော ခရုပတ်နှင့်ဖွေများ အကြောင်းကို ၂ နာရီခန့်မျှ လေ့လာမှတ်သား၍ ပြန်လာခဲ့ လေ၏။

ထိုနေ့ည နေဝင်ရီတရောအချိန်တွင် မောင်မောင်ထွန်းသည် ရန်ကုန် ဆေးရုံကြီးသို့ လာခဲ့ပြီးလျှင် မိမိနှင့် ကျောင်းနေဖက်သူငယ်ချင်း သရောဝန်တစ်ဦး နှင့် တစ်စုံတစ်ခုသော အကြောင်းကို တီးတိုးတိုင်ပင်လျက် ရှိလေ၏။

ဆရာဝန်ကလေးသည် မိမိအလုပ်ဝတ္တရားမှ ဆင်းခဲ့ပြီးနောက် အချိန် အတန်ငယ်မိုးချုပ်သည့်တိုင်အောင် ဆေးရုံကြီး အရှေ့ဘက်ထောင့် သင့်လျော် သောနေရာ တစ်နေရာ၌ စောင့်ဆိုင်းနေပြီးလျှင် ခွဲစိတ်သောကိရိယာများပါသည့် သေတ္တာကလေးကို ဘောင်းဘီအိတ်အတွင်းသို့ ထည့်၍ယူခဲ့ပြီးနောက် ဘုရား လမ်းဂိတ်ပေါက်မှလှည့်၍ လူသေများထားရာ ရေခဲတိုက်သို့ လာခဲ့လေ၏။

ဆရာဝန်ကလေးသည် ရေခဲတိုက်စောင့်သောအစောင့် ဒရဝမ်ကုလား အား တံခါးကိုဖွင့်စေ၍ ရေခဲတိုက်အတွင်းသို့ ဝင်သွားပြီးလျှင် နာရီဝက်ခန့် အကြာ၌ ပြန်၍ထွက်ခဲ့ပြီးနောက် ကုလား၏လက်ထဲသို့ ငွေစက္ကူ တစ်ဆယ်တန် ၂ ချပ်ကိုထည့်လိုက်ရာ ထိုအခါ တစ်လလျှင် ၁၈ ကျပ်မျှသောရသော ဒရဝမ် ကုလားသည် တိုက်တံခါးဖွင့်ပေးရုံမျှနှင့် မိမိလစာ တစ်လစာရနေပြီ ဖြစ်သော ကြောင့် ဆရာဝန်ကလေးအား အထပ်ထပ် ဆလံပေးလျက် ရှိလေ၏။

ဆရာဝန်ကလေး၏ ဘောင်းဘီအိတ်အတွင်း၌ကား ဖယောင်းစက္ကူဖြင့် တစ်ထပ်၊ အဝတ်ဖြင့်တစ်ထပ် ထုပ်၍ထားသော အထုပ်ကလေးတစ်ထုပ် ပါရှိ ခဲ့လေသည်။ ထို့နောက် ဆရာဝန်ကလေးသည် ဘုရားလမ်းပေါ်ရှိ ကုက္ကိုပင်မိုပ် တစ်ခုအောက်မှ တက္ကစီတစ်စီးဖြင့် အသင့်စောင့်နေသော မောင်မောင်ထွန်း လက်ထဲသို့ ထည့်လိုက်လေ၏။

နောက်တစ်နေ့သည်ကား ဦးစိန်ဖြူ၏အမှုတွင် တရားခံဦးစိန်မြ၏ လက်မပုံစံကို ရုံးမင်းရှေ့၌ယူရန် ချိန်းဆိုထားသောနေ့ ဖြစ်သည့်အတိုင်း နေ့လယ် တစ်နာရီခန့်တွင် အမှုကို ခေါ်လေသည်။

www.burmeseclassic.com



ထိုနေ့၌ ဦးစိန်ဖြူသည် လက်ဝဲဘက်လက်တွင် လက်ဝါးတစ်ခုလုံး အဝတ်ဖြူဖြင့် ရစ်ပတ်ကာ ပတ်တီးစည်းထားလျက် ထိုလက်ကိုလည်း အဝတ်စတစ်စဖြင့် လည်ပင်းမှ သိုင်းချည်ထားသည်ကို တွေ့ရ၏။

အမှုခေါ်၍ ဦးစိန်ဖြူသည် သက်သေခုံပေါ်သို့ တက်မိသောအခါ တရားသူကြီးနှင့်တကွ မောင်မောင်ထွန်းကပင် အံ့အားသင့်ကာ ဦးစိန်ဖြူအား အကျိုးအကြောင်း မေးမြန်းလေ၏။ ထိုအခါ ဦးစိန်ဖြူက ယမန်နေ့ကပင် ထင်းခွဲရာ၌ လက်ခုံကို ဓားမထိသွားကြောင်း၊ ထိသောနေရာမှာ လက်ဝဲဘက် လက်မရင်းခွဆုံ၌ဖြစ်ကြောင်း၊ ဒဏ်ရာမှာ အတော်ကြီးသဖြင့် ကုလားဆေးဆိုင်တစ်ဆိုင်သို့ပင် သွားရောက်ဆေးထည့်ရကြောင်း ပြောဆိုပြီးလျှင် ထိုဆေးဆိုင်မှ ဆေးလက်မှတ်ကိုပါ တင်ပြလေသည်။

ထိုအခါ တရားသူကြီးက ဦးခေါင်းကို တစ်ချက်မျှညိတ်ကာ စုတ်သပ်လျက်ရှိရာ မောင်မောင်ထွန်းကမူ မိမိ၏ အမှုမကြန့်ကြာသင့်ဘဲနှင့် ကြန့်ကြာတော့မည်ကို စိတ်ညစ်လေဟန်ဖြင့်. . .

ထွန်း– "အရေးထဲ ဖြစ်မှဖြစ်ရလေ ဦးစိန်ဖြူရယ်"

ဖြူ– "မှန်ပါတယ် အမိန့်တော်ရမင်း၊ လင်လိုတုန်း နားပဲ့ဆိုတာလို ဒီလက်မှာမှ လာဖြစ်ရတာ ကျွန်တော်ဖြင့် သိပ်မခံချိမခံသာ ဖြစ်တာပဲ။ ကျွန်တော်က အိမ်မှာ အနားမနေတတ်ဘူးခင်ဗျ။ ဟိုဒင်းလုပ်၊ ဒီဒင်းလုပ်၊ ထင်းခွဲ ရေခပ် တစ်ခုခုလုပ်နေတဲ့လူ။ ပြီးတော့ အခုတလော ကျွန်တော့် ဇာတာစန်းလက် နိမ့်နေပါတယ် ခင်ဗျာ"

"ဒါကြောင့်လဲ ရုံးရောက်တာပေါ့ဗျ။ မှန်းစမ်း ခင်ဗျားလက်မ"

ဦးစိန်ဖြူသည် စုတ်သပ်ကာ ဒဏ်ရာရသောလက်ကို သိုင်းထားသည့် အဝတ်ထဲမှ တဖြည်းဖြည်းဆွဲထုတ်လေ၏။ လက်မမှာ အတန်ငယ်ညိုလျက်ရှိသည့်ပြင် လက်ဖဝါးနှင့် လက်ခုံကိုပါ စည်းနှောင်ထားသည့် ပတ်တီးပေါ်၌လည်း သွေးစသွေးနများကို မြင်ရလေသည်။

ထိုအခါ တရားသူကြီးသည် ဦးစိန်ဖြူ၏လက်ကို တရားခွင်မှ တင်းကျော် လှမ်းကြည့်ပြီးနောက်. . .

ကြီး– "ဒဏ်ရာက အတော်ကြီးပုံရတာပဲ။ နို့ပေမဲ့ ဒီကနေ့ ချိန်းတာက လက်ပုံစံယူဖို့လောက်ပါပဲ။ အမှုကလည်း တော်တော်ကြာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်း– "ဟုတ်ပါရဲ့ ဦးစိန်ဖြူ။ ရုံးတော်ကပြောတာ မှန်တယ်။ အခုက အတော်ကြာနေပြီ။ ဒီကနေ့ ခင်ဗျားလက်ပုံစံယူပြီးရင် ပြီးတာပဲ။ ဒီတော့ နောက်ထပ် ရက်ချိန်းမနေချင်ပါနဲ့တော့။ လက်မကိုကိုင်တာ ဒီလောက်နာမယ် မတွေ့တော့ပါဘူး"

ဖြူ– "ဘယ့်နှယ်ပြောလိုက်ပါလိမ့် အမိန့်တော်ရမင်း။ နာသမှ ဆတ်ဆတ်ခါအောင် နာတာခင်ဗျ"

"ကိုင်းဗျာ... ခင်ဗျားမနာရအောင် ဟောဟို အမိန့်တော်ရမင်းနဲ့ ရုံးတော်ကသာ သဘောတူမယ်ဆိုရင် ကျုပ်ကိုယ်တိုင် ဖြည်းဖြည်းကလေးကိုင်ပြီး စက္ကူပေါ်မှာ နှိပ်ပေးပါ့မယ်"

ရုံး၏ထုံးစံမှာ စာရေးကြီးလုပ်သူက လက်ပုံစံကို စက္ကူဖြူတစ်ချပ်ပေါ်တွင် နှိပ်ယူရ၏။ ထိုအခါ တရားလိုဘက်မှရှေ့နေက မိမိ တစ်စုံတစ်ရာ ကန့်ကွက်ရန်မရှိကြောင်း ပြောဆိုရာ တရားသူကြီးကလည်း လက်မပုံစံကို မိမိရှေ့တွင် နှိပ်ယူခြင်းသာ ပဓာနဖြစ်၍ လက်ကို မည်သူပင်ကိုင်တွယ်စေကာမူ အရေးမကြီးကြောင်း ပြောဆို၏။

ထိုအခါ မောင်မောင်ထွန်းသည် ဦးစိန်ဖြူ၏လက်ကို ဆရာဝန် တစ်ယောက်၏ ကျွမ်းကျင်မှုမျိုးဖြင့် ယုယညင်သာစွာ ကိုင်ပြီးလျှင် မင်သုတ်ထားသော မှန်ချပ်ပေါ်၌ လက်မဖျားကို ပထမ လှိမ့်ယူပြီးနောက် စက္ကူဖြူတစ်ချပ်ပေါ်၌ ၂ ကြိမ်မျှ ဖိနှိပ်၍ လက်မပုံကိုယူလေရာ ဤသို့ဖြည်းညင်းစွာ ကိုင်တွယ်လျက်နှင့်ပင် ဦးစိန်ဖြူမှာ စုတ်တသပ်သပ်ရှိနေသဖြင့် ရုံးခန်းအတွင်းရှိ လူများမှာ ဦးစိန်ဖြူအား ဝိုင်းဝန်းသနားလျက် ရှိကြကုန်၏။

ထို့နောက် မောင်မောင်ထွန်းအား ဦးစိန်ဖြူအား ရုံးအပြင်သို့ ထွက်ခွင့်ပြုရန် ရုံးတော်သို့ လျှောက်ထားပေးရာ ရုံးမင်းကလည်း မောင်မောင်ထွန်း လျှောက်ထားသည့်အတိုင်း ခွင့်ပြု၍ နောက်ရက်ချိန်းပေးလိုက်၏။

နောက်ရက်ချိန်း၌ အင်းစိန်စုံထောက်ဌာန လက်မပုံစံပါရဂူထံမှ ယင်းအမှုနှင့် ပတ်သက်သော အစီရင်ခံစာကို ရရှိလေရာ အစီရင်ခံစာတွင် ရုံးရှေ့၌ ရိုက်နှိပ်ယူသော ဦးစိန်ဖြူကိုယ်တိုင်၏ လက်ဝဲဘက်လက်မပုံစံသည် အမှုတွဲတွင် တွဲထားသော ဩဒီမံစာချုပ်ပေါ်မှ လက်မပုံနှင့် လုံးဝမတူကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com



သို့ဖြစ်၍ အမှုကို စီရင်ချက်ချမှတ်ရာတွင် တရားလို၏အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ရုံမျှမက တရားလိုအား မည်သည့်အတွက်ကြောင့် မမှန်ကန်သော လက်မပုံစံလိမ်စာချုပ်ဖြင့် တရားစွဲဆိုသဖြင့် မိမိအပေါ်တွင် လိမ်လည်မှုဖြင့် တရားမစွဲနိုင်ကြောင်း ထုချေရန် အမိန့်ချမှတ်လိုက်လေသည်။

ထိုအမှု၌ မောင်မောင်ထွန်းမှာ ရှေ့နေခငွေ ၅၀၀ ရရှိ၏။ အမှုမှာလည်း လွှတ်တော်သို့ ရောက်သည့်တိုင်အောင် ချစ်တီးလက်မှတ် ရှုံးကြောင်းဖြင့် ပြောပြလေသည်။

ကျွန်တော်သည် လသာသောညများ၌ မောင်မောင်ထွန်းအိမ်သို့ လက်ဖက်ရည်ကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့ပြောရသည်ကို နှစ်သက်သူတစ်ယောက်ဖြစ်သည့်အတိုင်း မောင်မောင်ထွန်းက ဦးစိန်ဖြူ၏အမှုအကြောင်းကို ပြောပြခြင်းဖြစ်သည်။

မောင်မောင်ထွန်းသည် အထက်ပါအတိုင်း ပြောပြပြီးနောက် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်ပြီးလျှင် ကမ္ဘာပေါ်တွင် သောကတည်းဟူသော ကြောင့်ကြစိုးရိမ်စိတ် အကင်းမဲ့ဆုံးသူတစ်ယောက်ကဲ့သို့ ရှက်ဖျင်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ စီးကရက်မီးခိုးများကို မှုတ်ထုတ်လျက်ရှိလေသည်။ ထိုအခါ ကျွန်တော်က. . .

"ဘယ့်နှယ်လဲ ဆရာကြီးရဲ့၊ ခင်ဗျားရဲ့ ကျောင်းနေဖက်သူငယ်ချင်း ဆရာဝန်ကလေး တစ်ယောက်ဆီကိုသွားရတယ်။ သွားပြီး ခင်ဗျားက ဘုရားလမ်းဘက် ဂိတ်နားမယ် တက္ကစီနဲ့စောင့်ပြီး သူပေးလိုက်တဲ့ အထုပ်ကလေးတစ်ထုပ် ယူခဲ့ရတယ်ပြောတယ်။ အဲဒီအထုပ်က ဘာလဲဗျ"

"ကိုတင်မောင်ကလည်း သိပ်နုံသေးတာပဲ။ အဲဒီနေ့က ရင်ခွဲရုံကို ပို့လိုက်တဲ့ သူသေအလောင်းတစ်လောင်းက လက်ဝဲဘက်လက်မကို အရင်းပိုင်းအောက်ခပ်ကျကျက လတ်လတ်ဆတ်ဆတ် ဖြတ်ယူခဲ့ရတယ် ဆရာရေ။ ကိုင်း သိပြီလား"

"အင်း. . . သိပါပြီ။ မကြောက်မရွံ့ ကြံကြံဖန်ဖန် လုပ်တဲ့သူ တစ်ယောက်ပဲဗျာ"

"ဒီလိုပဲ မတတ်သာတော့ လုပ်ရတာပဲ ကိုတင်မောင်။ ဒီလိုစွန့်စွန့်စားစားလည်း လုပ်ဝံ့မှ မြက်မြက်ကလေးရတာကိုးဗျ"



www.burmeseclassic.com

www.burmeseclassic.com



“ကိုင်း... ဒီလက်မအပြတ်ကြီးရလာတော့ ဘယ်လိုလုပ်သလဲ”

“ရပြီးမှတော့ ဘာခက်တော့သလဲဗျာ။ လက်မအကောင်းကို လက်ဖဝါးနဲ့ အတွင်းဘက်က နာနာကပ်ပြီး ကျပ်စည်းသလိုစည်း။ လက်မအသေကို အပြင်ထုတ်ပြီး အောက်ကနိုင်အောင် အတွင်းက သားရေပတ်တစ်ခုခံ၊ အဲဒီ သားရေပတ်ကို ကြေးနန်းကြိုးနဲ့ နာနာတုပ်၊ ပြီးတော့မှ အပြင်က ပတ်တီးကောင်းကောင်းနဲ့ ဆေးရုံမှာစီးသလို ကျကျနနစီးထားတာပေါ့ဗျ။ ကဲ... ရှင်းပြီလား”

“ရှင်းပါပြီဗျာ။ တရားသူကြီးကရော၊ ဟိုတစ်ဖက်ရှေ့နေကရော မရိပ်မိတာများ အံ့ပါရဲ့ဗျာ”

“ဒါကတော့ ဟန်နဲ့မျက်နှာထားသာ ပဓာနပေါ့ဗျာ။ ဟန်ကောင်းရင် ဘယ်သူရိပ်မိလိမ့်မလဲ။ ပြီးတော့ ဦးစိန်ဖြူကလည်း မှုမပျက်အောင် ကျကျနန စည်းဝါးကိုက်ထားတော့ တစ်ခါတည်းဖြောင့်သွားတာပေါ့”

“ဒါဖြင့် ခင်ဗျားဟာက ဘာဥပဒေမှုမရှိဘဲနဲ့ ချစ်တီးကို တစ်ပတ်ရိုက်တာပေါ့”

“ဒါပေါ့ဗျ။ ဒီကောင်တွေကို တစ်ပတ်ရိုက်နိုင်မှ နိုင်တာ။ ကျုပ်က ချစ်တီးဆိုရင် တစ်ပတ်မကဘူး ဆယ်ပတ်ရိုက်ချင်တယ်”

BURMESE CLASSIC

“ဒါထက် ဒီအမှုမှာ ခင်ဗျား ၅၀၀ ရလိုက်တယ်ဆို”

“ဟုတ်တယ်လေ။ ဒီဟာတွင် ဘယ်ကမလဲ၊ အမှုနိုင်တယ်ဆိုပြီး ဦးစိန်ဖြူက နောက်ထပ် ငွေ ၁၀၀ လာကန်တော့သေးတယ်”

“ဒါဖြင့် ခင်ဗျား တစ်ချီတည်းနဲ့ အေးအေးကလေး ငွေ ၆၀၀ ပွလိုက်တာပေါ့။ ကျုပ်တို့ အယ်ဒီတာတွေ တစ်သက်လုံးကုန်းနေအောင် လုပ်တာတောင် တစ်လ သုံးလေးရာထက် ပိုမရဘူး”

“ဒါကတော့ ဒီလိုရှိတာကိုး ကိုတင်မောင်ရဲ့။ ခင်ဗျားတို့ အယ်ဒီတာတွေက ပန်ကာအောက်က စားပွဲမှာထိုင်ပြီး စိတ်ကူးရတာတွေ လျှောက်ရေး သတင်းထောက်တွေ လာသတင်းပေးတာတွေရေး၊ ဒါပဲမဟုတ်လား။ ကျုပ် အလုပ်ကတော့ ဒီလိုမဟုတ်ဘူး။ တစ်ခါတစ်ခါ စွန့်စွန့်စားစားနဲ့ လက်တွေ့ကြံ သင့်တဲ့အခါ ကြံရတယ်”

ထိုအခါ ကျွန်တော်လည်း မောင်မောင်ထွန်းပြောသော စကားသည် ဟုတ်ပါပေသည်ဟု ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ထွန်းမှာမူ ကျွန်တော်၏မျက်နှာကို ခပ်ပြုံးပြုံးကြည့်ပြီးလျှင် စီးကရက်အသစ်တစ်လိပ်ကို မီးညှိကာ မီးခိုးများကို မှုတ်ထုတ်လျက်ရှိလေသည်။

ဒဂုန်ရွှေမျှား

BURMESE CLASSIC

www.burmeseclassic.com